# ဤစာအုပ်နှင့် ကျွန်ုပ်တို့၏အကြောင်း

ဤစာအုပ်ကို Creative Commons လိုင်စင်ခွင့်ပြုချက် - CCAtribution-NonCommercial-NoDerives-ShareAlike (CCBY-NC-ND-SA) ဖြင့်ထုတ်ဝေသည်။

ShareAlike ကို သပြေပညာရေးအဖွဲ့အစည်း၏ ခွင့်ပြုလွှာတစ်ခုတည်းဖြင့်သာ ရရှိနိုင်သည်။ ကျွန်ုပ်တို့၏စာမူမူပိုင်ခွင့်နှင့် Creative Commons လိုင်စင်ခွင့်ပြုချက်များကို ပိုမိုသိရှိလိုပါက http://www.thabyay.org/creativecommon.html တွင်လေ့လာနိုင်ပါသည်။

ကျွန်ုပ်တို့အတွက် အကြံပြုမှုများကို အလေးထားပါသည်။ ပြင်ဆင်သင့်သည့် အရာများ(သို့မဟုတ်) ပိုမိုကောင်းမွန်အောင် အကြံပေးလိုသည်များရှိပါက educasia@thabyay.org, info@curriculumproject.org သို့ဆက်သွယ်နိုင်ပါသည်။

ကျွန်ုပ်တို့၏ဝန်ဆောင်မှုများနှင့် ဖြန့်ဝေသည့်စာအုပ်များအကြောင်းကို ပိုမိုသိရှိလိုသည့်အခါနှင့် ကျွန်ုပ်တို့ထံမှစာအုပ်များကိုမှာယူလိုပါက ကျွန်ုပ်တို့၏ဝက်(ဘ်)ဆိုဒ်ဖြစ်သော www.educasia.org နှင့် www.curriculumproject.org များသို့ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ပုံနှိပ်ထုတ်ဝေသည့်ခုနှစ် - ၂၀၁၅

မြန်မာဘာသာပြန် - နော်စာဗလု
တည်းဖြတ် - အိအိထွန်းရှိန်

# နိဒါန်း

ဤသင်ရိုးသည် ရပ်ရွာဒေသလူမှုဂန်းကျင်စီမံကိန်းကိုစီမံခန့်ခွဲခြင်း၏အဓိကအတွေးအခေါ်နှင့် နည်းစနစ်များကို မိတ်ဆက်ပေးရန်ရည်ရွယ်ပြီး အောင်မြင်သောစီမံကိန်းကိုအကောင်အထည်ဖော်နိုင်ရန် လိုအပ်သောအရည်အချင်းများကိုမြှင့်တင်ပေးရန်ရည်ရွယ်သည်။ ဤသင်ရိုးကို ရပ်ရွာဒေသစီမံကိန်းများတွင် တစ်ခါမျှပါဂင်လုပ်ဆောင်ဖူးခြင်းမရှိသော သင်တန်းသားများအတွက် ရည်ရွယ်၍ရေးဆွဲထားသည်။ သို့သော်လည်းယခုလက်ရှိဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွင် လုပ်ဆောင်နေသောသူများအတွက် လက်တွေ့ကျသောလမ်းညွှန်တစ်ခုအဖြစ်လည်း အသုံးပြုနိုင်ပါသည်။

ဤစာအုပ်သည်အထူးသဖြင့် -

- ကူညီထောက်ပံ့မှုပေးသည့်အဖွဲ့အစည်းနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများရှိလုပ်သားများ
- ရပ်ရွာဒေသလူမှုဂန်းကျင်နှင့်ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းတွင် လုပ်ကိုင်သောလုပ်သားများနှင့်စေတနာ့ဝန်ထမ်းများ
- ဖွံ့ဖြိုးတိုးတက်မှုနှင့်ဆိုင်သောဘာသာရပ်ကိုလေ့လာသင်ယူနေသောကျောင်းသားများ
- အစိုးရအဖွဲ့အစည်းမဟုတ်သောအဖွဲ့အစည်းများမှ ၎င်းတို့လုပ်ငန်းများကြောင့် အကျိုးခံစားခွင့်ရရှိသူများနှင့်ဒေသခံဝန်ထမ်းများအတွက် စွမ်းရည်မြှင့်တင်ပေးရာတွင်အသုံးပြုရန်အတွက်ဖြစ်သည်။

သင်တန်းတစ်ခုလုံးတွင်ပါဂင်သည့်အရာများ -

ကျောင်းသားလက်စွဲစာအုပ်

- အခန်း ၇ ခန်းပါရှိသည့်မာတိကာ၊ ဝေါဟာရ၊ လေ့ကျင့်ခန်းများနှင့် လှုပ်ရှားမှုများ
- အခန်း ၁ ခန်းစီအတွက် သင်ယူမှုရလဒ်များ
- သင်ယူခဲ့သည့်အသိပညာများအား မည်မျှမှတ်မိသည်ကိုသိရှိရန် အခန်း ၁ ခန်းစီ၏ နောက်ဆုံးတွင် ဉပမာအဖြစ်အပျက်အကြောင်းအရာများထည့်သွင်းထားသည်။
- ခက်ဆစ်အဓိပ္ပာယ်ဖွင့်ဆိုချက်များမှာ စာအုပ်ထဲရှိဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာနယ်ပယ်တွင် အဓိကကျသောအတွေးအခေါ်ယူဆချက်များနှင့် ဗန်းစကားများကိုထင်သာမြင်သာရှိစေရန် ဖော်ပြထားသည်။

ဆရာလက်စွဲစာအုပ် -

- ကျောင်းသားလက်စွဲစာအုပ်ရှိစာမျက်နှာများသည် ဆရာလက်စွဲစာအုပ်နှင့်ဆက်စပ်နေသည်
- ဆရာလက်စွဲစာအုပ်တွင် သင်ကြားမှုလမ်းညွှန်များ၊ ရှင်းလင်းချက်များနှင့်ကျောင်းသားများ၏လေ့ကျင့်ခန်းများအတွက် အဖြေများပါဝင်သည်။
- သင်ရိုးတစ်ခုလုံးကိုမိတ်ဆက်ပေးထားပြီး ၎င်းစာအုပ်ကိုမည်သို့အသုံးပြုရမည်ဟူသည့်အကြံပြုချက်ပါဝင်သည်။
- ထပ်မံထည့်သွင်းထားသောလေ့ကျင့်ခန်းများ
- ခက်ဆစ်အဓိပ္ပာယ်ဖွင့်ဆိုချက်များမှာ စာအုပ်ထဲရှိဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာနယ်ပယ်တွင် အဓိကကျသောအတွေးအခေါ်ယူဆချက်များနှင့် ဗန်းစကားများကိုထင်သာမြင်သာရှိစေရန်ဖော်ပြထားသည်။

အဘယ်ကြောင့်ဤသင်ရိုးကိုအသုံးပြုရသနည်း။

- ရပ်ရွာဒေသလူမှုဝန်းကျင်စီမံကိန်းအားစီမံခန့်ခွဲခြင်းစာအုပ်ကို  အရွယ်ရောက်ပြီးသူမြန်မာလူမျိုးများ၏ လိုအပ်ချက်များ၊ ရေမြေသဘာဝနောက်ခံအကြောင်းအရာများနှင့် သင်ယူမှုပတ်ဝန်းကျင်တို့ကို သေချာစွာ လေ့လာထည့်သွင်းစဉ်းစားပြီး ရေးဆွဲထားခြင်းဖြစ်သည်။
- ဤသင်ရိုးသည် ပညာအရည်အချင်းနိမ့်သောသူများကိုလည်းသင်ကြားနိုင်သည်။
- ဆရာ/ဆရာမ များမှာလည်း  စီမံကိန်းအားစီမံခန့်ခွဲခြင်းနှင့်ပတ်သက်သည့်အသိပညာဗဟုသုတရှိရန် မလိုအပ်ပါ။ အင်္ဂလိပ်စာကိုလည်း  ကျွမ်းကျင်ထားရန်မလိုအပ်ပါ။ ဆရာလက်စွဲစာအုပ်မှာ ရှင်းလင်းပြီးနားလည်ရန်လွယ်ကူသော သင်ကြားမှုလမ်းညွှန်များနှင့် ရှင်းလင်းချက်များပါရှိသည်။
- ဤသင်ရိုးကို အင်္ဂလိပ်စာ (intermediate) အလယ်အလတ်အဆင့်ဖြင့်ရေးသားထားပြီး နားလည်ရန် ခက်ခဲသောစကားလုံးများကိုလည်း သေသေချာချာရှင်းလင်းထားပါသည်။
- သင်ယူမှုများကို အရင်းအမြစ်နည်းပါးသောနေရာဒေသများတွင်လည်း အသုံးပြုနိုင်ရန်အတွက် ရေးဆွဲထား သည်။

သင်ရိုးကိုအသုံးပြုခြင်း

ဤသင်ရိုးတွင်ရှိသော သင်ခန်းစာများသည် စီမံကိန်းဆင့်ကဲဖြစ်စဉ်အား စီမံခန့်ခွဲခြင်းအစီအစဉ်အတိုင်း ရေးဆွဲထားသည့်အတွက် ဤစာအုပ်ကိုအစမှအဆုံးထိ  အစဉ်လိုက်သင်ကြားသွားခြင်းသည် အကောင်းဆုံး ဖြစ်လိမ့်မည်။ အခန်းတစ်ခန်းစီတွင်  အောက်ပါလေ့ကျင့်ခန်းများကို သင်တွေ့ရှိမည်ဖြစ်သည်။ လေ့ကျင့်ခန်းများအား မည်ကဲ့သို့ပြုလုပ်ဆောင်ရွက်ရမည်ဟူသည့် အကြံပြုချက်အချို့လည်းပါဝင်သည်။

လေ့ကျင့်ခန်း

ဤလေ့ကျင့်ခန်းများတွင် အခန်းတစ်ခုစီရှိတွေးခေါ်ယူဆချက်များကို ကျောင်းသားများနားလည်ပြီး လေ့ကျင့်နိုင်ရန်အတွက် အတွေးအခေါ်ဆိုင်ရာမေးခွန်းများ၊ အကြောင်းအရာအဖြစ်အပျက်များကို ခွဲခြမ်းစိတ်ဖြာလေ့လာခြင်းနှင့် ပြန်လည်သုံးသပ်လေ့လာမှုပြုသည့်မေးခွန်းများ အစရှိသည်တို့ပါဝင်သည်။ ဤဆရာလမ်းညွှန်စာအုပ်တွင် လေ့ကျင့်ခန်းတစ်ခုစီပြုလုပ်ရာ၌ ထားရှိသင့်သည့် အဖွဲ့အရွယ်အစား- တစ်ဦးချင်း၊ နှစ်ယောက်တစ်တွဲ(သို့) အဖွဲ့ငယ်များ အစရှိသည့်အကြံပြုချက်များပါဝင်သည်။သင်ထောက်ကူပစ္စည်း အခက်အခဲရှိပါက အားသာသောကျောင်းသားများကို အားနည်းသောကျောင်းသားများနှင့်တွဲဖက်ပေးနိုင်သည်။

ဤစာအုပ်တွင်ဆရာ/ဆရာမများမှဆန္ဒရှိပါက အသုံးပြုနိုင်သည့်လမ်းညွှန်တစ်ခုတည်းသာပါဝင်သည်။ သင့်အနေနှင့် အတန်း၏အရွယ်အစားအပေါ် မူတည်၍ ပြန်လည်သုံးသပ်ပြောဆိုသည့်ထင်မြင်ချက်များအား အတန်းတစ်တန်းလုံး အနေဖြင့်ပိုမိုလုပ်ဆောင်လိုမည်ဖြစ်သည်။ လေ့ကျင့်ခန်း၏အဖြေများကို နှုတ်ဖြင့်တစ်ဦး တည်းပြောဆိုခြင်းထက် သင်ပုန်းပေါ်တွင်ရေးချပေးခြင်းသည် အကောင်းမွန်ဆုံးဖြစ်လိမ့်မည်။ သို့မှသာ ကျောင်းသားများအနေနှင့် အကြောင်းအရာအချက်အလက်များကို မှတ်စုထဲတွင်သိမ်းဆည်းထားနိုင်မည် ဖြစ်သည်။ အောက်ပါပေးထားသောအချက်အလက်များမှာ - အဖြေများကိုပြန်လည်ကြည့်ရှုသည့်အခါတွင် မည်ကဲ့သို့အကျိုးရှိအောင်ပြုလုပ်နိုင်မည့်နည်းလမ်းများကို အကြံပြုထားခြင်းဖြစ်သည်။

ဇယားလေ့ကျင့်ခန်းများ

- ဇယားကွက်အားသင်ပုန်းပေါ်တွင်ရေးဆွဲလိုက်ပါ။ထို့နောက်ကျောင်းသားများအား ၎င်းတို့၏အဖြေများကို စာရွက်အပိုင်းအစ(သို့) နံရံကပ်ရောင်စုံစာရွက်များပေါ်တွင်ရေးချစေပါ။ ၎င်းအဖြေများကိုသင်ပုန်းပေါ်တွင် လာရောက်ကပ်စေခြင်းအားဖြင့် ကျောင်းသားအားလုံး၏အဖြေများကို တပြိုင်တည်းပြသနိုင်မည်ဖြစ်သည်။ အတန်းထဲတွင် အဖြေများအားပြန်လည်သုံးသပ်သည့်အခါ သင်နှင့်ကျောင်းသားများမှ အဖြေများကိုနေရာပြောင်းခြင်း(သို့) ဖယ်ရှားလိုက်ခြင်း အစရှိသည်ကိုပြုလုပ်နိုင်ပါသည်။

မှန်/မှားနှင့်အမျိုးအစားခွဲခြားသတ်မှတ်သည့် လေ့ကျင့်ခန်းများ

- ကျောင်းသားများမှ မှန်နှင့်မှားအတွက် ကဒ်ပြားပြုလုပ်ပါ (သို့) မိမိတို့ခွဲခြားရမည့်စာရင်းရှိ အခြားသော စကားလုံးများနှင့် စာကြောင်းတိုများအတွက် ကဒ်ပြားပြုလုပ်စေပါ။  ကျောင်းသားများမှအဖြေများကို မိမိတို့၏သက်ဆိုင်ရာအဖွဲ့အတွင်း ဆွေးနွေးပြီးသည့်အခါ အဖွဲ့အတွင်းမှကိုယ်စားပြုသူတစ်ဦးအား စာရင်းရှိ ပစ္စည်းတစ်ခုခုကို သင်ခေါ်ဆိုလိုက်သည့်အချိန်တိုင်းတွင်  မှန်ကန်သောသင်္ကေတကိုထောင်ပြစေပါ။ ဤနည်းအားဖြင့် အဖွဲ့၏နားလည်မှုကို သင်စူးစမ်းသိရှိနိုင်မည်ဖြစ်ပြီး မည်သည့်နေရာတွင်အကူအညီလိုအပ်သည်ကို တွေ့ရှိမည်ဖြစ်သည်။

အကြောင်းအရာအဖြစ်အပျက်များကိုလေ့လာသည့် လေ့ကျင့်ခန်းများ

- ဤကဏ္ဍတွင် တွေးခေါ်မှုဆိုင်ရာမေးခွန်းများဖတ်ရှုခြင်းပါဝင်သည်။အဖြေများအားပြန်လည်မကြည့်ရှုမီ၊ အဖွဲ့တစ်ဖွဲ့စီမှတစ်ဦးစီ ဖော်ပြထားသည့်အကြောင်းအရာ ပိုမိုနားလည်စေရန်အတွက် မြန်မာဘာသာစကားဖြင့်အကျဉ်းချုံးပြောဆိုစေခြင်းဖြစ်သည်။

ဆွေးနွေးမှု

ဤဆွေးနွေးမှုများသည် ကျောင်းသားများအားတစ်ဦးနှင့်တစ်ဦး မေးခွန်းများမေးမြန်းရန်နှင့် ၎င်းတို့၏ထင်မြင်ချက်၊ ကိုယ်တွေ့အတွေ့အကြုံများကို ဝေငှပြောဆိုနိုင်သည့် အခွင့်အရေးတစ်ခုပင်ဖြစ်သည်။ များသောအားဖြင့် ဆွေးနွေးမှုများကို အဖွဲ့ငယ်အတွင်းပြုလုပ်သင့်ပြီး အသေးစိတ်အဖြေကိုရေးချရန်မလိုအပ်ပါ။ ဆွေးနွေးမှုများကိုပုံစံအမျိုးမျိုးဖြင့် ပြုလုပ်နိုင်သည်။

- panel discussion တွင် ကျောင်းသားအချို့အား ဆွေးနွေးမှုပြုလုပ်ရန်အတွက် အတန်းရှေ့တွင်ထွက်၍ နေရာယူစေပါ။ လူမှုရေးနောက်ခံကွဲပြားသော ကျောင်းသားများအားရွေးချယ်ပါ။ ပရိတ်သတ်များလည်း ရှိစေပါ။ အခြားသော ကျောင်းသားများကို သင်တန်းစာအုပ်ထဲရှိမေးခွန်းများနှင့် မိမိတို့၏ကိုယ်ပိုင်မေးခွန်းများ အားမေးမြန်းစေပါ။ အတန်းရှေ့တွင်နေရာယူထားသောကျောင်းသားများမှ မိမိတို့၏ထင်မြင်ချက်အလျောက် တစ်ဦးချင်းစီဖြေဆိုမည်ဖြစ်သည်။

- တွေ့ဆုံမေးမြန်းမှုတွင် ကျောင်းသားများမှမိမိတို့၏တွဲဖက်နှင့် အသေးစိတ်ဆွေးနွေးမှုများပြုလုပ်၍ သတင်းစာထဲတွင်ရေးသားသောဆောင်းပါးကဲ့သို့ မိမိတို့၏တွဲဖက်မှပြောဆိုသောအရာများကိုရေးမှတ်ထားရမည်ဖြစ်သည်။ ဤနည်းလမ်းသည် ဆွေးနွေးမှုများကို အတန်းစတင်သည့်အချိန်(သို့) သင်တန်းတစ်ခုလုံးကို ခြုံငုံသုံးသပ်သည့်အချိန်တွင် အသင့်တော်ဆုံးဖြစ်သည်။ သင်တန်းပြီးဆုံးသွားသည့်အခါတွင်ကျောင်းသားများမှ ၎င်းတို့၏အဖြေများကိုပြန်လည်ကြည့်ရှုနိုင်ပြီး ၎င်းတို့၏ထင်မြင်ချက်များနှင့် နားလည်မှုများသည် မည်ကဲ့သို့ပြောင်းလဲသွားသည်ကို သိမြင်နိုင်သည်။

ဝေါဟာရ

ဤဘောင်အကွက်လေးများသည် စာပိုဒ်တွင်ပေးထားသော အသုံးဝင်သောစကားလုံးများ၏ အဓိပ္ပာယ်ကို ဖွင့်ဆိုထားခြင်းဖြစ်သည်။ ကျောင်းသားများအားလိုအပ်ပါက ၎င်းစကားလုံးများကိုဘာသာပြန်စေပြီး အခြားနားလည်ရန်မလွယ်ကူသော စကားလုံးများကိုရှာဖွေစေပါ။ ဤပုံနှိပ်စာအုပ်ကို အင်္ဂလိပ်ဘာသာ ဖြင့်ရေးသားထားသော်လည်း ဘာသာစကားသင်ကြားရန်(သို့) စစ်ဆေးရန်အတွက်ရည်ရွယ်၍ ရေးဆွဲထားခြင်း မဟုတ်။ ကျောင်းသားများအားလိုအပ်ပါက မေးခွန်းများမေးမြန်းခြင်းနှင့် တွေးခေါ်မှုများဆွေးနွေးခြင်း အစရှိသည်ကို မိမိတို့၏ဘာသာစကားဖြင့်ပြောဆိုစေပါ။ စာအုပ်၏အနောက်ဖက်တွင်လည်း စကားလုံးအဓိပ္ပာယ် ဖွင့်ဆိုမှုများပိုမိုပါဝင်သည်။ မြန်မာဘာသာဖြင့်ပြန်ဆိုထားသောပုံနှိပ်စာအုပ်ကိုလည်းရရှိနိုင်မည်ဖြစ်သည်။ အကယ်၍မြန်မာဘာသာဖြင့် ပြန်ဆိုထားသည့်ပုံနှိပ်စာအုပ်မိတ္တူကိုအလိုရှိပါက ကျွန်ုပ်တို့ထံဆက်သွယ် နိုင်ပါသည်။

ဦးတည်ချက်

သင်ခန်းစာအခန်းတစ်ခန်းစီပြီးဆုံးသည့်အခါတွင် ဦးတည်ချက်လေ့ကျင့်ခန်းများကို သင်တွေ့ရှိမည်ဖြစ်သည်။ ဤသည်မှာအကြောင်းအရာအဖြစ်အပျက်တစ်ခုဖြစ်ပြီး ကျောင်းသားများအားသင်ခန်းစာခေါင်းစဉ်၏ အဓိကဆိုလိုရင်းကို ပြန်လည်လေ့လာနိုင်ရန်နှင့် ၎င်းတို့သင်ယူပြီးခဲ့သော အသိပညာ၊ အတတ်ပညာများကို အသုံးချလေ့ကျင့်ရာတွင် ကူညီပေးနိုင်ရန်အတွက် ရည်ရွယ်၍ရေးဆွဲထားခြင်းဖြစ်သည်။ ဤသင်ရိုးကို လက်တွေ့ကျသည့်လမ်းညွှန်အဖြစ် ရေးဆွဲထားသည့်အတွက် စာမေးပွဲစစ်ဆေးခြင်းများလုံးဝမပါရှိပါ။ သို့သော် ဤဦးတည်ချက်အပိုင်းများသည် သဘာဝကျသောပြန်လည်ဆန်းစစ်ခြင်းဖြစ်ပြီး ဆရာ/ဆရာမများမှ လေ့ကျင့်ခန်းများနှင့်တင်ပြချက်များကို ဆန္ဒရှိပါကအခြေခံအကဲဖြတ်ခြင်းများအဖြစ်အသုံးပြုနိုင်သည်။ ဦးတည်ချက်များကိုလည်း ကျောင်းသားများ၏ရပ်ရွာလူမှုဝန်းကျင်သို့ လှည့်ပြောင်းနိုင်သည်။ ဦးတည်ချက် တူညီသည့်လေ့ကျင့်ခန်းများကိုအသုံးပြုပြီး ပိုမိုနားလည်နိုင်ရန်အတွက် ၎င်းတို့၏လူမှုဝန်းကျင်နှင့် ၎င်းတို့၏ရပ်ရွာဒေသတွင် အကောင်အထည်ဖော်လုပ်ဆောင်လျက်ရှိသောစီမံကိန်းကို အဖြစ်အပျက်အကြောင်း အရာတစ်ခုအဖြစ်လေ့လာစေပါ။

# မာတိကာ


**၁။** စီမံကိန်းများနှင့် ၎င်းတို့အားစီမံခန့်ခွဲခြင်းအကြောင်း နိဒါန်းပျိုးခြင်း ၃

၁.၁ စီမံကိန်းဆိုသည်မှာအဘယ်နည်း။ ၄
၁.၂ စီမံကိန်းအားစီမံခန့်ခွဲခြင်းဆိုသည်မှာ အဘယ်နည်း။ ၆
၁.၃ စီမံကိန်း၏ဆင့်ကဲဖြစ်စဉ်ဆိုသည်မှာ အဘယ်နည်း။ ၉
ဦးတည်ချက် မိခင်နှင့်ကလေးကျန်းမာရေးအကြောင်း လေ့လာသင်ယူခြင်း ၁၃

**၂။** လူမှုဝန်းကျင်/လူ့အဖွဲ့အစည်းများနှင့် ၎င်းတို့၏ဖွံ့ဖြိုးတိုးတက်မှု နိဒါန်းပျိုးခြင်း ၁၅

၂.၁ လူမှုဝန်းကျင်/လူ့အဖွဲ့အစည်း ဆိုသည်မှာအဘယ်နည်း။ ၁၆
၂.၂ လူမှုဝန်းကျင်/လူ့အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်မှုဆောင်ရွက်ရန် ချဉ်းကပ်ခြင်း ၂၂
  ၂.၂.၁ ပူးပေါင်းပါဝင်မှု ၂၄
  ၂.၂.၂ စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်း ၂၇
  ၂.၂.၃ ရေရှည်တည်တံ့ရန်ဆက်လက်ထိန်းသိမ်းနိုင်စွမ်းရှိခြင်း ၃၀
  ၂.၂.၄ အကျိုးသက်ရောက်မှု ၃၃
ဦးတည်ချက် အကျိုးသက်ရောက်မှုကိုချင့်ချိန်ခြင်း - စကားရည်လုခြင်း ၃၆

**၃။** အဆင့်(၁) - အခြေအနေကိုခွဲခြမ်းစိတ်ဖြာခြင်း - အချက်အလက်များစုဆောင်းခြင်း ၄၀

၃.၁ ရေမြေဒေသအကြောင်းအရာအပေါ် ဆုံးဖြတ်ချက်ချခြင်း ၄၁
၃.၂ အချက်အလက်ကောက်ယူခြင်း ၄၄
  ၃.၂.၁ လေ့လာစစ်ဆေးရမည့်အချက်များစာရင်း ၄၇
  ၃.၂.၂ စစ်တမ်းကောက်ရာတွင်မေးမြန်းသောမေးခွန်းများ၊ တွေ့ဆုံမေးမြန်းခြင်း
    နှင့်ဆွေးနွေးသည့်အဖွဲ့များ ၄၉
၃.၃ နည်းစနစ်ဖွံ့ဖြိုးတိုးတက်မှု ၅၃
ဦးတည်ချက် တွေ့ဆုံမေးမြန်းသည့်နည်းစနစ်အကြောင်းကိုလေ့လာခြင်း ၅၅

**၄။** အဆင့်(၁) - အခြေအနေကိုခွဲခြမ်းစိတ်ဖြာခြင်း-လိုအပ်မှုကိုဝေဖန်ဆုံးဖြတ်ခြင်း ၅၇

၄.၁ ဦးတည်ရာလူမှုဝန်းကျင်၏သတင်းအချက်အလက်ကိုပြုစုခြင်း ၅၈
  ၄.၁.၁ စီမံကိန်းနှင့်သက်ဆိုင်သူအားလုံးကိုသုံးသပ်ခြင်း ၆၀
၄.၂ လိုအပ်မှုနှင့်လိုချင်သောအရာကိုထုတ်ဖော်ခြင်း-ကွာဟမှုသုံးသပ်ချက် ၆၅
၄.၃ လိုအပ်ချက်များကို ဦးစားပေးခြင်း ၆၇
ဦးတည်ချက် ယူလတောင်ကြားအကြောင်းအကျယ်ချဲ့ဆက်လက်လေ့လာခြင်း ၆၉

# မာတိကာ


၅။ အဆင့် ၂ - စီမံကိန်းရေးဆွဲခြင်း ၇၄

၅.၁ ပန်းတိုင်နှင့် ရည်မှန်းချက်များထားရှိခြင်း ၇၅
၅.၂ အရင်းအမြစ်နှင့်ကန့်သတ်ချက်များအား လေ့လာသုံးသပ်ခြင်း ၈၂
၅.၃ လုပ်ဆောင်ချက်အစီအစဉ်များကို ရေးဆွဲခြင်း ၈၆
၅.၄ ခန့်မှန်းခြေရသုံးငွေစာရင်းများ ၈၈
ဦးတည်ချက် ယူလတောင်ကြားအကြောင်းအကျယ်ချဲ့လေ့လာခြင်းကိုပြန်လည်ကြည့်ရှုခြင်း ၉၂

၆။ အဆင့် ၃ - စီမံကိန်းအကောင်အထည်ဖော်ခြင်း ၉၅

၆.၁ စီမံကိန်းပူးပေါင်းဆောင်ရွက်မှုနှင့် အရင်းအမြစ်များစီမံခန့်ခွဲမှု ၉၆
၆.၁.၁ ရုပ်ပိုင်းဆိုင်ရာ အရင်းအမြစ်များ ၉၇
၆.၁.၂ လူသားအရင်းအမြစ်များ ၉၈
၆.၁.၃ ငွေကြေးအရင်းအမြစ်များ ၁၀၀
၆.၂ စီမံကိန်းအားစောင့်ကြည့်စစ်ဆေးခြင်း ၁၀၄
၆.၂.၁ စီမံကိန်းအားလေ့လာသုံးသပ်ခြင်း ၁၀၆
၆.၃ စွန့်စားရမည့်အခြေအနေကို စီမံခန့်ခွဲခြင်း ၁၁၁
ဦးတည်ချက် မြို့နေလူငယ်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းအကြောင်းလေ့လာခြင်း ၁၁၆
ဦးတည်ချက် ၂ အဆင့် ၃- ယူလတောင်ကြားအကြောင်းအကျယ်ချဲ့လေ့လာခြင်းအား ပြန်လည်လေ့လာခြင်း ၁၂၀

၇။ အဆင့် ၄ - စီမံကိန်းအားပြည့်စုံစွာသုံးသပ်ခြင်းနှင့် တုံ့ပြန်ထင်ဟပ်ခြင်း ၁၂၁

၇.၁ စီမံကိန်းအားပြည့်စုံစွာသုံးသပ်ခြင်းဆိုသည်မှာ အဘယ်နည်း။ ၁၂၂
၇.၂ ပြည့်စုံသောသုံးသပ်မှု၏ ဘောင်သတ်မှတ်ချက် ၁၂၄
၇.၃ အချက်အလက်များစုဆောင်းခြင်း ၁၂၆
၇.၄ သတင်းအချက်အလက်များကို ခွဲခြမ်းစိတ်ဖြာခြင်း ၁၃၀
၇.၅ စီမံကိန်းတုံ့ပြန်ထင်ဟပ်ချက်- သင်ယူရရှိသည့်သင်ခန်းစာ ၁၃၃
ဦးတည်ချက် အဆင့်၄ သုံးသပ်ခြင်း- CARE Cambodia: ကုန်းမြင့်ပိုင်းတွင်နေထိုင်သော ကလေးသူငယ်များ၏ပညာရေးအတွက် ပြုလုပ်သောစီမံကိန်း ၁၃၄

ဖြည့်စွက်ချက်များ- ထပ်မံထည့်သွင်းထားသော လေ့ကျင့်ခန်းများ ၁၃၈
ဘာသာပြန်- မြန်မာစကားလုံးအဓိပ္ပါယ်ဖွင့်ဆိုချက် ၁၄၇

# အခန်း(၁)

## စီမံကိန်းများနှင့်၄င်းတို့အားစီမံခန့်ခွဲခြင်းအကြောင်းနိဒါန်းပျိုးခြင်း

၁.၁ စီမံကိန်းဆိုသည်မှာ အဘယ်နည်း။

၁.၂ စီမံကိန်းအားစီမံခန့်ခွဲခြင်းဆိုသည်မှာအဘယ်နည်း။

၁.၃ စီမံကိန်း၏ဆင့်ကဲဖြစ်စဉ်ဆိုသည်မှာအဘယ်နည်း။

ဤသင်ခန်းစာပြီးဆုံးသွားလျှင် ကျောင်းသားများမှ-

- စီမံကိန်းနှင့် စီမံကိန်းတစ်ခု၏ ဥပမာအခြေခံလက္ခဏာရပ်များကို အဓိပ္ပါယ်ဖွင့်ဆိုနိုင်မည်ဖြစ်သည်။
- စီမံကိန်းအားစီမံခန့်ခွဲမှုနှင့်ဆိုင်သော အတွေးအခေါ်ယူဆချက်များကို ဖော်ပြနိုင်မည်ဖြစ်သည်။
- စီမံကိန်းတိုးတက်မှုအတွက် နေရာဒေသတစ်ခုကို သတ်မှတ်ဖော်ပြနိုင်မည်။
- စီမံကိန်း၏ဆင့်ကဲဖြစ်စဉ်များကို ရှင်းပြနိုင်မည်။

# အခန်း(၁)

## စီမံကိန်းများနှင့်၎င်းတို့အားစီမံခန့်ခွဲခြင်းအကြောင်းနိဒါန်းပျိုးခြင်း


၁.၁ စီမံကိန်းဆိုသည်မှာ အဘယ်နည်း။

၁.၂ စီမံကိန်းအားစီမံခန့်ခွဲခြင်းဆိုသည်မှာအဘယ်နည်း။

၁.၃ စီမံကိန်း၏ဆင့်ကဲဖြစ်စဉ်ဆိုသည်မှာအဘယ်နည်း။

ဤသင်ခန်းစာပြီးဆုံးသွားလျှင် ကျောင်းသားများမှ-

- စီမံကိန်းနှင့်စီမံကိန်းတစ်ခု၏ ဥပမာအခြေခံလက္ခဏာရပ်များကို အဓိပ္ပါယ်ဖွင့်ဆိုနိုင်မည်ဖြစ်သည်။
- စီမံကိန်းအားစီမံခန့်ခွဲမှုနှင့်ဆိုင်သော အတွေးအခေါ် ယူဆချက်များကို ဖော်ပြနိုင်မည်ဖြစ်သည်။
- စီမံကိန်းတိုးတက်မှုအတွက် နေရာဒေသတစ်ခုကို သတ်မှတ်ဖော်ပြနိုင်မည်။
- စီမံကိန်း၏ဆင့်ကဲဖြစ်စဉ်များကို ရှင်းပြနိုင်မည်။



# ၁.၁ စီမံကိန်းဆိုသည်မှာ အဘယ်နည်း။

ကျွန်ုပ်တို့သည် နေ့စဉ်နေ့တိုင်း ရိုးရှင်းသောအလုပ်များကို လုပ်ဆောင်ကြသည်။ ဥပမာအားဖြင့် အဝတ်ဝတ်ဆင်ခြင်း၊ အစားအသောက်ပြင်ဆင်ချက်ပြုတ်ခြင်း၊ ကျောင်း(သို့)လုပ်ငန်းခွင်သို့သွားရောက်ခြင်းတို့ဖြစ်သည်။ ကျောင်းတွင်ဖြစ်စေ အလုပ်ခွင်တွင်ဖြစ်စေ ကျွန်ုပ်တို့သည် မှတ်စုရေးခြင်း၊ အစည်းအဝေးတက်ရောက်ခြင်း(သို့) လုပ်ငန်းအစီအစဉ်(သို့)အစီရင်ခံစာများရေးသားခြင်း အစရှိသည်တို့ကိုလုပ်ဆောင်ကြပါသည်။ ၎င်းလုပ်ဆောင်ချက်များမှ တစ်စုံတစ်ရာအကျိုးကျေးဇူးရရှိစေသည်။ ၎င်းတို့တွင်နောင်တစ်ချိန် သင်ယူရန်အထောက်အကူရရှိခြင်း(သို့) နောင်တပတ်အတွက်အချိန်ဇယားရေးဆွဲရန် သတင်းအချက်အလက်များ ရရှိခြင်းတို့ပါဝင်သည်။

ရည်မှန်းချက်ပန်းတိုင်သို့ရောက်ရှိရန် လုပ်ငန်းတာဝန်များကို စုစည်းပြီးအချိန်အတိုင်းအတာတစ်ခုအတွင်းပြီးမြောက်စေရန် သတ်မှတ်လျက်ရေးဆွဲရပြီး ရရှိနိုင်သောအရင်းအမြစ်ထောက်ပံ့ပစ္စည်းများကို အသုံးပြုနိုင်သည့်အစီအစဉ်ရေးဆွဲချမှတ်ခြင်းကို စီမံကိန်းဟုခေါ် ဆိုပါသည်။

> **ဝေါဟာရ အဓိပ္ပါယ်**
>
> အချိန်ကာလ- အဖြစ်အပျက်တစ်ခု ဖြစ်ပေါ်သော အချိန်အပိုင်းအခြားတစ်ခု

> → စီမံကိန်းတစ်ခုဆိုသည်မှာတိကျခိုင်မာသော ပန်းတိုင်(သို့) သတ်မှတ်ချက်တစ်ခုသို့ ရောက်ရှိရန်အတွက် ယာယီလုပ်ငန်းစဉ်တစ်ခုကိုချမှတ်ခြင်းဖြစ်သည်။ ၎င်းတွင် ရှင်းလင်းသော စတင်မှုနှင့်ပြီးဆုံးမှုရှိပြီး လုပ်ဆောင်ရမည့်လုပ်ငန်းတာဝန်များနှင့် ခန့်မှန်းခြေရသုံးငွေစာရင်းလည်းရှိရမည်ဖြစ်သည်။

စီမံကိန်းများတွင် အခြေခံလက္ခဏာ(၄)ရပ် ပါဝင်ပြီး အောင်မြင်သောစီမံကိန်းအုပ်ချုပ်ရေးမှူးတစ်ယောက်သည် အောက်ပါ လိုအပ်ချက်များ စုစည်းရမည်။

- အရင်းအမြစ်များ
- အချိန်ကာလဘောင်တစ်ခု
- ငွေကြေး
- လုပ်ငန်းလုပ်ဆောင်နိုင်မှုအတိုင်းအတာ (စီမံကိန်းတစ်ခုလုံး၏ အရွယ်အစား)

၎င်း (၄)ရပ်လုံးသည်တစ်ခုနှင့်တစ်ခုချိတ်ဆက်လျက်ရှိပြီး စီမံကိန်းအောင်မြင်စေရန်အတွက် ၎င်းတို့ကို ထိထိရောက်ရောက်နှင့် အတူတကွစီမံခန့်ခွဲရမည်ဖြစ်သည်။

## ၁.၁ စီမံကိန်းဆိုသည်မှာ အဘယ်နည်း။

ကျောင်းသားများမှ စာပိုဒ်ကိုဖတ်ပြီး အောက်ပါမေးခွန်းများဖြေဆိုခြင်း။

လိုအပ်ပါက ရှင်းပြပါ။

အရင်းအမြစ်များ - လုပ်ငန်းတစ်ခုပြီးဆုံးနိုင်ရန်အတွက် လိုအပ်သည့်ရုပ်ဝတ္ထုပစ္စည်းများ
အချိန်ကာလ - စီမံကိန်းကြာချိန်
ငွေကြေး - အရင်းအမြစ်များအတွက်ကုန်ကျစရိတ်နှင့် ငွေရရှိသည့်နေရာတို့ပါဝင်သည်။
လုပ်ဆောင်နိုင်မှုအတိုင်းအတာ - စီမံကိန်း၏ဦးတည်ချက်နှင့် စီမံကိန်းပြီးမြောက်ပြီးဆုံးသည့်အချိန်ကို မည်သို့သိနိုင်သနည်းဟူသော မေးခွန်းကိုဖြေဆိုခြင်းဖြစ်သည်။ စီမံကိန်းများသည် ရှင်းလင်းတိကျသောလုပ်ဆောင်မှုနယ်ပယ်တစ်ခုရှိရန် အရေးကြီးရခြင်းမှာ အချိန်နှင့်အရင်းအမြစ်များ အခြားသောအရာများထံသို့ ဦးတည်ချက်လွဲမသွားရန်ဖြစ်သည်။

လေ့ကျင့်ခန်း (၁)

အကြံပြုချက်။ ။ အဖွဲ့ငယ်များဖွဲ့ပါ။

အဖြေများ။

သိပ္ပံပညာဆိုင်ရာ စမ်းသပ်လေ့လာမှုများ
ကျေးလက်ကျန်းမာရေး ပညာပေးသင်တန်း
လူငယ်များလုပ်ငန်းခွင်တွင်လိုအပ်သောအရည်အချင်းပြည့်မီရန် ပို့ချပေးသည့်သင်တန်း

၄င်းတို့သည်စီမံကိန်းအဓိပ္ပာယ်ဖွင့်ဆိုမှုနှင့် ကိုက်ညီမှုရှိသည်။ အဘယ်ကြောင့်ဆိုသော် ၄င်းတို့တွင် တိကျခိုင်မာသောပန်းတိုင်နှင့်လုပ်ငန်းတာဝန်များ၊ စတင်ချိန်နှင့်ပြီးဆုံးချိန်ရှိမည်ဖြစ်ပြီး ရှင်းလင်းတိကျသော အရင်းအမြစ်များလိုအပ်မည်ဖြစ်သည်။ အခြားသောဥပမာများမှာ စီမံကိန်းအဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် ကိုက်ညီမှုမရှိပါ။ အဘယ်ကြောင့်ဆိုသော် ၄င်းတို့တွင်စတင်ချိန်နှင့်ပြီးဆုံးချိန်မရှိ၍ဖြစ်သည်။

ဆွေးနွေးပါ

ကျောင်းသားတို့အဖြေများကွဲပြားနိုင်သည်။ သေချာမှုမရှိပါကစီမံကိန်း၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ပြန်လည်ရည်ညွှန်းရန် ကျောင်းသားများကိုအကြံပြုပါ။


လေ့ကျင့်ခန်း(၂)

အကြံပြုချက်။ ။တစ်ဦးချင်းအလိုက်၊ ထို့နောက်အဖြေများနှိုင်းယှဉ်ရန်နှစ်ယောက်တစ်တွဲ တွဲပေးပါ။
ကျောင်းသားများမှ စာပိုဒ်ရှိ အခြေခံလိုအပ်ချက်တစ်ခုစီကိုရှာဖွေပြီး အောက်ပါဇယားကွက်တွင်ဖြည့်စွက်ရန်။
ကျောင်းသားများ၏အဖြေများမှာ အနည်းငယ်ကွဲပြားနိုင်သည်။ ကျောင်းသားများအား ဥပမာများများရေးချနိုင်ရန် တိုက်တွန်းပြီး အဖြေများကိုနှိုင်းယှဉ်စေပါ။
ဖြစ်နိုင်ခြေရှိသောအဖြေများမှာ-

## လေ့ကျင့်ခန်း(၁)

ပေးထားသောစာကြောင်းတိုများကိုဖတ်ပါ။ မည်သည့်စာကြောင်းမှာ စီမံကိန်းတစ်ခု၏အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် ကိုက်ညီမှုရှိပါသလဲ။

- တက္ကသိုလ်တစ်ခု၏အင်္ဂလိပ်စာဌာန
- သိပ္ပံပညာဆိုင်ရာစမ်းသပ်လေ့လာမှု
- ကျေးလက်ကျန်းမာရေးပညာပေးသင်တန်း
- ဆေးရုံခွဲစိတ်ကုသမှု
- လူငယ်များလုပ်ငန်းခွင်တွင် လိုအပ်သောအရည်အချင်းပြည့်မီရန် ပို့ချပေးသည့်သင်တန်း
- ဆရာ/ဆရာမများအား လေ့ကျင့်ပျိုးထောင်ပေးသော အဖွဲ့အစည်း



### ဆွေးနွေးပါ

မည်ကဲ့သို့သောစီမံကိန်းများကို သင်၏လူမှုဝန်းကျင်တွင် တွေ့မြင်ဖူးသနည်း။ သင်၏ဥပမာများကို အဖွဲ့ငယ်အတွင်းတွင် ဆွေးနွေးဝေငှပါ။

## လေ့ကျင့်ခန်း(၂)

စီမံကိန်းအကျဉ်းချုပ်ကိုဖတ်ပြီး တဖက်စာမျက်နှာတွင် ရှိသောဇယားကိုဖြည့်စွက်ပါ။

### စီမံကိန်းအကျဉ်းချုပ်

ကလေးသူငယ်များ၏ လုံခြုံရေးတိုးမြှင့်ရန် အတွက်ဒေသခံမူလတန်း ကျောင်းတစ်ကျောင်းမှာ ကျောင်းခြံစည်းရိုးကာရံရန် ဆုံးဖြတ်ခဲ့ကြသည်။ မိဘများမှလည်း လိုအပ်သည့်ပစ္စည်းများ ဝယ်ယူနိုင်ရန်အတွက် ရန်ပုံငွေရှာဖွေရေးတွင် ပါဝင်ခဲ့ကြသည်။ ဒေသခံဆောက်လုပ်ရေး သမားတစ်ဦးနှင့် ဆက်သွယ်ခဲ့ပြီး ခြံစည်းရိုးကာရံခြင်းကို ကလေးသူငယ်များ အနှောင့်အယှက်မရှိ စာသင်ကြားနိုင်ရန် သင်္ကြန်အားလပ်ရက်အတွင်း ပြီးဆုံးအောင်ဆောင်ရွက်ရန် သတ်မှတ်သည်။

| စီမံကိန်းတစ်ခု၏ အခြေခံလက္ခဏာ(၄)ရပ် | | | |
|---|---|---|---|
| အရင်းအမြစ်များ | အချိန်ကာလ | ငွေကြေး | လုပ်ဆောင်နိုင်မှု အတိုင်းအတာ |
| | | | |

## ၁.၂ စီမံကိန်းအားစီမံခန့်ခွဲခြင်းဆိုသည်မှာ အဘယ်နည်း။

စီမံကိန်းအား စီမံခန့်ခွဲမှုဆိုသည်မှာ- စီမံကိန်းအား မည်ကဲ့သို့ဖွဲ့စည်းမှု၊ ထိန်းချုပ်မှုနှင့် စီမံကိန်းအစမှအဆုံးထိ တိုင်အောင် ဦးဆောင်မှုတို့ဖြစ်သည်။ စီမံကိန်းတစ်ခုကိုဦးဆောင်၍ တာဝန်ယူရသောပုဂ္ဂိုလ်ကို များသောအားဖြင့် စီမံကိန်းအုပ်ချုပ်ရေးမှူးဟု ခေါ်ဆိုကြသည်။

> ဝေါဟာရ အဓိပ္ပါယ်
> အကြောင်းအရာဆက်စပ်မှု- အခြေအနေတစ်ခု၏ အချက်အလက်၊ နောက်ခံနှင့် သမိုင်းကြောင်း

စီမံကိန်းအုပ်ချုပ်ရေးမှူးများ

- စီမံကိန်း၏အခြေခံလက္ခဏာလေးရပ်လုံးကို တစ်ဦးတည်း(သို့) တွဲဖက်၍ဦးဆောင်သူ
- ဒေသခံများအား စီမံကိန်းအဖွဲ့ဝင်များနှင့် အတူတကွပူးပေါင်းပါဝင် လုပ်ဆောင်ရန် တွန်းအားပေးသူ
- လုပ်ငန်းဆောင်ရွက်ရာနေရာဒေသ၏အခြေအနေကို အဖွဲ့ဝင်များနားလည်အောင် ရှင်းလင်းလမ်းညွှန်မှုများ ပေးရန်တာဝန်ရှိသူ
- စီမံကိန်းပြီးဆုံးသွားသည့်အချိန်တွင် ရရှိခဲ့သောကောင်းကျိုးရလဒ်များကို ဒေသခံများကဆက်လက် ထိန်းသိမ်းနိုင်ရန်အတွက် သေချာအောင်ပြုလုပ်ပေးသူ




> လေ့ကျင့်ခန်း(၁)
>
> သင့်အတွက်စီမံကိန်း စီမံခန့်ခွဲမှုဆိုသည်မှာ အဘယ်နည်း။ သင်၏တွဲဖက်တစ်ဦးနှင့်အတူ "စီမံကိန်း စီမံခန့်ခွဲမှု" နှင့်ဆက်စပ်သော စကားလုံးများကို စဉ်းစားကြည့်ပါ။

| စီမံကိန်းတစ်ခု၏ အခြေခံလက္ခဏာ(၄)ရပ် | | | |
|---|---|---|---|
| အရင်းအမြစ်များ | အချိန်ကာလ | ငွေကြေး | လုပ်ဆောင်နိုင်မှု အတိုင်းအတာ |
| ခြံစည်းရိုးအတွက်လိုအပ် သောပစ္စည်းများ- သစ်သား၊ ဝါယာကြိုး၊ သံ အစရှိသဖြင့်<br>ခြံစည်းရိုးဆောက်လုပ်ရန် အတွက်လိုအပ်သော ပစ္စည်းများ-တူ၊ လွှ အစရှိသဖြင့်<br>လူအရင်းအမြစ်များ- ဒေသခံဆောက်လုပ်ရေး သမားများ | သင်္ကြန် အားလပ်ရက်အတွင်း | မိဘများမှရန်ပုံငွေ ရှာဖွေခြင်း<br>ကုန်ကျစရိတ်-ပစ္စည်း ပစ္စယများ၊ ဆောက်လုပ်ရေး လုပ်သားများ | ခြံစည်းရိုးကာရံမှု ပြီးဆုံးခြင်း |

# ၁.၂ စီမံကိန်းအားစီမံခန့်ခွဲခြင်းဆိုသည်မှာ အဘယ်နည်း။

ကျောင်းသားများမှပေးထားသောစာပိုဒ်ကိုဖတ်ပြီး မေးခွန်းများကိုဖြေဆိုခြင်း။

လေ့ကျင့်ခန်း(၁)

အကြံပြုချက်။ ။အဖွဲ့ငယ်များဖွဲ့ပါ။

စီမံကိန်းအားစီမံခန့်ခွဲမှုနှင့်ပတ်သက်သောစကားလုံးများကို ကျောင်းသားများမှစဉ်းစားအဖြေရှာခြင်း။

သင်ကြားသူအနေဖြင့် ကျောင်းသား၏အဖြေများကို သင်ပုန်းပေါ်တွင် မတူညီသောခေါင်းစဉ်များအောက်တွင် ရေးချ၍ ၎င်းအဖြေများအပေါ် သုံးသပ်ချက်ပြုနိုင်ပါသည်။

ကျောင်းသားတို့၏အဖြေများမှာကွဲပြားမှုရှိလိမ့်မည်။ ဖြစ်နိုင်ခြေရှိသောအဖြေများ-

လူပုဂ္ဂိုလ်- စီမံကိန်းအုပ်ချုပ်ရေးမှူး၊ ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ဒေသခံတာဝန်ရှိသူများ

စီမံအုပ်ချုပ်မှု- လုပ်ငန်းတာဝန်များ၊ ပန်းတိုင်၊ လုပ်ငန်းအစီအစဉ်၊ အချိန်အတိုင်းအတာ၊ ပြဿနာဖြေရှင်းခြင်း

ငွေကြေး- ခန့်မှန်းခြေရသုံးငွေစာရင်း၊ အလှူရှင်၊ ရန်ပုံငွေ၊ အလှူငွေများ၊ ရန်ပုံငွေရှာဖွေရေးအရင်းအမြစ်

ထောက်ပံ့ပစ္စည်း- ပစ္စည်းကိရိယာ တန်ဆာပလာများ

ဆွေးနွေးပါ။

ကျောင်းသားများ၏အဖြေများမှာကွဲပြားမှုရှိလိမ့်မည်။

ဆွေးနွေးပါ။

ထပ်မံ၍ဖွင့်ဆိုထားသော စီမံကိန်းအုပ်ချုပ်မှု၏ အဓိပ္ပါယ်ကိုဖတ်ပြီး ပြီးခဲ့သည့်စာမျက်နှာမှ သင်၏အကြံဉာဏ်များနှင့်နှိုင်းယှဉ်ကြည့်ပါ။

" .....တိကျခိုင်မာသောစီမံကိန်းတစ်ခုအတွက် ရည်မှန်းချက်ပန်းတိုင်ထားရှိခြင်း၊ အစီအစဉ်ရေးဆွဲခြင်းနှင့် လုပ်ငန်းတာဝန်များနှင့် အထောက်အပံ့များအပေါ် အမြဲတစေကြည့်ရှုစောင့်ရှောက်ခြင်း၊ ပြဿနာများကို ထုတ်ဖော်၍ လျော့နည်းသွားအောင်ပြုလုပ်ခြင်း၊ ကုန်ကျစရိတ်နှင့်ငွေကြေးပမာဏများကို ကိုင်တွယ်ထိန်းချုပ်ခြင်းအစရှိသော နည်းလမ်းများဖြစ်သည်။"



".......စီမံကိန်းတစ်ခုပြီးဆုံးရန်အတွက် အစီအစဉ်များရေးဆွဲခြင်း၊ ခန့်မှန်းခြေရသုံးငွေကိုတွက်ချက်ထားခြင်း၊ လုပ်ဆောင်မှုများကို တညီတညွတ်တည်းဖြစ်စေခြင်း၊လိုအပ်သည့် အထောက်အပံ့များအပေါ် စစ်ဆေးကြည့်ရှုမှုများ ပြုလုပ်ခြင်းအစရှိသည်တို့ကို ဦးဆောင်ဦးရွက်ပြုကာ လုပ်ဆောင်ခြင်းဖြစ်သည်။

"........စီမံကိန်းတစ်ခု၏လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် ပညာဗဟုသုတ၊ ကျွမ်းကျင်မှုများ၊ ကိရိယာတန်ဆာပလာများနှင့် နည်းလမ်းများကို ကွဲပြားသောဆောင်ရွက်ချက်များတွင်အသုံးပြုခြင်းဖြစ်သည်။"

**ဝေါဟာရအဓိပ္ပါယ်**

တိုးတက်ဖွံ့ဖြိုးခြင်း - တစ်စုံတစ်ရာကို ခိုင်မာလာအောင် (သို့) ပိုမိုကောင်းမွန်လာအောင်ပြုလုပ်သော လုပ်ငန်းစဉ်တစ်ခုဖြစ်သည်။

ဤအခန်း(၁)သည် လူမှုဝန်းကျင်တိုးတက်မှုအတွက် စီမံကိန်းများနှင့် စီမံကိန်းအားစီမံအုပ်ချုပ်ခြင်းတို့အပေါ်အဓိကထားလေ့လာထားသည်။ သင်ခန်းစာအကြောင်းအရာထဲတွင် စီမံကိန်းအား စီမံအုပ်ချုပ်ခြင်းသည် လူမှုဝန်းကျင်တွင်ရှိသော ပြဿနာများကို ရှာဖွေကာဖြေရှင်းပေးခြင်းဖြစ်သည်။ ၄င်းပြဿနာများမှာ များသောအားဖြင့်ပတ်ဝန်းကျင်၊ စီးပွားရေးနှင့်နိုင်ငံရေးဆိုင်ရာတို့ဖြစ်သည်။ ပြဿနာများကိုဖြေရှင်းနိုင်ရန်အတွက်ကျွန်ုပ်တို့လုပ်ဆောင်သည့်အခါ ဤသည်မှာ လူမှုဝန်းကျင်ဖွံ့ဖြိုးတိုးတက်မှုအတွက် လုပ်ဆောင်ခြင်းပင်ဖြစ်သည်။

### နိုင်ငံရေး

နိုင်ငံရေးပြဿနာများသည် အခွင့်အာဏာ၊ထိန်းချုပ်မှု၊ ခေါင်းဆောင်မှု၊ အထောက်အပံ့များဖြည့်ဆည်းပေးခြင်း နှင့်ဆုံးဖြတ်ချက်ချရာတွင် ပူးပေါင်းပါဝင်ခြင်း အစရှိသည့်ပြဿနာတို့နှင့် ဆက်နွယ်လျက်ရှိသည်။

### ပတ်ဝန်းကျင်အခြေအနေ

ပတ်ဝန်းကျင်အခြေအနေနှင့် ဆိုင်သောပြဿနာများသည် ကျွန်ုပ်တို့နေထိုင်သော ပတ်ဝန်းကျင်အပေါ် သက်ရောက်မှုရှိသည်။ ထိုအရာများမှာ ရုပ်ပိုင်းဆိုင်ရာနှင့်ဆိုင်သောရပိုင်ခွင့်များနှင့် သဘာဝသယံဇာတများသုံးစွဲမှု (သို့) လူ့အသိုင်းအဝန်းနှင့်ဆိုင်သောပညာရေး၊ ကျန်းမာရေး၊ လူမှုအဆင့်အတန်း အစရှိသည်တို့နှင့် သက်ဆိုင်သည်။

### စီးပွားရေး

စီးပွားရေးပြဿနာများမှာ ငွေကြေးနှင့်ပတ်သက်သော လစာ/ဝင်ငွေရရှိရန် အလုပ်လုပ်ခြင်း၊ နည်းပညာဆိုင်ရာအသုံးပြုခွင့်နှင့် ငွေကြေးရရှိရန်အတွက် နည်းလမ်းများတွေ့ရှိခြင်း အစရှိသည်တို့ပါဝင်သည်။

## လေ့ကျင့်ခန်း (၂)

အောက်ပါစီမံကိန်းများနှင့် လူမှုဝန်းကျင်တွင်ပြုလုပ်သည့် အမျိုးမျိုးသောစီမံကိန်းတို့နှင့်တွဲပါ။

(၁) ကျောင်းပြင်ပလမ်းမပေါ်ရှိ အမှိုက်များကောက်ယူရှင်းလင်းခြင်း

(၂) စာကြည့်တိုက်အသစ်တည်ဆောက်ခြင်း

(၃) အင်တာနက်ဆိုင် မည်ကဲ့သို့စတင်ရမည်ကို လေ့ကျင့်သင်ကြားပေးခြင်း

(၄) လပြည့်ညပွဲလေးတစ်ခု ပြုလုပ်ဆောင်ရွက်ခြင်း

(၅) ပျက်စီးနေသောလမ်းမီးများ ပြုပြင်ခြင်း

(၆) အလုပ်သမားများ မိမိတို့စက်ရုံသို့ ဘတ်စ်ကားနှင့်သွားရောက်နိုင်ရန် စီစဉ်ပေးခြင်း

နိုင်ငံရေး၊ ပတ်ဝန်းကျင်နှင့် စီးပွားရေး အစရှိသည့်အသုံးအနှုန်းများသည် ဤနေရာတွင် ကျောင်းသားများ အဖို့အသစ်အဆန်းဖြစ်နေပေလိမ့်မည်။ ရေးသားဖော်ပြချက်များကို ကျောင်းသားများမှဖတ်ရှုရန်၊ ဆွေးနွေးရန်နှင့် နားမလည်ပါကမေးမြန်းရန်အချိန်ပေးပါ။

နိုင်ငံရေးပြဿနာများသည် နိုင်ငံရေးအကြောင်းအရာ၊ အစိုးရတို့နှင့်သာသက်ဆိုင်သည်မဟုတ်၊ အခြား အကြောင်းအရာများနှင့်ဆိုင်သောခေါင်းဆောင်မှု၊ အာဏာ၊ ရပိုင်ခွင့်များတို့နှင့်လည်း သက်ဆိုင်သည်ကို ထင်သာမြင်သာရှိအောင် ပြောပြပါ။

ပတ်ဝန်းကျင်ဆိုသည်မှာ ကမ္ဘာကြီးနှင့်သက်ဆိုင်သည့် ကျွန်ုပ်တို့အနီးပတ်လည်တွင်ရှိသောအရာကို ဆိုလိုပြီး မတူညီသောအုပ်စုနှစ်ခုပါဝင်သည်။ ရုပ်ပိုင်းဆိုင်ရာပတ်ဝန်းကျင်တွင် သဘာဝသယံဇာတများ၊ မြေယာ၊ အဆောက်အဦးနှင့် အိမ်ယာများ၊ ထို့နောက်လူမှုဆက်ဆံရေးနယ်ပယ်ပတ်ဝန်းကျင်တွင် - ကျန်းမာရေးနှင့် ပညာရေးတို့ပါဝင်သည်။ သို့သော်အချို့သောကျောင်းသားများမှာ လူမှုဆက်ဆံရေးနယ်ပယ်ကို အခြားအကြောင်းအရာတစ်ခုအဖြစ်ထင်မြင်ကြသည်။ ဤအမြင်မှာလည်း မှန်ကန်ပါသည်။

စီးပွားရေးပြဿနာများမှာ ငွေကြေးနှင့်ပတ်သက်သည့်အရာမှန်သမျှ(သို့) အလုပ်အကိုင်၊ နည်းပညာနှင့် ကျွမ်းကျင်မှုသင်တန်းနှင့်ဆက်နွယ်သောအရာအားလုံးနှင့် သက်ဆိုင်သည်။

လေ့ကျင့်ခန်း(၂)

အကြံပြုချက်။ ။နှစ်ယောက်တစ်တွဲ လုပ်ဆောင်ရန်။ ထို့နောက်အဖြေများနှိုင်းယှဉ်ရန် အဖွဲ့ငယ်များဖွဲ့ပါ။

အဖြေ။

| နိုင်ငံရေး | ပတ်ဝန်းကျင် | စီးပွားရေး |
|---|---|---|
| ၄။ ရိုးရာလပြည့်ည ပွဲစီစဉ်ခြင်း | ၁။ ကျောင်းပြင်ပလမ်းမပေါ်ရှိ အမှိုက်များကောက်ယူ ရှင်းလင်းခြင်း - ဤသည်မှာ ရုပ်ပိုင်းဆိုင်ရာ ပတ်ဝန်းကျင်စီမံကိန်း<br>၂။ စာကြည့်တိုက်အသစ် တည်ဆောက်ခြင်း - ဤသည်မှာလူမှုဆက်ဆံရေး နယ်ပယ် ပတ်ဝန်းကျင်စီမံကိန်း<br>၃။ ပျက်စီးနေသောလမ်းမီးများ ပြုပြင်ခြင်း | ၃။ အင်တာနက်ဆိုင်မည်ကဲ့သို့ စတင်ထူထောင်ရမည်ကို လေ့ကျင့်သင်ကြားပေးခြင်း<br>၆။ အလုပ်သမားများ မိမိတို့ ဒေသတွင်ရှိသောစက်ရုံသို့ ဘတ်စ်ကားဖြင့်သွားရောက် နိုင်ရန် စီစဉ်ပေးခြင်း |

# ၁.၃ စီမံကိန်း၏ဆင့်ကဲဖြစ်စဉ်ဆိုသည်မှာ အဘယ်နည်း။

စီမံကိန်း၏ဆင့်ကဲဖြစ်စဉ်ကို ကျောင်းသားများမှဖတ်ရှုပြီး ၎င်းအဆင့်များတစ်ခုနှင့်တစ်ခု မည်ကဲ့သို့ဆက်နွယ်မှုရှိသည်ကို ဆွေးနွေးရမည်ဖြစ်သည်။ ဤတွင်ဆွေးနွေးရမည့်အကြောင်းအရာ များစွာရှိမည်ဖြစ်၍ လုံလောက်သောအချိန်ပေးပြီး လိုအပ်ပါကမေးခွန်းများဖြေကြားပါ။

## ဆွေးနွေးပါ။

ဤအကြောင်းအရာနှင့် ဆက်စပ်သည့်အရာများစွာရှိပြီး ကျောင်းသားတို့၏အဖြေများ ကွဲပြားနိုင်သည်။

ဖြစ်နိုင်ခြေရှိသော အကြံဉာဏ်များမှာ-

- ဒေသခံများနှင့်မိတ်ဖွဲ့ဆွေးနွေးခြင်းဖြင့် ထိုဒေသ၏လိုအပ်ချက်ကိုသိရှိပြီး အရင်းအမြစ်များကိုထောက်ပံ့ရာတွင် ၎င်းစီမံကိန်းအကောင်အထည်ဖော်သည့်ကာလ အတွင်း ဆက်သွယ်ရေးစီမံခန့်ခွဲရာတွင်၎င်း အထောက်အကူဖြစ်စေသည်။ ထို့အပြင် စီမံကိန်းပြီးဆုံးသည့်အချိန်၊ အောင်မြင်မှုများကို ပြန်လည်သုံးသပ်သည့်အခါတွင် ရိုးသားပွင့်လင်းသော အပြန်အလှန်ဆွေးနွေးမှုများရရှိမည်ဖြစ်သည်။
- စီမံကိန်းရေးဆွဲစဉ် နေရာဒေသနှင့် အရင်းအမြစ်ရရှိနိုင်မှုကန့်သတ်ချက်များကိုလေ့လာ ခြင်းဖြင့် စီမံကိန်းအားအကောင်အထည်ဖော်သည့်ကာလအတွင်း ကြုံတွေ့ရတတ်သည့် အခက်အခဲစွန့်စားမှုများကို နားလည်ဖြေရှင်းနိုင်သည်။
- စီမံကိန်းရေးဆွဲစဉ်အတွင်း ခန့်မှန်းခြေရသုံးငွေစာရင်း ကြိုတင်ရေးဆွဲထားခြင်းသည် စီမံကိန်းအား အကောင်အထည်ဖော်သည့်အခါ ငွေကြေးအရင်းအမြစ်များစီမံခန့်ခွဲရာ တွင် အထောက်အကူဖြစ်စေပြီး စီမံကိန်းပြီးဆုံးသည့်အချိန်တွင် သုံးငွေများကိုပြန်လည် စစ်ဆေးနိုင်မည်ဖြစ်သည်။
- စီမံကိန်းရေးဆွဲစဉ်အတွင်း လုပ်ဆောင်ရမည့်အစီအစဉ်များကို ကြိုတင်ရေးဆွဲထားခြင်း သည် စီမံကိန်းအားအကောင်အထည်ဖော်သည့်ကာလအတွင်း လုပ်ငန်းကြီးကြပ်သည့် အခါ လိုအပ်သောသတ်မှတ်ချက်များနှင့်နှိုင်းယှဉ်စစ်ဆေးနိုင်သည်။
- စီမံကိန်းအားအကောင်အထည်ဖော်စဉ်အတွင်း စစ်ဆေးမှုများပြုလုပ်ခြင်းသည် ပြီးဆုံးသွားသောလုပ်ဆောင်ချက်များ၏ အချက်အလက်များမှတစ်ဆင့် စီမံကိန်း၏ အောင်မြင်မှုကို သုံးသပ်နိုင်မည်ဖြစ်သည်။
- စီမံကိန်းအကောင်အထည်ဖော်သည့်ကာလအတွင်း ကြီးကြပ်စစ်ဆေးခြင်းသည် လုပ်ငန်းများဆောင်ရွက်ပြီးစီးမှု အတိုင်းအတာကိုသိရှိနိုင်ပြီး အောင်မြင်မှုကို သုံးသပ်နိုင်သည်။
- စီမံကိန်းပြန်လည်သုံးသပ်စဉ် မှတ်ချက်ရေးမှတ်ခြင်းသည် အနာဂတ်တွင်ပြုလုပ်မည့် စီမံကိန်းများအတွက် လိုအပ်ချက်များသတ်မှတ်ရာတွင် အထောက်အကူဖြစ်စေသည်။

# ၁.၃ စီမံကိန်း၏ဆင့်ကဲဖြစ်စဉ်ဆိုသည်မှာ အဘယ်နည်း။

မည်သည့်စီမံကိန်းတွင်မဆို ကွဲပြားသောကဏ္ဍများနှင့် လုပ်ဆောင်ချက်များအဆင့်ဆင့်ပါဝင်သည်။ ဤကဲ့သို့ ကွဲပြားသည့်အဆင့်များပါဝင်မှုကို စီမံကိန်း၏ဆင့်ကဲဖြစ်စဉ်ဟုခေါ်ဆိုသည်။

စီမံကိန်းတစ်ခု၏ဆင့်ကဲဖြစ်စဉ်တွင် အဓိကအားဖြင့် အဆင့်(၄)ဆင့်ပါဝင်သည်။ အဆင့်တစ်ခုစီတိုင်းသည် လွန်စွာကွဲပြားပါသည်။ သို့သော်လည်း ၎င်းတို့၏အရှေ့(သို့)အနောက်တွင်ရှိသောဖြစ်စဉ်များနှင့် ဆက်နွယ် လျက်ရှိသည်။ သို့ဖြစ်၍အဆင့်တစ်ခုစီတိုင်းကိုအသေးစိတ်မလေ့လာမီ ဖြစ်စဉ်တစ်ခုလုံး၏အခြေခံသဘောတရားကို နားလည်ရန်အရေးကြီးသည်။

စီမံကိန်း၏ဆင့်ကဲဖြစ်စဉ်များမှာ-

(၁)အခြေအနေကိုခွဲခြမ်းစိတ်ဖြာခြင်း

ဤအဆင့်တွင်စီမံကိန်း၏အုပ်ချုပ်ရေးမှူး နှင့် အဖွဲ့ဝင်များမှစီမံကိန်းဆောင်ရွက်မည့် နေရာဒေသရှိဒေသခံများနှင့် တွေ့ဆုံသည်။ စီမံကိန်းအဖွဲ့ဝင်များမှ အဓိကလုပ်ဆောင်ချက်(၃) ရပ်ကိုဆောင်ရွက်သည်။

- နေရာဒေသသတ်မှတ်ခြင်း
- လိုအပ်ချက်များသတ်မှတ်ခြင်း
- အခက်အခဲပြဿနာများကို ရှာဖွေဖော်ထုတ်ခြင်း

(၂) စီမံကိန်းရေးဆွဲခြင်း

စီမံကိန်းအဖွဲ့ဝင်များနှင့် ဒေသခံတာဝန်ရှိသူ များမှ စီမံကိန်းအတောအတွင်းဖြစ်ပျက်မည့် အရာများနှင့် လုပ်ဆောင်ရမည့်အရာများ ကိုအတူတကွရေးဆွဲဆွေးနွေးကြသည်။ များသောအားဖြင့်အောက်ပါအဆင့်များပါဝင်သည်။

- စီမံကိန်း၏ရည်မှန်းချက်ပန်းတိုင်ကို သတ်မှတ်ခြင်း
- အထောက်အပံ့နှင့်အကန့်အသတ်များကို သတ်မှတ်ခြင်း
- လုပ်ဆောင်ရမည့်အရာများအတွက် ပြင်ဆင်ခြင်း
- ငွေကြေးပမာဏတစ်ခုပြင်ဆင်ထားခြင်း
- အရင်းအမြစ်၊ပစ္စည်း၊ငွေ(သို့) အခြားအထောက်အပံ့များရယူခြင်း

ဆွေးနွေးပါ

အဆင့်တစ်ခုစီတိုင်းသည် တစ်ခုနှင့်တစ်ခု မည်ကဲ့သို့ဆက်နွယ်နေသနည်း။ ဥပမာအားဖြင့် ဒေသခံများအား ၎င်းတို့ဒေသ၏ လိုအပ်ချက်များကိုပြောပြခြင်းသည် သင့်အားစီမံကိန်းအတွက် လိုအပ်သော အထောက်အပံ့များစုဆောင်းရရှိရန် မည်ကဲ့သို့ကူညီပေးသနည်း။

(၃) စီမံကိန်းအကောင်အထည်ဖော်ခြင်း

စီမံကိန်းအဖွဲ့ဝင်များနှင့် ဒေသခံတာဝန်ရှိသူများမှ စီမံကိန်းလုပ်ဆောင်ချက်များကို စတင်ဆောင် ရွက်သည်။ ဤအဆင့်သည်စီမံကိန်းပြီးဆုံးသည် အထိဆက်လက်ဖြစ်ပျက်သည်။ အောက်ပါအချက်များသည် ဤအဆင့်ပြီးပြည့်စုံ ရန်အတွက်လိုအပ်သည်။

- ဆက်သွယ်ရေးကိုစီမံခန့်ခွဲခြင်း
- အထောက်အပံ့များကို စီမံခန့်ခွဲခြင်း - ရုပ်ပိုင်းဆိုင်ရာ၊ ငွေကြေးရေးနှင့် လူသားအရင်းအမြစ်များ အစရှိသဖြင့်
- ဘေးအန္တရာယ်ဆုံးရှုံးမှုများကို စီမံခန့်ခွဲခြင်း (စီမံကိန်းကာလအတွင်း ဖြစ်ပေါ်နိုင်သည့်များယွင်းမှု)
- စောင့်ကြည့်စစ်ဆေးခြင်း (စီမံကိန်း၏ တိုးတက်မှုကို စစ်ဆေးခြင်း)

(၄) စီမံကိန်းအားပြန်လည်သုံးသပ်ခြင်း

စီမံကိန်းပြီးဆုံးသည့်အချိန်တွင် စီမံကိန်းအဖွဲ့ဝင် များနှင့် ဒေသခံတာဝန်ရှိသူများမှ ပြီးဆုံးသွား သောလုပ်ဆောင်ချက်များအားလုံးကို ပြန်လည် သုံးသပ်ပြီး စီမံကိန်း၏ပန်းတိုင်သို့ အောင်မြင်စွာ ရောက်ရှိခဲ့ခြင်း ရှိ/မရှိကိုဆုံးဖြတ်ကြသည်။ ဤအဆင့်ပြီးမြောက်ရန်အတွက် လိုအပ်သည် များမှာ-

- အောင်မြင်မှုကိုသုံးသပ်ခြင်း
- သင်ယူရရှိခဲ့သည့်အရာများကို ထုတ်ဖော်ခြင်း
- အနာဂတ်တွင်ပြုလုပ်မည့် စီမံကိန်းများ အတွက်ထောက်ခံမှုပေးခြင်း

## လေ့ကျင့်ခန်း (၁)

အောက်ပါလုပ်ဆောင်ချက်များကိုသင့်တော်သည့် စီမံကိန်းနှင့် တွဲပါ။
လုပ်ဆောင်ချက်များကို စီမံကိန်းတစ်ခုထက်ပို၍ တွဲနိုင်ပါသည်။

| (က) | (ခ) | (ဂ) |
|---|---|---|
| ဒေသတွင်းရှိလမ်းမီးများ ပိုမိုကောင်းမွန်အောင် လုပ်ဆောင်ခြင်း | ဒေသခံကျောင်းများ အတွက်လူငယ်အစီအစဉ် တစ်ခုပြုလုပ်ပေးခြင်း | ငှက်ဖျားရောဂါကာကွယ် ခြင်းအကြောင်း အသိပညာ ပေးဟောပြောခြင်း |

ထို့နောက်လုပ်ဆောင်ချက်တစ်ခုစီသည် စီမံကိန်းဆင့်ကဲဖြစ်စဉ်၏ မည်သည့်အဆင့်တွင် ပါဝင်သည်ကို ဆုံးဖြတ်ပါ။

(၁) ပစ္စည်းကုန်ကျငွေများ တွက်ချက်ထားခြင်း

(၂) ကျောင်းသားဦးရေမည်မျှပါဝင်မည်ကို အတည်ပြုခြင်း။

(၃) ဆရာ/ဆရာမများနှင့် ကျောင်းသားကျောင်းသူများအား တွေ့ဆုံကာ ၎င်းတို့၏စိတ်ဝင်စားမှုအပေါ် ဆွေးနွေးခြင်း။

(၄) ကျန်းမာရေးလုပ်သားများနှင့် တဖန်တွေ့ဆုံကာ ပြောင်းလဲမှုများရှိ/မရှိမေးမြန်းခြင်း။

(၅) ဒေသခံကျောင်းများအတွက် အားကစားပြိုင်ပွဲနှင့်သက်ဆိုင်သောစီမံကိန်းတစ်ခု လုပ်ဆောင်ရန်ဆုံးဖြတ်ခြင်း။

(၆) ညဘက်အချိန်တွင်လမ်းမကြီးမှာ အလွန်မှောင်မည်းသဖြင့် လမ်းသွားလမ်းလာများအတွက် အခက်အခဲရှိသည်ကို သိရှိနားလည်ခြင်း။

(၇) ငှက်ဖျားရောဂါကူးစက်နှုန်းကို လေ့လာခြင်း။

(၈) လျှပ်စစ်ပညာရှင်များ မည်သည့်ရက်တွင်အလုပ်စတင်မည်ကို ဖုန်းဖြင့်ခေါ်ဆိုမေးမြန်းအတည်ပြုခြင်း။

(၉) ခြင်ထောင်အသုံးပြုပုံ နံရံကပ်ပိုစတာများအား ဒီဇိုင်းရေးဆွဲပြီး ထုတ်ဝေခြင်း။


(၁၀) စီမံကိန်းတွင်ပါဝင်သူများ နောက်တစ်ကြိမ်(သို့)နောင်နှစ်တွင် ထပ်မံ၍ပြုလုပ်လိုစိတ် ရှိ/မရှိ ကိုလေ့လာခြင်း။-

(၁၁) ဒေသခံဆေးခန်းတွင်ရှိသော ကျန်းမာရေးဝန်ထမ်းများနှင့် တွေ့ဆုံမေးမြန်းမှုများပြုလုပ်ခြင်း။

(၁၂) ကစားကွင်း ရှာဖွေသတ်မှတ်ခြင်း။



စီမံကိန်းတစ်ခုစီ ပြီးဆုံးနိုင်ရန်အတွက် ထပ်မံ၍ လိုအပ်သည့်လုပ်ဆောင်ချက်များကို သင်စဉ်းစားကြည့်ပါ။



## လေ့ကျင့်ခန်း (၁)

အကြံပြုချက်။ ။ နှစ်ယောက်တစ်တွဲလုပ်ဆောင်ရန်။ ထို့နောက်အဖြေများနှိုင်းယှဉ်ရန် အဖွဲ့ငယ်များဖွဲ့ပါ။

အဖြေများ။

(က) ဒေသတွင်းရှိလမ်းမီးများ ပိုမိုကောင်းမွန်အောင် လုပ်ဆောင်ခြင်း

(၆) ညဘက်အချိန်တွင်လမ်းမကြီးမှာ အလွန်မှောင်မည်းသဖြင့် လမ်းသွားလမ်းလာများအတွက် အခက်အခဲရှိသည်ကို သိရှိနားလည်ခြင်း။
- အခြေအနေခွဲခြမ်းစိတ်ဖြာခြင်း

(၁) ပစ္စည်းကုန်ကျငွေများ တွက်ချက်ခြင်း။
- စီမံကိန်းရေးဆွဲခြင်း

(၈) လျှပ်စစ်ပညာရှင်များ မည်သည့်ရက်တွင်အလုပ်စတင်မည်ကိုဖုန်းဖြင့်ခေါ်ဆို မေးမြန်းအတည်ပြုခြင်း။
- စီမံကိန်းအကောင်အထည်ဖော်ခြင်း

(ခ) ဒေသခံကျောင်းများ အတွက်လူငယ်အစီအစဉ် တစ်ခုပြုလုပ်ပေးခြင်း

(၃) ဆရာ/ဆရာမများနှင့် ကျောင်းသားကျောင်းသူများ အားတွေ့ဆုံကာ၎င်းတို့၏ စိတ်ဝင်စားမှုအပေါ် ဆွေးနွေးခြင်း။
- အခြေအနေခွဲခြမ်းစိတ်ဖြာခြင်း

(၅) ဒေသခံကျောင်းများအတွက် အားကစားပြိုင်ပွဲနှင့် သက်ဆိုင်သောစီမံကိန်းတစ်ခုလုပ်ဆောင်ရန် ဆုံးဖြတ်ခြင်း။ - စီမံကိန်းရေးဆွဲခြင်း

(၁) ပစ္စည်းကုန်ကျငွေများ တွက်ချက်ခြင်း။ - စီမံကိန်းရေးဆွဲခြင်း

(၂) ကျောင်းသားဦးရေမည်မျှပါဝင်မည်ကို အတည်ပြုခြင်း။
- စီမံကိန်းအကောင်အထည်ဖော်ခြင်း

(၁၂) ကစားကွင်း ရှာဖွေသတ်မှတ်ခြင်း။
- စီမံကိန်းအကောင်အထည်ဖော်ခြင်း

(၁၀) စီမံကိန်းတွင်ပါဝင်သူများ နောက်တစ်ကြိမ်(သို့)နောင်နှစ်တွင် ထပ်မံ၍ပြုလုပ်လိုစိတ် ရှိ/မရှိ ကိုလေ့လာခြင်း။
- စီမံကိန်းအားပြန်လည်သုံးသပ်ခြင်း

(ဂ) ငှက်ဖျားရောဂါကာကွယ်ခြင်းအကြောင်း အသိပညာ ပေးဟောပြောခြင်း

(၇) ငှက်ဖျားရောဂါကူးစက်နှုန်းကို လေ့လာခြင်း။
- အခြေအနေခွဲခြမ်းစိတ်ဖြာခြင်း

(၁၁) ဒေသခံဆေးခန်းတွင်ရှိ သောကျန်းမာရေးဝန်ထမ်းများနှင့် တွေ့ဆုံမေးမြန်းမှုများ ပြုလုပ်ခြင်း။
- အခြေအနေခွဲခြမ်းစိတ်ဖြာခြင်း

(၁) ပစ္စည်းကုန်ကျငွေများ တွက်ချက်ခြင်း
- စီမံကိန်းရေးဆွဲခြင်း

(၉) ခြင်ထောင်အသုံးပြုပုံ နံရံကပ်ပိုစတာများအား ဒီဇိုင်းရေးဆွဲပြီး ထုတ်ဝေခြင်း။
- စီမံကိန်းအကောင်အထည်ဖော်ခြင်း

(၄) ကျန်းမာရေးလုပ်သားများနှင့် တဖန်တွေ့ဆုံ၍ ပြောင်းလဲမှုများရှိ/မရှိမေးမြန်းခြင်း။
- စီမံကိန်းအားပြန်လည်သုံးသပ်ခြင်း

၎င်းစီမံကိန်းများထဲသို့ လုပ်ဆောင်ချက်များစွာကို ထပ်မံပေါင်းထည့်နိုင်ပြီး ကျောင်းသားများ၏အဖြေများ မှာလည်း ကွဲပြားလိမ့်မည်။ ဖြစ်နိုင်ခြေရှိသော အဖြေများမှာ-

(က) ဒေသတွင်းရှိလမ်းမီးများ ပိုမိုကောင်းမွန်အောင် လုပ်ဆောင်ခြင်း

လမ်းမီး၏တည်နေရာကိုသတ်မှတ်ခြင်း။
- စီမံကိန်းရေးဆွဲခြင်း

လမ်းမီးများတပ်ဆင်ခြင်း။
- စီမံကိန်းအကောင်အထည်ဖော်ခြင်း

တပ်ဆင်ပြီးသောလမ်းမီးများ အပေါ် ဒေသခံတို့၏တုံ့ပြန်မှုများ ကိုမေးမြန်းခြင်း။
- စီမံကိန်းအားပြန်လည်သုံးသပ်ခြင်း

(ခ) ဒေသခံကျောင်းများ အတွက်လူငယ်အစီအစဉ် တစ်ခုပြုလုပ်ပေးခြင်း

ခန့်မှန်းခြေရသုံးငွေစာရင်းရေးဆွဲခြင်း။
- စီမံကိန်းရေးဆွဲခြင်း

အစီအစဉ်အတွက် ရန်ပုံငွေရှာဖွေခြင်း။
- စီမံကိန်းရေးဆွဲခြင်း

(ဂ) ငှက်ဖျားရောဂါကာကွယ်ခြင်း အကြောင်းအသိပညာပေး ဟောပြောခြင်း

နံရံကပ်ကြော်ငြာများ၊ အသိပညာပေးအထောက်အကူ ပစ္စည်းများအားဖြန့်ဝေခြင်းနှင့် ဒေသခံဆေးခန်းများသို့သင်တန်း ပို့ချခြင်း။
- စီမံကိန်းအကောင်အထည်ဖော်ခြင်း

ဖြန့်ဝေသောပိုစတာနှင့် ခြင်ထောင် အရေအတွက်ကို စစ်ဆေးခြင်း။
- စီမံကိန်းအကောင်အထည်ဖော်ခြင်း

ငှက်ဖျားရောဂါဖြစ်ပွားမှုနှုန်းကို စီမံကိန်းမစတင်မီနှင့် ပြီးဆုံးချိန်တွင် ပြန်လည်နှိုင်းယှဉ်ခြင်း။
- စီမံကိန်းအားပြန်လည်သုံးသပ်ခြင်း

## D လေးလုံးစက်ဝန်း

ဆွေးနွေးပါ။

ကျောင်းသားတို့၏အဖြေများ ကွဲပြားနိုင်သည်။ အကောင်းဘက်မှဆန်းစစ်မေးမြန်းခြင်းဆိုသည်မှာ- မိမိ ပြောင်းလဲမှုပြုလုပ်လိုသော အခြေအနေဆိုးတရပ်အပေါ် အာရုံစိုက်ခြင်းထက် တည်ရှိပြီးဖြစ်သောအခြေအနေ ကောင်းတစ်ခုအပေါ် တည်ဆောက်မှုပြုခြင်းသည် ကောင်းမွန်သောအကျိုးရလဒ်ကို ပေးစွမ်းနိုင်သည်။ အဓိပ္ပာယ်မှာ ကောင်းမွန်စွာလည်ပတ်နေသောလုပ်ငန်းတစ်ခု-ဥပမာအားဖြင့် ဆက်သွယ်ရေးကွန်ယက်များ- ဤအားသာချက်များမှ ရရှိနိုင်သည့်အရင်းအမြစ်အပေါ် အခြေခံ၍ စီမံကိန်းရေးဆွဲခြင်းသည် မိမိ၏ရည်မှန်းချက် ပန်းတိုင်သို့ရောက်ရှိရန် ကူညီပေးသည်။

ဤယူဆချက်ကို ကျောင်းသားများနားလည်နိုင်ရန်အတွက် သင်ပုန်းပေါ်တွင်အပိုင်းနှစ်ပိုင်းခွဲကာ ကျောင်းသားများအား အောက်ပါစကားလုံးတို့၏အဓိပ္ပါယ်ကို စဉ်းစားစေပါ။

နှစ်လိုသော-တန်ဖိုးထားတတ်ခြင်းနှင့် တစ်စုံတစ်ခု၏တန်ဖိုးကို အသိအမှတ်ပြုခြင်း။
စုံစမ်းမေးမြန်းမှု- မေးခွန်းထုတ်မှု၊ မေးမြန်းမှုနှင့် စူစမ်းလေ့လာမှု

D လေးလုံးစက်ဝန်း

စီမံကိန်း၏ဆင့်ကဲဖြစ်စဉ်ကို အခြားတစ်နည်းဖြင့်ပြောရမည်ဆိုပါက အကောင်းဘက်မှဆန်းစစ်မေးမြန်းခြင်း "Appreciative Inquiry" အပေါ်အခြေပြု၍ဖြစ်ပေါ်လာသော D လေးလုံးဖြစ်စဉ်ပင်ဖြစ်သည်။

အကောင်းဘက်မှဆန်းစစ်မေးမြန်းခြင်း၏ရည်မှန်းချက်မှာ ကောင်းကျိုးကိုသာကြည့်ပြီး ဆိုးကျိုးများအပေါ် အာရုံစိုက်ခြင်းထက် ရှိပြီးသောအားသာချက်အပေါ်တည်ဆောက်မှုယူခြင်းဖြစ်သည်။




ဆွေးနွေးပါ

အကောင်းဘက်မှဆန်းစစ်မေးမြန်းခြင်း၏အဓိပ္ပါယ်ကိုသင်မည်သို့နားလည်ဖွင့်ဆိုချင်ပါသနည်း။

## လေ့ကျင့်ခန်း(၂)

အောက်ဖော်ပြပါခေါင်းစဉ်လေးခုကို (D) လေးလုံးဖြစ်စဉ်နှင့် မှန်ကန်စွာတွဲဆက်ပါ။

သင်လိုချင်သော အပြောင်းအလဲတစ်ခု ကိုမြင်ယောင်ကြည့်ခြင်း

လက်ရှိအခြေအနေကို လေ့လာသင်ယူခြင်း

အပြောင်းအလဲတစ်ခု ပြုလုပ်ခြင်း

လမ်းကြောင်းတစ်ခု ဖန်တီးခြင်း

ထို့နောက်ပေးထားသော ဥပမာမေးခွန်းများကို ခေါင်းစဉ်တစ်ခုစီနှင့် တွဲဆက်ပါ။

(၁) ဖြစ်စေချင်သောအခြေအနေတစ်ခုမှာအဘယ်နည်း။
ဤအခြေအနေသို့ရောက်ရှိရန် အကောင်းဖက်သို့ဦးတည်သည့် မည်သည့်ပြောင်းလဲမှုကို စဉ်းစား တွေးတောနိုင်သနည်း။

(၂) ရည်မှန်းချက်ဖြစ်မြောက်ရန်အတွက် မည်သည့်အဆင့်များကိုပြုလုပ်ကျော်ဖြတ်ရမည်နည်း။
ကျွန်ုပ်တို့၏အားသာချက်အပေါ်တွင် မည်ကဲ့သို့တည်ဆောက်နိုင်သနည်း။ မည်သည့်အရင်းအမြစ်များ လိုအပ်သနည်း။

(၃) စီမံကိန်းအောင်မြင်ရန်အတွက် မည်သူတို့နှင့် ကျွန်ုပ်တို့ပူးပေါင်း လုပ်ဆောင်နိုင်မည်နည်း။ ရည်မှန်းချက် ပန်းတိုင်ရောက်ရှိခဲ့သည်ကို ကျွန်ုပ်တို့ မည်ကဲ့သို့သိနိုင်မည်နည်း။

(၄) မည်သည့်အရာသည်ဒေသတွင် ကောင်းမွန်စွာ လည်ပတ်နေသနည်း။
လူတစ်ဦးစီတွင်ရှိသော အရည်အချင်းများကို ဖော်ပြပါ။

### ဆွေးနွေးပါ

ဤပုံစံသည် စာမျက်နှာ (၇)တွင်ရှိသော စီမံကိန်း ဆင့်ကဲဖြစ်စဉ်နှင့်မည်သို့ကွာခြားသနည်း။ မည်သည့် တူညီမှုများနှင့်ကွဲပြားမှုများကို သင်တွေ့နိုင်သနည်း။
ဤ (D) လေးလုံးပုံစံနှင့်ပတ်သက်၍ မည်သည့် ကောင်းကျိုး(သို့)ဆိုးကျိုးများကို သင်တွေ့မြင်သနည်း။


လေ့ကျင့်ခန်း(၂)

အကြံပြုချက်။ ။တစ်ဦးချင်းအလိုက်၊ ထို့နောက်အဖြေနှိုင်းယှဉ်ရန် နှစ်ယောက်တစ်တွဲတွဲပါ။

အဖြေများ။

ဆွေးနွေးပါ။

ကျောင်းသားတို့၏အဖြေများ ကွဲပြားမှုရှိလိမ့်မည်။



# အခန်း(၁) ဦးတည်ချက်

မိခင်နှင့်ကလေးကျန်းမာရေးအကြောင်းလေ့လာမှု

ဤလေ့လာမှုသည် အိန္ဒိယနိုင်ငံတွင်ဆောင်ရွက်အောင်မြင်ခဲ့သော စီမံကိန်းတစ်ခုဖြစ်ပြီး အခန်း(၂) တွင် အသေးစိတ်သင်ယူရမည့် လူမှုဝန်းကျင်ဖွံ့ဖြိုးတိုးတက်မှုနှင့်ဆိုင်သော အတွေးအခေါ်များကို မိတ်ဆက်ပေးခြင်းဖြစ်သည်။

ပိုမိုသိရှိလိုပါက ၄င်းတို့၏အချက်အလက်များနှင့် ဗီဒီယိုရုပ်သံများကို www.ekjutindia.org တွင်တွေ့ရှိနိုင်ပါသည်။

အကြံပြုချက်။ ။ တစ်ဦးချင်းအလိုက်၊ ထို့နောက်အဖြေနှိုင်းယှဉ်ရန် နှစ်ယောက်တစ်တွဲတွဲပါ။

အဖြေများ။

၁။မိခင်နှင့်ကလေးကျန်းမာရေးချို့တဲ့ခြင်း/မွေးကင်းစကလေးသေဆုံးမှုနှုန်းမြင့်မားခြင်း

၂။ မိခင်သစ်များအဖွဲ့ကိုဖွဲ့စည်းကာ ၄င်းတို့အားကူညီးဆောင်ရွက်မှုများပေးသည့် ဒေသခံအမျိုးသမီးတစ်ဦးနှင့် တစ်လတစ်ကြိမ်တွေ့ဆုံခြင်း - ဒေသခံအဖွဲ့များမှ ကလေးများ အဘယ်ကြောင့်သေဆုံးရသည်ကို ဆွေးနွေးခြင်း - ဆွေးနွေးပွဲများမှတဆင့် အမျိုးသမီးများသည် ကျန်းမာရေးချို့တဲ့မှုနှင့်သေဆုံးမှုကိုဖြစ်စေသည့် အကြောင်းရင်းများကို သင်ယူနားလည်ကာ ၄င်းကိစ္စနှင့်ပတ်သက်၍ အကြံဉာဏ်ပြုလာနိုင်ကြသည်။

၃။ အဖွဲ့များမှာ တက်ကြွစွာပူးပေါင်းပါဝင်လုပ်ဆောင်ကြသည်။ တစ်နည်းအားဖြင့်ဆိုသော် အမျိုးသမီးများသည် မိမိတို့၏အကြံဉာဏ်များကို တစ်ဦးနှင့်တစ်ဦးဝေငှလာနိုင်ကြသည်။

ဤအမျိုးသမီးအဖွဲ့များကို ၄င်းတို့၏ဘာသာစကားနှင့် ယဉ်ကျေးမှုဓလေ့ကိုသိသော ဒေသခံအမျိုးသမီးမှ ကူညီဦးဆောင်မှုများပြုလုပ်ပေးသည်။ အဘယ်ကြောင့်ဆိုသော် မိမိတို့၏အကြံဉာဏ်များထုတ်ဖော်ရာတွင် အခြားဒေသမှလာသောသူတစ်ဦးနှင့်ပြောဆိုခြင်းထက်မိမိတို့အကြောင်းကို သေချာသိနားလည်သော ဒေသခံတစ်ဦးနှင့် စကားပြောဆိုရသည်မှာ ပိုမို၍သက်တောင့်သက်သာရှိသောကြောင့်ဖြစ်သည်

# အခန်း(၁) ဦးတည်ချက်



မိခင်နှင့်ကလေးကျန်းမာရေးအကြောင်းလေ့လာသင်ယူခြင်း

နှစ်စဉ်နှစ်တိုင်း ကမ္ဘာတဝန်းတွင် မွေးကင်းစကလေးငှသန်းနီးပါး သည် မွေးပြီးပထမလတွင်ပင် သေဆုံးလျက်ရှိကြသည်။

အောက်ပါရေးသားချက်များကိုဖတ်ပြီး Ekjut စီမံကိန်းနှင့်စပ်လျဉ်း၍ မေးခွန်းများကိုဖြေဆိုပါ။

မိခင်နှင့်ကလေး လေ့လာမှုတစ်ခုမှ အိန္ဒိယနိုင်ငံကျေးလက်ဒေသရှိ အမျိုးသမီးများ၏ အကူအညီဖြင့် ကောင်းမွန်စွာမွေးဖွားနိုင်ခြင်းနှင့် မွေးကင်းစကလေးငယ်များအား ပြုစုစောင့်ရှောက်ခြင်းနည်းလမ်းများကို အမျိုးသမီးထုထံသို့ပညာပေးဖြန့်ဝေစေသည်။ ၎င်းလေ့လာမှုမှ Jharkand နှင့် Orissa တို့တွင်မကြာမီကပင် ကလေးမွေးဖွားပြီးခဲ့သော အမျိုးသမီးအဖွဲ့များကိုဖွဲ့စည်းခဲ့သည်။ အဖွဲ့တစ်ဖွဲ့စီတိုင်းသည် ၎င်းတို့အားကူညီဆောင်ရွက်မှုများပေးသည့် ဒေသခံအမျိုးသမီးတစ်ဦးနှင့်တစ်ဦး တစ်လတစ်ကြိမ်တွေ့ဆုံသည်။ ထိုအမျိုးသမီးများမှ ဦးဆောင်လျက် မွေးကင်းစကလေးများ အဘယ်ကြောင့်သေဆုံးရသည်ကို ဆွေးနွေးကြသည်။ များသောအားဖြင့် နတ်ဆိုးများကြောင့်ဖြစ်သည်ဟုပြောဆိုကြသည်။

ဆွေးနွေးပွဲများမှတစ်ဆင့် မွေးကင်းစကလေးများသေဆုံးရခြင်းမှာ သန့်ရှင်းမှုမရှိခြင်း၊ အာဟာရဓာတ်ချို့တဲ့ခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုအားနည်းခြင်းတို့ကြောင့်ဖြစ်သည်ကိုသိရှိလာကြသည်။ ၎င်းအမျိုးသမီးများကိုယ်တိုင် မိခင်နှင့်ကလေးများအနာဂတ်လုပစေရန် ဆောင်ရွက်သင့်သည့်အကြံဉာဏ်များရရှိလာသည်။ ၎င်းအကြံဉာဏ်များတွင် မွေးဖွားသည့်အိမ်နေရာနှင့် ပစ္စည်းများသန့်ရှင်းစွာထားရှိခြင်း၊ မွေးကင်းစကလေးကိုနွေးထွေးစွာထားခြင်းနှင့် လိုအပ်ပါကဆေးခန်းသို့သယ်ယူပို့ဆောင်နိုင်ရန် အရေးပေါ်ရန်ပုံငွေထားရှိခြင်းတို့ပါဝင်သည်။

အထက်ပါလုပ်ဆောင်မှုများ၏ရလဒ်အနေဖြင့် ဒုတိယမြောက်နှစ်တွင် မွေးကင်းစကလေးသေဆုံးမှုမှာ အမျိုးသမီးအဖွဲ့များမရှိသောနေရာဒေသများနှင့် နှိုင်းယှဉ်ပါက ၄၅ ရာခိုင်နှုန်းအထိ ကျဆင်းသွားသည်ကိုတွေ့ရှိရသည်။ ထို့အပြင် ၎င်းအဖွဲ့များထဲတွင် ကလေးမွေးဖွားပြီးစိတ်ကျရောဂါခံစားနေရသော အမျိုးသမီးဦးရေထက်ဝက်နီးပါးပါဝင်သည်။

(၁) စီမံကိန်းမှတင်ပြထားသော ပြဿနာများကို ဖော်ပြပါ။

(၂) ၄င်းပြဿနာများဖော်ထုတ်တင်ပြနိုင်ရန် မည်သည့်လုပ်ဆောင်ချက်များကို စီစဉ်ပြုလုပ်ခဲ့သနည်း။

(၃) ၄င်းအဖွဲ့အောင်မြင်ရခြင်း၏အကြောင်းရင်းကိုဖော်ပြပါ။



၎င်းအမျိုးသမီးမှ ဆွေးနွေးမှုကိုပံ့ပိုးပေးခြင်းနှင့်အကြံပြုတိုက်တွန်းခြင်းသာပြုလုပ်ပြီး အမျိုးသမီးများ လုပ်ဆောင်ရမည့်အရာများကို သင်ကြားခြင်းမပတ်ပါ။

ဤအဖွဲ့များသည် မိခင်သစ်များအတွက်သာဖြစ်ရခြင်းမှာ မိမိတို့၏ ဆင်တူသောအတွေ့အကြုံများကို တစ်ဦးနှင့်တစ်ဦးပြောဆိုသည့်အခါ လွတ်လပ်စွာပြောဆိုနိုင်မည်ဖြစ်သည်။

တစ်ဦးတစ်ယောက်ကမည်သို့လုပ်ဆောင်ရမည်ကိုပြောဆိုလမ်းညွှန်ခြင်းထက် အမျိုးသမီးများကိုယ်တိုင် အတူတကွအဖြေရရှိလာကြသည်။ ထို့ကြောင့် မိမိတို့၏ကိုယ်ပိုင်အကြံဉာဏ်များနှင့် စွမ်းဆောင်ရည် များကိုအသိမှတ်ပြုလက်ခံလာကြသည်။ ဤအတွေးအခေါ် အကြံဉာဏ်များကို လာမည့်သင်ခန်းစာတွင် အသေးစိတ်လေ့လာမည်ဖြစ်သည်။

# အခန်း (၂)

## လူမှုဝန်းကျင်၊လူ့အဖွဲ့အစည်းများနှင့် ၎င်းတို့၏ဖွံ့ဖြိုးတိုးတက်မှု နိဒါန်းပျိုးခြင်း

၂.၁ လူမှုဝန်းကျင်/လူ့အဖွဲ့အစည်း ဆိုသည်မှာအဘယ်နည်း။

၂.၂ လူမှုဝန်းကျင်/လူ့အဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်မှုဆောင်ရွက်ရန်ချဉ်းကပ်ခြင်း

- ၂.၂.၁ ပူးပေါင်းပါဝင်မှု
- ၂.၂.၂ စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်း
- ၂.၂.၃ ရေရှည်တည်တံ့အောင် ဆက်လက်ထိန်းသိမ်းနိုင်စွမ်းရှိခြင်း
- ၂.၂.၄ အကျိုးသက်ရောက်မှု

ဤသင်ခန်းစာပြီးဆုံးသွားလျှင် ကျောင်းသားများမှ-

- လူမှုဝန်းကျင်/လူ့အဖွဲ့အစည်း ၏အဓိပ္ပာယ်ကိုဖွင့်ဆိုနိုင်ပြီး အမျိုးမျိုးကွဲပြားသော လူမှုဝန်းကျင်/ လူမှုအဖွဲ့အစည်းများကို ဥပမာပေးဖော်ပြနိုင်မည်ဖြစ်သည်။
- လူမှုဝန်းကျင်ဖွံ့ဖြိုးတိုးတက်မှုဆောင်ရွက်ရန် ချဉ်းကပ်ခြင်း၏အခြေခံ လက္ခဏာရပ်များကို သိရှိမည်ဖြစ်သည်။
- မည်ကဲ့သို့ပါဝင်လုပ်ဆောင်မည်၊ မည်ကဲ့သို့စွမ်းဆောင်ရည်မြှင့်တင်ပေးမည် ကိုဖော်ပြနိုင်မည်ဖြစ်ပြီး လူမှုဝန်းကျင်ဖွံ့ဖြိုးတိုးတက်မှု၊ စီမံကိန်းစီမံခန့်ခွဲမှုနှင့် ဆက်စပ်နေသည့်ပူးပေါင်းပါဝင်မှုကိုလည်းဖော်ပြ နိုင်မည်ဖြစ်သည်။
- လူမှုဝန်းကျင်ဖွံ့ဖြိုးတိုးတက်မှု လုပ်ဆောင်ချက်များအပေါ် ကျရောက်မည့်သက်ရောက်မှုအတွက် ချိန်ဆရန်လိုအပ်ခြင်းကို ရှင်းလင်းပြနိုင်မည်ဖြစ်သည်။

# အခန်း(၂)

## လူမှုဝန်းကျင်၊လူ့အဖွဲ့အစည်းများနှင့် ၎င်းတို့၏ဖွံ့ဖြိုးတိုးတက်မှု နိဒါန်းပျိုးခြင်း


၂.၁ လူမှုဝန်းကျင်/လူ့အဖွဲ့အစည်း ဆိုသည်မှာအဘယ်နည်း။

၂.၂ လူမှုဝန်းကျင်/လူ့အဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်မှုဆောင်ရွက်ရန်ချဉ်းကပ်ခြင်း

၂.၂.၁ ပူးပေါင်းပါဝင်မှု

၂.၂.၂ စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်း

၂.၂.၃ ရေရှည်တည်တံ့အောင် ဆက်လက်ထိန်းသိမ်းနိုင်စွမ်းရှိခြင်း

၂.၂.၄ အကျိုးသက်ရောက်မှု




ဤသင်ခန်းစာပြီးဆုံးသွားလျှင် ကျောင်းသားများမှ-

- လူမှုဝန်းကျင်/လူ့အဖွဲ့အစည်း ၏အဓိပ္ပာယ်ကိုဖွင့်ဆိုနိုင်ပြီး အမျိုးမျိုးကွဲပြားသော လူမှုဝန်းကျင်/ လူမှုအဖွဲ့အစည်းများကို ဥပမာပေးဖော်ပြနိုင်မည်ဖြစ်သည်။
- လူမှုဝန်းကျင်ဖွံ့ဖြိုးတိုးတက်မှုဆောင်ရွက်ရန် ချဉ်းကပ်ခြင်း၏အခြေခံ လက္ခဏာရပ်များကို သိရှိမည်ဖြစ်သည်။
- မည်ကဲ့သို့ပါဝင်လုပ်ဆောင်မည်၊ မည်ကဲ့သို့စွမ်းဆောင်ရည်မြှင့်တင်ပေးမည် ကိုဖော်ပြနိုင်မည်ဖြစ်ပြီး လူမှုဝန်းကျင်ဖွံ့ဖြိုးတိုးတက်မှု၊ စီမံကိန်းစီမံခန့်ခွဲမှုနှင့် ဆက်စပ်နေသည့်ပူးပေါင်းပါဝင်မှုကိုလည်းဖော်ပြနိုင်မည်ဖြစ်သည်။
- လူမှုဝန်းကျင်ဖွံ့ဖြိုးတိုးတက်မှု လုပ်ဆောင်ချက်များအပေါ် ကျရောက်မည့်သက်ရောက်မှုအတွက် ချိန်ဆရန်လိုအပ်ခြင်းကို ရှင်းလင်းပြနိုင်မည်ဖြစ်သည်။

နိဒါန်းပျိုးခြင်း

ပြီးခဲ့သောသင်ခန်းစာတွင် စီမံကိန်းများနှင့်၎င်းတို့အားစီမံခန့်ခွဲမှုများကို လေ့လာခဲ့ပြီးပြီဖြစ်သည်။ ဤသင်ခန်းစာတွင် လူမှုအဖွဲ့အစည်းအတွက်အကျိုးရှိမည့်စီမံကိန်းကိုခန့်ခွဲရန် မည်ကဲ့သို့ကြိုတင်ပြင်ဆင်ရမည်ကို အဓိကထားလေ့လာမည်ဖြစ်သည်။ E-mail အကောင့်ဖွင့်တတ်ရန် သင်ကြားပေးသည့်သင်တန်းမှစ၍ လမ်း၊ တံတား၊ ကျောင်း ဆောက်လုပ်ပြုပြင်ခြင်းလုပ်ငန်းများအထိလုပ်ဆောင်မှုအမျိုးမျိုးကွဲပြားနိုင်သည်။ မိမိစီမံကိန်း၏ ရည်မှန်းချက်မည်သို့ပင်ရှိစေကာမူ စီမံကိန်းတည်ရှိရာနယ်မြေဒေသ၏ အခြေအနေကိုနားလည်ပြီး ဒေသခံများနှင့်အတူ ပူးပေါင်းဆောင်ရွက်ရန်လိုအပ်သည်။ ဤသင်ခန်းစာမှတစ်ဆင့် လူမှုအဖွဲ့အစည်းအကြောင်း နားလည်ပြီး လူ့အဖွဲ့အစည်းအတွက် လုပ်ဆောင်ရန်အရေးကြီးမှုနှင့် လုပ်ဆောင်ရမည့်နည်းလမ်းများကိုသိရှိ လာမည်ဖြစ်သည်။

## ၂.၁ လူမှုဝန်းကျင်၊လူ့အဖွဲ့အစည်းဆိုသည်မှာ အဘယ်နည်း။

လူမှုဝန်းကျင်/လူ့အဖွဲ့အစည်း၏ အကျယ်ပြန့်ဆုံးသောအဓိပ္ပာယ်မှာ- အချို့သောအရာများကို အတူတကွမျှဝေ စုပေါင်းပိုင်ဆိုင်သည့် လူတစ်စုကိုဆိုလိုသည်။ သို့သော် လူမှုအဖွဲ့အစည်းသည် မတူညီသောအကြောင်းအရာများ အပေါ်မူတည်၍ အဓိပ္ပာယ်အမျိုးမျိုးကွဲနိုင်သည်။ ဤနေရာတွင် သင်သည်လူ့အဖွဲ့အစည်း၏ အသုံးအများဆုံးအဓိပ္ပာယ်သုံးခုကို လေ့လာရမည်ဖြစ်သည်။

> ဆွေးနွေးပါ။
> သင့်အတွက်” လူမှုဝန်းကျင်/လူ့အဖွဲ့အစည်း” ဆိုသည်မှာ အဘယ်နည်း။

ဒေသခံလူမှုဝန်းကျင်အဖွဲ့အစည်း

ဒေသခံအဖွဲ့ဝင်များကို ဖော်ပြလိုသည့်အခါ ဤအသုံးအနှုန်းကိုအသုံးပြုနိုင်ပါသည်။ ၎င်းတို့၏မျှဝေပိုင်ဆိုင်မှု သည်တူညီသောနေရာဒေသတစ်ခုအတွင်း၌ပင်ဖြစ်သည်။ ထို့ကြောင့်နေရာဒေသတစ်ခုထဲတွင် နေထိုင်သူ၊ အလုပ်လုပ်ကိုင်သူနှင့် စာသင်ယူသူများအားလုံးကိုရည်ညွှန်းသည်။ ဥပမာအားဖြင့် ကျောင်းတစ်ကျောင်း၌ပါဝင် လှုပ်ရှားသူအားလုံးသည် လူမှုဝန်းကျင်အဖွဲ့အစည်းတစ်ခုဖြစ်သည်။ ဆရာ/မ များ၊ ကျောင်းသူ/သား များနှင့် ကျောင်းဝန်ထမ်းများသည် ကျောင်းဆောင်နေရာတစ်ခုလုံးကို အတူတကွမျှဝေအသုံးပြုကြသည်။ ၎င်းတို့သည် ကျောင်း၏တည်နေရာကိုမျှဝေအသုံးပြုကာ အချိန်တော်တော်များများ တစ်နေရာတည်းတွင်ရှိပြီး ပညာရေးနှင့် ကျောင်းလုပ်ငန်းတွင် တူညီသောစိတ်ပါဝင်စားမှုရှိကြသည်။ ရွာတစ်ရွာတွင်ရှိသော ရွာသားများသည်လည်း လူမှု ဝန်းကျင်အဖွဲ့အစည်းတစ်ခုဖြစ်ပြီး သင်နေထိုင်ရာလမ်းနှင့် အိမ်နီးပတ်ဝန်းကျင်မှာလည်းအလားတူပင်ဖြစ်သည်။ မတူညီသောလူမှုဝန်းကျင်အဖွဲ့အစည်းများကို တစ်နည်းအားဖြင့် မတူညီသောနေရာဒေသတွင် နေထိုင်သူများဟု ရိုးရှင်းစွာပြောဆိုနိုင်ပါသည်။

နိဒါန်းပျိုးခြင်း

## ၂.၁ လူမှုဝန်းကျင်၊လူ့အဖွဲ့အစည်းဆိုသည်မှာ အဘယ်နည်း။

ဆွေးနွေးပါ။

သင်တန်းသားများ၏အဖြေများကွဲပြားလိမ့်မည်။

နေရာဒေသနှင့်ဆိုင်သောလူမှုဝန်းကျင်

## လေ့ကျင့်ခန်း(၁)


အကြံပြုချက်။ ။တစ်ဦးချင်းအလိုက်၊ ထို့နောက်အဖြေများနှိုင်းယှဉ်ရန် အဖွဲ့ငယ်များဖွဲ့ပါ။


လူမှုဝန်းကျင်နှင့်ရင်းနှီးကျွမ်းဝင်လိုပါက တစ်ခုနှင့်တစ်ခုချိတ်ဆက်နေမှုကို ရှာဖွေဖော်ထုတ်ခြင်းသည် အသုံးဝင်သည့်နည်းလမ်းတစ်ခုဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ၄င်းသည်လူမှုဝန်းကျင်တစ်ခုနှင့်တစ်ခု မည်ကဲ့သို့ဆက်နွယ်ထားပုံ၊ ရပိုင်ခွင့်ပြဿနာများ၊ မည်သည့်နေရာ/အရင်းအမြစ်များကို မျှဝေအသုံးပြုထားခြင်းနှင့် မည်သည့်နေရာဒေသ(သို့) လူတစ်စုမှ သီးခြားစွာနေထိုင်ခြင်းတို့ကို အဓိကထားဖော်ပြရန်ကူညီပေးသည်။

ဤလေ့ကျင့်ခန်းတွင် သင်တန်းသားများမှ မိမိတို့နှင့်ရင်းနှီးသော လူမှုဝန်းကျင်ဖြစ်သောကျောင်း၊ အလုပ်ခွင်(သို့) အိမ်နီးနားပတ်ဝန်းကျင် အစရှိသည်တို့ကို ရွေးချယ်ကာပုံဆွဲစေပြီး တစ်ခုနှင့်တစ်ခု ချိတ်ဆက်နေသည့် အယူအဆကို မိတ်ဆက်ပေးပါ။ သင်တန်းသားများပုံဆွဲပြီးသည့်အခါတွင် မိမိတို့၏မြေပုံများကို တစ်ဦးနှင့်တစ်ဦး ရှင်းပြစေပြီး ၄င်းနေရာများနှင့် မိမိတို့မည်သို့ဆက်နွယ်ပုံ၊ အချို့နေရာကိုမည်သူတို့ကမျှဝေပိုင်ဆိုင်ပုံ၊ ထင်ရှားသောနေရာများနှင့် အပယ်ခံထားရသောနေရာများ အစရှိသည်တို့ကိုပြောပြရန်တိုက်တွန်းပါ။

လေ့ကျင့်ခန်း(၁)

တစ်ဦးတည်းသာလုပ်ဆောင်ရန်၊ သင်နေထိုင်သောလူမှု ဝန်းကျင်အဖွဲ့အစည်း၏ တစ်စိတ်တစ်ဒေသကို ရွေးချယ်ပါ။ ဥပမာအားဖြင့် မိမိ၏ကျောင်း၊ အလုပ်ခွင်၊ ရပ်ကွက် အစရှိသဖြင့် ၎င်းတို့ကိုမြေပုံဆွဲကာ နေရာလွတ်များ၊ အဆောက်အဦးများ၊ လမ်းများ၊ စကြ်ံများနှင့် လယ်ကွင်းများ အစရှိသည်ကို သင့်တော်သလိုထည့်သွင်းရေးဆွဲပါ။ အဖွဲ့ငယ်များထဲတွင် မိမိတို့၏မြေပုံများကိုနှိုင်းယှဉ်ကာ ကွဲပြားသောအရာများကိုဆွေးနွေးပြီး ၎င်းလူမှုဝန်းကျင် အဖွဲ့အစည်းနှင့် သင်၏ပတ်သက်ဆက်နွယ်မှုကိုပြောပြပါ။






## စိတ်ပါဝင်စားမှုနှင့်ဆိုင်သောလူမှုဝန်းကျင်

နေရာဒေသတစ်ခုတွင်နေထိုင်ခြင်းသည် လူသားများမှမျှဝေနိုင်သော တစ်ခုတည်းသောအရာမဟုတ်ပါ။ နေရာဒေသတစ်ခုထဲတွင်နေထိုင်သော်လည်း တစ်ဦးနှင့်တစ်ဦး ဆက်နွယ်မှုရှိသည်မဟုတ်၊ မိမိတို့၏ စိတ်ဝင်စားမှုနှင့်ဆိုင်သော ဝါသနာ၊ ယုံကြည်မှု (သို့) အလုပ်အကိုင်အားဖြင့် ဆက်နွယ်မှုရှိခြင်းကို စိတ်ပါဝင်စားမှုနှင့်ဆိုင်သော လူမှုဝန်းကျင်ဟုခေါ်ဆိုနိုင်သည်။
တနည်းအားဖြင့်ဆိုသော်၊ ကျွန်ုပ်တို့ရည်ညွှန်းပြောဆိုနိုင်သောသူများမှာ-

- လယ်သမားများနှင့် ဆရာ/မ များ၏လူမှုဝန်းကျင် (၎င်းတို့သည် လယ်ယာလုပ်ငန်းနှင့် စာသင်ကြားမှုတို့တွင် စိတ်ပါဝင်စားမှုရှိကြသည်။)
- ကလေးငယ်များရှိသော မိခင်တစ်စု
- သင်၏အိမ်ပတ်ဝန်းကျင်တွင် ဘောလုံးကစားခြင်းကို ကြိုက်နှစ်သက်သော လူတစ်စု
- မြို့နယ်တစ်ခုတွင်ရှိသော ဈေးဆိုင်ပိုင်ရှင်များ

### လေ့ကျင့်ခန်း(၂)

သင်၏ကျောင်းနှင့်ပတ်ဝန်းကျင်တွင်ရှိသော မိမိတို့၏စိတ်ပါဝင်စားမှုနှင့်ဆိုင်သည့် အမျိုးမျိုးသော လူမှုဝန်းကျင်ကိုစာရင်းပြုလုပ်ပါ။ ဤလူမှုဝန်းကျင်များသည် ဒေသခံလူမှုဝန်းကျင်နှင့် မည်ကဲ့သို့ ကွဲပြားခြားနားသနည်း။
လေ့ကျင့်ခန်း(၁)တွင်သင်ရေးဆွဲခဲ့သောမြေပုံကိုကြည့်ကာ စိတ်ပါဝင်စားမှုနှင့်ဆိုင်သောလူမှုဝန်းကျင်ကို ရှာဖွေဖော်ထုတ်ကြည့်ပါ။

## စိတ်ကူးယဉ်အားဖြင့်ပုံဖော်သတ်မှတ်နိုင်သောလူမှုဝန်းကျင်

တခါတစ်ရံလူမှုဝန်းကျင်တစ်ခု၏အဖွဲ့ဝင်များသည် အတူတကွနေထိုင်ကြပြီး တစ်ခါတစ်ရံတွင်မူ ကွဲပြားပျံ့နှံ့ နေထိုင်နိုင်သည်။ နိုင်ငံသားများ၊ လူမျိုးများနှင့် ဘာသာရေးလူမှုဝန်းကျင်အဖွဲ့အစည်းများ အကြောင်း စဉ်းစားကြည့်ပါ။ ၎င်းအဖွဲ့ဝင်များသည် ကမ္ဘာတစ်ဝန်းလုံးတွင်ပျံ့နှံ့နေထိုင်ကြသည်။ သို့သော်၎င်းတို့၏ တူညီသော ခံယူချက်တစ်ခုကြောင့် တစ်ဦးနှင့်တစ်ဦးဆက်နွယ်နေသကဲ့သို့ခံစားရသည်။ ဤကဲ့သို့သော လူမှုဝန်းကျင်ကို စိတ်ကူးယဉ်အားဖြင့်ပုံဖော်သတ်မှတ်နိုင်သော လူမှုဝန်းကျင်ဟုခေါ်ဆိုသည်။ ဥပမာအားဖြင့် ယင်းလူမှုဝန်းကျင်အဖွဲ့အစည်းတွင်ပါဝင်သူများမှာ တစ်ဦးနှင့်တစ်ဦးမမြင်တွေ့ရပေ။ သို့သော် မိမိတို့ မမြင်တွေ့ရသော သူတို့၏အကြောင်းကိုသင်ယူနိုင်သည်၊ စိတ်ကူးယဉ်နိုင်သည်၊ တစ်ဦးနှင့်တစ်ဦးဆက်နွယ်မှုကို ပုံဖော်နိုင်သည်။ တစ်ချိန်တည်းမှာပင်၎င်းတို့ကိုယ်တိုင်လည်း ကွဲပြားသောလူမှုဂန်းကျင်အဖွဲ့အစည်းများတွင် ပါဂင်နိုင်မည်ဖြစ်သည်။

စိတ်ပါဝင်စားမှုနှင့်ဆိုင်သောလူမှုဝန်းကျင်

လေ့ကျင့်ခန်း(၂)

အကြံပြုချက်။ ။တစ်ဦးချင်းအလိုက်၊ ထို့နောက်အဖြေများနှိုင်းယှဉ်ရန် အဖွဲ့ငယ်များဖွဲ့ပါ။

သင်တန်းသားများ၏အဖြေများကွဲပြားလိမ့်မည်။

စိတ်ကူးယဉ်အားဖြင့်ပုံဖော်သတ်မှတ်နိုင်သောလူမှုဝန်းကျင်

လေ့ကျင့်ခန်း(၃)

သင်တန်းသားများ၏အဖြေမှာနည်းငယ်ကွဲပြားမှုရှိလိမ့်မည်-သင်တန်းသားများအား မိမိတို့၏ရွေးချယ်မှုအပေါ် ရှင်းလင်းစေပါ။

ဖြစ်နိုင်ခြေရှိသောအဖြေများမှာ-

၁။ ဒေသခံအမျိုးသမီး အဖွဲ့အစည်းတစ်ခု- စိတ်ဝင်စားမှုနှင့်ဆိုင်သောလူမှုဝန်းကျင်တို့တွင် နေရာဒေသတစ်ခုထက်အမျိုးသမီးများအားထောက်ပံ့ပေးရန် တူညီသည့်စိတ်ပါဝင်စားမှုရှိခြင်းဖြစ်သည်။

၂။ ကျောင်းတစ်ကျောင်းရှိ ကျောင်းသူကျောင်းသားများ- ဒေသခံလူမှုဝန်းကျင်ဖြစ်သည့်အလျောက် ကျောင်း၏တည်နေရာကိုမျှဝေသုံးပြုခြင်း

၃။ အစိုးရအဖွဲ့မဟုတ်သောလူမှုကူညီရေးအဖွဲ့အစည်းရှိ ကျန်းမာရေးလုပ်သားများ- ဒေသခံများမှ လုပ်ငန်းခွင်/စိတ်ပါဝင်စားမှု နှင့်ဆိုင်သော လူမှုဝန်းကျင်တို့ကိုမျှဝေအသုံးပြုခြင်းဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ၄င်းတို့သည် ကျန်းမာရေးစောင့်ရှောက်မှုကိုစိတ်ပါဝင်စားပြီး ၄င်းနှင့်ပတ်သက်သည့်လှုပ်ရှားမှုများတွင် ပါဝင်သူများဖြစ်၍ စိတ်ကူးယဉ်အားဖြင့်ပုံဖော်သတ်မှတ်နိုင်သော လူမှုဝန်းကျင်ဖြစ်သည့် ကမ္ဘာတဝန်းရှိ အစိုးရအဖွဲ့မဟုတ်သောလူမှုကူညီရေးအဖွဲ့အစည်းများနှင့် ကျန်းမာရေးစောင့်ရှောက်မှုများတွင် အလုပ်လုပ်ကိုင်ကြသောသူများနှင့် ဆက်နွယ်နေသည်ကိုခံစားမိနိုင်သည်။

၄။ ကြက်တောင်ရိုက်အသင်းတစ်သင်း-ကြက်တောင်ရိုက်ခြင်းတွင်စိတ်ပါဝင်စားသောလူတစ်စု

လူမှုဝန်းကျင်အဖွဲ့အစည်းများနှင့်သက်ဆိုင်ခြင်း

ဆွေးနွေးပါ။

သင်တန်းသားများ၏အဖြေကွဲပြားလိမ့်မည်။ သင်ပါဝင်ပတ်သက်သောလူမှုဝန်းကျင်များကို ဖော်ပြနိုင်သည်။ ဥပမာ-သင်၏နေရပ်ဒေသ၊ သင်စာသင်ကြားသောကျောင်း၊ စာသင်ကြားခြင်းနှင့်သက်ဆိုင်သည့် ပိုမိုကျယ်ပြန့်သောလူမှုဝန်းကျင်(စိတ်ဝင်စားမှုနှင့်စိတ်ကူးပုံဖော်မှု)၊ သင်ပါဝင်သောမည်သည့်အသင်းအဖွဲ့မဆို (စိတ်ပါဝင်စားမှု)

## လေ့ကျင့်ခန်း(၃)

အောက်ပါပေးထားသောအချက်များသည် မည်သည့်လူမှုဝန်းကျင်အဖွဲ့အစည်း အမျိုးအစားဖြစ်သည်ကို ဆုံးဖြတ်ပါ။ အချို့အဖွဲ့များသည် လူမှုဝန်းကျင်တစ်ခုထက်ပို၍ သက်ဆိုင်နိုင်သည်ဟုသင်ထင်ကောင်း ထင်နိုင်မည်။ သင်၏အဖြေများကိုရှင်းပြပါ။

၁။ ဒေသခံအမျိုးသမီးအဖွဲ့အစည်း

၂။ ကျောင်းတစ်ကျောင်းရှိကျောင်းသားများ

၃။ အစိုးရအဖွဲ့မဟုတ်သောလူမှုကူညီရေး
အဖွဲ့အစည်း၏ ကျန်းမာရေးလုပ်သားများ

၄။ ကြက်တောင်ရိုက်အသင်း






စိတ်ကူးယဉ်ဖြင့်ပုံဖော်သတ်မှတ်နိုင်သောလူမှုဝန်းကျင်အဖွဲ့အစည်းများကို နားလည်သဘောပေါက်ခြင်းသည် ဒေသခံအဖွဲ့များအား ပိုမို၍ကြီးမားသော၊ ကမ္ဘာလုံးဆိုင်ရာလှုပ်ရှားမှုများနှင့် ဆက်နွယ်မှုရှိကြောင်းနားလည်စေပြီး ၎င်းမှအထောက်အပံ့များလည်းရရှိနိုင်သည်။ ဥပမာအားဖြင့် ဒေသခံအမျိုးသမီးအဖွဲ့တစ်ဖွဲ့သည် နိုင်ငံတကာအမျိုးသမီးများနေ့အခမ်းအနားတစ်ခုကိုကျင်းပမည်။ ဤသို့ပြုလုပ်ခြင်းအားဖြင့် ၎င်းတို့သည် ကမ္ဘာတဝန်းလုံးရှိ မမြင်ရသောအမျိုးသမီးလူမှုဝန်းကျင်အဖွဲ့အစည်းများနှင့် ဆက်နွယ်ပေးပြီး အခြားအမျိုးသမီးအဖွဲ့များ၏ အတွေ့အကြုံများကိုလည်း လေ့လာနိုင်သည်။ ဤအရာသည် ဒေသခံအဖွဲ့များအား မိမိတို့၏အောင်မြင်မှုကို ကြီးမားသောလူထုထံသို့ တိုင်းသိပြည်သိကြေငြာနိုင်ရန်အတွက် အခွင့်အရေးတစ်ရပ်ပင်ဖြစ်သည်။

## လူမှုဝန်းကျင်အဖွဲ့အစည်းများနှင့်သက်ဆိုင်ခြင်း

လူမှုဝန်းကျင်အဖွဲ့အစည်းများသည် အစပိုင်းတွင်တူညီမှုရှိသောသူများပါဝင်ပြီး ထိုသူတို့သည်လူမှုဝန်းကျင်၏ အပြင်ဘက်တွင်ရှိသောသူများနှင့် ကွဲပြားသည်ဟုထင်မြင်ရသည်။ ဥပမာအားဖြင့် ကျောင်းတစ်ကျောင်းရှိ ဆရာအားလုံးကို သေးငယ်သောလူမှုဝန်းကျင်အဖွဲ့အစည်းတစ်ခုဟု သတ်မှတ်နိုင်သည်။ သို့သော်လည်း လူမှုဝန်းကျင်အဖွဲ့အစည်းတစ်ခုတည်း၌ပင်ကွဲပြားမှုများရှိနိုင်သည်။ ဥပမာအားဖြင့် ဆရာများနှင့်ဆရာမများ ရှိသည်ဆိုကြပါစို့။ ထို့နောက် သူတို့သည် လူမျိုး၊ ဝါသနာ၊ ယုံကြည်မှုအလိုက် မတူညီနိုင်ပါ။ လူတစ်ယောက်သည် ၎င်းမတူညီသောလူမှုဝန်းကျင်သုံးမျိုးနှင့်ဆက်နွယ်လျက်ရှိပြီး သူ၏ဘဝသက်တမ်းတစ်လျှောက် အလုပ်ပြောင်းသည့်အချိန်၊ ကျောင်းပြီးသည့်အချိန်နှင့် အခြားတစ်နေရာသို့ပြောင်းရွှေ့နေထိုင်သည့်အခါမျိုးတွင် ပြောင်းလဲနိုင်သည်။

ဆွေးနွေးပါ။
သင်သည်မည်သည့် လူမှုဝန်းကျင်အဖွဲ့အစည်းများ၏ အဖွဲ့ဝင်ဖြစ်သနည်း။ ၎င်းတို့သည် နေရာဒေသ၊ စိတ်ကူးယဉ် (သို့) စိတ်ပါဝင်စားမှုနှင့်ဆိုင်သော လူမှုဝန်းကျင်များ ဖြစ်ပါသလား။

## လူမှုဝန်းကျင်စီမံကိန်းများ

အရေးကြီးမှတ်သားထားရမည့်အရာတစ်ခုမှာ လူမှုဝန်းကျင်များသည် မရိုးရှင်းလှပါ။ လူတို့၏သတ်မှတ်ချက်အပေါ် မူတည်၍ စီမံကိန်းလိုအပ်ချက်နှင့် စီမံခန့်ခွဲမှု ကွဲပြားမှုရှိသည်။

### လေ့ကျင့်ခန်း(၄)

အောက်ပါလူမှုဝန်းကျင်သုံးခု၏ လိုအပ်ချက်များကိုစဉ်းစားပါ။

| | | |
|---|---|---|
| က) ဈေးဆိုင်များနှင့် စားသောက်ဆိုင်များရှိသော မြို့ပြဒေသတစ်ခု | ခ) ကချင်ပြည်နယ်ရှိ ကြီးမားသော စိုက်ပျိုးမွေးမြူရေး နေရာဒေသတစ်ခု | ဂ) မန္တလေးအနီးတွင် ရှိသောမိဘမဲ့ကလေးများကို စာသင်ကြားပေးသော ဘုန်းတော်ကြီးသင် မူလတန်းစာသင်ကျောင်း |

လေ့ကျင့်ခန်း(၄)

အကြံပြုချက်။ ။အဖွဲ့ ငယ်များဖွဲ့ပါ။

၄င်းလူမှုဝန်းကျင်သုံးခုကို အကျိုးပြုနိုင်မည့် အမျိုးမျိုးသောစီမံကိန်းများရှိသဖြင့် သင်တန်းသားများ၏ အဖြေများမှာ ကွဲပြားနိုင်သည်။ အကယ်၍လိုအပ်ပါက စာမျက်နှာ၆တွင်ရှိသော လူမှုဝန်းကျင်စီမံကိန်း အမျိုးအစားများကို ပြန်လည်ရည်ညွှန်းစေပါ။

၁။ ၄င်းလူမှုဝန်းကျင်သုံးခုတွင် ဖြစ်နိုင်ခြေရှိသောပြဿနာများ/လိုအပ်ချက်များကိုကျောင်းသားများမှ စဉ်းစားတွေးခေါ်စေပါ။ ဥပမာအားဖြင့် ရပ်ရွာဒေသနှင့်ဆိုင်သောပြဿနာများတွင် (က)စွန့်ပစ်အမှိုက်များကို စီမံခန့်ခွဲခြင်းနှင့်ဆိုင်သောပြဿနာပါဝင်ပါစေ။ အဘယ်ကြောင့်ဆိုသော် ဈေးဆိုင်များ၊ စားသောက်ဆိုင်များနှင့် လူအများအပြားရှိနေခြင်းကြောင့်ဖြစ်သည်။

၂။ ထို့နောက်သင်တန်းသားများမှ ၄င်းလိုအပ်ချက်များကိုဖော်ထုတ်နိုင်ရန်အတွက် စီမံကိန်းများအကြောင်း ဆွေးနွေးကာ ဖြေဆိုမှုများကိုပေးထားသောဇယားကွက်တွင်ဖြည့်စေပါ။ သင်တန်းသားများအား မိမိတို့၏ အဖြေကို အခြားအဖွဲ့နှင့်နှိုင်းယှဉ်ဆွေးနွေးရန်တိုက်တွန်းပါ။

ဖြစ်နိုင်ခြေရှိသောအဖြေများမှာ-

| စီမံကိန်းအမျိုးအစားများ | (က) | (ခ) | (ဂ) |
|---|---|---|---|
| နိုင်ငံရေး<br>မည်ကဲ့သို့သော အကျိုးရှိမည့် အဖွဲ့အစည်းများ (သို့) လူမှုရေးအသင်းအဖွဲ့ကို ဖွဲ့စည်းသင့်သနည်း။ | ဥပမာ-<br>ဖွံ့ဖြိုးတိုးတက်နေသော ဆိုင်ပိုင်ရှင်များအသင်း အဖွဲ့တစ်ခုကို ဖွဲ့စည်းခြင်း | ဒေသတွင်းရှိအဖွဲ့ များ၏ ကိုယ်စားလှယ်များတက် ရောက်သောလစဉ် အစည်းအဝေးကျင်းပခြင်း | ကျောင်းချိန်ပြီးဆုံး ပြီးနောက်ဖွင့်လှစ်သည့် အသင်းအဖွဲ့များ ထူထောင်ခြင်း ဥပမာ-ဘောလုံးအသင်း<br>ဆရာ/မများအသင်း အဖွဲ့ အစည်းတစ်ခု ဖွဲ့စည်းခြင်းနှင့် ၎င်းကို အနီးနယ်မြေတစ်ဝိုက် ရှိသောကျောင်းများနှင့် ချိတ်ဆက်ထားခြင်း |
| သဘာဝပတ်ဝန်းကျင်<br>မည်ကဲ့သို့သော သဘာဝပတ်ဝန်းကျင် ဆိုင်ရာပြဿနာများကို ဖြေရှင်းနိုင်မည်နည်း။ | ဥပမာ-<br>ပတ်ဝန်းကျင်တစ်ဝိုက် ပိုမိုသန့်ရှင်းရန်အတွက် အမှိုက်တောင်းများ ဝယ်ယူ၍ လမ်းများတွင် ထားရှိခြင်း | ပလတ်စတစ်အိတ်များ ကောက်ယူခြင်း<br>ရေသန့်စင်သည့်စနစ်များ တပ်ဆင်ခြင်း | ကျောင်းဆောင်များ မွမ်းမံပြင်ဆင်ခြင်း<br>ဥယျာဉ်စိုက်ပျိုးခြင်း |
| စီးပွားရေး<br>မည်ကဲ့သို့သော စီမံကိန်းများက ဤလူမှုဝန်းကျင်များ အတွက်ဝင်ငွေ မြင့်မားလာရန်နှင့် အရင်းအမြစ်များ တိုးပွားလာအောင် ပြုလုပ်ပေးနိုင်သနည်း | ဥပမာ-<br>စီးပွားရေးလုပ်ငန်း တိုးချဲ့ရန်နှင့်ဝယ်သူကို ဆွဲဆောင်နိုင်ရန် လမ်းဘေးပြပွဲတစ်ခု ဖြစ်အောင်စည်းရုံးခြင်း | အခြားမြို့ရွာများတွင် ကုန်ပစ္စည်းများ သွားရောက်ရောင်းချရန် လွယ်ကူအောင် သယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှုများ ပြုလုပ်ပေးခြင်း | ညကပွဲ/မုန့်များရောင်းဝယ် သည့် ပွဲများမှတစ်ဆင့် ရန်ပုံငွေရှာဖွေခြင်း |

အောက်ပါဇယားကွက်တွင် လူမှုဝန်းကျင်တစ်ခုစီအတွက် ဖြစ်နိုင်ခြေရှိသည့် စီမံကိန်းများကိုဖြည့်စွက်ပါ။

| စီမံကိန်းအမျိုးအစားများ | (က) | (ခ) | (ဂ) |
|---|---|---|---|
| နိုင်ငံရေး<br>မည်ကဲ့သို့သော အကျိုးရှိမည့် အဖွဲ့အစည်းများ (သို့) လူမှုရေးအသင်းအဖွဲ့ကို ဖွဲ့စည်းသင့်သနည်း။ | ဥပမာ-<br>ဖွံ့ဖြိုးတိုးတက်နေသော ဆိုင်ပိုင်ရှင်များအသင်း အဖွဲ့စည်းတစ်ခုကို ဖွဲ့စည်းခြင်း | | |
| သဘာဝပတ်ဝန်းကျင်<br>မည်ကဲ့သို့သော သဘာဝပတ်ဝန်းကျင် ဆိုင်ရာပြဿနာများကို ဖြေရှင်းနိုင်မည်နည်း။ | ဥပမာ-<br>ပတ်ဝန်းကျင်တစ်ဝိုက် ပိုမိုသန့်ရှင်းရန်အတွက် အမှိုက်တောင်းများ ဝယ်ယူ၍ လမ်းများတွင် ထားရှိခြင်း | | |
| စီးပွားရေး<br>မည်ကဲ့သို့သော စီမံကိန်းများက ဤလူမှုဝန်းကျင်များ အတွက်ဂင်ငွေ မြင့်မားလာရန်နှင့် အရင်းအမြစ်များ တိုးပွားလာရန် ပြုလုပ်ပေးနိုင်သနည်း | ဥပမာ-<br>စီးပွားရေးလုပ်ငန်း တိုးချဲ့ရန်နှင့်ဝယ်သူကို ဆွဲဆောင်နိုင်ရန် လမ်းဘေးပြပွဲတစ်ခု ဖြစ်အောင်စည်းရုံးခြင်း | | |

ဆွေးနွေးပါ။

အထက်ပါပေးထားသောလူမှုဝန်းကျင်များကို ကြည့်ပါ။ စီမံကိန်းအကောင် အထည်ဖော်သည့်ကာလအတွင်း ယင်းလူမှုဝန်းကျင်တို့တွင်ဖြစ်ပေါ်နိုင်သည့် ပြဿနာများနှင့် အကျိုးအမြတ်များကိုစဉ်းစားကြည့်ပါ။

## ၂.၂ လူမှုဝန်းကျင်ဖွံ့ဖြိုးတိုးတက်မှုဆောင်ရွက်ရန်ချဉ်းကပ်ခြင်း

ကမ္ဘာတစ်ဝန်းလုံး၌ လူသားများ၏လူနေမှုဘဝအခြေနေကို ကြိုးစားမြှင့်တင်ပေးသောအစီအစဉ်များနှင့် အဖွဲ့များ အများအပြားရှိပါသည်။ အချို့မှာ တစ်ချိန်တည်းတွင်ပင် အကြောင်းအရာအမျိုးမျိုးအတွက်ဆောင်ရွက်ပေးသည်။

အချို့အဖွဲ့များမှာမူ လူမှုဝန်းကျင်တစ်ခုအတွင်းရှိအကြောင်းအရာ(သို့) ပြဿနာတစ်ခုတည်းကိုသာ အာရုံစူးစိုက်လုပ်ဆောင်သည်။ သို့သော်လူမှုဝန်းကျင်ဖွံ့ဖြိုးတိုးတက်အောင်ပြုလုပ်ပေးသော အစီအစဉ်အများစုမှာ လူသားများ၏ဘဝကိုမြှင့်တင်ပေးလိုသော ရည်မှန်းချက်ပန်းတိုင်ကိုရောက်ရှိရန် အဓိကထားဆောင်ရွက်သည်။

လူမှုဝန်းကျင်ဖွံ့ဖြိုးတိုးတက်မှုဆောင်ရွက်ရန် ချဉ်းကပ်ခြင်းနည်းလမ်းများကိုတည်ဆောက်ဖွဲ့စည်းထားပုံမှာ-

- ဦးတည်သည့်လူမှုဝန်းကျင်များ၏ အခြေအနေရပ်များအားလုံးကိုမြှင့်တင်ခြင်း
- ပါဝင်သောအဖွဲ့ဝင်များ၏အရေးကြီးမှုအပေါ် အလေးထားခြင်း
- ဒေသခံများမှဖော်ပြသည့်လိုအပ်ချက်များကို အလေးထားခြင်း
- ပြင်ပအဖွဲ့အစည်းများတန်းတူလက်တွဲပူးပေါင်းနိုင်မှုနှင့် ရေရှည်တည်တံ့အောင်ထိန်းသိမ်းနိုင်မှု (အကျိုးအမြတ်များရရှိမှုကို ကာလကြာရှည်စွာဆက်လက်ထိန်းသိမ်းခြင်း) အပေါ်အလေးထားခြင်း
- ပြင်ပမှအကူအညီကို မှီခိုခြင်းမပြုဘဲ မိမိကိုယ်တိုင်ရပ်တည်နိုင်မည့်ကိုယ်ပိုင်အရည်အချင်းများအပေါ် အလေးထားခြင်း
- မိမိတို့၏အခြေအနေနှင့် ပြဿနာများကိုကိုယ်တိုင် သတိထားသိရှိလာစေခြင်း



ဝေါဟာရအဓိပ္ပါယ်

အခြေခံလူတန်းစားများ- လူမှုဝန်းကျင်တစ်ခုရှိဒေသခံများ

အကောင်အထည်ဖော်သည်- အပြောင်းအလဲတစ်ခု ဆောင်ရွက်ရန်/ စတင်ရန်

လူမှုဝန်းကျင်ဖွံ့ဖြိုးတိုးတက်မှု ဆောင်ရွက်ရန်ချဉ်းကပ်ခြင်းမှာ ဖွံ့ဖြိုးတိုးတက်မှုသည် ဒေသခံမှစတင်သည်ဟူသော အယူအဆအပေါ် အခြေခံသည်။ ပြောင်းလဲမှုတစ်ခုစတင်ရန်ဆန္ဒရှိခြင်း၊ ဖန်တီးနိုင်စွမ်းနှင့် အင်အားသည် မိမိတို့၏ဘဝကိုမြှင့်တင်လိုသည့်အခါတွင် အလွန်ပင်အရေးကြီးသည်။ ဤချဉ်းကပ်မှုသည် ပူးပေါင်းပါဝင်မှုနှင့် လုပ်အားပေးမှုကိုအသုံးပြုသည်။ အကယ်၍ဒေသခံများမှ မိမိတို့၏အခြေနေကိုသတိထားမိပြီး ဖြစ်ပေါ်ရသည့်အကြောင်းတရားများကိုလည်းသိရှိနားလည်မည်ဆိုပါက

## ၂.၂ လုပ်မှုဝန်းကျင်ဖွံ့ဖြိုးတိုးတက်မှုဆောင်ရွက်ရန်ချဉ်းကပ်ခြင်း

သင်တန်းသားများအား စာပိုဒ်ဖတ်ရှုရန်နှင့် မေးခွန်းများကိုလိုအပ်သလိုဖြေဆိုရန်အချိန်ပေးပါ။

လေ့ကျင့်ခန်း(၁)

အကြံပြုချက်။ ။နှစ်ယောက်တစ်တွဲလုပ်ဆောင်ရန်

အဖြေများ

၁။ မှား- ဒေသခံများ၏လိုအပ်ချက်များကို ရှာဖွေထုတ်ဖော်ခြင်းမပြုရသေးပါ၊ စီမံကိန်းတွင်ဒေသခံများအတူတကွ ပူးပေါင်းလုပ်ဆောင်မှုမရှိ၊ စီမံကိန်းအစီအစဉ်မှာရှင်းလင်းမှုမရှိ၊ လက်ကိုင်ဖုန်းများကို အမှန်တကယ်လိုအပ်သူများသို့ ပေးခြင်းထက် အသိမိတ်ဆွေများကိုသာပေးဝေခြင်းဖြစ်နေ၏

၂။ မှား- လူမှုဝန်းကျင်ဖွံ့ဖြိုးတိုးတက်မှုကို လုပ်ဆောင်ရန် ချဉ်းကပ်သည့် အခြေခံလက္ခဏာရပ်များ ရှိသော်လည်းမပြည့်စုံပါ။ ဆရာ/ဆရာမများ၊ ဒေသခံအစိုးရနှင့် ကျောင်းသားမိဘများ အတူတကွလုပ်ဆောင်ခြင်း၊ ပူးပေါင်းပါဝင်မှုကိုပြသခြင်း၊ ဒေသခံများမှ ပြီးမြောက်အောင်လုပ်ဆောင်ခြင်းသည် မိမိ၏ပိုင်ဆိုင်မှုဟူသော စိတ်ဓာတ်ကိုရရှိစေသည်။ သို့သော် အချို့သောသူများအပေါ် စီမံကိန်းအကျိုးသက်ရောက်မှုရှိသော်လည်း ၎င်းတို့၏ထင်မြင်ချက်များမှာမူ စီမံကိန်းရေးဆွဲမှုတွင်လစ်လျူရှုခြင်းခံရသည်။ ဤကဲ့သို့ပါဝင်မှုမရှိခြင်းသည် နောင်တစ်ချိန်တွင်တင်းမာမှုများဖြစ်ပွားစေနိုင်သည်။

(က)မိမိတို့၏ပြဿနာများနှင့်လိုအပ်ချက်များကို ရှင်းလင်းစွာဖော်ထုတ်ပြောဆိုနိုင်မည်။
(ခ) မိမိတို့၏လိုအပ်ချက်များကို ဖြည့်စွက်နိုင်ရန်အတွက် အစီအစဉ်များ၊ နည်းလမ်းများကို အတူတကွ ရေးဆွဲနိုင်မည်။
(ဂ) အစီအစဉ်များကို အကောင်အထည်ဖော်ရာတွင် မိမိတို့ကိုယ်တိုင်အကောင်းဆုံးပါဝင်ဆောင်ရွက်ခြင်းဖြင့် ရရှိလာသောအကျိုးကျေးဇူးအပေါ် ပီတိအကျိုးခံစားရမည်ဖြစ်သည်။

## လေ့ကျင့်ခန်း(၁)

အောက်ပါဥပမာနှစ်ခုကို အမှား/အမှန်ရေးပါ။ လူမှုဝန်းကျင်ဖွံ့ဖြိုးတိုးတက်မှုအတွက် မှန်ကန်သောချဉ်းကပ်မှု ဖြစ်ပါသလား။ မဖြစ်ပါကအဘယ်ကြောင့်နည်း။ ရှင်းပြပါ။

၁။ တက္ကသိုလ်မှ ဘွဲ့ရခါစကျောင်းသားတစ်ဦးသည် အိမ်သို့ပြန်လာခဲ့သည်။ သူသည် အတန်းထဲ၌ လက်ကိုင်ဖုန်းများကိုပေးဝေခြင်းဖြင့် ဆင်းရဲမွဲတေမှုကို လျှော့ချနိုင်သည့် နည်းလမ်းသစ်အကြောင်းကို သင်ယူခဲ့သည်။ ၎င်းမှာ အိန္ဒိယပြည်တွင် အောင်မြင်ခဲ့သည့်အတွက် လက်ကိုင်ဖုန်းများအမြောက်အများကို အိမ်သို့သယ်ယူခဲ့ပြီး သင်ကြားပြသမှုမရှိဘဲ အသိမိတ်ဆွေ သူငယ်ချင်းများကိုပေးဝေခဲ့သည်။



၂။ မြို့တစ်မြို့တွင်ရှိသော မြေလွတ်နေရာတစ်ခုကို ဒေသခံကျောင်းအတွက် သီးနှံများစိုက်ပျိုးသည့်ဥယျာဉ် အဖြစ်ပြောင်းလဲခဲ့သည်။ ဆရာ/ဆရာမများ၊ အစိုးရတာဝန်ရှိသူများနှင့် ကျောင်းသားမိဘများမှ မြေနေရာကို သန့်ရှင်းခြင်း၊ မျိုးစေ့များစိုက်ပျိုးခြင်း၊ ရေပိုက်များတပ်ဆင်ခြင်းနှင့် ပစ္စည်းကိရိယာ တန်ဆာပလာများထားရှိသည့် ဂိုဒေါင်အသေးစား တစ်ခုကိုဆောက်လုပ်ခြင်း အစရှိသည်တို့ကိုအတူတကွ လုပ်ဆောင်ခဲ့ကြသည်။ ၎င်းဝန်းကျင်အနီးတဝိုက် တွင်နေထိုင်သောသူများကို လုပ်ငန်းမစတင်မီ ကြိုတင် အကြောင်းကြားထားခြင်းမရှိပေ။ ထိုသူတို့သည်လည်း အစည်းအဝေးသို့တက်ရောက်ရန် မဖိတ်ခံရဖြစ်ကြသည်။



## ၂.၂.၁ ပူးပေါင်းပါဝင်မှု

ဝေါဟာရအဓိပ္ပါယ်
အကျိုးရရှိသူများ -
စီမံကိန်းမှအကျိုးရရှိသူများ

ရပ်ရွာဒေသ၏ ပူးပေါင်းပါဝင်မှုသည် စီမံကိန်း၏အကျိုးခံစားခွင့်ရရှိသူများမှ စီမံကိန်းဖွံ့ဖြိုးတိုးတက်မှု အဆင့်ဆင့်တွင်တက်ကြွစွာလှုပ်ရှားပါဝင်သည့်ဖြစ်စဉ်ကိုဆိုလိုသည်။ အစိုးရအဖွဲ့မဟုတ်သောလူမှုကူညီရေးအဖွဲ့အစည်းတစ်ခု၏ စီမံကိန်းခေါင်းဆောင်ကသာလျှင် ပြုပြင်ပြောင်းလဲမှုများပြုလုပ်ခြင်း၊ ဦးဆောင်ခြင်းထက် ရပ်ရွာပြည်သူလူထုမှ စီမံကိန်း၏ဦးတည်ချက်အပေါ် ဆုံးဖြတ်မှုများပြုလုပ်ပြီး စီမံကိန်းကို အကောင်အထည်ဖော်ရန်ကူညီခြင်းဖြစ်သည်။ ရပ်ရွာဒေသ၏ပူးပေါင်းပါဝင်မှုသည် အလွန်ပင်အရေးကြီးရခြင်း၏ အကြောင်းရင်းမှာ

- ရပ်ရွာဒေသ၏ပူးပေါင်းပါဝင်မှုသည် ဒေသတွင်းရှိအရင်းအမြစ်များကို ရှာဖွေဖော်ထုတ်၊ စုဆောင်း၊ အသုံးပြုနိုင်ရန် ထိရောက်သည့်အပြင် ဒေသခံ၏စွမ်းအား၊ အမြော်အမြင်နှင့် ဖန်တီးနိုင်မှုစွမ်းအားသည်လည်း မိမိတို့၏လူနေမှုဘဝအခြေနေကို ပြောင်းလဲတိုးတက်အောင်လုပ်ဆောင်ရာတွင် ထိရောက်စေသည်။
- ပူးပေါင်းပါဝင်မှုသည် ယခင်ရှာဖွေတွေ့ရှိထားသော လိုအပ်ချက်များကိုဖြည့်စွမ်းနိုင်ရန်နှင့် ပေါ်ပေါက်လာသော ပြဿနာအကြောင်းအရာအသစ်များကို သိမြင်ပြီးကာ မိမိတို့၏လက်ရှိအခြေအနေ ပိုမိုကောင်းမွန်လာအောင် ပြုလုပ်ပေးသည်။
- မိမိတို့ဒေသ၏ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်များတွင် မိမိတို့ကိုယ်တိုင်တက်ကြွစွာပူးပေါင်းပါဝင်ပါက စီမံကိန်းသေချာအောင်မြင်နိုင်ရန်အတွက် ပိုမို၍တာဝန်ယူလုပ်ဆောင်လာနိုင်မည်ဖြစ်သည်။

ဤနောက်ဆုံးအချက်သည် ရပ်ရွာဒေသလူမှုဝန်းကျင် ဖွံ့ဖြိုးတိုးတက်ရန်အတွက် အရေးကြီးသည့် အချက်နှစ်ချက်နှင့် တိုက်ရိုက်ဆက်နွယ်လျက်ရှိသည်ကို မကြာမီလေ့လာရမည်ဖြစ်သည်။ ၎င်းတို့မှာ - စွမ်းဆောင် ရည်မြှင့်တင်ပေးခြင်းနှင့် ရေရှည်တည်တံ့အောင်ထိန်းသိမ်းခြင်းတို့ဖြစ်သည်။

## ၂.၂.၁ ပူးပေါင်းပါဝင်မှု

အခန်း(၁)ဦးတည်ချက်ရှိ ပူးပေါင်းပါဝင်ခြင်းနှင့်စွမ်းရည်မြှင့်တင်ခြင်းကို အောင်မြင်စွာအသုံးချနိုင်ခဲ့သည့် ဥပမာ စီမံကိန်းတစ်ခုကို သင်တန်းသားများအားပြန်လည်အမှတ်ရစေခြင်းမှာ အသုံးဝင်ပေလိမ့်မည်။

အကြံပြုချက်။ ။တစ်ဦးချင်းအလိုက်၊ ထို့နောက်အဖြေများနှိုင်းယှဉ်ရန် အဖွဲ့ငယ်များဖွဲ့ပါ။

သင်တန်းသားများ၏အဖြေကွဲပြားလိမ့်မည်-မည်သို့ပင်ဆိုစေကာမူ အဖြေများအားလုံးမှန်ကန်ပါသည်။ ထို့ကြောင့်သင်တန်းသားများမှ ၄င်းတို့အဘယ်ကြောင့်ရွေးချယ်သည်ကို ရှင်းလင်းရမည်ဖြစ်သည်။

## လေ့ကျင့်ခန်း(၁)

အောက်ပါပေးထားသော ပူးပေါင်းပါဝင်မှုသည် ကောင်းမွန်သောအရာဖြစ်ရခြင်း၏အကြောင်းရင်းများကို ဖတ်ပါ။ မိမိအတွက်အရေးကြီးသည့်အကြောင်းအရာများမှစ၍ အစဉ်လိုက်သတ်မှတ်ပါ။

ရပ်ရွာဒေသခံများ ပူးပေါင်းပါက စီမံကိန်းများ ပိုမို၍ထိရောက်မှုရှိသည်။

ရပ်ရွာပြည်သူလူထု ပူးပေါင်းပါဝင်မှသာလျှင် စီမံကိန်းများသည် ၎င်းဒေသ၏အခြေအနေ လိုအပ်ချက်များနှင့် ကိုက်ညီအောင် ဆောင်ရွက်နိုင်မည်ဖြစ်သည်။

ပူးပေါင်းပါဝင်မှုသည် ဒေသအရင်းအမြစ်များနှင့် ကျွမ်းကျင်မှုကို ပို၍အကျိုးရှိစွာအသုံးပြုနိုင်ခြင်းဖြစ်သည်။

ပူးပေါင်းပါဝင်မှုသည် လူထု၏စွမ်းရည်ကိုမြှင့်တင်ပေးသည်။

ပူးပေါင်းပါဝင်လုပ်ဆောင်ရန် လူတိုင်းတွင်အခွင့်အရေးရှိသည်။


ပူးပေါင်းပါဝင်မှုသည် တာဝန်ခံမှုကိုတိုးမြှင့်ပေးသည်။

မိမိ၏အဖြေများကို အဖွဲ့ငယ်အတွင်းနှိုင်းယှဉ်ပါ။ သင်အစဉ်လိုက်စီထားသော အချက်များအပေါ် မူတည်၍ သင်၏ထင်မြင်ချက်ကိုဆွေးနွေးပါ။

တခြားအကြောင်းအရာများကို ထပ်မံဖြည့်စွက်ရန်အတွက် အခြားသောအကြောင်းပြချက်များရှိပါသလား။

စီမံကိန်းများအောင်မြင်ရန်အတွက် ဒေသခံလူထု၏ တက်ကြွစွာပူးပေါင်းပါဝင်မှုလိုအပ်ပါသည်။ သို့သော် ပူးပေါင်းပါဝင်မှုအရေအတွက်သည် ဒေသ၏အကြောင်းအရာအခြေအနေ၊ ယဉ်ကျေးမှုနှင့် ဒေသခံများအား လုပ်ပိုင်ခွင့်ပေးအပ်မှုအပေါ်တွင် မူတည်သည်။ ထိုနည်းတူ စီမံကိန်းအမျိုးအစားနှင့် စီမံကိန်းခေါင်းဆောင်၏ စီမံခန့်ခွဲမှုပုံစံအရ ပူးပေါင်းပါဝင်လိုသော လူဦးရေ(သို့) ပူးပေါင်းပါဝင်နိုင်သော လူဦးရေကို သတ်မှတ်မည် ဖြစ်သည်။

ပူးပေါင်းပါဝင်မှုတွင် ကွဲပြားခြင်းများ - ၎င်းသည်ပိုမို၍ အပြုခံသဘော(သို့) သွယ်ဝိုက်သောအားဖြင့် ဒေသခံမှ ဆုံးဖြတ်ချက်ချမှတ်ခွင့်မရှိ။ (သို့) ပြုလုပ်သူသဘောနှင့်တိုက်ရိုက်ဖြစ်စဉ်ဖြစ်သည်။ ရပ်ရွာဒေသခံများမှ လွှမ်းမိုးမှုရှိပြီး စီမံကိန်းပြောင်းလဲနိုင်ရန်အတွက် သက်ရောက်မှုရှိခြင်းဖြစ်သည်။ ပူးပေါင်းပါဝင်ခြင်း၏ ရည်မှန်းချက်ပန်းတိုင်မှာ ပြုလုပ်သူသဘော၏ ပါဝင်မှုဖြစ်သင့်သော်လည်း ပူးပေါင်းပါဝင်မှုတော်တော်များများသည် အပြုခံသဘောဖြစ်နေသည်။



## လေ့ကျင့်ခန်း(၂)

အောက်ပါပူးပေါင်းပါဝင်မှုနည်းလမ်း၏ အဓိပ္ပာယ်ဖွင့်ဆိုထားမှုကိုကြည့်ပါ။ ၎င်းတို့သည် ပြုလုပ်သူသဘော(သို့) အပြုခံသဘောဖြစ်သည်ကို ဆုံးဖြတ်ပါ။

၁။ အဆိုပြုတင်ပြထားသောစီမံကိန်းအကြောင်း အစည်းအဝေးပွဲကို ရပ်ရွာလူထုမှတက်ရောက်ခြင်း။

၂။ စီမံကိန်း အကောင်အထည်ဖော်စဉ်အတွင်းတွင် ရပ်ရွာဒေသခံများမှ ငွေကြေးနှင့် လုပ်အားများ(တစ်ခါတစ်ရံ ကုန်ပစ္စည်းများ) ထည့်ဝင်လုပ်ဆောင်ရန် တောင်းဆိုခံရခြင်း။

၃။ ဒေသခံများကို စီမံကိန်း၏အစတွင် အကြံဉာဏ်ပေးဆွေးနွေးမှုများပြုလုပ်ပေး၍ စီမံကိန်းပြီးဆုံးသွားသောအခါ တုံ့ပြန်သုံးသပ်ချက်များပြုလုပ်ပေးခြင်း။

၄။ ရပ်ရွာဒေသခံများမှစီမံကိန်းလုပ်ဆောင်ချက်များ၏ အကျိုးရလဒ်ရရှိသည်အထိပါဝင်လုပ်ဆောင်ခြင်း။

၅။ ဒေသခံလူထုမှစီမံကိန်းဆောင်ရွက်ရာတွင် အာဏာနှင့်တာဝန်ရှိသူကိုရွေးချယ်ရာ၌ ပူးပေါင်းပါဝင်ဆုံးဖြတ်ခြင်း။

၆။ စီမံကိန်း၏အဆင့်တိုင်းတွင် ဒေသခံလူထုမှဆုံးဖြတ်ချက်များချမှတ်ရာတွင်ပါဝင်ခြင်း။

## လေ့ကျင့်ခန်း(၂)

### အကြံပြုချက်။ ။နှစ်ယောက်တစ်တွဲလုပ်ဆောင်ရန်

အဖြေများမှာ-

၁။ အပြုခံသဘော- ဒေသခံများပါဝင်မှုရှိသော်လည်း စီမံကိန်း၏ဒီဇိုင်းရေးဆွဲခြင်း(သို့)ဆုံးဖြတ်ချက်ချရာတွင် ပူးပေါင်းလုပ်ဆောင်ဆုံးဖြတ်ခြင်းမရှိ။

၂။ အပြုခံသဘော- ဒေသခံများသည်အရင်းအမြစ်တစ်ခုတည်းသာပံ့ပိုးပေးပြီး ပါဝင်လုပ်ဆောင်အကြံဉာဏ်မပြု။ ပြောင်းလဲမှု(သို့) ဆုံးဖြတ်ချက်များအပေါ်တွင်လွှမ်းမိုးမှုမရှိပါ။

၃။ အပြုခံသဘော- ဒေသခံများပူးပေါင်းပါဝင်သည်၊ သို့သော်စီမံကိန်းအတောအတွင်းတွင်ပြုလုပ်သော ဆုံးဖြတ်ချက်အပေါ်ထိန်းချုပ်နိုင်မှုမရှိ

၄။ အပြုခံသဘော- ဒေသခံများသည် စီမံကိန်းကိုအကောင်အထည်ဖော်ခြင်းနှင့် ရလဒ်တစ်ခုရရှိနိုင်ရန်အထိ ပါဝင်လုပ်ဆောင်သည်။ သို့သော်၎င်းတို့သည် ဆုံးဖြတ်ချက်ချရာတွင်ပါဝင်မှုမရှိ။

၅။ ပြုလုပ်သူသဘော- ဒေသခံများသည်ဆုံးဖြတ်ချက်ချရာတွင် ပူးပေါင်းပါဝင်ဆုံးဖြတ်သည်။

# ၂.၂.၂ စွမ်းဆောင်ရည်မြှင့်တင်ခြင်း

သင်တန်းသားများ အောက်ပါစာပိုဒ်ကိုဖတ်၍ ပေးထားသောမေးခွန်းများကိုဖြေပါ။

လေ့ကျင့်ခန်း(၁)

အကြံပြုချက်။ ။ တစ်ဦးချင်း/နှစ်ယောက်တစ်တွဲလုပ်ဆောင်ရန်

အဖြေများမှာ-

၁။ သင်တန်းသားများ၏အဖြေမှာကွဲပြားနိုင်သည်။ ဖြစ်နိုင်ခြေရှိသည့်အဖြေများတွင်- ဆုံးဖြတ်ချက်ချပြီး လုပ်ဆောင်ရာတွင် ကြီးကြပ်မှုအခွင့်အာဏာလျော့နည်းပါက ထိရောက်မှုမရှိပါ။ ဤအယူအဆမှာ အကူငွေပေး၍ ပြဿနာကိုဖြေရှင်းနိုင်ခြင်းထက် ဒေသဖွံ့ဖြိုးတိုးတက်မှုသည် ပိုမိုနေးကွေးပြီးရှုပ်ထွေးနိုင်သည်ကို သိရှိရမည်။ ထို့ကြောင့်ယခင်အလှူရှင်များမှ စွမ်းဆောင်ရည်မြှင့်တင်ပေးရန် အားစိုက်ထုတ်မှုရှိခဲ့မည်မဟုတ်၊ အကူအညီ/အကူငွေကိုလက်ခံခြင်းမှာ ပို၍လွယ်ကူသော်လည်း အခြေအနေအရ(သို့) ဆက်လက်ထောက်ပံ့မှုမရှိပါက တိုးတက်ပြောင်းလဲမှုမှာကြာရှည်ခံမည်မဟုတ်ပါ။

၂။ ဤသို့သူတစ်ပါးအပေါ်မှီခိုခြင်းဖြင့် ထိုဒေသလူမှုဝန်းကျင်အနေနှင့် မိမိတို့ကိုယ်တိုင် မိမိတို့အခြေအနေ တိုးတက်ရန် လုပ်ဆောင်နိုင်စွမ်းမဲ့စေပြီး အခြားအဖွဲ့အစည်း၊ ခေါင်းဆောင်များ၏လွှမ်းမိုးမှုကို ခံရမည်ဖြစ်သည်။

၃။ စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်းဖြင့် ထိုလူမှုဝန်းကျင်မှ မိမိတို့အခြေနေကိုမိမိတို့ကိုယ်တိုင်ထိန်းချုပ်နိုင်ပြီး သူတစ်ပါးအပေါ်မှီခိုမှုလျော့နည်းစေသည်။

## ၂.၂.၂ စွမ်းဆောင်ရည်မြှင့်တင်ခြင်း

ဝေါဟာရအဓိပ္ပါယ်
သုံးသပ်သည် :
တစ်စုံတစ်ရာအကြောင်းကို
ဂရုတစိုက် နှင့်
နက်နက်နဲနဲစဉ်းစားခြင်း

စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်းဆိုသည်မှာ မိမိ၏စွမ်းရည်ကိုအသုံးချပြီး လိုအပ်ချက်ကိုနားလည်သိရှိခြင်းဖြင့် မိမိ၏လူနေမှုဘဝအခြေအနေကို မြှင့်တင်နိုင်ရန်အတွက် ရှေ့သို့လှမ်းချီခြင်းဖြစ်သည်။ စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်း၏အဓိကအချက်တစ်ချက်မှာ မိမိ၏အခြေအနေကို ပြင်ပအကူအညီအမြဲတစေမယူဘဲ မိမိကိုယ်တိုင်မြှင့်တင်ပေးခြင်းဖြစ်သည်။ စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်းသည် လူထုပူးပေါင်းပါဝင်မှုတွင်အပြုသဘောဆောင်ပြီး ထိုထက်မကများစွာအဓိပ္ပါယ်ရှိသည်။

ဝေါဟာရအဓိပ္ပါယ်
ဆောင်ရွက်နိုင်မှု : အဖွဲ့တွင်းရှိ အတတ်ပညာ၊ အသိပညာနှင့် စွမ်းဆောင်ရည်

လူ၏စွမ်းဆောင်ရည်မြှင့်မားလာစေရန်အတွက် အောက်ပါအချက်များ လိုအပ်ပါသည်။

- မိမိတို့ပတ်ဝန်းကျင်တွင် အမှန်တကယ်ဖြစ်ပေါ်နေသောအရာများကို မိမိကိုယ်တိုင်ရှင်းလင်းစွာမြင်တွေ့နိုင်ရမည်။
- မိမိတို့ပတ်ဝန်းကျင်အပေါ် သက်ရောက်နေသောအခြေအနေ၊ အကြောင်းတရားအမျိုးမျိုးကို သုံးသပ်နိုင်ရမည်။
- မိမိတို့၏အခြေအနေရပ်များကို တိုးမြှင့်နိုင်ရန်အတွက်လိုအပ်သော ပြုပြင်ပြောင်းလဲမှုများကို မိမိတို့ကိုယ်တိုင် တဆင့်ပြီးတဆင့်လုပ်ဆောင်နိုင်ရမည်။

နှစ်ပေါင်းများစွာတည်းက ကမ္ဘာတဝန်း၌ရှိသော လူမှုဝန်းကျင်တော်တော်များများသည် ၎င်းတို့၏ပြဿနာများကို ဖြေရှင်းပေးနိုင်ရန်အတွက် ပြင်ပအကူအညီများအပေါ် မှီခိုလာမှုများပြားလာခဲ့သည်။ ဤသည်မှာ အစိုးရနှင့်လူမှုဝန်းကျင်ဒေသခံများတို့နှင့်အတူ အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်အဆင့်တိုင်းတွင် သတိထားဖွယ်ရာဖြစ်လာသည်။ လူအများစုက ပူပန်ကြသည်မှာ ဤအထောက်အပံ့များအပေါ် ဆက်လက်မှီခိုမှုသည် လူသားများအားစွမ်းဆောင်ရည်မဲ့ဖြစ်စေပြီး အခြားအဖွဲ့များ၊ အေဂျင်စီများနှင့်ခေါင်းဆောင်များအပေါ်မှီခိုမှု (သို့) လွှမ်းမိုးမှုအောက်သို့ရောက်ရှိစေနိုင်သည်။

သီအိုရီအရ ရပ်ရွာဒေသခံများသည် ပိုမို၍စွမ်းဆောင်ရည်မြင့်တက်လာပါက ပြင်ပအရင်းအမြစ်များ မှီခိုမှုအပေါ် ကင်းလွတ်ပြီး ၎င်းတို့၏အနာဂတ်ကိုလည်း ထိန်းချုပ်နိုင်မည်ဖြစ်သည်။ ဒေသဖွံ့ဖြိုးတိုးတက်မှုအတွက် ပြုလုပ်ဆောင်ရွက်သူတစ်ဦးမှ ဒေသခံ၏လုပ်ဆောင်နိုင်စွမ်းမြင့်တက်လာအောင် ပြုလုပ်ပေးမှုသည် အနာဂတ်တွင် ဒေသခံမှကိုယ်တိုင်ဖြေရှင်းနိုင်သော ပြဿနာများအတွက် အသုံးပြုသောပြင်ပငွေကြေးများနှင့် အရင်းအမြစ်များ သုံးစွဲမှုကိုလျော့ကျစေနိုင်သည်။

လေ့ကျင့်ခန်း (၁)

အောက်ပါမေးခွန်းများကိုဖြေဆိုပါ။

၁။ အချို့သောလူမှုဝန်းကျင်အဖွဲ့အစည်းများသည် ပြင်ပအကူအညီအပေါ်မှီခိုနေခြင်းမှာ အဘယ်ကြောင့်ဟု သင်ထင်မြင်ယူဆပါသနည်း။

၂။ အဘယ်ကြောင့်လူအများအပြားက ဤမှီခိုမှုအပေါ် အရေးတယူ သတိပြုနေမိသနည်း။

၃။ စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်းသည် လူမှုဝန်းကျင်အဖွဲ့အစည်းများအား အမှီအခိုကင်းအောင် မည်ကဲ့သို့ ပြုလုပ်ပေးသနည်း။

အဖြေများကိုသင်၏တွဲဖက်တစ်ဦးနှင့်နှိုင်းယှဉ်ပါ။


အဓိကပါဝင်သောဆုံးဖြတ်ချက်မှာ

- မိမိတို့၏လက်ရှိအခြေအနေ
- မိမိတို့ရောက်ရှိလိုသည့်နေရာနှင့် ရည်မှန်းချက်ပန်းတိုင်ရောက်အောင် အစီအစဉ်များရေးဆွဲခြင်း
- အစီအစဉ်များကိုအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဒေသခံကိုယ်ပိုင်အာဏာအပေါ် မှီခိုအားထားခြင်း

စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်းသည် အကျိုးရလဒ်ထက်ဖြစ်စဉ်တစ်ခုဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ဒေသခံအသိအာရုံထဲတွင် စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်းဟူသောအသိသည် ဆက်လက်၍ ၎င်းတို့၏ဘဝတလျှောက်လုံးတွင် တိုးပွားလာစေရန် မျှော်လင့်ထားသည့်အတွက်ကြောင့်ဖြစ်သည်။ စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်းသည်ဒေသခံအားသူတစ်ပါးပြောဆိုမှုကိုနာခံလုပ်ဆောင်မည့်အစား ကိုယ်ပိုင်ဆုံးဖြတ်ချက်ချနိုင်သည့် အရည်အချင်းကိုပေးခြင်းဖြစ်သည်။

စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်းသည် အောက်ပါအရည်အချင်းများရရှိရန် အမှန်တကယ်လုပ်ဆောင်ပေးသည်။

- အမှီအခိုကင်းနေထိုင်နိုင်မှု
- တိုးတက်မှုအတွက်အနာဂတ်အခွင့်အလမ်းများအကြောင်းပိုမိုတွေးခေါ်လာခြင်း
- စနစ်ကျသောပြောင်းလဲမှုအတွက် အစီအစဉ်ရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်း
- မိမိတို့၏ရွေးချယ်မှုများကြောင့် ရရှိလာသောရလဒ်အပေါ် တာဝန်ယူလက်ခံနိုင်မှု



ဆွေးနွေးပါ။

အဖွဲ့ငယ်ဖွဲ့ကာ စွမ်းဆောင်ရည်မြှင့်တင်ခြင်းကို သင်ကိုယ်တိုင်နားလည်သလို အဓိပ္ပါယ်ဖွင့်ဆိုပါ။

သင်၏အဓိပ္ပါယ်ဖွင့်ဆိုမှုကို အတန်းထဲတွင် နှိုင်းယှဉ်ဝေငှပါ။

ဆွေးနွေးပါ။

သင်တန်းသားများ၏အဖြေများမှာကွဲပြားနိုင်သည်။

စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်းသည် ရှင်းလင်းတင်ပြရန်ခက်ခဲသည်။ - ၄င်းတွင်များပြားလာသည့် သတိထားရမည့်အချက်များနှင့် လုပ်ဆောင်မှုကြောင့်မည်သို့အကျိုးသက်ရောက်မှုရှိသည်ကို နားလည်သိရှိမှု၊ ထို့အပြင် ဘဝတွင်ကြုံတွေ့ရမည့်အရာများကို ထိန်းချုပ်နိုင်စွမ်းနှင့် ဆုံးဖြတ်ချက်များချရာတွင် ပါဝင်လုပ်ဆောင်ခြင်းဖြစ်သည်။ စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်းရန် အချိန်လိုအပ်မည်ဖြစ်ပြီး လူတစ်ဦး၏ဘဝတစ်လျှောက်တွင် ဆက်လက်တည်ရှိနေသည်။

သင်တန်းသားများမှ မိမိတို့၏အဓိပ္ပာယ်ဖွင့်ဆိုချက်များကိုနှိုင်းယှဉ်ပြီးချိန်တွင် သူတို့၏ကိုယ်ပိုင်ထင်မြင်ချက်ဖြင့် တင်ပြလာသောအဓိပ္ပာယ်ဖွင့်ဆိုချက်များကို သဘောတူညီမှုယူကာ နောက်ဆုံးအဓိပ္ပာယ်ဖွင့်ဆိုချက်တစ်ခုကို သင်ပုန်းပေါ်တွင်ရေးချပါ။ ၄င်းစွမ်းဆောင်ရည်မြှင့်တင်မှုဆိုင်ရာ အဓိပ္ပာယ်ဖွင့်ဆိုမှုကို သင်တန်းသားများအား ရေးမှတ်စေပြီး နောင်တွင်ပြန်လည်ရည်ညွှန်းရန်ဖြစ်သည်။

လေ့ကျင့်ခန်း(၂)

အကြံပြုချက်။ ။တစ်ဦးချင်းစီ၊ ထို့နောက်နှိုင်းယှဉ်ရန်အဖွဲ့ငယ်များဖွဲ့ပါ။

အဖြေများမှာ-

၁။ ကျန်းမာရေးအတွက်တာဝန်ယူဆောင်ရွက်ရန် စွမ်းဆောင်ရည်မြှင့်တင်ပေးမှုသည် ကျန်းမာရေးအခက်အခဲများကို ရေရှည်ဖြေရှင်းနိုင်မည်ဖြစ်ပြီး ကျန်းမာရေးအတွက်စောင့်ကြည့်ကြီးကြပ်သူကိုလည်း နောင်တစ်ချိန်တွင် ကျန်းမာရေးလုပ်သားဖြစ်လာစေရန်စွမ်းဆောင်နိုင်သည်။

၂။ ရွာသားများအားကျန်းမာရေးနှင့် သန့်ရှင်းစွာနေထိုင်မှုသင်တန်းပေးခြင်းသည်လည်း အဘယ်ကြောင့်ဖျားနာရသည့်အကြောင်းရင်းကို သိရှိစေရန်ကူညီရာရောက်ပြီး မိမိတို့၏အခြေအနေကိုလည်း သဘောပေါက်နားလည်စေသည်။

ကျန်းမာရေးစောင့်ကြပ်ကြီးကြပ်သူကို ဒေသခံဦးဆောင်သူများမှရွေးချယ်စေခြင်းဖြင့် ထိုလူမှုဝန်းကျင်မှ မိမိတို့ကိုယ်တိုင်ရွေးချယ်ဆုံးဖြတ်မှုကိုတာဝန်ယူစေသည်။

ကျန်းမာရေးစောင့်ကြပ်ကြီးကြပ်သူများကို ထပ်မံ၍သင်တန်းပေးခြင်းဖြင့် တာရှည်ခံသောလုပ်ဆောင်ရည်ကိုရရှိစေသည်။

လူမှုရေးအဖွဲ့အစည်းအတွင်းမှ ကျန်းမာရေးစောင့်ကြပ်ကြီးကြပ်သူများသည် စီမံကိန်းအဖွဲ့ထွက်ခွာသည့်အခါတွင် ကျန်ရှိမည်ဖြစ်၍ ထိုလူမှုဝန်းကျင်မှ မိမိတို့၏ကျန်းမာရေး ဆက်လက်ကောင်းမွန်လာရန်အတွက်တာဝန်ယူနိုင်မည်ဖြစ်သည်။

ကျန်းမာရေးစောင့်ကြပ်ကြီးကြပ်သူများအား ဆန္ဒရှိပါကထပ်မံ၍ သင်တန်းများတက်ရောက်နိုင်ရန်ကူညီခြင်းဖြင့် ဆေးခန်းမှအလုပ်သင်တစ်ဦးဖြစ်လာစေသည်။

၃။ ယခုအခါရွာသားများမှ ပြင်ပအကူအညီပေါ်မှီခိုမှုလျော့နည်းလာသည် - အဘယ်ကြောင့်ဆိုသော် သင်တန်းမှတကိုယ်ရည်သန့်ရှင်းမှုနှင့် ကျန်းမာရေး ဆက်နွယ်မှုအကြောင်း ဗဟုသုတကိုသိရှိထားပြီးဖြစ်၍ မိမိတို့၏ကျန်းမာရေးကို ဆက်လက်ထိန်းသိမ်းတိုးတက်လာစေရန် ကူညီနိုင်သည့်အရည်အချင်းရှိသောကြောင့်ဖြစ်သည်။

၄။ သင်တန်းသားများ၏အဖြေများမှာ ကွဲပြားလိမ့်မည်။

## လေ့ကျင့်ခန်း(၂)

အောက်ပါအဖြစ်အပျက်တစ်ခုအကြောင်းအရာကို ဖတ်ရှုပြီးမေးခွန်းများကို ဖြေဆိုပါ။

### လေ့လာရန်အကြောင်းအရာ

ရွာငယ်လေးထဲရှိဒေသခံများမှာ မကြာခဏ ဖျားနာသော်လည်း အဘယ်ကြောင့်ဖြစ်ရသည်ကိုမသိရှိကြပါ။ ဒေသတွင်းရှိဆေးပေးခန်းမှကျန်းမာရေးနှင့် တကိုယ်ရည်သန့်ရှင်းမှုဆိုင်ရာ သင်တန်းပို့ချရန် အဖွဲ့တစ်ဖွဲ့ကိုစေလွှတ်ခဲ့သည်။ အဖွဲ့မှရေအိမ်အသုံးပြုပြီးချိန်နှင့်အစာမစားမီ (သို့) ရေမသောက်မီလက်ကို ဆပ်ပြာနှင့်ရေဖြင့် ဆေးကြောခြင်းအစရှိသော ရိုးရှင်းလှသည့် အလေ့အကျင့်သည် ဖျားနာခြင်းကိုကာကွယ်ပေးနိုင်သည်ဟု ရှင်းလင်းပြောကြားခဲ့သည်။ ၎င်းတို့မှရွာသူကြီးအား ရွာသားများလက်ဆေးကြောဖို့မမေ့ရန်အတွက် စောင့်ကြည့်စစ်ဆေးပေးမည့်သူသုံးဦးကိုရွေးချယ်ရန် တိုက်တွန်းခဲ့သည်။ ၎င်းအဖွဲ့မှထပ်မံ၍ ကျန်းမာရေးစောင့်ကြည့်စစ်ဆေးမည့်သူများအား ရွာသားများ၏ ကျန်းမာရေးအခြေအနေကောင်းမွန်လာမှုရှိ၊မရှိကိုသိရှိနိုင်ရန်နှင့် ကျန်းမာရေးကို ဆက်လက်၍ဂရုစိုက်နိုင်ရန်အတွက် မည်ကဲ့သို့အကူအညီပေးရမည့်သင်တန်းကို လေ့ကျင့်သင်ကြားပေးခဲ့သည်။ ထိုအဖွဲ့ရွာမှထွက်ခွာသွားပြီးနောက် ကျန်းမာရေးစောင့်ကြည့်စစ်ဆေးကြသည်။ အချိန်နှင့်အမျှတစ်ကြိမ်ပြီးတစ်ကြိမ် ကျန်းမာရေးစစ်ဆေးသူများသည် ရွာသားများ၏ ကျန်းမာရေးအခြေအနေကို စစ်ဆေးမှုပြုပြီး ဒေသတွင်းရှိဆေးပေးခန်းသို့ ပြန်လည်တင်ပြသည်။ အချိန်ကြာလာသည်နှင့်အမျှ ရွာသားများ၏ ကျန်းမာရေးမှာကောင်းမွန်လာခဲ့သည်။ ကျန်းမာရေးစောင့်ကြည့်စစ်ဆေးသူ သုံးဦးထဲမှ နှစ်ဦးသည် ရပ်ရွာဒေသအတွက် ကျန်းမာရေးလုပ်သားအဖြစ် ဆောင်ရွက်ရန်အတွက် ဆုံးဖြတ်ချက်ချခဲ့ပြီး ဆေးပေးခန်းတွင် အလုပ်သင်များဖြစ်လာခဲ့သည်။



၁။ ဤအဖြစ်အပျက်တွင် စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်းနှင့်ပတ်သက်၍သင်မည်သည့်အရာကိုသိရှိလာသနည်း။
၂။ ရွာသူရွာသားများ၏စွမ်းဆောင်ရည်ကိုမြှင့်တင်ပေးသည့် နည်းလမ်းသုံးခုကိုဖော်ပြပါ။
၃။ အနာဂတ်တွင်ပြုလုပ်မည့်ဖွံ့ဖြိုးတိုးတက်မှုများအတွက် ဤရွာမှပြင်ပအကူအညီအပေါ် မှီခိုမှု နည်း/များလာမည်လား။ သင်၏အဖြေကိုရှင်းပြပါ။
၄။ သင်၏ဘဝတွင် သင်၏စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်းခံခဲ့ရသည့် ဥပမာသုံးခုကိုဖော်ပြပါ။

## ၂.၂.၃ ရေရှည်တည်တံ့ရန် ဆက်လက်ထိန်းသိမ်းနိုင်စွမ်းရှိခြင်း

ဝေါဟာရအဓိပ္ပါယ်
ရေရှည်တည်တံ့ရန်ထိန်းသိမ်းခြင်း
(နာမ်)ရေရှည်တည်တံ့ရန်ထိန်းသိမ်းထားနိုင်မှု / ဆက်လက်တည်ရှိနေမှု
အလှူရှင်- ရည်ရွယ်ချက်တစ်ခုခုအတွက် ငွေကြေးပေးလှူသော တစ်ဦးတစ်ယောက် (သို့) အဖွဲ့တစ်ဖွဲ့

ရေရှည်တည်တံ့ရန်ထိန်းသိမ်းခြင်းဆိုသည်မှာ အလွန်ပင်အရေးပါသည့်အရာဖြစ်ပြီး ဖွံ့ဖြိုးတိုးတက်မှုနယ်ပယ်အားလုံးနီးပါးတွင် မကြာခဏသုံးသည့် ဝေါဟာရတစ်ခုပင်ဖြစ်သည်။ ငွေကြေးနှင့်အရင်းအမြစ် အထောက်အပံ့အလှူရှင်များသည် မကြာခဏဆိုသလို ဖြစ်ပေါ်လာမည့်ရေရှည်အကျိုးအမြတ်(သို့)

စီမံကိန်းတစ်ခု၏ပန်းတိုင်နှင့် လုပ်ဆောင်ချက်များ၏ အကျိုးသက်ရောက်မှုကိုသိရှိလိုကြသည်။ ပို၍အရေးကြီးသည်မှာ ဒေသခံအဖွဲ့ဝင်များက မိမိတို့၏အကြံဉာဏ်၊ ဆွေးနွေးမှုများနှင့် အချိန်အတော်ကြာကြိုးပမ်းလုပ်ဆောင်မှု၏ရလဒ်အပေါ် ပျော်ရွှင်ဝမ်းမြောက်နိုင်လိမ့်မည်ဟု ယုံကြည်လိုကြသည်။ ထို့အပြင်ပြဿနာများအားလုံး တစ်ကြိမ်ထဲတွင် အားလုံးဖြေရှင်းနိုင်မည်ဟူသော မျှော်လင့်မှုပင်ဖြစ်သည်။

ဆွေးနွေးပါ။
လူမှုဝန်းကျင်ဖွံ့ဖြိုး တိုးတက်အောင် လုပ်ဆောင်သည့် စီမံကိန်းအတွက် ရေရှည်တည်တံ့ရန်ဆက်လက် ထိန်းသိမ်းခြင်းဟူသည်မှာ အဘယ်နည်း။ ရေရှည်တည်တံ့ရန် ဆက်လက်ထိန်းသိမ်းခြင်းသည် အဘယ်ကြောင့်အရေးကြီးသော ပန်းတိုင်တစ်ခုဖြစ်ရသနည်း။

## ၂.၂.၃ ရေရှည်တည်တံ့ရန် ဆက်လက်ထိန်းသိမ်းနိုင်စွမ်းရှိခြင်း

ဆွေးနွေးပါ။

သင်တန်းသားများ၏အဖြေများကွဲပြားနိုင်သည်။

ရေရှည်တည်တံ့ရန် ဆက်လက်ထိန်းသိမ်းနိုင်စွမ်းရှိခြင်း အဓိပ္ပာယ်မှာ လူမှုဝန်းကျင်ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းသည်ထိုဒေသအတွက် ရေရှည်အကျိုးရှိစေခြင်းနှင့် ထိုဒေသဆက်လက်ဖွံ့ဖြိုးရန်အတွက် ဒေသခံများ ကိုယ်တိုင်ဆက်လက်တာဝန်ယူလုပ်ဆောင်နိုင်ခြင်းကိုဆိုလိုခြင်းဖြစ်သည်။ ရေရှည်တည်တံ့မှုကိုထိန်းသိမ်းရန် အရေးကြီးရခြင်းမှာ အားစိုက်ထုတ်မှုနှင့်ငွေကြေးများသည် လိုအပ်ချက်များကို ထပ်ခါတလဲလဲဖြည့်စွက်ခြင်း မပြုဘဲ အခြားအရာများအတွက် ဆက်လက်အသုံးပြုနိုင်ရန်ဖြစ်သည်။

ဒေသစီမံကိန်း အကျိုးသက်ရောက်မှုကိုဆက်လက်ထိန်းသိမ်းနိုင်ရန်အတွက် အရေးကြီးသည့် အချက်များ

အောက်ပါအချက်(၃)ချက်သည် ဒေသစီမံကိန်းရေရှည်တည်တံ့ရန် ထိန်းသိမ်းထားနိုင်ရန်အတွက် အဘယ်ကြောင့် လိုအပ်သနည်း။ သင်တန်းသားများအား မေးမြန်းပါ။

လူမှုဝန်းကျင်အဖွဲ့အစည်းများမှ ဖွံ့ဖြိုးတိုးတက်မှုကို တွေ့မြင်ရန်လိုအပ်ခြင်းမှာ မိမိတို့၏ အားထုတ်မှုရလဒ်ကို တွေ့မြင်ခြင်းဖြင့် ဆက်လက်လုပ်ဆောင်လိုစိတ်ရှိလာမည်ဖြစ်သည်။

လူမှုဝန်းကျင်များအဖွဲ့အစည်းမှ မိမိတို့ကိုယ်တိုင် ပိုင်ဆိုင်သည့် စီမံကိန်းတစ်ခုဖြစ်သည်ကို ခံစားနိုင်ရန် လိုအပ်ခြင်းမှာ မိမိတို့၏ကြိုးစားစိုက်ထုတ်မှုနှင့် ထိန်းချုပ်ထားနိုင်မှုကိုခံစားရကာ စီမံကိန်းအောင်မြင်ရန် လိုလားမည်ဖြစ်သည်။


လူမှုဝန်းကျင်အဖွဲ့အစည်းများအား စွမ်းဆောင်ရည်မြှင့်တင်ပေးရန်လိုအပ်ခြင်းမှာ လိုအပ်သောအသိပညာ အတတ်ပညာရရှိခြင်းဖြင့် စီမံကိန်းကိုစီမံခန့်ခွဲနိုင်မည့်အပြင် ဦးဆောင်မှုနှင့်ဆုံးဖြတ်ချက်ချနိုင်စွမ်းရှိမည် ဖြစ်သည်။

## ဒေသစီမံကိန်းများ၏ ရေရှည်တည်တံ့သောအကျိုးသက်ရောက်မှုအတွက် အရေးကြီးသည့် အခြေခံလက္ခဏာရပ်များ

ဒေသကိုအခြေခံ၍ပြုလုပ်သောစီမံကိန်းတစ်ခုကို အကောင်အထည်ဖော်လုပ်ဆောင်နေသည့် ကာလအတွင်း ဒေသခံများမှ စီမံကိန်း၏အကျိုးကျေးဇူးများကို စီမံကိန်းပြီးဆုံးသည့်အခါတွင် ဆက်လက်ရရှိစေရန် သေချာအောင်ကူညီသော အဓိကလက္ခဏာရပ်များရှိပါသည်။

ဒေသဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများကို ရေရှည်တည်တံ့မှုကိုထိန်းသိမ်းနိုင်ရန်အတွက် လိုအပ်သော အစိတ်အပိုင်း(၃)ခု ရှိပါသည်။

တိုးတက်မှုအပိုင်းတွင် ရုပ်ပိုင်းဆိုင်ရာ တိုးတက်ကောင်းမွန်မှု (အစားအစာ အထောက်အပံ့/ ကောင်းမွန်သော ကျန်းမာရေး/ စိတ်ဖိစီးမှုကိုလျှော့ချခြင်း)




ပိုင်ဆိုင်မှုအပိုင်းတွင် စီမံကိန်း တိုးတက်အောင် လမ်းညွှန်နိုင်သည့် အကြံဉာဏ်များ၊ လုပ်ငန်း အဆင့်ဆင့်နှင့် ရလဒ်များကို ဒေသခံများမှပိုင်ဆိုင်ခြင်း။

စွမ်းရည်မြှင့်တင်ပေးမှု အပိုင်းတွင် ဒေသခံများ၏ စွမ်းရည်မြှင့်တင်ခြင်း။

ရေရှည်တည်တံ့ရန်ထိန်းသိမ်းမှုအားစတင်ခြင်းနှင့် ဆက်လက်ထိန်းသိမ်းမှုကို အခြေခံလုပ်ဆောင်ချက်(၃)ရပ် ဖြင့်ဖော်ပြနိုင်သည်။

၁။ လုပ်ဆောင်မှုများကိုအကောင်အထည်ဖော်ထုတ်နိုင်ရန်အတွက် လိုအပ်သောအရင်းအမြစ်များကို ဖြည့်ဆည်းပြုလုပ်ပေးခြင်း။

၂။ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အရင်းအမြစ်များကို ထိရောက်စွာအသုံးပြုနိုင်ရန်အတွက် အသိပညာအတတ်ပညာများကို သင်ကြားပေးခြင်း။

၃။ ဒေသခံလူမှုဝန်းကျင်အား မူလအစမှာတည်းကပင် ဆုံးဖြတ်ချက်ချသည့်လုပ်ငန်းစဉ်များဖြစ်သည့် အကဲဖြတ်ခြင်း၊ အစီအစဉ်ရေးဆွဲခြင်း၊ ပုံဖော်ခြင်းနှင့်အစီအစဉ်ကိုအကောင်အထည်ဖော်ခြင်းများတွင် လုပ်ပိုင်ခွင့်ပေးအပ်၍ စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်းဖြစ်သည်။

## လေ့ကျင့်ခန်း(၁)

အောက်ပါရေရှည်တည်တံ့သော စီမံကိန်းတစ်ခုအကြောင်း၏ဥပမာကိုဖတ်ရှုပြီး မေးခွန်းများဖြေဆိုပါ။

စီမံကိန်းအကျဉ်းချုပ်

စီမံကိန်းအဖွဲ့တစ်ခုသည် ၎င်းတို့ဦးတည်သည့်လူမှုဝန်းကျင် ဒေသတွင် သောက်သုံးရေသန့်ရရှိရေးသည် ပြဿနာတစ်ရပ် ဖြစ်သည်ကိုသိရှိရသည်။ စီမံကိန်းစတင်ရန် အစီအစဉ် ရေးဆွဲချိန်အတွင်း စီမံကိန်းအဖွဲ့ဝင်များနှင့် ဒေသခံများမှ သောက်သုံးရေစစ်ပုံးအတွက် လိုအပ်သောပစ္စည်းများကို စုဆောင်း၍ စီမံကိန်းလုပ်ငန်းမစတင်မီ ပစ္စည်းများ လုပ်ငန်းခွင်တွင်ရောက်ရှိပြီးဖြစ်စေရန် လုပ်ဆောင်ကြသည်။ စီမံကိန်းအဖွဲ့ဝင်များနှင့် ဒေသခံများအတူတကွပူးပေါင်း၍ သောက်သုံးရေစစ်ပုံးကို ၎င်းဒေသအတွက်တီထွင်ပြုလုပ်ခဲ့ သည်။ ရေစစ်စနစ်ကို ပြုလုပ်ဆောင်ရွက်ပြီးသည့်နောက် စီမံကိန်းအသင်းသားများမှ သောက်သုံးရေစစ်ပုံးကို မည်ကဲ့ သို့ထိန်းသိမ်းရမည်ကိုသင်ကြားပြသခဲ့သည်။ ဤအရာသည် ဒေသခံများအား သောက်ရေစစ်ပုံးမှအကျိုးကျေးဇူးကို ရေရှည်ခံစားရရှိနိုင်စေရန်သေချာစေသည်။ ယခုအခါတွင်မူ ဒေသခံများမှမိမိတို့ကိုယ်တိုင် သန့်ရှင်းသောရေအရင်းအမြစ်ကို ပေးစွမ်းလာနိုင်ခဲ့သည်။

၁။ ဤအကြောင်းအရာမှ ရေရှည်တည်တံ့မှုနှင့်စပ်လျဉ်းသော လက္ခဏာရပ်(၃)မျိုးကိုဖော်ပြပါ။

၂။ ထိုအကြောင်းအရာမှ ရေရှည်တည်တံ့မှု၏လက္ခဏာရပ် တစ်ခုစီနှင့် ကိုက်ညီသောလုပ်ဆောင်ချက်များကို ဖော်ပြပါ။

၃။ ၎င်းစီမံကိန်းရေရှည်တည်တံ့မှုရှိ/မရှိ သင်၏ထင်မြင်ချက် ကို ရှင်းပြပါ။



အကြံပြုချက်။ ။တစ်ဦးချင်းအလိုက်၊ ထို့နောက်နှိုင်းယှဉ်ရန်နှစ်ယောက်တစ်တွဲ တွဲပါ။

အဖြေများမှာ-

1. တိုးတက်မှု- ယခုအခါသန့်ရှင်းသောရေရှိကြသည်။
   ပိုင်ဆိုင်မှု- ဒေသခံအဖွဲ့ဝင်များမှ စီမံကိန်းအကောင်အထည်ဖော်ရာတွင် တာဝန်ရှိသူများဖြစ်သည်။
   စွမ်းရည်မြှင့်တင်ပေးမှု- ဒေသခံအဖွဲ့ဝင်များမှ သန့်ရှင်းရေများဖြန့်ဝေရန် ကိုယ်တိုင်လုပ်ဆောင်နိုင်စွမ်းရှိပြီး ထိုစနစ်ကိုထိန်းသိမ်းနိုင်စွမ်းရှိသည်။

2. တိုးတက်မှု- ဒေသခံအဖွဲ့ဝင်များမှ သန့်ရှင်းသောရေရရှိရေးမှာ အရေးကြီးဆုံးသောလိုအပ်ချက်ဖြစ်သည်ဟုသတ်မှတ်သဖြင့် ယခုအခါသန့်ရှင်းရေအရင်းအမြစ်ကိုရရှိပြီဖြစ်သည်။ ဤအရာသည် အရေးကြီးရခြင်းမှာ ဒေသခံများမှမိမိတို့၏လိုအပ်ချက်များကို မဖော်ပြနိုင်သ၍ စီမံကိန်း၏ လုပ်ဆောင်ချက်များကို တိုးတက်မှုတစ်ခုဟု ရှုမြင်နိုင်မည်မဟုတ်ပါ။
   ပိုင်ဆိုင်မှု - ဒေသခံအဖွဲ့ဝင်များမှ ဒေသရှိလိုအပ်သည့်ပစ္စည်းများရှာဖွေခြင်းနှင့် ရေစစ်သည့်စနစ်တည်ဆောက်ရာတွင်တာဝန်ရှိသည်။ သို့မှသာ စီမံကိန်း၌မိမိတို့ရင်းနှီးထားသော အချိန်နှင့်အင်အားကြောင့်သာလျှင် ၎င်းစနစ်အားဆက်လက်ထိန်းသိမ်းလိုစိတ်ရှိမည်ဖြစ်သည်။
   စွမ်းရည်မြှင့်တင်ပေးမှု - ဒေသခံအဖွဲ့ဝင်များမှ သင်တန်းတက်ရောက်ခြင်းဖြင့် ရေစစ်သည့်စနစ်ကိုတည်ဆောက်ထိန်းသိမ်းခြင်းအတတ်ပညာကိုရရှိခြင်းကြောင့် မိမိတို့၏အရည်အချင်းနှင့်ဗဟုသုတကိုတိုးချဲ့မြှင့်တင်နိုင်ခဲ့သည်။ ဒေသခံများမှ စီမံကိန်းတွင်လည်းတက်ကြွစွာပါဝင်ပြီး ဆုံးဖြတ်ချက်ချရာတွင်၎င်း၊ အရင်းအမြစ်များရှာဖွေစုဆောင်းရာတွင်၎င်း တာဝန်ယူထိန်းချုပ်ကြသည်။

3. သင်တန်းသားများ၏အဖြေများကွဲပြားနိုင်သည်- ဤစီမံကိန်း ရေရှည်တည်တံ့နိုင်ရမည်။ အဘယ်ကြောင့်ဆိုသော် ဆက်လက်ထိန်းသိမ်းနိုင်မှုနှင့်ဆိုင်သော အချက်(၃)ချက်နှင့်ကိုက်ညီသည့်အပြင် ဒေသခံများမှအရည်အချင်းရှိခြင်း၊ ဆောင်ရွက်လိုစိတ်ရှိခြင်းနှင့် ဆက်လက်စောင့်ရှောက်တာဝန်ယူနိုင်ခြင်းတို့ကြောင့်ဖြစ်သည်။

## ၂.၂.၄ အကျိုးသက်ရောက်မှု

ဆွေးနွေးပါ။

သင်တန်းသားများ၏အဖြေများကွဲပြားနိုင်သည်။ ဖြစ်နိုင်ခြေရှိသည့်အဖြေများမှာ-

၁။ အကြောင်းမှာသူတို့၏အမှိုက်များကိုစွန့်ပစ်ရန် သင့်တော်သည့်နေရာမရှိပါ။

အကြောင်းမှာ ချောင်းကလေးသည် သူတို့၏အိမ်နှင့်နီးသောကြောင့် အမှိုက်ပစ်ရန်လွယ်ကူပြီး ချောင်းရေမှ အဝေးသို့သယ်ယူပေးသောကြောင့်ဖြစ်သည်။

၂။ ချောင်းရေမှာ ညစ်ညမ်းသထက်ညစ်ညမ်းလာသည်။

ညစ်ညမ်းသောချောင်းရေကြောင့် လူထု၏ကျန်းမာရေးထိခိုက်လာသည်။

ငါးမျှားရာတွင်လည်းအခက်အခဲဖြစ်လာသည်။

ချောင်းရေထဲရှိအမှိုက်များကြောင့် အိမ်နီးနားချင်းများအငြင်းပွားမှုဖြစ်ပေါ်လာသည်။

၃။ ချောင်းရေသည်လူတိုင်းအတွက်လိုအပ်ကြောင်း တွေ့ဆုံဆွေးနွေးလာကြသည်။


ချောင်းရေသည်လူတိုင်းအတွက်အရေးကြီးကြောင်း သိမြင်လာကြသည်။

အမှိုက်ကိုအခြားနည်းနှင့်စွန့်ပစ်ရန် အတူတကွစဉ်းစားလာကြသည်။

ဆွေးနွေးပြီးနောက် ရရှိလာသည့်အဖြေများကို သင်ပုန်းပေါ်တွင်ရေးချပါ။

ဤဥပမာအကြောင်းအရာအားဖြင့် မိမိတို့၏လုပ်ဆောင်မှုသည် သူတစ်ပါးအားထိခိုက်နိုင်ကြောင်း နားလည်အောင် ရှင်းပြပါ။ စီမံကိန်းရေးဆွဲရာတွင်ကောင်းကျိုးရနိုင်သမျှရရှိရန်နှင့် ဆိုးကျိုးနည်းနိုင်သမျှနည်းစေရန် အရေးကြီးသောကြောင့်ဖြစ်သည်။

အောက်ပါစာပိုဒ်ကိုသင်တန်းသားများအားဖတ်စေပါ။



## ၂.၂.၄ အကျိုးသက်ရောက်မှု

သင်သည်သူငယ်ချင်းတစ်ဦးနှင့်အတူ အိမ်နောက်ဖက်တွင်ရှိသော ချောင်းငယ်လေးနားတွင် ငါးဖမ်းနေသည်ဟု စိတ်ကူးယဉ်ကြည့်ပါ။ ငါးဖမ်းနေစဉ်အတွင်း သေးငယ်သောတစ်စုံတစ်ရာ ရေပေါ်တွင်မျောပါလာသည်ကို သတိထားမိသည်။ ထို့နောက်၎င်းအရာသည် အမှိုက်ထုပ်တစ်ထုပ်ဖြစ်နေသည်ကိုသင်သိရှိလာရသည်။ ၎င်းအထုပ်သည်ဆက်လက်၍မျောသွားသည်။ သင်တို့နှစ်ဦးစလုံးသည်လည်း ၎င်းအမှိုက်ထုပ်နှင့်ပတ်သက်၍ မည်သို့မျှမတွေးတောမိပါ။ မကြာမီတွင်အထုပ်များတစ်ထုပ်ပြီးတစ်ထုပ်မျောပါလာသည်ကို သင်တို့သတိပြုမိသွားသည်။ သင်တို့နှစ်ဦးစိတ်ရှုပ်ထွေးပြီး စိတ်မကောင်းဖြစ်မိသည်။ အဘယ်ကြောင့်ဆိုသော် သင်တို့ ငါးဖမ်းရန်နှစ်သက်သောနေရာတွင် အမှိုက်များရေထဲတွင်ရှိနေခြင်းကို သင်တို့တစ်ခါမျှမတွေ့ကြုံဖူးသောကြောင့် ဖြစ်သည်။ " အဘယ်ကြောင့်အမှိုက်များရေထဲတွင် ရှိနေရသလဲ" ဟုသင်တွေးတောလာသည်။မည်သူကမြစ်ထဲကိုအမှိုက်စွန့်ပစ်ရတာလဲ။

သင်နှင့်သင်၏သူငယ်ချင်းသည် အမှိုက်များမျောပါလာရာသို့ ဦးတည်လမ်းလျှောက်သွားသည်။ သင်တို့နှစ်ဦးသည်မကြာမီတွင်ပင် သင်တို့အိမ်နီးချင်းများ(သို့) ရွာသူရွာသားများမှ ၎င်းတို့၏အိမ်တွင်ရှိသော အမှိုက်များကို မြစ်ချောင်းထဲသို့ပစ်ချလိုက်သည့်နေရာသို့ ရောက်ရှိသွားသည်။

ဆွေးနွေးပါ။

အဘယ်ကြောင့်မိမိတို့၏အမှိုက်များအား ချောင်းထဲသို့စွန့်ပစ်ရသည်ကို သင်မည်ကဲ့သို့ထင်မြင်မိပါသနည်း။

အကယ်၍အမှိုက်များကို ဆက်လက်၍ ချောင်းထဲသို့ စွန့်ပစ်ပါက ဖြစ်ပေါ်လာနိုင်သောပြဿနာများ ကိုစာရင်းပြုလုပ်ပါ။

ဤအခြေအနေကိုဖြေရှင်းနိုင်မည့် အချို့သောနည်းလမ်းများကို ဖော်ပြပါ။

## ကောင်းကျိုးနှင့်ဆိုးကျိုးသက်ရောက်မှုကိုချိန်ဆခြင်း

> ဝေါဟာရအဓိပ္ပါယ်
>
> အကျိုးသက်ရောက်မှု : တစုံတစ်ရာ (သို့) လုပ်ဆောင်ချက်တစ်ခုခုသည် အခြားသောအရာတစ်ခု (သို့) လုပ်ဆောင်ချက်တစ်ခုပေါ်တွင် အကျိုးသက်ရောက်မှုဦးတည်သည့်လူမှုဝန်းကျင် : စီမံကိန်းလုပ်ဆောင် ပေးရန်အတွက် လိုအပ်သောသူများ

လူမှုဝန်းကျင်ဖွံ့ဖြိုးတိုးတက်မှု၏အဓိကပန်းတိုင်မှာ မလိုလားအပ်သောအခြေအနေတစ်ခုကို ပြောင်းလဲ၍ လူအများကိုအကျိုးပြုပြီး ထိခိုက်နစ်နာမှုနည်းနိုင်သမျှ နည်းစေသော ထိရောက်မှုအရှိဆုံးနှင့် အကျိုးပြုသော စီမံကိန်းအား ပုံဖော်ရေးဆွဲရန်ဖြစ်သည်။ သို့သော်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းအားလုံးသည် ဦးတည်သည့်လူမှုဝန်းကျင်၊ ၎င်း၏ပတ်ဝန်းကျင်နှင့်ထိုဒေသနစ်ခုလုံးကို ခြုံငုံထားသည့်ကျယ်ပြန့်သောပတ်ဝန်းကျင်(သို့) အဖျက်သဘောအကျိုးသက်ရောက်နိုင်သည့်အလားအလာရှိသည်။ စီမံကိန်းကြီးမားလာလေ ပိုမိုကျယ်ပြန့်သောနယ်မြေဒေသအပေါ် ကြီးမားသောသက်ရောက်မှုရှိနိုင်ခြေများသည်။ ဥပမာအားဖြင့် စီမံကိန်းကြီးတစ်ခုဖြစ်သော နိုင်ငံတော်ရေအားလျှပ်စစ်ဆည်တည်ဆောက်ခြင်းသည် ဆည်တည်ဆောက်မည့်နေရာတွင်ရှိသော သေးငယ်သောလူမှုဝန်းကျင်နှင့်ရွာများသာမက၊ ၎င်းနယ်မြေတစ်ခုလုံးနှင့် ထိုမျှမက ၎င်းနယ်မြေအနီးရှိ အခြားသောတိုင်းပြည်များအပေါ်တွင်ပါ သက်ရောက်မှုရှိနိုင်သည်။

ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းလုပ်ဆောင်သူတစ်ဦးအနေဖြင့် စီမံကိန်းရေးဆွဲထားမှုသည် ဦးတည်ရာလူမှုဝန်းကျင်၊ ၎င်း၏အနီးတဝိုက်နှင့် ထိုနယ်မြေဒေသအပေါ် မည်ကဲ့သို့သောအကျိုးသက်ရောက်မှုနှင့်သက်ဆိုင်သည့် အသိပညာဗဟုသုတရှိရန်လိုအပ်သည်။ ဤသို့သောစီမံကိန်းမျိုးသည် ဒေသခံများနှင့်အတူတကွ ရေးဆွဲရန်လိုအပ်ပြီး သူတို့၏လိုအပ်ချက်နှင့်အညီ ကောင်းသောအကျိုးသက်ရောက်မှုအများဆုံးနှင့်ဦးတည်ရာလူမှုဝန်းကျင်ပြင်ပတွင် မကောင်းသောသက်ရောက်မှုအနည်းဆုံးရှိရန် ပုံဖော်ရေးဆွဲနိုင်မည်ဖြစ်သည်။

ဒေသ၏လိုအပ်ချက်နှင့်အညီ ဒေသခံများနှင့်အတူစီမံကိန်းပုံဖော်ရေးဆွဲရာတွင် ဦးတည်သည့်လူမှုဝန်းကျင်ပတ်လည်နှင့် အပြင်ဘက်တွင်နေထိုင်သူတို့၏ဘဝတွင် ဆိုးကျိုးအနည်းငယ်သာရှိသည့် ပြောင်းလဲမှုဖြစ်နိုင်ရန်အတွက်အရေးကြီးသည်။ အကယ်၍ရရှိမည့်အကျိုးကျေးဇူးများသည် ဖြစ်နိုင်ခြေရှိသည့်ပြဿနာများထက်ကြီးမားမည်ဆိုပါက ဒေသခံများနှင့်ဦးတည်သည့် လူမှုပတ်ဝန်းကျင်အနီးတစ်ဝိုက်တွင်ရှိသောသူများမှ စီမံကိန်းကို ပိုမို၍အထောက်အပံ့ပေးနိုင်ခြေရှိသည်။ လူထု၏စွမ်းရည်ကို မြှင့်တင်ပေးခြင်းနှင့်စီမံကိန်းရေရှည်တည်တံ့မှုကို တိုးမြှင့်လုပ်ဆောင်နိုင်ရန်မှာ လူထုမှမိမိတို့၏ဘေးပတ်ဝန်းကျင်တွင်ရှိသောသူတို့နှင့် ခွဲထွက်ခြင်းထက် ဆက်ဆံရေးပိုမိုခိုင်မာလာအောင် နည်းလမ်းများဖန်တီးနိုင်မှသာဖြစ်သည်။

ကောင်းကျိုးနှင့်ဆိုးကျိုးသက်ရောက်မှုကိုချိန်ဆခြင်း

ဆွေးနွေးပါ။

သင်တန်းသားများ၏အဖြေများကွဲပြားနိုင်သည်။ ဖြစ်နိုင်ခြေရှိသောအဖြေများမှာ-

စီမံကိန်း၏အကျိုးသက်ရောက်မှုကို သိရှိနားလည်ရန်အရေးကြီးခြင်းမှာ သင်၏စီမံကိန်းအောင်မြင်မှုရှိ/မရှိ တိုင်းတာနိုင်ပြီး ဆိုးကျိုးသက်ရောက်မှု အနည်းဆုံးရှိအောင် လုပ်ဆောင်နိုင်ရန်ဖြစ်သည်။

ဒေသခံများမှလည်း အကျိုးသက်ရောက်မှုကိုသိရှိရန်အရေးကြီးရခြင်းမှာ မိမိတို့ကိုယ်တိုင်ပါဝင်လှုပ်ရှားပြီး တိုးတက်မှုရလဒ်ကိုရရှိခြင်းဖြင့် မိမိတို့ခံစားရသောဆိုးကျိုးများကိုလည်း ဝင်ရောက်ဆွေးနွေးနိုင်မည်ဖြစ်သည်။

စီမံကိန်းတစ်ခုမှ မည်သို့အကျိုးသက်ရောက်မှုရှိမည်ကို အောက်ပါအချက်များမှဖော်ထုတ်နိုင်မည်။

- ဒေသခံအဖွဲ့ဝင်များကိုမေးမြန်းခြင်း- ဒေသတွင်းရှိ အမျိုးမျိုးသောအဖွဲ့ငယ်များကို မေးမြန်းနိုင်ရန်သေချာအောင်ပြုလုပ်ပါ
- အိမ်နီးနားပတ်ဝန်းကျင်ဒေသများကိုမေးမြန်းခြင်း
- စီမံကိန်းဒေသကိုလေ့လာခြင်း
- အခြားဒေသရှိအလားတူစီမံကိန်း၏ အကျိုးသက်ရောက်မှုကိုရှာဖွေဖော်ထုတ်ခြင်း

## လေ့ကျင့်ခန်း(၁)

အကြံပြုချက်။ ။အိမ်တွင်တစ်ဦးချင်းစီလေ့လာမှု၊ ထို့နောက်အတန်းထဲတွင်နှိုင်းယှဉ်ရန် အဖွဲ့ငယ်များဖွဲ့ပါ။

သင်တန်းသားများ၏အဖြေများကွဲပြားလိမ့်မည်။

### လေ့ကျင့်ခန်း(၁)

လူအများမှစီမံကိန်းလုပ်ဆောင်ရန်မလိုလားသည့်သတင်းကို ကြားသိမြင်တွေ့ရပြီးနောက် စီမံကိန်းပြောင်းလဲ သင့်၊မသင့်လေ့လာခြင်း

- သူတို့သည်စီမံကိန်းအနီးတွင် နေထိုင်လုပ်ကိုင်သောသူများ(သို့) ထိုသူတို့အပေါ်သွယ်ဝိုက်သော နည်းလမ်းဖြင့်သက်ရောက်မှုရှိပါသလား။
- အဘယ်ကြောင့်၄င်းစီမံကိန်း (သို့) ပြောင်းလဲမှုကိုရပ်တန့်အောင် ပြုလုပ်ချင်ကြသနည်း။ သူတို့အောင်မြင်မည်ဟု သင်ထင်မိပါသလား။


ဆွေးနွေးပါ။

- လူမှုဝန်းကျင်စီမံကိန်းတစ်ခု၏ အကျိုးသက်ရောက်မှုကိုနားလည်ရန် အဘယ်ကြောင့် အရေးကြီးသနည်း။
- စီမံကိန်းတစ်ခုတွင်ဖြစ်ပေါ်နိုင်မည့်ကောင်းကျိုးနှင့် ဆိုးကျိုးသက်ရောက်မှုများကို သင်မည်ကဲ့သို့ဖော်ပြနိုင်မည်နည်း။






# အခန်း(၂) ဦးတည်ချက်(၁)



## အကျိုးသက်ရောက်မှုကိုချင့်ချိန်ခြင်း - စကားရည်လုခြင်း

အခြေအနေ း သင်သည်ရေအားလျှပ်စစ်ထုတ်ဝေပေးမည့် ဆည်တည်ဆောက်ရေးအစည်းအဝေးသို့ တက်ရောက်နေသည်။ ဤအစည်းအဝေး၏ရည်ရွယ်ချက်မှာ စီမံကိန်းကိုရှေ့ဆက်တိုးသင့်၊ မသင့်အတွက် ဆုံးဖြတ်ချက်ချရန်ဖြစ်သည်။

အဖွဲ့နှစ်ဖွဲ့ခွဲပါ။ ထို့နောက် ရရှိသည့်သတင်းအချက်အလက်များအရ စကားရည်လုပွဲတစ်ခုကို ပြုလုပ်ပါ။ အဖွဲ့(၁)မှ အောက်ပါပေးထားသောအကြောင်းအရာကို ဖတ်ရှုပါ။ ထို့နောက်အဖွဲ့(၂)မှ လာမည့်စာမျက်နှာရှိ အကြောင်းအရာကိုကြည့်ရှုပါ။

# အခန်း(၂) ဦးတည်ချက်(၁)

အကျိုးသက်ရောက်မှုကို ချင့်ချိန်ခြင်း - စကားရည်လုခြင်း

အဖွဲ့နှစ်ဖွဲ့ခွဲပြီး ကျောင်းသားများအား ပေးထားသောအချက်အလက်အပေါ် မူတည်၍ စကားရည်လုရန်အတွက် ပြင်ဆင်ချိန်ပေးပါ။

## အဖွဲ့(၁)

အကြံပြုချက် - အဖွဲ့လိုက်လုပ်ဆောင်ရန်

သင်တန်းသားများ၏အဖြေမှာကွဲပြားလိမ့်မည်။ဖြစ်နိုင်ခြေရှိသောအဖြေများမှာ-

သင်၏ငြင်းဆိုမှုကိုထောက်ပံ့ပေးမည့်အကြောင်းပြချက်များ-

- မြို့တွင်းအတွက်ရရှိရန် လျှပ်စစ်ကိုငှင်းဆည်မှပေးစွမ်းနိုင်ပြီး မီးပြတ်တောက်မှုကိုလျှော့ချနိုင်မည်။
- လူထုမှပိုမိုကောင်းမွန်သောလူနေမှုဘဝကိုရရှိမည်။ဥပမာ-လေအေးပေးစက်တပ်ဆင်အသုံးပြုနိုင်ခြင်း
- စီးပွားရေးလုပ်ငန်းများအနှောင့်အယှက်မရှိ လည်ပတ်လာနိုင်မည်ဖြစ်သောကြောင့် လုပ်ငန်းများနှင့် လူထုမှလည်း ငွေကြေးပိုမိုရရှိမည်ဖြစ်သည်။
- ငွေကြေးပိုမိုရရှိခြင်းကြောင့် ၄င်းမြို့သည်ပိုမို၍လွှမ်းမိုးမှုရှိလာမည်။
- ကလေးများမှလည်း ကောင်းမွန်သောမီးအလင်းရောင်ဖြင့် အိမ်စာပြုလုပ်နိုင်ကာ ကျောင်းစာတွင်လည်း ပိုမိုတိုးတက်လာမည်။
- လျှပ်စစ်မီးအဆက်မပြတ်ရရှိပါက ဆေးရုံမှလည်းလူနာများကို ပိုမိုကောင်းမွန်သောဝန်ဆောင်မှုများပေး နိုင်မည်။
- မီးပြတ်တောက်သည့်အချိန်တွင် လူအနည်းစုမှဒီဇယ်ဆီသုံးမီးစက်များကိုအသုံးပြုသောကြောင့် လေထု ညစ်ညမ်းမှုများလျှော့ချနိုင်မည်။
- ဤမြို့မှာပိုမိုတိုးတက်ခေတ်မီလာပြီး လာရောက်လည်ပတ်သူများ၊ ရင်းနှီးမြုပ်နှံသူများနှင့်ခရီးသွား
- များကိုဆွဲဆောင်နိုင်မည်ဖြစ်သည်။

ဆိုးကျိုးများ

- မြို့သို့ပြောင်းရွှေ့နေထိုင်သူများပြားလာမည်ဖြစ်သောကြောင့် လူနေထူထပ်လာမည်။
- လျှပ်စစ်မီးမှာဈေးကြီးလာနိုင်ပြီး မီတာခများစွာပေးဆောင်ရနိုင်သည်။
- ရွာသူရွာသားများအား ပေးချေရမည့်လျော်ကြေးငွေကို မည်သည့်နေရာတွင်ရရှိမည်နည်း။
- လျှပ်စစ်မီးများဈေးမြင့်တက်လာနိုင်သည် (သို့) အခွန်များလည်းပေးဆောင်ရမည်ဖြစ်သည်။
- လယ်မြေများရေနစ်မြုပ်သွားပါက စားသောက်ကုန်များဈေးမြင့်တက်လာနိုင်သည်။

# အဖွဲ့ (၁)

နောက်ခံအကြောင်းအရာ အချက်အလက်များကိုဖတ်ပါ။



နောက်ခံအကြောင်းအရာ ႏ
သင်သည်သင့်ဘဝတစ်လျှောက်လုံးတွင် မြို့ငယ်လေးတစ်ခုထဲတွင်ပင်နေထိုင်ခဲ့ သည်။ ဤမြို့သည်သင့်နိုင်ငံ၏ တောင်ပိုင်းတွင်တည်ရှိပြီးရာသီဥတုမှာ အလွန်ပူသည်။ မကြာမီနှစ်အတောအတွင်းတွင် အနီးတစ်ဝိုက်ကျေးလက်ဒေသမှ လာရောက်ပြောင်းရွှေ့နေထိုင်သူများကြောင့် မြို့ကလေး၏ အရွယ်အစားမှာ လျှင်မြန်စွာကြီးထွားလာသည်။ ကြီးထွားလာသောလူဦးရေကြောင့် လျှပ်စစ်မီးဖြန့်ဝေမှုမှာ အားလုံးအတွက်လုံလောက်မှုမရှိ၊ထို့အပြင်လျှပ်စစ်မီးဖြတ်တောက်မှုလည်း အဖြစ်များလာသည်။ စီးပွားရေးလုပ်ငန်းများသည် လျှပ်စစ်မီးပုံမှန်မရရှိသောကြောင့် အခက်အခဲများနှင့်ရင်ဆိုင်ကြုံတွေ့နေရသည်။ ကလေးသူငယ်များမှလည်း အလင်းရောင်လုံလောက်စွာမရှိသောကြောင့် ကျောင်းစာလုပ်ရန်မှာ အခက်အခဲရှိသည်ဟု အပြစ်တင်ပြောဆိုလာသည်။

ထင်မြင်ချက် ႏ သင်သည် ဆည်တည်ဆောက်ရန်အတွက် အားပေးထောက်ခံသူတစ်ဦးဖြစ်သည်။

- သင်နှင့်သင်၏လူမှုဝန်းကျင်သည် ဆည်တည်ဆောက်ခြင်းမှ မည်ကဲ့သို့သော အကျိုးကျေးဇူးများ ရရှိမည်နည်း။
- သင်၏အဆိုပြုချက်ကိုထောက်ခံရန်အတွက် အကြောင်းရင်းများကိုစာရင်းပြုလုပ်ပါ။
- ဤစီမံကိန်းမှသင်၏လူမှုဝန်းကျင်အား ဆိုးကျိုးသက်ရောက်စေမည့် အချက်(၃) ချက်ကိုဆုံးဖြတ်ပါ။
- အခြားအဖွဲ့နှင့် စကားရည်လုပွဲဆင်နွှဲကာ သဘောတူညီမှုရရှိအောင် ကြိုးစားပါ။

# အခန်း (၂) ဦးတည်ချက်



အဖွဲ့(၂)
နောက်ခံအကြောင်းအရာများကို ဖတ်ရှုပါ။

နောက်ခံအကြောင်းအရာ ။ သင်သည်မြောက်ဘက်ပိုင်းရာသီဥတုအေးမြသောရွာငယ်လေးတွင်နေထိုင်သည်။ သင်၏ရွာကလေးသည် ဆည်တည်ဆောက်မည့်နေရာအနီးရှိတောင်ကြားတွင်တည်ရှိသည်။ ၄င်းနေရာတွင်လည်း သင်ပိုင်ဆိုင်ထားသောလယ်ကွင်းများရှိသည်။ ဆည်တည်ဆောက်သည့်အခါ တောင်ကြားဒေသမှာ ရေလွှမ်းမိုးခြင်းခံရမည်ဖြစ်ပြီး သင့်ကျေးရွာနှင့်မြေနေရာလည်း ဖျက်ဆီးခံရမည်ဖြစ်သည်။ သင်၏မိသားစုမျိုးရိုးစဉ်ဆက်တလျှောက်လုံး ဤတောင်ကြားတွင်နေထိုင်ခဲ့ပြီး သင်ဘယ်သို့သွားရမည်ကိုမသိဘဲဖြစ်နေသည်။ ထို့အတူဆုံးရှုံးသွားသောသီးနှံများအားလုံးကို ပြန်လည်စိုက်ပျိုးရန်အတွက် သင့်တွင်ငွေအလုံအလောက်မရှိပေ။

ထင်မြင်ချက် ။ သင်သည်ဆည်တည်ဆောက်ရန် အလိုမရှိပါ။

သင်နှင့်သင်၏လူမှုဝန်းကျင်သည် ဆည်တည်ဆောက်ခြင်းမှ မည်ကဲ့သို့သောဆိုးကျိုးများသက်ရောက်နိုင်သနည်း။

သင်၏အဆိုပြုချက်ကိုထောက်ခံရန်အတွက် အကြောင်းရင်းများကိုစာရင်းပြုလုပ်ပါ။

ဤစီမံကိန်းမှသင်၏လူမှုဝန်းကျင် အကျိုးကျေးဇူးရရှိနိုင်မည့်အချက် (၃) ချက်ကို စဉ်းစားဆုံးဖြတ်ကြည့်ပါ။

အခြားတစ်ဖွဲ့နှင့် စကားရည်လုပွဲဆင်နွှဲကာ သဘောတူညီမှုရရှိအောင်ကြိုးစားပါ။

## အဖွဲ့ (၂)

အကြံပြုချက်။ ။ အဖွဲ့လိုက်လုပ်ဆောင်ရန်

သင်တန်းသား၏အဖြေများကွဲပြားမှုရှိလိမ့်မည်။ ဖြစ်နိုင်ခြေရှိသောအဖြေများမှာ-

သင်၏ငြင်းဆိုချက်ကို ထောက်ပံ့ပေးမည့်အကြောင်းပြချက်များ

- သင့်အိမ်နှင့်မြေကိုဆုံးရှုံးရလိမ့်မည်။
- လယ်ယာစိုက်ပျိုးခြင်းမှတဆင့်ဝင်ငွေမရရှိပါက သင်၏မိသားစုကိုထောက်ပံ့မပေးနိုင်ပါ။
- အဘယ်သို့ပြောင်းရွှေ့ရမည်ကိုသင်မသိသလို သင်၏လူမှုဝန်းကျင်ရှိ သူငယ်ချင်းများ၊ အိမ်နီးနားချင်းများ၊ အသင်းအဖွဲ့များနှင့် အဆက်အသွယ်ပြတ်တောက်သွားနိုင်သည်။
- သင့်မိသားစု၏သမိုင်းကြောင်းပျောက်ဆုံးသွားနိုင်သည် - အကယ်၍လျော်ကြေးငွေဖြင့် အိမ်အသစ်တစ်လုံးသင်ဝယ်ယူနိုင်ခဲ့သော်လည်း သင့်မိသားစု၏သမိုင်းကြောင်းကို ပြန်လည်အစားမထိုးနိုင်ပါ။
- သင်သည်လယ်သမားဖြစ်ခဲ့သည့်အလျောက် အခြားအလုပ်လုပ်ဆောင်ရန်အရည်အချင်းမရှိပါ။
- ၄င်းဆည်သည် ပတ်ဝန်းကျင်ကိုထိခိုက်ဖျက်ဆီးစေနိုင်သည် -မြေ၊သစ်ပင်များ၊အပင်များနှင့် တိရစ္ဆာန်များဖျက်ဆီးခြင်းခံရနိုင်သည်။
- ၄င်းဆည်ကိုတည်ဆောက်ပါက အနှောင့်အယှက်များစွာရှိမည်ဖြစ်ပြီး အချိန်ကြာမည်ဖြစ်သောကြောင့် အကယ်၍ အနီးအနားတစ်နေရာသို့ သင်ပြောင်းရွှေ့သွားသော်လည်း ကုန်တင်ကားများနှင့်ဆောက်လုပ်ရေးသုံးပစ္စည်းများကြောင့် ဆူညံသံများနှင့် ယာဉ်ကြောပိတ်ဆို့မှုများရှိမည်ဖြစ်သည်။

အကျိုးကျေးဇူးများ

- အကယ်၍လျော်ကြေးငွေရရှိပါက ကောင်းမွန်သောအိမ်အသစ်တစ်လုံးသင်ဆောက်လုပ်နိုင်မည်။
- နီးစပ်ရာမြို့သို့သင်ရွှေ့ပြောင်းပါက ၊ သင်၏ကလေးများအတွက် ကောင်းမွန်သောပညာရေးနှင့် သင်တန်းအခွင့်အလမ်းများရရှိနိုင်မည်။
- ဆည်ဆောက်လုပ်ရေးစီမံကိန်းမှ အနီးတစ်ဝိုက်နယ်မြေအတွက် ကောင်းမွန်သောလမ်းများနှင့် သယ်ယူပို့ဆောင်ရေး အဆင်ပြေကောင်းမွန်လာအောင် ပြုလုပ်ပေးနိုင်သည်။

အဖွဲ့နှစ်ဖွဲ့အားလုံးပြင်ဆင်ပြီးသည့်အချိန်တွင် - စကားရည်လုပွဲစတင်ရန်ပြုလုပ်ပါ။

သင်တန်းသားများအား အကြောင်းအရာကိုပြန်လည်အမှတ်ရစေပါ။ ဆွေးနွေးပွဲ၏ အဓိကရည်ရွယ်ချက်မှာ ဆည်ကိုဆက်လက်ဆောက်လုပ်သင့်/မသင့်ကိုဆုံးဖြတ်ရန်ဖြစ်သည်

အကယ်၍သဘောမတူညီမှုများပြင်းထန်ပါက ဆည်စီမံကိန်းကို ဆက်လက်မလုပ်ဆောင်နိုင်ပါ။

ဤအခြေအနေတွင် သင်တန်းသားများအား အခြားသောနည်းလမ်းများကို စဉ်းစားကြည့်ရန်တိုက်တွန်းပါ။

## စကားရည်လုပွဲပြီးဆုံးချိန်တွင်

စကားရည်လုပွဲ၏ရည်ရွယ်ချက်မှာ - သင်တန်းသားများမှစီမံကိန်းများသည် လူအမျိုးမျိုးအပေါ် အမျိုးမျိုးသော နည်းလမ်းများဖြင့် မည်ကဲ့သို့အကျိုးသက်ရောက်မှုရှိသည်ကိုသိရှိစေလိုခြင်းဖြစ်သည်။ သင်တန်းသားများအား ၎င်းတို့၏ စီမံကိန်းအပေါ် ကွဲပြားသော တုံ့ပြန်မှုများကို နှိုင်းယှဉ်စေပါ။

အကြံပြုချက်။ ။အတန်းတစ်တန်းလုံး

သင်တန်းသားများ၏အဖြေများကွဲပြားနိုင်သည်။

ဆိုးကျိုးများအနည်းဆုံးဖြစ်ရန် အောက်ပါနည်းဗျူဟာများ ပါဝင်နိုင်ပါသည် -

- ရွာသားများထံ လျော်ကြေးငွေပေးအပ်ခြင်း
- ရွာသားများပြောင်းရွှေ့နေထိုင်နိုင်မည့်နေရာသစ်တစ်ခုနှင့် လယ်ယာစိုက်ပျိုးနိုင်မည့်မြေကို ရှာဖွေ နေရာချထားပေးခြင်း
- ရွာသားများအရည်အချင်းအသစ်များရရှိရန် သင်တန်းများပေးခြင်း

## စကားရည်လုပွဲပြီးဆုံးချိန်တွင်

အောက်ပါမေးခွန်းများကိုဖြေဆိုပါ။

၁။ စကားရည်လုပွဲ၏ရလဒ်ကို သင်ကျေနပ်မှုရှိပါသလား။

၂။ သဘောတူညီမှုကို မည်ကဲ့သို့ရရှိခဲ့သနည်း။ ၄င်းမှာ လွယ်ကူပါသလား။





# အခန်း(၃)

## အဆင့်(၁) ။ အခြေအနေကိုခွဲခြမ်းစိတ်ဖြာခြင်း – အချက်အလက်များစုဆောင်းခြင်း

၃.၁ ရေမြေဒေသအကြောင်းအရာအပေါ် ဆုံးဖြတ်ချက်ချခြင်း

၃.၂ အချက်အလက်ကောက်ယူခြင်း

  ၃.၂.၁ လေ့လာစစ်ဆေးရမည့်အချက်အလက်များစာရင်း

  ၃.၂.၂ စစ်တမ်းကောက်ရာတွင်မေးမြန်းသောမေးခွန်းများ၊ တွေ့ဆုံမေးမြန်းခြင်း နှင့်ဆွေးနွေးသည့်အဖွဲ့များ

၃.၃ နည်းစနစ်ဖွံ့ဖြိုးတိုးတက်မှု

ဤသင်ခန်းစာပြီးဆုံးပါက ကျောင်းသားများမှ -

- မိမိအလုပ်လုပ်ကိုင်နေသော လူမှုဝန်းကျင်ကို ဖော်ပြနိုင်မည်။
- အချက်အလက်ကောက်ယူမှု နည်းလမ်းအမျိုးမျိုးကို ဖော်ပြနိုင်မည်။
- အချက်အလက်ကောက်ယူပုံ နည်းပညာအမျိုးမျိုးကို ဖန်တီးလာနိုင်မည်။



# အခန်း(၃)

## အဆင့်(၁) ။ အခြေအနေကိုခွဲခြမ်းစိတ်ဖြာခြင်း – အချက်အလက်များစုဆောင်းခြင်း

၃.၁ ရေမြေဒေသအကြောင်းအရာအပေါ် ဆုံးဖြတ်ချက်ချခြင်း
၃.၂ အချက်အလက်ကောက်ယူခြင်း
    ၃.၂.၁ လေ့လာစစ်ဆေးရမည့်အချက်အလက်များစာရင်း
    ၃.၂.၂ စစ်တမ်းကောက်ရာတွင်မေးမြန်းသောမေးခွန်းများ၊ တွေ့ဆုံမေးမြန်းခြင်း နှင့်ဆွေးနွေးသည့်အဖွဲ့များ
၃.၃ နည်းစနစ်ဖွံ့ဖြိုးတိုးတက်မှု

ဤသင်ခန်းစာပြီးဆုံးပါက ကျောင်းသားများမှ -

- မိမိအလုပ်လုပ်ကိုင်နေသော လူမှုဝန်းကျင်ကို ဖော်ပြနိုင်မည်။
- အချက်အလက်ကောက်ယူမှု နည်းလမ်းအမျိုးမျိုးကို ဖော်ပြနိုင်မည်။
- အချက်အလက်ကောက်ယူပုံ နည်းပညာအမျိုးမျိုးကို ဖန်တီးလာနိုင်မည်။

# ၃.၁ ရေမြေဒေသအကြောင်းအရာကို နားလည်ခြင်း

လေ့ကျင့်ခန်း(၁)

အကြံပြုချက်။ ။ တစ်ဦးချင်းစီ၊ ထို့နောက်နှိုင်းယှဉ်ရန် နှစ်ယောက်တစ်တွဲ တွဲပါ။

မေးခွန်းများအားလုံး၏အဖြေကို ပြဌာန်းစာအုပ်ထဲတွင်မတွေ့ရှိနိုင်ပါ။ ကျောင်းသားများမှ ကိုယ်တိုင်တွေးခေါ်ကာ အဖြေထုတ်ရမည်ဖြစ်သည်။

အဖြေများမှာ-

၁။ မှန် - အခြေနေရပ်တစ်ခုကိုပြည့်စုံစွာသုံးသပ်ခြင်းဆိုသည်မှာ လူမှုဝန်းကျင်မည်သို့လည်ပတ်သည်ကို လေ့လာခြင်းဖြစ်သည်။

၂။ မှန် - ဤအရာအားလုံးသည် စီမံကိန်းမစတင်မီ လူမှုဝန်းကျင်တစ်ခုကိုသိကျွမ်းရန်အတွက် အရေးကြီးသောအချက်များဖြစ်ပြီး ၎င်းတို့ကိုအခြေနေရပ်သုံးသပ်မှုတွင် စူးစမ်းစစ်ဆေးရမည်ဖြစ်သည်။

၃။ မှား - ဒေသခံအဖွဲ့ဝင်များသာလျှင် မိမိတို့၏ပြဿနာများနှင့် မိမိတို့မြင်တွေ့ချင်သည့်ပြောင်းလဲမှုများကို ဖော်ထုတ်တင်ပြရန် အသင့်တော်ဆုံးသူများဖြစ်သည်။

၄။ မှန် - အခြေနေရပ်သုံးသပ်မှုမှရရှိသော သတင်းအချက်အလက်များကိုအသုံးပြုကာ စီမံကိန်း၏ပန်းတိုင်နှင့် လုပ်ဆောင်မှုများကို တိုးတက်အောင် ပြုလုပ်သင့်သည်။

၅။ မှား - စီမံကိန်းစီမံအုပ်ချုပ်သူများနှင့် ဒေသခံအဖွဲ့ဝင်များ နှစ်ဦးနှစ်ဖက်လုံးသည် စီမံကိန်းမည်မျှအောင်မြင်မှုရရှိသည်ကို အကဲဖြတ်ဆုံးဖြတ်သည့်နေရာတွင် ပါဝင်ရမည်။

# ၃.၁ ရေမြေဒေသအကြောင်းအရာကို နားလည်ခြင်း

ယခင်အခန်းမှလူမှုဝန်းကျင်အကြောင်းနှင့် ဖွံ့ဖြိုးတိုးတက်ရန်အချက်များကိုလေ့လာပြီးဖြစ်သည်။ ဤကဲ့သို့ နားလည်သိရှိခြင်းဖြင့် ပထမအဆင့်အနေနှင့် စီမံကိန်းစီမံခန့်ခွဲသူမှ မိမိတာဝန်ယူဆောင်ရွက်မည့်ဒေသ အကြောင်းသိရှိရန်လိုသည်။ ဤသို့ဒေသအကြောင်းသိရှိရန် လေ့လာခြင်းကိုတစ်နည်းအားဖြင့် "အခြေအနေကို ခွဲခြမ်းစိတ်ဖြာခြင်း" ဟုခေါ်သည်။ စီမံကိန်းမန်နေဂျာမှ ဒေသအကြောင်းသိရှိနားလည်ခြင်းဖြင့် ဒေသ၏အခြေ အနေနှင့်သက်ဆိုင်သည့်ဗဟုသုတကို တိုးမြှင့်သိရှိနိုင်သည်။ သို့ဖြင့်စီမံကိန်းပန်းတိုင်ရောက်ရန် မည်သို့လုပ်ဆောင်ရမည်ကို ဒေသခံများနှင့်ပူးပေါင်းကာ စဉ်းစားတွေးခေါ်လာနိုင်မည်ဖြစ်သည်။ အခြေအနေကိုသုံးသပ်ခြင်းသည် စီမံကိန်းမရေးဆွဲမီစတင်လုပ်ဆောင်သင့်သည်။ ဤသို့ချဉ်းကပ်ခြင်းသည် ဒေသ၏အမှန်တကယ်လိုအပ်ချက်နှင့် ကိုက်ညီသောစီမံကိန်းပန်းတိုင်သို့ရောက်ရှိရန် လိုအပ်သည့် အသုံးဝင်သော၊ တိကျသောသတင်းအချက်အလက်ကိုရရှိနိုင်သည်။

## လေ့ကျင့်ခန်း(၁)

အောက်ပါဝါကျကို ဖတ်ပြီးအမှား၊ အမှန်ခြစ်ပါ။

၁။ ပြည့်စုံသောအခြေအနေကို ခွဲခြမ်းစိတ်ဖြာခြင်းသည် ဒေသတွင်းအလုပ်ဖြစ်မြောက်မှုကို နားလည်ရန် အကောင်းဆုံးနည်းလမ်းဖြစ်သည်။

၂။ အခြေအနေကိုခွဲခြမ်းစိတ်ဖြာခြင်းသည် ဒေသတွင်းအရေးကြီးသည့် လူမှုရေး၊ စီးပွားရေးနှင့် နိုင်ငံရေး အခြေအနေများကို ရှင်းလင်းစွာသိမြင်နိုင်သည်။

၃။ ဒေသခံများမှပြဿနာကို ဖော်ထုတ်သိမြင်ရန်နှင့် အဘယ်ကြောင့်ပြုပြင်ပြောင်းလဲမှုလိုအပ်သည်ကို မသိရှိနိုင်ပေ။

၄။ အခြေအနေကိုခွဲခြမ်းစိတ်ဖြာခြင်းသည် စီမံကိန်းဆောင်ရွက်မှုနှင့် ပန်းတိုင်သို့ရောက်ရှိနိုင်ရန်အတွက် အသုံးဝင်သော သတင်းအချက်အလက်များရရှိအောင်ကူညီပေးသည်။

၅။ စီမံကိန်းမန်နေဂျာ (ဒေသခံအဖွဲ့ဝင်မဟုတ်ပါ) စီမံကိန်းမည်မျှအောင်မြင်သည်ကို ဆုံးဖြတ်ချက် ချသင့်သည်။


သင်၏အဖြေကိုသင့်တွဲဖက်ဖြစ်သူနှင့် နှိုင်းယှဉ်ပါ။

ဝေါဟာရအဓိပ္ပါယ်
သုံးသပ်ချက် ။
အရာတစ်ခု၏အကြောင်းကိုပို၍ သိရှိရန်လေ့လာဆန်းစစ်ခြင်း

## ဒေသတွင်းရှိနေရာဌာနအပိုင်းအခြားများ

အခြေအနေသုံးသပ်ခြင်းတွင် ပထမဦးဆုံးလုပ်ဆောင်ရန်မှာ ဦးတည်ချက်ဒေသသို့သွားရောက်လေ့လာရန် ပြင်ဆင်ခြင်းဖြစ်သည်။

ဒေသအခြေအနေကိုနားလည်ရန် သတင်းအချက်အလက်လိုအပ်သည်။ သို့သော်ထိုဒေသသို့သွားရောက်မလေ့လာမီ မည်သို့သောအချက်အလက်ကောက်ယူရန်သိရှိထားရမည်။ အကယ်၍ မိမိရင်းနှီးကျွမ်းဝင်သောဒေသတွင်လုပ်ဆောင်ပါက သင်လိုအပ်သည့်အချက်အလက်များကိုသိရှိပြီးဖြစ်မည်။ သို့သော်နေရာဒေသအသစ်ဖြစ်ပါက ဒေသတွင်းရှိနေရာဌာနများမှ သတင်းအချက်အလက်များကို တိုက်ရိုက်ကောက်ယူရန်လိုအပ်သည်။




လူမှုဝန်းကျင်အများစုတွင် အထက်ပါအကြောင်းအရာတစ်ခု (တစ်ခါတစ်ရံအားလုံး) တွေ့မြင်နိုင်သည်။ ထိရောက်သောစီမံကိန်းစီမံခန့်ခွဲမှုသည် စီမံကိန်းအဖွဲ့ဝင်မှထိုနေရာဌာနများအကြောင်း လေ့လာသိရှိမှုနှင့် ၎င်းအသိပညာကို စီမံကိန်း၏ဆင့်ကဲဖြစ်စဉ်အဆင့်တိုင်းတွင် အသုံးချနိုင်မှုပေါ် မူတည်သည်။

## ဒေသတွင်းရှိနေရာဌာနအပိုင်းအခြားများ

အခြေအနေရပ်ကိုသုံးသပ်ရန်ပြင်ဆင်နေချိန်တွင် လူမှုဝန်းကျင်နေရာဌာနများကိုစဉ်းစားကြည့်ပါက ၎င်းတို့တစ်ခုနှင့်တစ်ခု မည်ကဲ့သို့ဆက်နွယ်နေပုံနှင့် စီမံကိန်းအပေါ် မည်သို့အကျိုးသက်ရောက်နိုင်ပုံကို နားလည်နိုင်ရန်အတွက်အထောက်အကူပြုမည်ဖြစ်သည်။ ၎င်းလူမှုဝန်းကျင်ဌာနအမျိုးအစားများမှာ လူထု၊ နေရာဒေသများ၊ အဖွဲ့အစည်းများ(သို့) အဖွဲ့များ၊ (သို့) သတင်းအချက်အလက်များ၊ ပတ်သက်ဆက်နွယ်မှုများတို့ဖြစ်သည်။ သို့သော်လူမှုဝန်းကျင်တိုင်းတွင် ဤအရာများအားလုံးရှိမည်မဟုတ်။

ဆွေးနွေးပါ။

ကျောင်းသားများ၏အဖြေများကွဲပြားနိုင်သည်။ ကျောင်းသားများ တွေးထင်မိနိုင်သော အခြားသောနေရာဌာနအပိုင်းအခြား၏အမျိုးအစားများထဲတွင်ပါဝင်နိုင်သည်မှာ- ဘာသာရေး၊ ဥပဒေ၊ သဘာဝပတ်ဝန်းကျင်၊ သယ်ယူပို့ဆောင်ရေး၊ လူထုလိုအပ်သည့် အခြေခံအထောက်အပံ့များ(သို့) ဆက်သွယ်ရေးတို့ဖြစ်သည်။ အချို့ဥပမာများမှာ နေရာဌာနအပိုင်းအခြားတစ်ခုထက်ပို၍ ပါဝင်နိုင်သည်။

ဖြစ်နိုင်ခြေရှိသောအဖြေများမှာ-

| | | |
|---|---|---|
| လူနှင့်ဆိုင်သောအကြောင်းအရာ အချက်အလက် | - | အသက်၊ ကျား/မ၊ ဘာသာတရား၊ လူမျိုး |
| ပညာရေး | - | ကျောင်း၊ ဆရာ/ဆရာမများ၊ စာတတ်မြောက်မှုနှုန်း |
| လူမှုရေး/အာဏာဆက်နွယ်မှုများ | - | ကျား/မရေးရာဆက်နွယ်မှု၊ ချမ်းသာမှုကိုခွဲဝေခြင်း |
| ခေါင်းဆောင်မှု | - | ဒေသတွင်းရှိခေါင်းဆောင်များ၊ သက်ကြီးဝါကြီးများ |
| နိုင်ငံရေး/အစိုးရ | - | အစိုးရပါတီများ၊ ပူးပေါင်းပါဝင်မှုအဆင့်ဆင့်၊ ဆန္ဒမဲပေးစနစ် |
| အရေးကြီးအကြောင်းအရာများ/ ပြဿနာများ | - | အလုပ်လက်မဲ့ဖြစ်မှု၊ ကျန်းမာရေးချို့တဲ့မှု၊ မြေအသုံးပြုမှု |
| ရိုးရာယဉ်ကျေးမှု/ဓလေ့ | - | လပြည့်ညပွဲတော်များ၊ ဝတ်စားဆင်ယင်မှု |
| လူမှုဝန်းကျင်ရှိအဖွဲ့အစည်းများ | - | အားကစားအသင်းများ၊ ဘုရားကျောင်း/ဗလီ/ ဘုံကျောင်းများ |
| စီးပွားရေးဆိုင်ရာလုပ်ရှားမှု | - | ဈေးဆိုင်၊ ဈေး၊ အလုပ်အကိုင်ရှိမှုနှုန်းများ၊ စက်မှုလုပ်ငန်း |
| ကျန်းမာရေး | - | ဆေးရုံ/ဆေးခန်းများ၊ ဆရာဝန်နှင့်ကျန်းမာရေးလုပ်သားများ |

## လေ့ကျင့်ခန်း(၂)

အကြံပြုချက်။ ။နှစ်ယောက်တစ်တွဲ လုပ်ဆောင်ရန်

အချို့သောအချက်များမှာ လူမှုဝန်းကျင်နေရာဌာနများ၏ အစိတ်အပိုင်းတစ်ခုထက်ပို၍ပါဝင်နိုင်သည်။

အဖြေများ

၁။ စီပွားရေးလုပ်ရှားမှု

၂။ လူမှုဝန်းကျင်အဖွဲ့အစည်းများ/ခေါင်းဆောင်မှု

၃။ ကျန်းမာရေး

၄။ သယ်ယူပို့ဆောင်ရေး/လူထုအတွက်အခြေခံလိုအပ်ချက်များ

၅။ အစိုးရ/ဥပဒေ

၆။ လူမှုဆက်ဆံရေး

၇။ လူထုအတွက်အခြေခံလိုအပ်ချက်များ

၈။ ခေါင်းဆောင်မှု

၉။ စီးပွားရေးလုပ်ရှားမှုများ

၁၀။ ပညာရေး

၁၁။ စီးပွားရေးလုပ်ရှားမှုများ

၁၂။ အရေးကြီးအကြောင်းအရာများ/ပြဿနာများ

၁၃။ စီးပွားရေးလုပ်ရှားမှုများ/မြေယာခွဲဝေမှုများ/သဘာဝပတ်ဝန်းကျင်

၁၄။ စီးပွားရေးလုပ်ရှားမှုများ/ သယ်ယူပို့ဆောင်ရေး

၁၅။ စီးပွားရေးလုပ်ရှားမှုများ

၁၆။ နိုင်ငံရေး/အစိုးရ

၁၇။ ခေါင်းဆောင်မှု

၁၈။ လူမှုဝန်းကျင်ရှိအဖွဲ့အစည်းများ/အရေးကြီးအကြောင်းအရာများ/ ပြဿနာများ

၁၉။ သယ်ယူပို့ဆောင်ရေး

၂၀။ ရိုးရာယဉ်ကျေးမှု/ဓလေ့

၂၁။ ပညာရေး

ဆွေးနွေးပါ။

ကျောင်းသားများ၏အဖြေမှာကွဲပြားနိုင်သည်။



**ဆွေးနွေးပါ**

သင်မသိသည့်လူမှုအဖွဲ့အစည်း တစ်ခုအကြောင်း စဉ်းစားပြီးအောက်ပါမေးခွန်းများကို ဖြေဆိုပါ။

သင်၏နေအိမ်ဝန်းကျင်သည် မည်သည့်နေရာဌာန အစိတ်အပိုင်းများနှင့် သက်ဆိုင်သနည်း။


သင်ခွဲခြားသိမြင်နိုင်သော ဥပမာ ၁ - ၂ ခုပေးပါ။

## လေ့ကျင့်ခန်း(၂)

ရှေ့စာမျက်နှာမှ ဥပမာများနှင့် ဆွေးနွေးမှုမှရရှိသည့်အဖြေများကို အသုံးပြု၍အောက်ပါအချက်အလက်များကို လူမှုဝန်းကျင်ရှိသက်ဆိုင်သည့်နေရာဌာန အစိတ်အပိုင်းများနှင့်တွဲပါ။

၁။ မော်တော်ဆိုင်ကယ်ပြုပြင်သောဆိုင်
၂။ လူငယ်အဖွဲ့အစည်းဌာန
၃။ ဆေးခန်း
၄။ မိုးရာသီတွင်ရေလျှံသည့်လမ်း
၅။ ရဲစစ်ဆေးသည့်နေရာ/ဂိတ်
၆။ ယခင်လတွင်ပြောင်းရွှေ့လာသည့် မိသားစုအစု(၂၀)
၇။ အိမ်များ
၈။ ဒေသရှိတိုင်ပင်ခံဌာန
၉။ ကွမ်းယာရောင်းသည့်နေရာ
၁၀။ ပင်စင်စားဆရာသင်သည့်ကျူရှင်
၁၁။ DVD ဆိုင်
၁၂။ လမ်းပေါ်တွင်နေထိုင်သည့်ခွေးအုပ်စု
၁၃။ လယ်ကွင်း
၁၄။ လမ်းထောင့်တွင်စောင့်နေသည့် ဆိုက္ကားသမား
၁၅။ လက်ဖက်ရည်ဆိုင်
၁၆။ ဒေသတွင်းရှိ နိုင်ငံရေးပါတီရုံးခန်း
၁၇။ ရပ်ကွက်လူကြီးရုံးခန်း
၁၈။ ပြုပြင်ရန်လိုအပ်သည့်ဟောင်းနွမ်းနေသည့် ဘုန်းကြီးကျောင်း
၁၉။ ဘတ်(စ်)ကားရပ်နားစခန်း
၂၀။ အဝတ်နှင့်ပတ်၍ဖယောင်းတိုင်ထွန်းထားသည့်ညောင်ပင်
၂၁။ ပွဲအတွက်အဝတ်ချုပ်ရန် တူမများနှင့် သူငယ်ချင်းများကို သင်ပြသောအမျိုးသမီး







## ၃.၂ အချက်အလက်ကောက်ယူခြင်း

အခြေအနေကိုသုံးသပ်ရန် အချက်အလက်များကောက်ယူသည့် နည်းလမ်းများစွာရှိသည်။ ၎င်းလုပ်ဆောင်ချက်သည်ထိရောက်မှု ရှိ၊ မရှိသိရှိရန် အောက်ပါမေးခွန်းများဖြင့် မိမိကိုယ်ကိုမိမိမေးရန် လိုအပ်သည်။

> ဝေါဟာရအဓိပ္ပါယ်
> အချက်အလက် (နာမ်) ၊
> ဆုံးဖြတ်ချက်ချရာတွင် အသုံး ပြုသည့်အကြောင်းအရာ(သို့) သတင်းအချက်အလက်

မည်သည့်အချက် အလက်အမျိုးအစား သင်လိုအပ်သနည်း။

မည်သည့်နည်းနှင့် ကောက်ယူမည်နည်း။ (နည်းလမ်း)

မည်သည့်နေရာတွင် ရနိုင်သနည်း။ (ပင်မအရင်းအမြစ်)

မည်သည့်အချိန်တွင် ပြုလုပ်မည်နည်း။

ယေဘုယျအားဖြင့် ပြင်ဆင်ချိန်တွင်စီမံကိန်းအဖွဲ့မှ ဒေသခံများပြုပြင်ပြောင်းလဲလိုသောအရာကို လေ့လာရန် လိုအပ်သည်။ ဤသို့ပြုလုပ်ရန်အရေးကြီးခြင်းမှာ ဒေသ၏လက်ရှိအခြေအနေနှင့် ဒေသခံများမှမည်သို့ပြုပြင် ပြောင်းလိုခြင်းကိုသိရှိရန်ဖြစ်သည်။ အခြေခံအားဖြင့် စီမံကိန်းအဖွဲ့ဝင်များမှဒေသ၏လက်ရှိအခြေအနေနှင့် ဒေသခံများမှ မိမိတို့အလိုရှိသည့်အခြေအနေကို နားလည်သဘောပေါက်မှုရှိ၊မရှိလေ့လာရန်လိုအပ်သည်။ ဒေသခံအဖွဲ့ဝင်များမှ မိမိတို့အခြေအနေတင်ပြမှုကိုလက်ခံပါ။ ထိုသူတို့သည်နေရာဌာနအမျိုးမျိုးမှ လာရောက် သောသူများဖြစ်နိုင်သည်။

အချက်အလက်ကောက်ယူရာတွင် စစ်တမ်းကောက်ခြင်းပြုလုပ်ရန်လိုအပ်သည်။ မေးခွန်းများဖန်တီး၍ မေးမြန်းခြင်း၊ နေရာဒေသ(သို့) ဒေသ၏အခြေအနေတွင်းရှိသည့်အရာများကို စာရင်းပြုစုရှာဖွေခြင်းဖြစ်သည်။

အချက်အလက်သတင်းကောက်ယူမှု နည်းလမ်းအမျိုးမျိုးအသုံးပြုခြင်းဖြင့် ပို၍အကျိုးရှိသောအချက်အလက် ရရှိမည်။ အောက်ပါအချက်များပါဝင်နိုင်သည်။

- မေးခွန်းအချက်အလက်စာရင်းများအတိုင်းမေးမြန်းခြင်း
- လေ့လာထားသည့်စိစစ်ပြီးစာရင်းများ
- တွေ့ဆုံမေးမြန်းခြင်း
- ဆွေးနွေးသည့်အဖွဲ့များ

> ဝေါဟာရအဓိပ္ပါယ်
> စစ်တမ်းကောက်ခြင်း (နာမ်)
> မေးခွန်းများမေးမြန်းခြင်းဖြင့် အဖွဲ့တစ်ဖွဲ့၏ပြုမူ/ လုပ်ဆောင်ပုံကို စုံစမ်းစစ်ဆေးခြင်း။

များသောအားဖြင့်စီမံကိန်းအဖွဲ့မှ စီမံကိန်းမစတင်မီစစ်တမ်း ကောက်ယူမှုပြုလုပ်ရသည်။ သို့မှသာဒေသ၏လက်ရှိအခြေအနေနှင့် ဦးစားပေးလုပ်ဆောင်ရမည့် အရာကို သိရှိနိုင်မည်ဖြစ်သည်။ စစ်တမ်းကောက်ခြင်းဖြင့်လူတို့၏အပြုအမူနှင့် အမြင်ပြောင်းလဲမှုကို လေ့လာနိုင်ပြီး အုပ်ချုပ်ကြီးကြပ်မှုနှင့်စီမံကိန်းလည်ပတ်မှုအဆင့်ဆင့်ကို သုံးသပ်ရာတွင်များစွာ အကျိုးရှိသည်။

# ၃.၂ အချက်အလက်ကောက်ယူခြင်း

ကျောင်းသားများမှစာပိုဒ်ကိုဖတ်၍ ပေးထားသောမေးခွန်းများကိုဖြေကြားပါ။

လေ့ကျင့်ခန်း(၁)


အကြံပြုချက်။ ။တစ်ဦးချင်းစီ/နှစ်ယောက်တစ်တွဲ

အဖြေများ

၁။ မှား- စောင့်ကြည့်ကြီးကြပ်မှုနှင့်လေ့လာသုံးသပ်မှုအဆင့်များတွင် စစ်တမ်းကောက်ယူနိုင်သည်။

၂။ မှား- စစ်တမ်းကောက်ယူခြင်း၏ရည်ရွယ်ချက်မှာ ဒေသခံများမှ မည်သည့်ပြောင်းလဲမှုကိုတွေ့မြင်လိုသည်ကို သိရှိရန်ဖြစ်သည်။

၃။ မှန်- အချက်အလက်ကောက်ယူရန်နည်းအမျိုးမျိုးရှိရာ အကြောင်းအရာတစ်ခုအတွက် အခြေအနေသုံးသပ်ရာတွင် အချက်အလက်ကောက်ယူနည်းတစ်ခုထက်ပို၍ ကောက်ယူလျှင်ပိုမိုထိရောက်သည်။




## လေ့ကျင့်ခန်း(၁)

အထက်ပါစာပိုဒ်အရ အောက်ပါဖော်ပြသည့်အခြေအနေကိုအမှား၊ အမှန်ခြစ်ပါ။

၁။ စစ်တမ်းကောက်ခြင်းသည် စီမံကိန်းဆင့်ကဲဖြစ်စဉ်၏ ပထမဆင့်အတွက် သာဖြစ်သည်။

၂။ စစ်တမ်းကောက်ပြီးနောက်အဖွဲ့မှ ဒေသတွင်မည်သည့်အရာပြောင်းလဲသင့် သည်ကို ပြောပြနိုင်မည်။

၃။ အကြောင်းအရာတစ်ခုကို အခြေအနေသုံးသပ်ရာတွင် အချက်အလက် ကောက်ယူသည့်နည်း တစ်ခုထက်မကအသုံးပြုနိုင်သည်။

## လေ့ကျင့်ခန်း(၂)

ဘယ်ဖက်တွင်ရေးထားသည့်အချက်အလက်ကောက်ယူနည်းကို ညာဖက်တွင်ဖော်ပြထားသည့် ၄င်းနှင့်ဆက်စပ်သောအချက်နှင့်တွဲပါ။

| | |
|---|---|
| ၁။ စစ်တမ်းကောက်ယူရာတွင် မေးသောမေးခွန်းများ | က. စီမံကိန်းအဖွဲ့မှ ကိုယ်တိုင်ဆောင်ရွက်ပြီးစီးသည့်အရာများကို ရေးသားထားသည့်အချက်အလက်စာရင်း |
| ၂။ လေ့လာစစ်ဆေးရမည့်အချက်များစာရင်း | ခ. ပါဝင်လုပ်ဆောင်သူများကိုအဖွဲ့လိုက်သူတို့၏အမြင်များသိရှိရန် မေးခွန်းများမေးခြင်း |
| ၃။ တွေ့ဆုံမေးမြန်းခြင်း | |
| | ဂ. အတွဲလိုက်သတ်မှတ်ထားသည့်မေးခွန်းများနှင့် အဖြေများကို ပါဝင်သူများမှကိုယ်တိုင်မိမိသဘောအလျောက်ဖြည့်စွက်ခြင်း |
| ၄။ ဆွေးနွေးသည့်အဖွဲ့များ | ဃ. ပါဝင်သူတစ်ဦးချင်းစီကို သီးခြားစီမေးမြန်းခြင်း |

ဦးတည်ရာဒေသအတွက် သတင်းအချက်အလက်များကိုကောက်ယူရာတွင် သတိပြုသင့်သည့်အရေးကြီးသည့်အချက်များရှိပါသည်။



- ဒေသအရင်းအမြစ်သတင်းရရှိရန် အကောင်းဆုံးနည်းလမ်းတစ်ခုတည်းမရှိ
- မတူညီသောနည်းလမ်းအချို့ဖြင့် ကောက်ယူခြင်းကို အစဉ်အမြဲကျင့်သုံးပါ
- သူတစ်ပါး၏
  - အချိန်
  - ကိုယ်ပိုင်လွတ်လပ်မှု
  - ယဉ်ကျေးမှု၊ ယုံကြည်မှုနှင့်ဓလေ့
  - ပါဝင်လိုမှုရှိ/ မရှိအခွင့်အရေးများကို အစဉ်အမြဲလေးစားပါ။
- နေရာဒေသဌာနအမျိုးမျိုးမှ လူပုဂ္ဂိုလ်များကိုဖိတ်ခေါ်/ ပါဝင်စေခြင်းဖြင့် ထိုသူတို့၏အသိပညာနှင့်အတွေးအခေါ်အကြံဉာဏ်များကိုဝေငှစေပါ။

ဒေသခံအဖွဲ့ဝင်များမှ လွတ်လပ်ပေါ့ပါးစွာခံစားနိုင်မှုမှာအရေးကြီးသည်။ အချို့မှာအစပိုင်းတွင် သင်လိုအပ်သောသတင်းပေးရန်တွန့်ဆုတ်နေမည်။ အခြားအဖွဲ့အစည်း၊ရဲဝန်ထမ်း (သို့) အစိုးရတို့၏စစ်ဆေးမေးမြန်းမှုမှဆိုးသည့်အတွေ့အကြုံရှိကောင်းရှိခဲ့မည်။ (သို့) အချို့မှာမိမိတို့၏မိသားစု (သို့) ကျန်းမာရေး (သို့) ငွေရေးကြေးရေးအကြောင်းပြောရန် ရှက်ကြောက်နေလိမ့်မည်။ သင်သည်အဘယ်ကြောင့်မေးခွန်းမေးရသည်၊ ရရှိသည့်သတင်းအချက်အလက်ပေါ် မူတည်၍ မည်သို့လုပ်ဆောင်မည်ကို ဒေသခံအဖွဲ့ဝင်များအား သေချာစွာသိရှိစေပါ။

## လေ့ကျင့်ခန်း(၂)

အကြံပြုချက်။ ။တစ်ဦးချင်းစီ၊ ထို့နောက်နှိုင်းယှဉ်ရန် နှစ်ယောက်တစ်တွဲတွဲပါ။

အဖြေများ

| | |
|---|---|
| ၁။ စစ်တမ်းကောက်ယူရာတွင် မေးသောမေးခွန်းများ | ဂ. အတွဲလိုက်သတ်မှတ်ထားသည့်မေးခွန်းများနှင့်အဖြေများကို ပါဝင်သူများမှကိုယ်တိုင်မိမိသဘောအလျောက်ဖြည့်စွက်ခြင်း |
| ၂။ လေ့လာစစ်ဆေးရမည့်အချက်များစာရင်း | က. စီမံကိန်းအဖွဲ့မှ ကိုယ်တိုင်ဆောင်ရွက်ပြီးစီးသည့်အရာများကို ရေးသားထားသည့်အချက်အလက်များစာရင်း |
| ၃။ တွေ့ဆုံမေးမြန်းခြင်း | ဃ. ပါဝင်သူတစ်ဦးချင်းစီကိုသီးခြားစီ မေးမြန်းခြင်း |
| ၄။ ဆွေးနွေးသည့်အဖွဲ့များ | ခ.ပါဝင်လုပ်ဆောင်သူများကို အဖွဲ့လိုက်သူတို့၏အမြင်များသိရှိရန် မေးခွန်းများမေးခြင်း |

## ၃.၂.၁ လေ့လာစစ်ဆေးရမည့်အချက်များစာရင်း

## ၃.၂.၁ လေ့လာစစ်ဆေးရမည့်အချက်များစာရင်း

လေ့လာစစ်ဆေးချက်စာရင်းမှာ ဦးတည်ရာဒေသသို့သွားရောက်လည်ပတ်စဉ် လေ့လာရမည့်အရာများအတွက် စာရင်းပြုလုပ်ထားခြင်းဖြစ်သည်။ ဥပမာ- စစ်တမ်းကောက်ယူလေ့လာရန်


- ဒေသ၏ရုပ်ပိုင်းဆိုင်ရာအခြေအနေ၊ သန့်ရှင်းမှုနှင့်ထိန်းသိမ်းမှု ရှိ/မရှိ
- လူထုတစ်ရပ်လုံး၏ ယေဘုယျအခြေအနေ
- အိမ်ခြေ၊ ကျောင်း၊ ဆေးခန်း (သို့) စီးပွားရေးအခြေအနေ
- ရွာတွင်းရှိ အရင်းအမြစ်ရရှိနိုင်သည့်နေရာ

လေ့လာစစ်ဆေးရမည့်အချက်များစာရင်းသည် စစ်တမ်းကောက်ယူရာတွင် ရရှိသောအချက်အလက်များကို ထပ်မံစစ်ဆေးခြင်း/အထောက်အပံ့ပေးခြင်းတို့တွင် အသုံးဝင်သည်။ ဥပမာ မေးမြန်းမှုနှင့်အဖွဲ့တွင်းဆွေးနွေး မှုမှရရှိသောသတင်းမှတ်တမ်းသည် သင်တွေ့မြင်ကြုံတွေ့ရသည်နှင့်ကွဲလွဲမှုရှိပါက အဘယ်ကြောင့်ဖြစ်သည်ကို သင်ရှာဖွေဖော်ထုတ်လိုလိမ့်မည်။

## လေ့ကျင့်ခန်း (၁)

သင်သည်ဒေသကျောင်းတစ်ကျောင်း၏ အထောက်အပံ့ပစ္စည်းပစ္စယများကို တိုးမြှင့်ရန်စီမံကိန်းရေးဆွဲနေသည်။ ကျောင်းအဆောက်အဦးအတွက် အောက်ပါလေ့လာစစ်ဆေးချက်မေးခွန်းများကို ကြည့်ပါ။

| လေ့လာချက်များ | ရှိ/မရှိ | အရေအတွက် | မှတ်ချက် |
|---|---|---|---|
| ကျောင်းခန်းများ | | | |
| စာသင်ခန်းပေါင်းမည်မျှရှိသနည်း။ | | | |
| အတန်းတစ်တန်းတွင်ကျောင်းသားအရေအတွက်မည်မျှရှိသနည်း။ (ပျမ်းမျှ) | | | |
| ကျောင်းချိန်အတွင်းလွတ်နေသည့်စာသင်ခန်းများရှိပါသလား။ | | | |
| စာသင်ခန်းများ၏အခြေအနေမှာမည်သို့နည်း။ | | | |
| ပံ့ပိုးမှုများ | | | |
| ကျောင်းသားနှင့်ကျောင်းသူများအတွက်သီးခြားရေအိမ်ရှိပါသလား။ | | | |
| နေ့လည်စာစားရန်နေရာ(သို့) မုန့်စားရုံရှိပါသလား။ | | | |
| အားလပ်ချိန်ဆော့ကစားရန်နေရာရှိပါသလား။ | | | |
| ကျောင်းအနီးတွင်စိမ်းလန်းစိုပြေသောနေရာရှိပါသလား။ | | | |
| အခြား | | | |
| | | | |



၁။ သင်၏ကျောင်းအတွက်လေ့လာစစ်ဆေးချက်ဇယားကိုဖြည့်စွက်ပါ(သို့) သင်သိသည့်ဇယားတစ်ခု

၂။ ဤစစ်ဆေးချက်စာရင်းသို့မည်သည့်အချက်ထပ်မံဖြည့်စွက်လိုပါသနည်း။

၃။ သီးခြားစာရွက်တစ်ခုပေါ်တွင် ဝန်ထမ်းနှင့်ကျောင်းသားများ၏အပြုအမူနှင့်သက်ဆိုင်သော လေ့လာစစ်ဆေးချက်မေးခွန်းဇယားကိုဆွဲပါ။

၄င်းဇယားနှင့်ပတ်သက်၍အဖွဲ့များအတွင်းနှိုင်းယှဉ်ပြီးနောက် အောက်ပါမေးခွန်းများကိုဖြေပါ။

၄။ သင့်အဖွဲ့ရွေးချယ်သည့်အချက်များသည် အခြားအဖွဲ့နှင့်တူညီမှုရှိပါသလား။

၅။ သင်၏လေ့လာတွေ့ရှိချက်သည် စီမံကိန်းရေးဆွဲမှုအပေါ် မည်သို့သက်ရောက်မှုရှိပါသနည်း။

## လေ့ကျင့်ခန်း(၁)

အကြံပြုချက်။ ။နှစ်ယောက်တစ်တွဲ၊ ထို့နောက်အဖွဲ့ငယ်အတွင်းနှိုင်းယှဉ်ပါ။

သင်သည်ကျောင်းတွင်ရှိနေပါက ကျောင်းသားများနှင့်အတူတကွ ကျောင်းအဆောက်အဦးပတ်ဝန်းကျင်သို့ လှည့်ပတ်ကြည့်ရှုပြီး စစ်ဆေးရမည့်အချက်များစာရင်းကိုဖြည့်စွက်ပါ။ ဤလုပ်ဆောင်မှုသည် စီမံကိန်းအသေးစားတစ်ခုစတင်ရန်ဖြစ်ပြီး မည်သည့်စီမံကိန်းသည်သင်၏ကျောင်းနှင့်သင့်တော်မည်နည်း။ သင်သည်ကျောင်းတွင်မရှိပါက ကျောင်းသားများမှမိမိတို့ရင်းနှီးပြီးဖြစ်သောကျောင်းမှ သတိရမှတ်မိသောအချက်အလက်များဖြင့် စစ်ဆေးရမည့်အချက်များစာရင်းကိုဖြည့်စွက်နိုင်သည်။

ကျောင်းသားများမှ စစ်ဆေးရမည့်အချက်များစာရင်းကိုမဖြည့်စွက်နိုင်ပါက အောက်ပါဥပမာများကိုကြည့်ပြီး မည်သည့်အချက်သည်စီမံကိန်းဧရိယာဖြစ်မည်နည်း၊ မည်သို့ဆက်လက်လုပ်ဆောင်မည်နည်း။ (တွေ့ဆုံမေးမြန်းမှုများပြုလုပ်ခြင်း)

ကျောင်းသားများ၏အဖြေမှာကွဲပြားနိုင်သည်။ ဖြစ်နိုင်ခြေရှိသောအဖြေများမှာ

၁။ နောက်စာမျက်တွင်ပေးထားသော လေ့လာစစ်ဆေးရမည့်အချက်များစာရင်းကိုကြည့်ရှုပါ။

၂။ နောက်စာမျက်တွင်ပေးထားသော လေ့လာစစ်ဆေးရမည့်အချက်များစာရင်းကိုကြည့်ရှုပါ။

၃။ စာမျက် ၃၂ တွင်ပေးထားသော လေ့လာစစ်ဆေးရမည့်အချက်များစာရင်းကိုကြည့်ရှုပါ။

၄။ ကျောင်းသားများ၏အဖြေမှာကွဲပြားနိုင်သည်။

၅။ ဥပမာ-ကျောင်းသားများ မိုးရွာသည့်အချိန်တွင်ကစားရန် အမိုးအကာရှိသည့်နေရာမရှိသည်ကို သင်လေ့လာတွေ့ရှိပါက သင်၏စီမံကိန်းတွင် အမိုးအကာရှိသည့်ကစားကွင်းတည်ဆောက်ရန်ပါဝင်ပေလိမ့်မည်။

## ၃.၂.၂ စစ်တမ်းကောက်မေးခွန်းများ၊ တွေ့ဆုံမေးမြန်းမှုများနှင့် ဆွေးနွေးသည့်အဖွဲ့များ

မှန်ကန်သောမေးခွန်းများမေးမြန်းခြင်း

| လေ့လာချက်များ | ရှိ/မရှိ | အရေအတွက် | မှတ်ချက် |
|---|---|---|---|
| ကျောင်းခန်းများ | | | |
| စာသင်ခန်းပေါင်းမည်မျှရှိသနည်း။ | | ၈ | ၆ခန်းမှာ အလယ်အလတ် အရွယ်အစားနှင့် ကျန်၂ခန်းမှာပို၍ ကျဉ်းသည် |
| အတန်းတစ်တန်းတွင်ကျောင်းသား အရေအတွက် မည်မျှရှိသနည်း။ (ပျမ်းမျှ) | | ၂၅-၃၀ | ပို၍ကျဉ်းသော အခန်းတွင် အများဆုံး ၂၀ဦး ရှိသည် |
| ကျောင်းချိန်အတွင်းလွတ်နေသည့် စာသင်ခန်းများရှိပါသလား။ | မရှိ | ၀ | အခန်းအားလုံး အချိန်တိုင်းပြည့်သည်၊ တစ်ခါတစ်ရံဆရာ/ဆရာမများမှ အပြင်ဘက်ရှိ နေရာကွက်လပ်ကိုသုံးသည် |
| စာသင်ခန်းများ၏အခြေအနေမှာ မည်သို့နည်း။ | | | အတော်အသင့် ကောင်းသည်- အခန်းကိုယခင်နှစ်တည်းက အရောင် ဖျော့ဆေး သုတ်ထားသည်၊ စာရေးခုံများမှာ ဟောင်း၍ လေးသည်၊ အခန်းမှာ အလွန်ပူသည်၊ လေဝင်လေထွက် မကောင်းပါ၊ တစ်ခါတစ်ရံဆရာ/ ဆရာမများမှ အခန်းတံခါးကို ဖွင့်၍ထားသည် |
| ပံ့ပိုးမှုများ | | | |
| ကျောင်းသားနှင့်ကျောင်းသူများ အတွက်သီးခြားရေအိမ်ရှိပါသလား။ | ရှိ | ၄ | ကျောင်းသားနှင့်ကျောင်းသူအတွက် ၂ခန်းစီပါရှိသည် |
| နေ့လည်စာစားရန်နေရာ(သို့) မုန့်စားရုံရှိပါသလား။ | ရှိ | ၁ | ထမင်းစားသည့်နေရာမှာသေးငယ်သည်- ကျောင်းသားများနေ့လည်စာစားချိန်မတူကြပါ |
| အားလပ်ချိန်ဆော့ကစားရန်နေရာ ရှိပါသလား။ | ရှိ | ၁ | ကျယ်ပြန့်သောကစားကွင်းရှိသည်၊ သို့သော် မိုးရွာချိန်တွင် အမိုးအကာမရှိသဖြင့်မကစားရပါ |
| ကျောင်းအနီးတွင်စိမ်းလန်းစိုပြေ သောနေရာရှိပါသလား။ | ရှိ | - | လမ်း၏တစ်ဖက်တွင်ပန်းခြံရှိသည်၊ ကျောင်းဘေးတစ်ဖက်တစ်ချက်တွင် အဆောက်အဦးများရှိသည် |

## ၃.၂.၂ စစ်တမ်းကောက်မေးခွန်းများ၊ တွေ့ဆုံမေးမြန်းမှုများနှင့် ဆွေးနွေးသည့်အဖွဲ့များ

### မှန်ကန်သောမေးခွန်းမေးမြန်းခြင်း




မှန်ကန်သည့်မေးခွန်းရွေးချယ်ရန်မှာ သင်မည်သည့်သတင်းအချက်အလက် ရယူလိုသည့်အပေါ်တွင်မူတည်သည်။ တစ်ခါတစ်ရံဖြစ်ရပ်မှန်နှင့်ပတ်သက်သည့် သတင်းလိုအပ်မည်၊ တစ်ခါတစ်ရံလူတို့၏အမြင်သဘောထား သိရှိရန်လိုအပ်မည်။ အရေးကြီးသည်မှာ သင်၏မေးခွန်းအမျိုးအစားကိုသတိထားရန်လိုသည်။ သို့မှသာ သတင်းစုဆောင်းရာတွင်သင်လိုအပ်သည့်အဖြေမရမချင်း မေးခွန်းကိုလှည့်ပတ် ပြောင်း၍မေးမြန်းနိုင်မည်။

သတင်းစုဆောင်းရန်မေးခွန်း(၃)မျိုးမေးလေ့ရှိသည်-

ပွင့်လင်းမေးခွန်းမှာ ဖြေဆိုသူမှအဖြေမပေးမီ စဉ်းစားရန်နှင့် ရှည်လျားသည့်အဖြေကိုဖြေပေးစေလိုသည်။ ဖြေဆိုသူ၏အမြင်ကို ထုတ်ဖော်ရန်နှင့် လုပ်ဆောင်မည့်အရာအပေါ် ခံစားရသည်များကို ဖော်ပြရန်တိုက်တွန်းသည်။ ဤမေးခွန်းမျိုးမှာ များသောအားဖြင့် "သင်မည်သို့ထင်မြင်မိပါသနည်း... ..........ဖော်ပြပါ......" စသဖြင့်မေးလေ့ရှိသည်။

ဥပမာ- မည်သည့်သဘာဝဝန်းကျင်ပြဿနာများသည် သင်၏လူမှုဝန်းကျင်ကိုသက်ရောက်မှုရှိသနည်း။

ကန့်သတ်မေးခွန်း၏အဖြေမှာ များသောအားဖြင့် မှား(သို့)မှန် (သို့)စာကြောင်းတို(သို့) စကားလုံးတစ်လုံး ဖြင့်သာ ဖြေဆိုရန်လိုအပ်သည်။

ဥပမာ- ပလပ်စတစ်ဘူးများကို ပြန်လည်အသုံးပြုပါသလား။

ဦးဆောင်မေးခွန်းမှာ ဖြေဆိုသူအားလိုအပ်သည့်အဖြေရရှိရန် ဦးဆောင်သွားသည်။ များသောအားဖြင့်မေးခွန်းမေးသူ၏စိတ်ထဲတွင် အဖြေ "မှန်" ကိုသိရှိပြီးဖြစ်သည်။ မေးခွန်းမေးသူမှာ အဖြေကိုသိရှိထားသူဖြစ်ပြီး သူ၏သတင်းအချက်အလက်ကိုထောက်ခံစေလိုသည့်အခါမျိုးတွင်မေးလေ့ရှိသည်။

ဥပမာ- အများစုမှာ မီးသွေးမီးဖိုကိုအသုံးပြုကြသည်။ ဟုတ်ပါသလား။



| လေ့လာချက်များ | ရှိ/မရှိ | အရေအတွက် | မှတ်ချက် |
|---|---|---|---|
| အခြား | | | |
| ကားရပ်နားရန်နေရာရှိပါသလား။ | ရှိ | ၁ | အလွန်ကျဉ်းသည်၊ ကားအနည်းငယ်သာထားနိုင်သည်(ဆရာ/ဆရာမအားလုံးအတွက်မရပါ) ကျောင်းသားမိဘများ၏ကားများမှာ ကျောင်းသားများကြိုပို့ရန်လမ်းပေါ်တွင်သာရပ်သည် |
| ကျောင်းအနီးတွင် ယာဉ်ကြောများရှိပါသလား။ | အချို့ | - | နေ့လည်ပိုင်းတွင်လမ်းမကြီးမှာကားများဖြင့်ရှုပ်ထွေးနေတတ်သည် |
| ကွန်ပျူတာအခန်းရှိပါသလား။ | မရှိ | ၀ | စာသင်ခန်း ၁တွင်ကွန်ပျူတာ ၃လုံးရှိသည်- ကွန်ပျူတာအသုံးပြုလိုပါက ဆရာ/ဆရာမများမှ ၄င်းစာသင်ခန်းကိုအသုံးပြုနိုင်ရန်စီစဉ်ရသည် |
| ဆရာ/ဆရာမ များအတွက် ဝန်ထမ်းသီးသန့်နားနေခန်းရှိပါသလား။ | ရှိ | ၁ | ကျောင်းဝန်ထမ်းများနားနေရန်အခန်းမှာသေးငယ်သည်၊ အတော်အတန်ကြပ်နေသည်၊ ပစ္စည်းများထားရန်နေရာလိုအပ်သည် |
| စာကြည့်တိုက်ရှိပါသလား။ | မရှိ | ၀ | |

## လေ့ကျင့်ခန်း(၁)

အကြံပြုချက်။ ။တစ်ဦးချင်းစီ၊ ထို့နောက်နှိုင်းယှဉ်ရန် နှစ်ယောက်တစ်တွဲ တွဲပါ။

အဖြေများ

၁။ ကန့်သတ်မေးခွန်းမှာ စစ်တမ်းကောက်ယူရာတွင်သုံးသည့်မေးခွန်းများဖြစ်သည်။ အကြောင်းမှာ

- ဖြေဆိုရန်လွယ်ကူသည်
- အချိန်တိုသည်
- မှတ်တမ်းမှတ်ရာဖြည့်စွက်ပြီးမြောက်ရန်အခွင့်အလမ်းပိုများသည်။
- သုံးသပ်ရန်ပို၍လွယ်ကူသည်

၂။ ဦးဆောင်မေးခွန်းသည် တွေ့ဆုံမေးမြန်းမှု၊ အဖွဲ့တွင်းဆွေးနွေးမှုနှင့် စစ်တမ်းကောက်မေးခွန်းများ မေးမြန်းမှု အတွက်အသုံးဝင်ခြင်းမှာ သင်အခြားသူထံမှကြားသိရသည့်သတင်းအချက်အလက်နှင့် ပြန်လည်နှိုင်းယှဉ် စစ်ဆေးရန် ဖြစ်သည်။

၃။ ပွင့်လင်းမေးခွန်းကို တွေ့ဆုံမေးမြန်းခြင်းနှင့် အဖွဲ့တွင်းဆွေးနွေးမှုများပြုလုပ်ခြင်းတွင်သင့်တော်သည်။

- အချိန်အမြောက်အများရှိသည်
- လူတို့၏အကြံဉာဏ်၊ အမြင်နှင့် ဘဝဇာတ်လမ်းများကိုသိလိုသည်
- ထိုသူတို့၏ ကိုယ်ရေးကိုယ်တာနှင့် လူမှုဝန်းကျင်အကြောင်းဝေငှရန်တိုက်တွန်းလိုသည်။

## လေ့ကျင့်ခန်း(၂)

အကြံပြုချက်။ ။တစ်ဦးချင်းစီ၊ ထို့နောက်နှိုင်းယှဉ်ရန် နှစ်ယောက်တစ်တွဲ တွဲပါ။

အဖြေများ

၁။ ကန့်သတ်မေးခွန်း

၂။ ပွင့်လင်းမေးခွန်း

၃။ ဦးဆောင်မေးခွန်း

၄။ ပွင့်လင်းမေးခွန်း

၅။ ဦးဆောင်မေးခွန်း

၆။ ကန့်သတ်မေးခွန်း

၇။ ကန့်သတ်မေးခွန်း

၈။ ကန့်သတ်မေးခွန်း

၉။ ပွင့်လင်းမေးခွန်း

၁၀။ ပွင့်လင်းမေးခွန်း

## လေ့ကျင့်ခန်း(၁)

အောက်ပါအဓိပ္ပာယ်ဖွင့်ဆိုချက်များကို မှန်ကန်သည့်စကားလုံးဖြင့်ဖြည့်စွက်ပါ။

| | | |
|---|---|---|
| ပွင့်လင်းမေးခွန်း | ကန့်သတ်မေးခွန်း | ဦးဆောင်မေးခွန်း |

၁။............... မှာ စစ်တမ်းကောက်ယူရာတွင်သုံးသည့်မေးခွန်းများဖြစ်သည်။ အကြောင်းမှာ

- ဖြေဆိုရန်လွယ်ကူသည်
- အချိန်တိုသည်
- မှတ်တမ်းမှတ်ရာဖြည့်စွက်ပြီးမြောက်ရန်အခွင့်အလမ်းပိုများသည်။
- သုံးသပ်ရန်ပို၍လွယ်ကူသည်

၂။............... သည် တွေ့ဆုံမေးမြန်းမှု၊ အဖွဲ့တွင်းဆွေးနွေးမှုနှင့် စစ်တမ်းကောက်မေးခွန်းများမေးမြန်းမှု အတွက် အသုံးဝင်ခြင်းမှာ သင်အခြားသူထံမှကြားသိရသည့်သတင်းအချက်အလက်နှင့် ပြန်လည်နှိုင်းယှဉ်စစ်ဆေးရန်ဖြစ်သည်။

၃။............... ကို တွေ့ဆုံမေးမြန်းခြင်းနှင့် အဖွဲ့တွင်းဆွေးနွေးမှုများပြုလုပ်ခြင်းတွင်သင့်တော်သည်။

- အချိန်အမြောက်အများရှိသည်
- လူတို့၏အကြံဉာဏ်၊ အမြင်နှင့် ဘဝဇာတ်လမ်းများကိုသိလိုသည်
- ထိုသူတို့၏ကိုယ်ရေးကိုယ်တာနှင့် လူမှုဝန်းကျင်အကြောင်းဝေငှရန် တိုက်တွန်းလိုသည်။

## လေ့ကျင့်ခန်း(၂)

အောက်ပါပေးထားသောဥပမာများကို အထက်ပါအဓိပ္ပာယ်ဖွင့်ဆိုချက်နှင့်တွဲပါ။

၁။ စာသင်ကျောင်းမည်သည့်နေရာတွင်တည်ရှိသနည်း။

၂။ သင့်ဒေသရှိဆရာဝန်များနှင့် သူနာပြုများမှာ မည်မျှအရည်အချင်းရှိသနည်း။

၃။ တံတားပြုပြင်ရန် လိုအပ်သည်ကို သင်သဘောတူပါသလား။

၄။ မိုးရာသီတွင် မည်သည့်ပြဿနာများရှိပါသနည်း။

၅။ အများစုမှာဒေသတွင်အပင်များရှိရန် အရေးကြီးသည်ဟုထင်မြင်ရခြင်းမှာ နွေရာသီတွင်အရိပ်အားဖြင့် ပတ်ဝန်းကျင်ကို အေးမြစေရန်ဖြစ်သည်။ မှန်ပါသလား။

၆။ နားခိုရန်အတွက် သင့်ဒေသကားမှတ်တိုင်များတွင် အမိုးမိုးရန်လိုအပ်ပါသလား။

၇။ စာဖတ်ခြင်းကို စိတ်ပါဝင်စားမှုရှိပါသလား။

၈။ ပန်းချီရေးဆွဲဆေးခြယ်မှုကိုကြိုက်နှစ်သက်ပါသလား။

၉။ သင်၏အမြင်တွင် သင်၏ရွာ၌ လယ်လုပ်ငန်းလုပ်ရန်နှင့် အိမ်များတွင်သုံးစွဲရန်ရေအလုံအလောက်ရှိပါသလား။

၁၀။ အဘယ်ကြောင့်လူအများ ဤဒေသသို့ ပြောင်းရွှေ့လာသနည်း။

# တစ်ဦးချင်းစီတွေ့ဆုံမေးမြန်းခြင်းနှင့် အဖွဲ့များသို့ကူညီရှင်းလင်းပြခြင်း

အတွဲလိုက်ချမှတ်ထားသည့်မေးခွန်းများကို တစ်ဦးချင်း(သို့)အဖွဲ့လိုက်မေးရာတွင် အသုံးပြုနိုင်သည်။ သို့သော် နှစ်ခုလုံးအတွက် သီးခြားအရည်အချင်းရှိရန်လိုအပ်သည်။

**ဆွေးနွေးပါ။**

တွေ့ဆုံမေးမြန်းရန်စီစဉ်နေချိန်တွင် ဆောင်ရွက်ထားသင့်သည့် အရေးကြီးသော အချက်အလက် ၆ချက်ကိုဖော်ပြပါ။

**လေ့ကျင့်ခန်း(၃)**

တစ်ဦးချင်းစီမေးမြန်းခြင်းနှင့် အဖွဲ့လိုက်မေးမြန်းခြင်း မည်သို့ကွာခြားသနည်း။ ကွာခြားချက်ကို ဇယားကွက်တွင်ရေးချပါ။

| တစ်ဦးခြင်းစီမေးမြန်းခြင်း | အဖွဲ့လိုက်မေးမြန်းခြင်း |
|---|---|
| | |

**လေ့ကျင့်ခန်း(၄)**

အောက်ပါစာပိုဒ်တွင် တွေ့ဆုံမေးမြန်းရန်လိုအပ်ချက်များကို ဖော်ပြထားသည်။ အချို့မှာတစ်ဦးချင်းစီအတွက်၊ အချို့မှာအုပ်စုအလိုက်မေးရန်အတွက်၊ အချို့မှာနှစ်ခုစလုံးအတွက်ဖြစ်သည်။ အောက်ပါအချက်များအား တစ်ဦးချင်း(သို့) အဖွဲ့လိုက် (သို့) နှစ်ခုစလုံးအတွက် ဖြစ်သည်ကိုရွေးချယ်မှတ်သားပါ။

၁။ လူမှုအဖွဲ့အစည်းအမျိုးမျိုးမှ ပုဂ္ဂိုလ်များကိုဖိတ်ခေါ်ပါ။
၂။ သင့်အားမေးခွန်းများမေးရန်လည်း တိုက်တွန်းပါ။
၃။ မေးခွန်းများမေးလာပါက သင်မှန်ကန်စွာဖြေဆိုပါ။
၄။ တစ်ခါတစ်ရံ အမျိုးသမီးမှအမျိုးသမီးသို့ (သို့) အမျိုးသားမှ အမျိုးသားသို့ မေးမြန်းရန်ပို၍သင့်တော်သည်။
၅။ စကားပြောလာစေရန် အတင်းအကြပ်မတိုက်တွန်းပါနှင့်။
၆။ ပြောဆိုမှုများကို ပွင့်ပွင့်လင်းလင်းနှင့် ပေါ့ပေါ့ပါးပါး ဖြစ်စေပါ။ သို့သော်သတ်မှတ်ခေါင်းစဉ်အတိုင်းဖြစ်စေပါ။
၇။ လူဦးရေများနိုင်သမျှများစွာပါဝင်နိုင်သောနေရာနှင့် အချိန်ကိုရွေးချယ်ပါ။
၈။ လိုအပ်သည့်အချိန်ထက်ပို၍ မနေပါနှင့်။
၉။ တစ်ဦးတည်းမှများစွာပြောဆိုသည်ကို မဖြစ်စေပါနှင့်။
၁၀။ စကားပြောရန်သက်တောင့်သက်သာရှိသော နေရာကိုရွေးချယ်ပါ။
၁၁။ အဖွဲ့ငယ်များသည် ကြီးမားသည့်အဖွဲ့ထက်ကြီးကြပ်အုပ်ချုပ်ရာတွင် လွယ်ကူသည်။
၁၂။ အားလုံးကိုစကားပြောရန် တန်းတူအခွင့်အရေးပေးပါ။

→ သတိရရန်၊ အားလုံးကိုလေးစားမှုရှိကြောင်းပြသခြင်း- အထူးသဖြင့်မပါဝင်လိုသူများ- ဒေသခံများမှသင်သည် ၄င်းတို့စိတ်ဝင်စားမှုရှိသောအရာကို သိရှိစဉ်းစားပေးနေသည်ဟု သိမြင်လာမည်။ နောက်ဆုံးတွင် ထိုသူတို့မှ သင်၏အဖွဲ့ကို ယုံကြည်လာပြီး ဒေသတွင်း ပြောင်းလဲမှုများလုပ်ဆောင်ရာတွင် ပါဝင်လာကြမည်ဖြစ်သည်။



# တစ်ဦးချင်းစီတွေ့ဆုံမေးမြန်းခြင်းနှင့် အဖွဲ့များသို့ကူညီရှင်းလင်းပြခြင်း

ဆွေးနွေးပါ။

ကျောင်းသားများ၏အဖြေမှာကွဲပြားနေလိမ့်မည်။ ဖြစ်နိုင်ခြေရှိသောအဖြေများမှာ- မေးခွန်းစာရင်းရေးသားခြင်း၊ ဒေသခံများနှင့်အတူ အဆင်ပြေမည့်အချိန်နှင့်နေရာကိုစီစဉ်ခြင်း၊ ဒေသခံများအားလုပ်ငန်းအဆင့်ဆင့်ကို သိရှိစေပြီး ဒေသခံအများအပြားပါဝင်နိုင်အောင်ပြုလုပ်ခြင်း (ဥပမာ-အမျိုးသားနှင့်အမျိုးသမီး၊ ကွဲပြားသော လူမျိုး၊ ဘာသာနှင့် အသက်အရွယ်အပိုင်းအခြားများ)

လေ့ကျင့်ခန်း(၃)

အကြံပြုချက်။ ။တစ်ဦးချင်းစီ၊ ထို့နောက် အဖွဲ့ငယ်အတွင်းနှိုင်းယှဉ်ပါ။

ကျောင်းသားများ၏အဖြေမှာကွဲပြားနေလိမ့်မည်၊ ဖြစ်နိုင်ချေရှိသောအဖြေများမှာ-

| တစ်ဦးချင်းစီမေးမြန်းခြင်း | အဖွဲ့လိုက်မေးမြန်းခြင်း |
|---|---|
| တစ်ဦးချင်းစီတွေ့ဆုံမေးမြန်းခြင်း<br>တစ်ဦးချင်းစီ တွေ့ဆုံမေးမြန်းခြင်းမှာ အချိန်တိုသော်လည်းအားလုံးကို မေးမြန်းရမည် ဖြစ်သောကြောင့် အချိန်ကြာမည်<br>ကိုယ်ရေးကိုယ်တာနှင့်သက်ဆိုင်သော မေးခွန်းများ မေးမြန်းနိုင်သည်<br>သီးသန့်ဖြစ်ခြင်း-ပါဝင်သူများမှပိုမိုပွင့်လင်း သောအဖြေကို ပေးနိုင်မည်<br>ပါဝင်သူများမှစိုးရိမ်မှုရှိနိုင်သည်-လုပ်ဆောင်မှု အဆင့်ဆင့်မှာ ပို၍အလုပ်သဘောဆောင် သောကြောင့်ဖြစ်သည် | မေးခွန်းတစ်ခုစီကိုဒေသခံအဖွဲ့ဝင်အချို့မှ အတူဖြေကြားခြင်း<br>မေးခွန်းတစ်ခုစီအတွက်ဆွေးနွေးရန် အချိန် ကြာကြာလိုအပ်သည်<br>ဖြေဆိုမှုများကို သေချာအောင်ချိန်ဆရမည်<br>ပါဝင်ဖြေဆိုသူများမှ အမြင်ကွဲလွဲမှုများ ရှိနိုင်သည် |

လေ့ကျင့်ခန်း(၄)

အကြံပြုချက်။ ။နှစ်ယောက်တစ်တွဲ

အဖြေများ

၁။ နှစ်ခုစလုံး
၂။ နှစ်ခုစလုံး
၃။ နှစ်ခုစလုံး
၄။ တစ်ဦးချင်း
၅။ နှစ်ခုစလုံး၊ သို့သော်တစ်ဦးချင်းစီတွေ့ဆုံ မေးမြန်းမှုအတွက်ပို၍အရေးကြီးသည်။
၆။ နှစ်ခုစလုံး
၇။ အဖွဲ့လိုက်
၈။ နှစ်ခုစလုံး
၉။ အဖွဲ့လိုက်
၁၀။ တစ်ဦးချင်း
၁၁။ အဖွဲ့လိုက်
၁၂။ အဖွဲ့လိုက်

# ၃.၃ နည်းစနစ်ဖွံ့ဖြိုးတိုးတက်မှု

လေ့ကျင့်ခန်း(၁)

အကြံပြုချက်။ ။ နှစ်ယောက်တစ်တွဲ

စစ်တမ်းကောက်ယူသည့်နည်းလမ်းအမျိုးမျိုးကိုသုံးခြင်းသည် အခြေအနေအများစုတွင်သင့်လျော်သည်။ ကျောင်းသားများ၏အဖြေမှာကွဲပြားနိုင်သည်။

အဖြေများ

၁။ စစ်ဆေးရမည့်အချက်များစာရင်း/လေ့လာရှာဖွေမှု- ဤအချက်ကိုသန်းခေါင်စာရင်းမှတ်တမ်းမှတစ်ဆင့် သိနိုင်သည်(ဒေသခံများမှာမူအတိအကျမသိနိုင်ပါ) အကယ်၍တရားဝင်အချက်အလက်မရှိသည့်နေရာတွင် ဒေသရှိခေါင်းဆောင်များနှင့် တစ်ဦးစီတွေ့ဆုံမေးမြန်းရမည်ဖြစ်သည်။

၂။ စစ်ဆေးရမည့်အချက်များစာရင်း/လေ့လာရှာဖွေမှု- အထက်ပါအတိုင်း

၃။ တစ်ဦးချင်း/အဖွဲ့လိုက်တွေ့ဆုံမေးမြန်းခြင်း

၄။ လေ့လာစစ်ဆေးရမည့်အချက်များစာရင်းမှာလမ်း၊ တံတားများ၏အခြေအနေကိုကိုယ်တိုင်လေ့လာရန်၊ တစ်ဦးချင်း/အဖွဲ့လိုက်မေးမြန်းမှုများပြုလုပ်ခြင်းဖြင့် ဒေသခံများ၏ထင်မြင်ချက်ကိုသိရှိရန်။

၅။ လေ့လာစစ်ဆေးရမည့် အချက်များစာရင်းမှာ ညစ်ညမ်းမှု၊ အမှိုက်သရိုက်များ၊ စွန့်ပစ်ပစ္စည်းများအစရှိသည်ကို လေ့လာရှာဖွေရန်၊ စစ်တမ်းကောက်မေးခွန်းများ မေးမြန်းခြင်းဖြင့်ဒေသခံများ၏ထင်မြင်ချက်များကို ယေဘုယျအားဖြင့်သိရှိရန်နှင့် အဖွဲ့လိုက်တွေ့ဆုံမေးမြန်းမှုပြုလုပ်ခြင်းဖြင့်ဒေသခံများ၏ ထင်မြင်ချက်ကိုအသေးစိတ်သိရှိရန်။

၆။ စစ်တမ်းကောက်မေးခွန်းများ

၇။ စစ်တမ်းကောက်မေးခွန်းများ

ဆွေးနွေးပါ။

ကျောင်းသားများ၏အဖြေများမှာကွဲပြားနိုင်သည်။ ဖြစ်နိုင်ခြေရှိသောအဖြေများမှာ -

လေ့လာစစ်ဆေးရမည့်အချက်များစာရင်း- အထောက်အပံ့ပစ္စည်းအနည်းငယ်သာလိုအပ်ခြင်း၊ မြန်ဆန်ခြင်း၊ ဖြေဆိုမှုများကိုနှိုင်းယှဉ်ရန်နှင့်သုံးသပ်ရန်လွယ်ကူခြင်း။

စစ်တမ်းကောက်မေးခွန်းများ-အဖြေများကိုနှိုင်းယှဉ်ရန်လွယ်ကူသည်၊ ဒေသခံများမှအချိန်အများကြီးမပေးရပါ။

တစ်ဦးချင်းတွေ့ဆုံမေးမြန်းမှု- စီမံကိန်းအဖွဲ့မှ ဒေသခံများ၏ထင်မြင်ချက်၊ အပြုအမူနှင့် ပတ်သက်ဆက်နွယ်မှုများကို ပိုမို၍အသေးစိတ်ရယူသည်။ ဒေသခံများမှလည်း မေးခွန်းများပြန်လည်မေးခွင့်ရရှိကြသည်။

# ၃.၃ နည်းစနစ်ဖွံ့ဖြိုးတိုးတက်မှု

မိမိစုဆောင်းလိုသည့်သတင်းအချက်အလက်ပေါ် အကောင်းဆုံးတုံ့ပြန်မှုရရှိရန်အတွက် မှန်ကန်သည့်အရာကို ရွေးချယ်ရန်အရေးကြီးသည်။ များသောအားဖြင့် သင်သည်စီမံကိန်းရေးဆွဲရန်အတွက် အမျိုးမျိုးသော သတင်းအရင်းအမြစ်များမှ အချက်အလက်များကောက်ယူရာတွင် နည်းလမ်း(သို့) နည်းပညာအချို့ကိုအသုံးပြုရန် လိုအပ်သည်။ အဓိကလုပ်ဆောင်ရန် အချက်၄ခုမှာ-

- သင်သိလိုသည့်အရေးကြီးဆုံးသော ဧရိယာဒေသကိုရွေးချယ်ပါ။
- ရရှိသောသတင်းအချက်အလက်များ၏အရင်းအမြစ်တစ်ခု(သို့) တစ်ခုထက်မကရှာဖွေပါ။
- သတင်းအချက်အလက်စုဆောင်းရန် အသင့်တော်ဆုံးနည်းစနစ်ကိုဆုံးဖြတ်ရွေးချယ်ပါ။ (လေ့လာစစ်ဆေးသည့်မေးခွန်းများစာရင်း၊ တွေ့ဆုံမေးမြန်းမှု စသဖြင့်)
- အသုံးပြုမည့်စနစ်ကိုရေးဆွဲခြင်း (ဥပမာ- မေးမြန်းမည့်မေးခွန်းများရွေးချယ်ခြင်း)

### လေ့ကျင့်ခန်း(၁)

အသင့်တော်ဆုံးသော စစ်တမ်းကောက်ယူနည်းကိုရွေးချယ်ပါ။ (လေ့လာစစ်ဆေးချက်စာရင်း၊ စစ်တမ်းကောက် မေးခွန်းများ၊ တစ်ဦးချင်း(သို့) အဖွဲ့လိုက်တွေ့ဆုံမေးမြန်းခြင်း)
အောက်ပါအချက်တစ်ခုချင်းစီအတွက် သတင်းအချက်အလက်ရရှိရန်

၁။ သင်၏ဒေသရှိလူဦးရေ
၂။ ဒေသရှိကျောင်းအရေအတွက်
၃။ ဒေသတွင်း လုံခြုံမှုရှိ/မရှိခံစားရခြင်း
၄။ လမ်း/တံတားများ ကောင်းမွန်မှုရှိ/မရှိ
၅။ သန့်ရှင်းခြင်းရှိ/မရှိ
၆။ လူအများမှစားသုံးသည့်အစားအစာများ
၇။ တစ်နှစ်တွင် အကြိမ်မည်မျှဖျားနာကြသနည်း။

**ဆွေးနွေးပါ။**
နည်းစနစ်တစ်ခုစီတွင် မည်သို့သောအကျိုးကျေးဇူးများရှိသနည်း။

စီမံကိန်းအခြေနေသုံးသပ်ရန်အတွက် အသုံးပြုရန်မည်သည့်အချက်အလက်များ စုဆောင်းမှုနည်းလမ်းမှာ အထောက်အကူဖြစ်သနည်း။ အောက်ပါဇယားရေးဆွဲခြင်းမှာ အထောက်အကူပြုနိုင်သည်။

| အခြေအနေကိုခွဲခြမ်းစိတ်ဖြာခြင်း - နည်းစနစ်ဖွံ့ဖြိုးတိုးတက်မှု | | | |
|---|---|---|---|
| စီမံကိန်းနယ်ပယ် | လိုအပ်သည့်သတင်းအချက်အလက် | အရင်းအမြစ် | နည်းစနစ် |
| ဥပမာ-သစ်တောစီမံအုပ်ချုပ်ခြင်း | အပင်များ၏အခြေအနေ | သစ်တော (အပင်နှင့်သစ်ပင်များ) | လေ့လာစစ်ဆေးရမည့်အချက်များစာရင်း |
| | | | |
| | | | |
| | | | |
| | | | |

## လေ့ကျင့်ခန်း(၂)

အောက်ပါသတင်းအချက်အလက်များကို ဇယားတွင်ပေးထားချက်နှင့်တွဲပါ။ အချက်အလက်များတစ်ခုထက်ပို၍ ရွေးချယ်နိုင်သည်။ အဖွဲ့အတွင်းတွင်နှိုင်းယှဉ်ပါ။ အကယ်၍သင်၏အဖြေများကွဲပြားပါက အဘယ်ကြောင့်ရွေးချယ်ရသည်ကိုဆွေးနွေးပါ။

| | | |
|---|---|---|
| သစ်တောခရိုင်ရုံး | သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လူငယ်အဖွဲ့ | သစ်တောပြောင်းလဲမှု |
| သစ်တောကိုအသုံးပြုပုံ | တရားဝင်သစ်ထုတ်လုပ်မှု | သစ်တောကာကွယ်ရန်ကနဦး လှုပ်ရှားမှု |
| သစ်တောကိုအသုံးပြုသည့် ဒေသခံများ | တစ်ဦးချင်းစီတွေ့ဆုံ မေးမြန်းမှုများ | သက်ကြီးရွယ်အိုဒေသခံ အဖွဲ့ဝင်များ |
| အဖွဲ့အတွင်းဆွေးနွေးချက်များ | တရားမဝင်သစ်ထုတ်လုပ်မှု | စစ်တမ်းကောက်မေးခွန်းများ |

လေ့ကျင့်ခန်း(၂)

အကြံပြုချက်။ ။တစ်ဦးချင်းစီ၊ ထို့နောက်အဖွဲ့ငယ်အတွင်းနှိုင်းယှဉ်ပါ။

ကျောင်းသားများ၏အဖြေမှာအနည်းငယ်ကွဲပြားနိုင်သည်။ အကြံပြုအဖြေများ

| အခြေအနေကိုခွဲခြမ်းစိတ်ဖြာခြင်း- နည်းစနစ်ဖွံ့ဖြိုးတိုးတက်မှု | | | |
|---|---|---|---|
| စီမံကိန်းနယ်ပယ် | လိုအပ်သည့်သတင်း အချက်အလက် | အရင်းအမြစ် | နည်းစနစ် |
| ဥပမာ- သစ်တောစီမံ အုပ်ချုပ်ခြင်း | အပင်များ၏အခြေအနေ | သစ်တော (အပင်နှင့် သစ်ပင်များ) | လေ့လာစစ်ဆေးရမည့် အချက်များစာရင်း |
| | သစ်တောကိုအသုံးပြုပုံ | သစ်တောကိုအသုံးပြုသည့် ဒေသခံများ | စစ်တမ်းကောက် မေးခွန်းများ၊ အဖွဲ့လိုက်ဆွေးနွေးခြင်း |
| | တရားဝင်သစ် ထုတ်လုပ်မှု | သစ်တောဦးစီးဌာန | စစ်တမ်းကောက် မေးခွန်းများ |
| | တရားမဝင်သစ် ထုတ်လုပ်မှု | သစ်တောကို အသုံးပြုသည့် ဒေသခံများ၊ သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ လူ့ငယ်အဖွဲ့ | တစ်ဦးချင်းစီတွေ့ဆုံ မေးမြန်းမှုများ |
| | သစ်တောပြောင်းလဲမှု | သက်ကြီးရွယ်အိုဒေသခံ အဖွဲ့ဝင်များ | အဖွဲ့လိုက်ဆွေးနွေးခြင်း |
| | သစ်တောကို ကာကွယ်ရန် ပြုလုပ်ပြီးခဲ့သော လုပ်ဆောင်ချက်များ | သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လူ့ငယ်အဖွဲ့၊ သက်ကြီးရွယ်အို ဒေသခံအဖွဲ့ဝင်များ | စစ်တမ်းကောက် မေးခွန်းများ၊ အဖွဲ့လိုက်ဆွေးနွေးခြင်း |

# အခန်း(၃) ဦးတည်ချက်

## တွေ့ဆုံမေးမြန်းသည့်နည်းစနစ်အကြောင်းကိုလေ့လာခြင်း

ဤအဖြစ်အပျက်သည် စီမံကိန်းအဖွဲ့မှအချက်အလက်ကောက်ယူသည့်ဥပမာကိုပြသသည်။ ကောင်းမွန်သည့်ရလဒ်ရရှိနိုင်ရန် လုပ်ဆောင်ပုံအဆင့်ဆင့်တွင် ကောင်းမွန်သောနည်းလမ်းများရှိသော်လည်း စီမံကိန်းအဖွဲ့မှအရေးကြီးသောအဆင့်များကိုချန်ရစ်ခဲ့ကြသည်။ ၎င်းမှာနောင်တစ်ချိန်တွင် စီမံကိန်းအတွက် ပြဿနာများဖြစ်လာနိုင်သည်။

ကျောင်းသားများမှစာပိုဒ်ကိုဖတ်ရှုပြီး မေးခွန်းများဖြေဆိုပါ။

အကြံပြုချက်။ ။နှစ်ယောက်တစ်တွဲ၊ ထို့နောက်နှိုင်းယှဉ်ရန်အဖွဲ့ငယ်များဖွဲ့ပါ။

---

ကျောင်းသားများ၏အဖြေများမှာကွဲပြားနိုင်သည်။ ဆွေးနွေးမှုများကိုအားပေးလုပ်ဆောင်စေပြီး ကျောင်းသားများမှသရုပ်ဆောင်လေ့ကျင့်ရန် အချိန်ပေးပါ။

၁။ ကျောင်းသားများ၏အဖြေများအနည်းငယ်ကွဲပြားနိုင်သည်။

| ကောင်းမွန်သော ရလဒ်များ | ကောင်းမွန်သောရလဒ်များ အတွက် အသင်းမှဆောင်ရွက်သည့် လှုပ်ရှားမှုများ | တိုးတက်ဆောင်ရွက်ရမည့်အရာများ |
|---|---|---|
| အချို့သောရပ်ကွက်သား များမှာ လူငယ်အဖွဲ့မှ ၎င်းတို့ကိုကူညီရန် စိတ်ပါဝင်စားသည့်အတွက် ပျော်ရွှင်ကြသည်။<br><br>စီမံကိန်းအဖွဲ့သည် ရပ်ကွက်သားများထံမှ အသုံးဝင်သောအချက် အလက်များရရှိသည်။<br><br>စီမံကိန်းအဖွဲ့သားများနှင့် ရပ်ကွက်အဖွဲ့ဝင်များသည် အစည်းဝေးပွဲ၌ ကောင်းမွန် သော ရင်းနှီးဆက်ဆံမှုကို တည်ဆောက်လာနိုင် ခဲ့သည်။ | စစ်တမ်းကောက် မေးခွန်းများဖြန့်ဝေပြီး ရပ်ကွက်အဖွဲ့ဝင်များအား ဆွေးနွေးပွဲ တက်ရောက်ရန်ဖိတ်ကြားသည်။<br><br>အချို့သော ရပ်ကွက်အဖွဲ့ဝင်များသည် လူငယ်များမှပြုလုပ်နိုင်သည့် ပြောင်းလဲမှုအပေါ်တွင် စိုးရိမ်စိတ်ရှိခြင်း- အဖွဲ့လိုက်ဆွေးနွေးမှုသည် ကြောက်ရွံ့မှုများကိုအောင်မြင် ကျော်လွှားနိုင်သည့် နည်းလမ်းကောင်း ဖြစ်သည်။ ရပ်ကွက်သားများမှလည်း မေးခွန်းများမေးမြန်းနိုင်ပြီး ၎င်းတို့၏ အလေးထားထင်မြင်ချက်များကိုမျှဝေ ခွင့်ရရှိကြသည်။<br><br>စီမံကိန်းအဖွဲ့မှ ရပ်ကွက်အဖွဲ့ဝင်များအား ၎င်းတို့၏ထင်မြင်ချက်များကို ပြောဆိုစေသည်။ | စစ်တမ်းကောက်မေးခွန်းများကို မည်မျှ (သို့) မည်သည့်ဘာသာဖြင့်ဖြန့်ဝေထားသည်ကို ကျွန်ုပ်တို့မသိရှိပါ။ သို့သော် လူဦးရေ ၁၀ ယောက်သာ တက်ရောက်ခြင်းမှာ ပိုမိုပါဝင်မည့်နည်းလမ်းကိုအသုံးပြုရန် လိုအပ်သည်ဟုယူဆသည်။<br><br>အချို့သောရပ်ကွက်သားများမှာ မကျေနပ်မှု များကိုပြောဆိုပါက ဖြစ်လာမည့် အကျိုးဆက်များအတွက် စိုးရိမ်ကြသည်။ ထို့ကြောင့်၎င်းတို့မှ အဖွဲ့လိုက်ဆွေးနွေးမှုကို ရှောင်ဖယ်မည်ဖြစ်သည်။<br><br>၎င်းအဖွဲ့သည် ဦးတည်သည့်ရပ်ကွက်၏ ကိုယ်စားပြုများ မဟုတ်ပါ။ - တက်ရောက်လာသူ ၁၀ဦးသာရှိပြီး အမျိုးသားများသာဖြစ်နေသည် - အမျိုးသမီး များလည်းပါဝင်ရမည်ဖြစ်သည်။ |

၂။ ကျောင်းသားများမှ မိမိတို့၏အဖြေများကိုအဖွဲ့ငယ်အတွင်းနှိုင်းယှဉ်ရန်။

၃။ နှင့်

၄။ ကျောင်းသားများ၏အဖြေမှာကွဲပြားနိုင်သည်။ ဖြစ်နိုင်ခြေရှိသောမေးခွန်းများမှာ

# အခန်း(၃) ဦးတည်ချက်

## တွေ့ဆုံမေးမြန်းသည့်နည်းစနစ်အကြောင်းကိုလေ့လာခြင်း

အောက်ပါစီမံကိန်းအကြောင်းဖတ်၍ မေးခွန်းများဖြေဆိုပါ။



ဒေသခံလူငယ်အဖွဲ့အစည်းတစ်ခုမှ တစ်ကိုယ်ရေသန့်ရှင်းမှု၊ သဘာဝဝန်းကျင် ထိခိုက်မှုမရှိစေသော စွန့်ပစ်ပစ္စည်းများနှင့် အမှိုက်သုတ်သင်ရှင်းလင်းမှုနှင့် ဆိုင်သောစီမံကိန်းကို မန္တလေးမြို့ရှိ ဆင်းရဲသားရပ်ကွက်တစ်ခုတွင်ပြုလုပ်လိုသည်။ စစ်တမ်းကောက်ရာတွင်မေးမည့်မေးခွန်းများကိုရေးဆွဲပြီး ၄င်းရပ်ကွက် တွင်နေထိုင်သူတို့နှင့်ဆွေးနွေးရန်စီစဉ်သည်။ ထို့နောက် ထိုရပ်ကွက်သို့မေး မြန်းမည့်မေးခွန်းစာရင်းများကိုဖြန့်ဝေလိုက်ပြီး အဖွဲ့လိုက်တွေ့ဆုံဆွေးနွေးရန် နောက်တစ်ပတ်တနင်္ဂနွေနေ့တွင် ဖိတ်ခေါ်လိုက်သည်။ အချို့မှာလူငယ်အဖွဲ့မှ သူတို့ကိုကူညီမည်ဖြစ်၍ဝမ်းမြောက်ကြသည်။ အချို့မှာမူ လူငယ်များမှပြုလုပ် မည့် အပြောင်းအလဲအပေါ် စိုးရိမ်ပူပန်မှုရှိပြီး အချို့မှာမူမိမိတို့၏ လက်ရှိအခြေအနေပေါ် မကျေနပ်မှုများကို ပြောဆိုလိုက်ပါက ဒုက္ခရောက်မည်ကိုစိုးရိမ်နေကြသည်။

နောက်တစ်ပတ်တနင်္ဂနွေနေ့တွင် စီမံကိန်းအဖွဲ့မှ ရပ်ကွက်ရှိအမျိုးသား၁၀ဦးနှင့် တွေ့ဆုံသည်။ အစည်းအဝေးပွဲတွင်၄င်းအသင်းမှ ရပ်ကွက်သားများ၏အမြင်ကို ထုတ်ဖော်စေခြင်းဖြင့် အကျိုးရှိသောသတင်းအချက်အလက်များရရှိသွားသည်။ အစည်းအဝေးပြီးဆုံးသည့်အခါတွင် စီမံကိန်းအဖွဲ့ဝင်နှင့် ရပ်ကွက်သားများသည် အတူလက်တွဲလုပ်ဆောင်ရန် ရင်းနှီးလာကြသည်။

၁။ အထက်ပါအကြောင်းအရာပေါ်မူတည်၍အောက်ပါဇယားကွက်ကိုဖြည့်စွက်ပါ။

| ကောင်းမွန်သော ရလဒ်များ | ကောင်းမွန်သောရလဒ်များ အတွက် အသင်းမှဆောင်ရွက်သည့် လှုပ်ရှားမှုများ | တိုးတက်ဆောင်ရွက်ရမည့် အရာများ |
|---|---|---|
| | | |

၂။ စီမံကိန်းအဖွဲ့မှ ကောင်းမွန်စွာလုပ်ဆောင်နိုင်သည့်အချက်များစာရင်းကိုရေးပါ။

၃။ စီမံကိန်းအဖွဲ့မှ ပိုမိုကောင်းမွန်အောင်ဆောင်ရွက်နိုင်သော အချက်အလက်စုဆောင်းမှုနည်းလမ်း(၃)ခု ကိုဖော်ပြပါ။

၄။ စီမံကိန်းအဖွဲ့မှ သတင်းစုဆောင်းရာတွင်အသုံးပြုနိုင်သော တွေ့ဆုံမေးမြန်းရန် မေးခွန်း၆ခုကိုပြောပြပါ။

အမှိုက်များကိုမည်သို့ပြုလုပ်သနည်း။

ယခုလက်ရှိ အမှိုက်များစွန့်ပစ်သည့်နည်းလမ်းအပေါ် စိတ်ကျေနပ်မှုရှိပါသလား။

လမ်းပေါ်တွင်ပလတ်စတစ်အိတ်နှင့်အမှိုက်များများစွာရှိသည်။ အမှိုက်သိမ်းဆည်းသူရှိပါသလား။
အမှိုက်များကို ဘယ်နှစ်ကြိမ်တစ်ခါသိမ်းဆည်းသနည်း။

အနီးအနားတွင် စွန့်ပစ်ပစ္စည်းများပြန်လည်သုံးစွဲမှုပြုနိုင်ရန် အထောက်အပံ့ပေးသည့်နေရာရှိပါသလား။

ကျန်းမာရေးပြဿနာတစ်စုံတစ်ခုသင်ကြုံတွေ့နေရပါသလား။ သင်၏ကျန်းမာရေးနှင့်သင်၏ဘေးပတ်ဝန်း
ကျင်တို့အကြား ဆက်နွယ်မှုတစ်ခုခုရှိသည်ဟု သင်ထင်မြင်မိပါသလား။

# အခန်း(၄)

## အဆင့်(၁)– အခြေအနေကိုခွဲခြမ်းစိတ်ဖြာခြင်း–လိုအပ်မှုကိုဝေဖန်ဆုံးဖြတ်ခြင်း

၄.၁ ဦးတည်ရာလူမှုဝန်းကျင်၏သတင်းအချက်အလက်ကိုပြုစုခြင်း
 ၄.၁.၁ စီမံကိန်းနှင့်သက်ဆိုင်သူအားလုံးကိုသုံးသပ်ခြင်း
၄.၂ လိုအပ်မှုနှင့်လိုချင်သောအရာကိုထုတ်ဖော်ခြင်း-ကွာဟမှုသုံးသပ်ချက်
၄.၃ လိုအပ်ချက်များကို ဦးစားပေးခြင်း
၄.၄ လိုအပ်ချက်များကို ညှိနှိုင်းခြင်း

ဤသင်ခန်းစာပြီးဆုံးပါက ကျောင်းသားများမှ -

- မိမိတို့အလုပ်လုပ်ကိုင်ဆောင်ရွက်နေသောလူမှုဝန်းကျင်ကို ဖော်ပြနိုင်မည်။
- SWOT သုံးသပ်ချက်ကိုလုပ်ဆောင်နိုင်မည်။
- စီမံကိန်းနှင့် သက်ဆိုင်သူအားလုံးကိုသိရှိဖော်ပြနိုင်မည်။
- လိုအပ်မှုနှင့်လိုချင်မှုခြားနားချက်ကိုဖော်ပြနိုင်မည်။
- ကွာဟမှုသုံးသပ်ချက်ကိုလုပ်ဆောင်နိုင်မည်။
- ဒေသလိုအပ်ချက်များကိုဝေဖန်ဆုံးဖြတ်နိုင်မည်။

# အခန်း(၄)

## အဆင့်(၁)- အခြေအနေကိုခွဲခြမ်းစိတ်ဖြာခြင်း-လိုအပ်မှုကိုဝေဖန်ဆုံးဖြတ်ခြင်း


၄.၁ ဦးတည်ရာလူမှုဝန်းကျင်၏သတင်းအချက်အလက်ကိုပြုစုခြင်း

၄.၁.၁ စီမံကိန်းနှင့်သက်ဆိုင်သူအားလုံးကိုသုံးသပ်ခြင်း

၄.၂ လိုအပ်မှုနှင့်လိုချင်သောအရာကိုထုတ်ဖော်ခြင်း-ကွာဟမှုသုံးသပ်ချက်

၄.၃ လိုအပ်ချက်များကို ဦးစားပေးခြင်း

၄.၄ လိုအပ်ချက်များကို ညှိနှိုင်းခြင်း


ဤသင်ခန်းစာပြီးဆုံးပါက ကျောင်းသားများမှ -

- မိမိတို့အလုပ်လုပ်ကိုင်ဆောင်ရွက်နေသောလူမှုဝန်းကျင်ကို ဖော်ပြနိုင်မည်။
- SWOT သုံးသပ်ချက်ကိုလုပ်ဆောင်နိုင်မည်။
- စီမံကိန်းနှင့် သက်ဆိုင်သူအားလုံးကိုသိရှိဖော်ပြနိုင်မည်။
- လိုအပ်မှုနှင့်လိုချင်မှုခြားနားချက်ကိုဖော်ပြနိုင်မည်။
- ကွာဟမှုသုံးသပ်ချက်ကိုလုပ်ဆောင်နိုင်မည်။
- ဒေသလိုအပ်ချက်များကိုဝေဖန်ဆုံးဖြတ်နိုင်မည်။



# ၄.၁ ဦးတည်ရာလူမှုဝန်းကျင်၏ သတင်းအချက်အလက်ကိုပြုစုခြင်း

စစ်တမ်းကောက်ယူမှုမှ အချက်အလက်များရရှိပြီးနောက် စီမံကိန်းအဖွဲ့မှမိမိတို့၏တွေ့ရှိချက်များကို တွေ့ဆုံဆွေးနွေးဝေငှနိုင်သည်။ ဤသတင်းအချက်အလက်အားဖြင့် အဖွဲ့ဝင်များမှ

- ရပ်ရွာဒေသအကြောင်းပို၍ နက်ရှိုင်းစွာနားလည်လာမည်။
- ရရှိနိုင်သောအရင်းအမြစ်အကြောင်းကိုလည်း ပို၍သိလာမည်။
- ဖြစ်နိုင်ခြေများ၊ လိုအပ်ချက်များနှင့်ပြဿနာများကိုစတင်တွေ့မြင်လာပြီး စီမံကိန်းတွင်တင်ပြနိုင်မည်။

ဦးတည်ရာလူမှုဝန်းကျင်၏ သတင်းအချက်အလက်ပြုစုရာတွင် အသုံးဝင်သည့်နည်းလမ်းကို SWOT သုံးသပ်ခြင်းဟုခေါ်သည်။

၎င်းတို့မှာ

- လက်ရှိဒေသတွင်းရှိအားသာချက်များ (Strengths)
- လက်ရှိဒေသတွင်းရှိအားနည်းချက်များ (Weaknesses)
- စီမံကိန်းအောင်မြင်ရန်ကူညီနိုင်သည့်ဒေသတွင်းရှိအခွင့်အလမ်းများ (Opportunities)
- စီမံကိန်းအောင်မြင်မှုလမ်းကြောင်းတွင်ရှိနိုင်သည့်အနှောင့်အယှက်များ (Threats)



# ၄.၁ ဦးတည်ရာလူ့မှုဝန်းကျင်၏ သတင်းအချက်အလက်ကိုပြုစုခြင်း

ကျောင်းသားများမှစာပိုဒ်ကိုဖတ်ရှုသည်။ လိုအပ်ပါကရှင်းပြပါ။

အားသာချက်များ (Strengths) - မှာ စီမံကိန်းအောင်မြင်နိုင်ရန်အတွက် ကူညီပေးနိုင်သည့် ရပ်ရွာဒေသရှိ အပြုသဘောဆောင်သည့်အချက်များဖြစ်သည်။

အားနည်းချက်များ (Weaknesses) - မှာ စီမံကိန်းအပေါ်ဆိုးကျိုးမသက်ရောက်နိုင်ရန်အတွက် ပိုမို၍ ထောက်ပံ့မှုပေးရန် လိုအပ်သောအချက်များဖြစ်သည်။

အခွင့်အရေးများ (Opportunities) - မှာ စီမံကိန်းအတွက်အထောက်အကူပြုသည်- သင်နှင့်အတူတကွ လက်တွဲလုပ်ကိုင်နိုင်သည့် ရပ်ရွာဒေသအတွင်းရှိ တစ်ဦးတစ်ယောက် (သို့) အခြားအဖွဲ့များ (သို့) ရန်ပုံငွေ နှင့် အထောက်အပံ့ရရှိနိုင်မည့်နေရာများဖြစ်သည်။

အနှောင့်အယှက်များ (Threats) - မှာ စီမံကိန်းအောင်မြင်ရန် ဦးတည်သည့်လမ်းကြောင်းပေါ်တွင် ရှိသည့်အတားအဆီးများဖြစ်သည်- ၄င်းတို့ကို သင်ကြိုတင်ခန့်မှန်းထားရမည်။ သို့မှသာ စီမံကိန်းကို မထိခိုက်နိုင်စေရန်အတွက် နည်းလမ်းများကိုရှာဖွေနိုင်မည်ဖြစ်သည်။

၄င်းသည်ကျောင်းသားများအား အားသာချက်နှင့်အားနည်းချက်ဆိုသည်မှာ ဦးတည်သည့်လူမှုဝန်းကျင်အထဲမှ လာသည့် အတွင်းကဏ္ဍများဟုသိမြင်စေနိုင်သည်။ အခွင့်အရေးနှင့်အနှောင့်အယှက်များမှာမူ ပြင်ပအရာများဖြစ်ပြီး ဦးတည်သည့်လူမှုဝန်းကျင်၏အပြင်ဘက်မှလာသည်။

## လေ့ကျင့်ခန်း(၁)

အကြံပြုချက်။ ။နှစ်ယောက်တစ်တွဲလုပ်ဆောင်ရန်

### အဖြေများ

| အားသာချက်များ (Strengths) | အားနည်းချက်များ (Weaknesses) | အခွင့်အရေးများ (Opportunities) | အနှောင့်အယှက်များ (Threats) |
|---|---|---|---|
| အမျိုးသမီးများမှာဒေသတွင်းရှိနေရာများတွင် တက်ကြွစွာပါဝင်သည်။<br><br>အမျိုးသမီးအများစုမှာ ဝင်ငွေတိုးမြှင့်အောင် လုပ်ဆောင်သောလှုပ်ရှားမှုများတွင်ပါဝင်ရန် ဆန္ဒရှိသည်။ | အမျိုးသမီးအများစုမှာ ပညာအရည်အချင်း နိမ့်ကျပြီး အချို့မှာ အခြေခံပညာမရှိပါ။<br><br>အမျိုးသမီးအများစုမှာ အိမ်အလုပ်နှင့် သားသမီးစောင့်ရှောက်မှုတွင် အလုပ်များကြသည်။ | ဒေသတွင်းရှိ အမျိုးသမီးများ အဖွဲ့သည် သောကြာနေ့ နံနက်တိုင်း တွေ့ဆုံလေ့ရှိသည်။<br><br>အမျိုးသမီး အနည်းစုမှာအောင်မြင်သော စီးပွားရေးလုပ်ငန်းရှင်များ ဖြစ်သည် - ဈေးဆိုင် ပိုင်ရှင်များ၊ လ္ဘက်ရည်ဆိုင်၊ အလှပြင်ဆိုင်ပိုင်ရှင်များ ဖြစ်သည်။ | အမျိုးသမီးများ အိမ်ပြင်ပ၌ မိမိတို့၏အချိန်ကို ပိုမိုကုန်ဆုံးစေမှုအပေါ် အမျိုးသားများမှ ၎င်းတို့၏ထင်မြင်ချက်ကို ဖော်ပြခဲ့ကြသည်။<br><br>သယ်ယူပို့ဆောင်ရေးမှာ ညံ့ဖျင်းသည်။ |

ဆွေးနွေးပါ။

ကျောင်းသားများ၏အဖြေမှာကွဲပြားနိုင်သည်။

စီမံကိန်းအစီအစဉ်ရေးဆွဲမှုတွင် အားသာချက်များနှင့်အခွင့်အလမ်းများမှ ကောင်းကျိုးများကိုရယူရန် ဦးတည်သင့်ပြီး အားနည်းချက်များနှင့်အနှောင့်အယှက်များကို လျော့နည်းအောင်ပြုလုပ်ရမည်။ အမျိုးသမီးများအဖွဲ့နှင့်အောင်မြင်သောအမျိုးသမီးလုပ်ငန်းရှင်များ အတူတကွလက်တွဲလုပ်ဆောင်နိုင်မည့် အခွင့်အရေးများရှိသည်- ၎င်းတို့ကိုအကြံဉာဏ်ပြုသင့်ပြီး ၎င်းတို့မှာ စီမံကိန်းအကောင်အထည်ဖော်ရန် ကူညီပေးနိုင်သည့် တွဲဖက်များဖြစ်လာမည်။ အကယ်၍အမျိုးသမီးများအလုပ်များပြီး အခြေခံပညာမရှိပါက စီမံကိန်းမှ၎င်းတို့၏ဘဝကို မည်သို့တိုးတက်အောင်ပြုလုပ်ပေးနိုင်သည်ကို ပြသရမည်ဖြစ်ပြီး စာတတ်မြောက်ရန် သင်ကြားပေးသည့်အတန်းများကိုလည်း စီမံကိန်း၏တစ်စိတ်တစ်ပိုင်းအနေဖြင့် ရေးဆွဲရမည်ဖြစ်သည်။ အနှောင့်အယှက်များလျှော့ချနိုင်မည့်နည်းလမ်းကိုလည်းရှာဖွေရမည်- သို့မှသာ အမျိုးသားများမှ ဆွေးနွေးမှုများတွင်ပါဝင်လာမည်ဖြစ်ပြီး ဤစီမံကိန်းသည်အမျိုးသမီးများနှင့် ၎င်းတို့၏မိသားစုများအတွက် မည်မျှအရေးကြီးသည်ကိုနားလည်မည်ဖြစ်သည်။ ထို့အပြင် သယ်ယူပို့ဆောင်ရေးညံ့ဖျင်းပါက အမျိုးသမီးအများစု လာရောက်နိုင်သော ဗဟိုတည်နေရာတစ်ခုကိုရွေးချယ်ရန်လိုအပ်မည် (သို့) အိမ်တိုင်ရာရောက်လိုက်လံ တွေ့ဆုံနိုင်ရန် သယ်ယူပို့ဆောင်ရေးအတွက်ထောက်ပံ့ပေးရမည်။

## လေ့ကျင့်ခန်း(၁)

သင်သည်အမျိုးသမီးများ စီးပွားရေးစွမ်းရည်မြှင့်တင်ပေးရန် လုပ်ဆောင်သည့်လှုပ်ရှားမှုများ အပေါ် လေ့လာသုံးသပ်မှု များကို လုပ်ဆောင်လျက်ရှိသည်။

- ဒေသတွင်းရှိအမျိုးသမီးအဖွဲ့သည်သောကြာနေ့ နံနက်တိုင်းတွေ့ဆုံလေ့ရှိသည်။
- အမျိုးသမီးအများစုမှာ ပညာအရည်အချင်း နိမ့်ကျပြီး အချို့မှာအခြေခံပညာမရှိပါ။
- အမျိုးသမီးများအိမ်ပြင်ပ၌ မိမိတို့၏အချိန်ကိုပို မိုကုန်ဆုံးစေမှုအပေါ် အမျိုးသားများမှ၄င်းတို့၏ ထင်မြင်ချက်ကို ဖော်ပြခဲ့ကြသည်။
- အမျိုးသမီးအများစုမှာ အိမ်အလုပ်နှင့် သား သမီးစောင့်ရှောက်မှုတွင်အလုပ်များကြသည်။
- အမျိုးသမီးများမှာဒေသတွင်းရှိ နေရာအတော် များများတွင်တက်ကြွစွာပါဝင်သည်။
- အမျိုးသမီးအနည်းစုမှာ အောင်မြင်သော စီးပွားရေးလုပ်ငန်းရှင်များဖြစ်သည်- ဈေးဆိုင်ပိုင်ရှင်များ၊ လက်ဖက်ရည်ဆိုင်၊ အလှပြင် ဆိုင်ပိုင်ရှင်များဖြစ်သည်။
- သယ်ယူပို့ဆောင်ရေးမှာညံ့ဖျင်းသည်။
- အမျိုးသမီးအများစုမှာ ဝင်ငွေတိုးမြှင့်အောင် လုပ်ဆောင်သော လှုပ်ရှားမှုများတွင်ပါဝင်ရန် ဆန္ဒရှိသည်။

ပေးထားသောအချက်အလက်များကို မှန်ကန်သည့် SWOT သုံးသပ်ချက်နှင့်တွဲပါ။

### ဆွေးနွေးပါ။

သင်ဖြည့်စွက်ထားသည့် SWOT သုံးသပ်ချက်ဥပမာကိုပြန်လည်ကြည့်ရှုပါ။ သင်၏စီမံကိန်းရေးဆွဲမှုအပေါ် ၄င်းသတင်းအချက်အလက်များမှ မည်သို့သော သက်ရောက်မှုရှိနိုင်သနည်း။

လေ့ကျင့်ခန်း(၂)

အဖွဲ့ဝင်၄ယောက်(သို့) ၅ယောက်ပါဝင်သောအဖွဲ့များကိုဖွဲ့ပါ။ သင်နှင့်အဖွဲ့ဝင်များမှ သင်၏အဖွဲ့ကို မိဘမဲ့ကျောင်း (သို့) အစားအသောက်၊ အဝတ်အစားနှင့် ကျောင်းပစ္စည်းများပေးလှူရန် လိုက်လံကောက်ခံမည့်အဖွဲ့အဖြစ် ဖွဲ့စည်းလိုသည်ဟု စိတ်ကူးကြည့်လိုက်ပါ။

အောက်ပါမေးခွန်းများကို ဖြေဆိုပါ။

၁။ အလုပ်ပြီးဆုံးအောင်ပြုလုပ်နိုင်ရန်အတွက် သင်အသုံးပြုနိုင်မည့်အဖွဲ့ဝင်တစ်ဦးစီ၏ အားသာချက်များမှာ အဘယ်နည်း။

၂။ ပြုပြင်ရန်နှင့်အကူအညီတောင်းရန် လိုအပ်သည့်အားနည်းချက်များမှာအဘယ်နည်း။

၃။ မည်သို့သောအခွင့်အလမ်းများသင်ရရှိနိုင်မည်နည်း။

၄။ လုပ်ငန်းပြီးဆုံးအောင်ဆောင်ရွက်နိုင်မှုကို ထိခိုက်စေနိုင်မည့်အနှောင့်အယှက်မှာအဘယ်နည်း။

# ၄.၁.၁ စီမံကိန်းနှင့်သက်ဆိုင်သူအားလုံးကိုသုံးသပ်ခြင်း

စီမံကိန်းနှင့်သက်ဆိုင်သူများဆိုသည်မှာ- စီမံကိန်းအပေါ် အကျိုးသက်ရောက်မှုရှိသူ(သို့) စီမံကိန်း၏ အကျိုးသက်ရောက်မှုကိုခံရသော လူတစ်ဦးတစ်ယောက်၊ လူတစ်စု၊ အဖွဲ့အစည်းတစ်ခု(သို့) စနစ်တစ်ခု တို့ဖြစ်သည်။ တစ်ခါတစ်ရံ စီမံကိန်းနှင့်သက်ဆိုင်သူများမှာ သင်တာဝန်ယူလုပ်ဆောင်ပေးသည့်ဒေသမှ (သို့မဟုတ်)ထိုဒေသပြင်ပမှဖြစ်သည်။ သို့သော် ထိုသူတို့သည် ပါဝင်ရန်လိုအပ်သောသူများဖြစ်သည်။ အချို့မှာအာဏာကြီးမားသူများဖြစ်ပြီး ၎င်းတို့၏အမြင်ကိုအခြားသူများထက်ပို၍ လွတ်လပ်စွာထုတ်ဖော်နိုင်သည်။ ဒေသအတွင်းရှိအစဉ်အလာအရ ဩဇာအနည်းငယ်ရှိသူများကိုလည်း မမေ့ရန်အရေးကြီးသည်။ အကြောင်းမှာ သူတို့၏အမြင်ကို စီမံကိန်းရေးဆွဲမှုနှင့်ဆောင်ရွက်မှုတွင် တင်ပြဖော်ပြနိုင်ရန်အတွက်လိုအပ်သည်။

စီမံကိန်းနှင့်သက်ဆိုင်သူများ၏ပါဝင်မှုသည် စီမံကိန်းစီမံခန့်ခွဲမှုတွင် စိန်ခေါ်မှုများစွာဖြင့်ကြုံတွေ့ စေသည်။ မတူညီသောသူများမှ မတူညီသောထင်မြင်ချက်များ၊ မတူညီသောလိုအပ်ချက်များနှင့်တစ်ခါတစ်ရံတစ်ဦးနှင့် တစ်ဦး အမြင်မကြည်မှုများလည်းဖြစ်ပေါ်တတ်သည်။

စီမံကိန်းနှင့်သက်ဆိုင်သူများသည် တစ်ဦးနှင့်တစ်ဦး နည်းလမ်းအမျိုးမျိုးဖြင့်ဆက်နွယ်နေကြသည်။ စီမံကိန်းမစတင်မီတွင် စီမံကိန်းတွင်ပါဝင်ပတ်သက်မည့်သူတို့၏အကြောင်းကို သေချာနားလည်ထားပြီး ၎င်းတို့တစ်ဦးနှင့်တစ်ဦး မည်သို့ဆက်နွယ်နေသည်ကို သိရှိထားရမည်ဖြစ်သည်။

လေ့ကျင့်ခန်း(၂)

အကြံပြုချက်။ ။ အဖွဲ့တစ်ဖွဲ့တွင် ၄ဦးမှ၅ဦး

ကျောင်းသားများ၏အဖြေများမှာ ကွဲပြားနိုင်သည်။ လိုအပ်ပါက ပြီးခဲ့သည့်စာမျက်နှာရှိအဓိပ္ပာယ်ဖွင့်ဆိုမှုများကို ကျောင်းသားများအားပြန်လည်ပြောပြပါ။

## ၄.၁.၁ စီမံကိန်းနှင့်သက်ဆိုင်သူအားလုံးကိုသုံးသပ်ခြင်း

စီမံကိန်းနှင့်သက်ဆိုင်သူများ (Stakeholders)

ဆွေးနွေးပါ။

ကျောင်းသားများ၏အဖြေများမှာ ကွဲပြားနိုင်သည်။

အဖြေမှာ အမှား၊ အမှန်မရှိပါ- အဓိပ္ပာယ်ဖွင့်ဆိုမှုများအားလုံးမှာ မှန်ကန်နိုင်သည်။ သို့သော်ကျောင်းသားများမှ ၎င်းအဆိုများသည် အခြေအနေအားလုံးတွင်ကိုက်ညီမှုရှိနိုင်သည်ကို လက်ခံမည်မဟုတ်။ ဥပမာအားဖြင့် စီမံကိန်းနှင့်သက်ဆိုင်သူများသည် ငွေကြေးဓနနှင့်အာဏာမရှိ၊ သို့သော် စီမံကိန်း၏အကျိုးသက်ရောက်မှုကို ခံရသော မည်သူမဆိုဖြစ်နိုင်သည်။ အရေးကြီးသည်မှာ ရပ်ရွာဒေသရှိ လူနည်းစုများ၊ အခွင့်မသာသူများနှင့် အားနည်းသူများကို စီမံကိန်းနှင့်သက်ဆိုင်သူများအဖြစ်ပါဝင်စေခြင်းဖြစ်သည်။ ထိုသူတို့၏ပူးပေါင်းပါဝင်မှုသည် အောင်မြင်သောဒေသဖွံ့ဖြိုးတိုးတက်မှုရလဒ်ကိုရရှိနိုင်ရန်အတွက် အလွန်ပင်အရေးကြီးသည်။

**ဆွေးနွေးပါ။**

အောက်ပါ စီမံကိန်းနှင့်သက်ဆိုင်သူများ
အပေါ် ထင်မြင်ချက်များကိုဖတ်ရှုပါ။
သဘောတူညီမှုရှိ/မရှိ။

“စီမံကိန်းနှင့် သက်ဆိုင်သူများ၏ ထင်မြင်ချက်သည် ဒေသခံအဖွဲ့ဝင်များနှင့် စီမံကိန်း၏အောင်မြင်မှုအတွက် အရေးပါသည်။”

“စီမံကိန်းနှင့် သက်ဆိုင်သူများ၏ ထင်မြင်ချက်သည် ဒေသခံအဖွဲ့ဝင်များနှင့် စီမံကိန်း၏အောင်မြင်မှု အတွက် အရေးပါသည်။”

“စီမံကိန်းနှင့်သက်ဆိုင်သူများမှာ ဒေသတွင်းအလေးပေးခံရ သူများဖြစ်သည်။”

“စီမံကိန်းနှင့်သက်ဆိုင်သူများမှာ ဒေသတွင်းအလေးပေးခံရသူများဖြစ်သည်။”

“စီမံကိန်းနှင့်သက်ဆိုင်သူများမှာ ဒေသတွင်းလွှမ်းမိုးမှုရှိပြီး အခွင့်အာဏာရှိသူများဖြစ်သည်။”


“စီမံကိန်းနှင့်သက်ဆိုင်သူများမှာ ဒေသတွင်းလွှမ်းမိုးမှုရှိပြီး အခွင့်အာဏာရှိသူများဖြစ်သည်။”

“စီမံကိန်းနှင့်သက်ဆိုင်သူများမှာ ဒေသခံများကိုသိရှိပြီး ၎င်းတို့နှင့်ပုံမှန်အဆက် အသွယ်ရှိသူများဖြစ်သည်။”

“စီမံကိန်းနှင့်သက်ဆိုင်သူများမှာ ဒေသခံများကိုသိရှိပြီး ၎င်းတို့နှင့်ပုံမှန်အဆက် အသွယ်ရှိသူများဖြစ်သည်။”


“စီမံကိန်းနှင့် သက်ဆိုင်သူများမှာ ရန်ပုံငွေ၊ အထောက်အပံ့ပစ္စည်းများ၊ အစည်းအဝေးနေရာ အစရှိသည့် အရင်းအမြစ်များကို မိမိတို့ဆန္ဒအလျောက်လိုသလိုမျှဝေနိုင်သည်။”

“စီမံကိန်းနှင့် သက်ဆိုင်သူများမှာ ရန်ပုံငွေ၊ အထောက်အပံ့ပစ္စည်းများ၊ အစည်းအဝေးနေရာ အစရှိသည့် အရင်းအမြစ်များကို မိမိတို့ဆန္ဒ အလျောက်လိုသလိုမျှဝေနိုင်သည်။”



## လေ့ကျင့်ခန်း(၁)

အောက်ပါရပ်ရွာဒေသစီမံကိန်းတစ်ခု၏အကျဉ်းချုပ်ကိုဖတ်ပါ။



**စီမံကိန်း အကျဉ်းချုပ်**

သင်၏အဖွဲ့အစည်းမှာ ဒေသခံကျေးရွာအခြေအနေ တိုးတက်ရန် ရေရရှိမှုနှင့် သန့်ရှင်းမှုရှိရန်အတွက် အစီအစဉ်ရေးဆွဲနေသည်။ လက်ရှိအခြေအနေတွင် ရွာသားများမှ သောက်ရေ၊ လျှော်ဖွတ်ချက်ပြုတ်ရန်ရေကို အနီးရှိရေကန်မှရရှိသည်။ ဤရေကန်မှာ နွေရာသီတွင် ခြောက်သွေ့သွားပြီး မိုးရာသီတွင် ရေလျှံလျက်ရှိသည်။

ရွာသားများမှဤရေပြဿနာ ကြောင့် မကြာခဏဖျားနာကြသည်။ သင်၏စီမံကိန်းမှာ ရေကိုတစ်နှစ်ပတ်လုံးရရှိရန်၊ ရေကြီးမှုဒဏ်ကိုခံနိုင်သော ရေသိုလှောင်ကန်နှင့် ရေစုပ်စက်များကိုမိတ်ဆက်ရန်၊ ဒေသခံအဖွဲ့ဝင်များကို ရေချွေတာသုံးစွဲမှုလေ့အထနှင့် စက်ကိရိယာထိန်းသိမ်းမှုစနစ်ကို သင်တန်းပေးရန်ဖြစ်သည်။

အောက်ပါပုဂ္ဂိုလ်များအကြောင်းကိုဖတ်၍ ၄င်းတို့သည်စီမံကိန်းနှင့်သက်ဆိုင်သူများ အဘယ်ကြောင့် ဖြစ်နိုင်သည်ကို ဆွေးနွေးပါ။



**နီမွန်**

နီမွန်မှာ ရွာသူကြီး တစ်ဦးဖြစ်သည်။ အများကလေးစားသော သူ၊ အကြံဉာဏ် လိုအပ်ပါက သူ့ထံသို့ သွားကြသည်။


**အချိုင်**

အချိုင်မှာရွာသူကြီး၏ လက်ထောက်ဖြစ်ပြီး နေ့စဉ်ရွာသူကြီးနှင့် လက်တွဲဆောင်ရွက်သူ ဖြစ်သည်။ ရေရရှိမှု ဆက်လက်လုပ်ဆောင် ရန်အတွက် ရွာသူကြီး၏ ထောက်ခံမှုကို လိုအပ်သည်။



**ခင်ထွေးရီ**

ခင်ထွေးရီမှာ ရပ်ရွာဒေသ အခြေပြုအဖွဲ့အစည်းတွင် တာဝန်ထမ်းဆောင်ပြီး ထိုအဖွဲ့အစည်းတွင် အရင်းအမြစ်များစွာရှိသည်။ ဥပမာ- သင်တန်းအတွက် ပံ့ပိုးပစ္စည်းများရှိပြီး ရေရရှိရေးအစီအစဉ်တွင် အကူအညီရရှိနိုင်သည်။



ဤအကြောင်းအရာတွင် စီမံကိန်း၏အကျိုးသက်ရောက်မှုကိုခံရနိုင်သော ရပ်ရွာဒေသအဆင့်ရှိ စီမံကိန်းနှင့် သက်ဆိုင်သူအမျိုးမျိုးတို့၏အကြောင်းကို အလေးပေးဖော်ပြထားသည်။ အခြားသက်ဆိုင်သူများမှာ စီမံကိန်းတွင်စိတ်ပါဝင်စားသော အိမ်နီးနားချင်းရပ်ရွာဒေသများ (သို့) ဒေသ၏အာဏာပိုင်များလည်း ဖြစ်နိုင်သည်။

ပေးထားသောသတင်းအချက်အလက်များအားလုံးကို ကျောင်းသားများမှဖတ်ရှုရန်အချိန်ပေးပြီး မေးခွန်းများကိုမဖြေဆိုမီ မေးခွန်းများကိုမေးပါ။

ကျောင်းသားများ၏အဖြေများမှာကွဲပြားနိုင်သည်။ ထို့ကြောင့်ကျောင်းသားများအား ၄င်းတို့၏ ထင်မြင်ချက်များကို အဖွဲ့အတွင်းနှိုင်းယှဉ်၍ရှင်းလင်းစေပါ။

## လေ့ကျင့်ခန်း(၁)

အကြံပြုချက်။ ။နှစ်ယောက်တစ်တွဲ၊ ထို့နောက်အဖွဲ့ငယ်အတွင်းနှိုင်းယှဉ်စေပါ။

အဖြေများ

၁။ နီမွန်- လူမှုရေး/အာဏာဆက်နွယ်မှုများနှင့် ခေါင်းဆောင်မှု

အချိုင်- ရွာ၏ ခေါင်းဆောင်မှုနှင့်ဆက်နွယ်သည်

ခင်ထွေးရီ- ရပ်ရွာဒေသ အဖွဲ့အစည်း

ကျော်သက်- ရပ်ရွာဒေသ အဖွဲ့အစည်း

မိုးမွန်- စီးပွားရေးဆိုင်ရာလုပ်ရှားမှုနှင့် ဆက်နွယ်သူဖြစ်၍ ငွေကြေးဖြင့်ထောက်ပံ့ပေးနိုင်သူတစ်ဦး ဖြစ်သည်

ထူးထူး- သူမ၏ပြဿနာသည် ပညာရေးနှင့်ဆက်နွယ်ပြီး စီမံကိန်းမှလည်းသူမကျောင်းတက်ရောက် နိုင်ရန်အတွက်ကူညီပေးမည်ဖြစ်ပြီး သူမသည်မိသားစုလုပ်ငန်းဆိုင်တွင် ကူညီလုပ်ကိုင်ရသောကြောင့် ၄င်းတို့သည်စီးပွားရေးဆိုင်ရာလုပ်ရှားမှုနှင့် သက်ဆိုင်သည်။

မော်မော်- လူမှုဆက်ဆံရေးနှင့် ဆက်သွယ်ရေး

၂။ စီမံကိန်းသည် ရွာသူ/သားများအားလုံး၏ ကျန်းမာရေးကိုမြှင့်တင်ပေးသင့်ပြီး ၄င်းတို့အားသန့်ရှင်း သောရေများကို မပြတ်မလပ်ရရှိရန် ပေးစွမ်းရမည်ဖြစ်သည်။

ကျော်သက်သည် မိမိ၏အချိန်နာရီများစွာကို ဖျားနာသောရွာသားများအား ထောက်ပံ့နိုင်ရန်အတွက် ကုန်ဆုံးစေသည်။ ရေစီမံကိန်းသည် ရွာသားများ၏ကျန်းမာရေးကို တိုးတက်ကောင်းမွန်စေခြင်းအားဖြင့် သူ၏အလုပ်ကိုကူညီရာရောက်ပြီး အဖွဲ့တွင်းရှိသောဒေသခံအဖွဲ့ဝင်များနှင့် ကျော်သက်သည် အခြားသော လိုအပ်သူများကို ပိုမိုအချိန်ပေးစောင့်ရှောက်နိုင်မည်။ (ဥပမာ- သက်ကြီးရွယ်အိုများ)

အကယ်၍မိုးမွန်မှစီမံကိန်းသို့လှူဒါန်းပါက (သို့) အကူအညီကိုပေးစွမ်းပါက ရွာထဲတွင်သူ၏ဂုဏ်ပုဒ်ကို မြှင့်တင်နိုင်မည်ဖြစ်သည်။

စီမံကိန်းသည်ထူးထူး၏ဘဝကို တိုးတက်စေနိုင်သည်။ အဘယ်ကြောင့်ဆိုသော် အကယ်၍ရွာသားများမှ ကျန်းမာရေးကောင်းမွန်လာပါက ရေစစ်စနစ်အသစ်ကိုကျေးဇူးတင်ရမည်ဖြစ်ပြီး ထူးထူးမှလည်း မိသားစုလုပ်ငန်းဆိုင်တွင် မကြာခဏကူလုပ်ရန်မလိုအပ်တော့သဖြင့် ကျောင်းတက်ရန်အချိန်ပိုမို ရရှိမည် ဖြစ်သည်။

၃။ နီမွန်နှင့်အချိုင်သည် ၄င်းအစီအစဉ်ကိုမထောက်ခံပါက စီမံကိန်းအပေါ်မကောင်းသော အကျိုး သက်ရောက်မှုများ ရှိနိုင်သည်။ အဘယ်ကြောင့်ဆိုသော် ထိုသူတို့သည်ရွာအတွင်း အာဏာရှိသူများ ဖြစ်သောကြောင့်ဖြစ်သည်။ အကယ်၍ စီမံကိန်းကိုထောက်ခံပါက ကောင်းမွန်သည့် အကျိုးရလဒ်အနေဖြင့် ရွာသားများမှ ၄င်းတို့၏ထင်မြင်ယူဆချက်များကိုလေးစားမည်ဖြစ်သည်။

ခင်ထွေးရီသည် အကောင်အထည်ဖော်ရန် တန်ဖိုးရှိသောတွဲဖက်ဖြစ်သည်- သူမ၏အဖွဲ့အစည်းသည် စီမံကိန်းကို အရင်းအမြစ်များ(ဥပမာ- သင်တန်းအတွက်လိုအပ်သောသင်ထောက်ကူပစ္စည်းများ) နှင့်ထောက်ပံ့နိုင်သည်။

ကျော်သက်သည် ဒေသခံအဖွဲ့ဝင်များကိုစုစည်းဖွဲ့စည်းသောကြောင့် ၄င်းသည်ရေစစ်စနစ် တည်ဆောက်သောအခါ ဒေသခံများမှလာရောက်ကူညီရန် လွယ်ကူစွာခေါ်ယူနိုင်မည်။

အကယ်၍မိုးမွန်မှလှူဒါန်းပါက သူသည်စီမံကိန်းကိုကူညီနိုင်လိမ့်မည်။ သူ့ကိုအတုယူခြင်းအားဖြင့် အခြားသူများမှလည်း ပေးလှူရန်စိတ်အားထက်သန်လာမည်။

မော်မော်သည် စီမံကိန်း၏အချက်အလက်များအား ဒေသခံများကိုထောက်ခံစေခြင်းနှင့် ဆွေးနွေးပွဲများ အကြောင်းဝေငှပြောပြခြင်းဖြင့် အကူအညီပေးနိုင်မည်။ သူမမှလည်း စီမံကိန်းအဖွဲ့ဝင်များကို ရွာ၏သတင်း အချက်အလက်များသိရှိစေခြင်းအတွက် ကူညီနိုင်သည်။ သို့သော်သူမမှ စီမံကိန်းကိုမထောက်ခံပါက သူမသည်ရွာသားများအား ၄င်းအစီအစဉ်ကို ကန့်ကွက်ရန်ပြောကြားမည်ဖြစ်သည်။

၄။ အားသာချက်များ (Strengths) - ဒေသခံအဖွဲ့ဝင်များသည် ဖွံ့ဖြိုးတိုးတက်မှုကို တက်ကြွစွာထောက်ခံ ကြသည်- ကျော်သက်သည် ဖျားနာသူများကိုထောက်ပံ့မှုပေးသော ရပ်ရွာအဖွဲ့တစ်ဖွဲ့ကိုဖွဲ့စည်းထားပြီး မိုးမွန်မှာမူပရဟိတလုပ်ငန်းများတွင် အလှူဒါန်းပြုသူတစ်ဦးဖြစ်သည်။ ဒေသခံအဖွဲ့ဝင်များသည် ရွာရှိလူကြီး သူမများနှင့်ရင်းနှီးကျွမ်းဝင်ပြီး ၄င်းတို့အပေါ်ရိုသေလေးစားမှုပြုကြသည်။

အားနည်းချက်များ (Weaknesses) - အကယ်၍ရွာ၏လူကြီးသူမများမှ စီမံကိန်းကိုမထောက်ခံပါက စီမံကိန်းအောင်မြင်ရန်ခက်ခဲလိမ့်မည်။ ဒေသခံအများအပြားဖျားနာပါက စီမံကိန်းကိုကူညီ၍ ၄င်း၏စနစ်ကို ထိန်းသိမ်းသည့်သင်တန်းတက်ရောက်ရန်အတွက် စေတနာ့ဝန်ထမ်းရှာဖွေရာတွင် ခက်ခဲလိမ့်မည်။

အခွင့်အလမ်းများ (Opportunities) - ခင်ထွေးရီသည် ရပ်ရွာဒေသအခြေပြုအဖွဲ့အစည်းတစ်ခုတွင် လုပ်ကိုင်နေသောကြောင့် စီမံကိန်းအကောင်အထည်ဖော်ရာတွင် သူမနှင့်အတူတွဲဖက်လုပ်ကိုင်နိုင်သည်။

အနှောင့်အယှက်များ (Threats) - ဤရွာသည် ဝေးကွာသောနေရာတွင် တစ်သီးတစ်ခြားတည်ရှိ၍ သယ်ယူပို့ဆောင်ရေးအတွက် အခက်အခဲဖြစ်စေသည်။

၅။ မော်မော်သည် တိကျသောသတင်းအချက်အလက်ကို အမြဲတစေဖြန့်ဝေမည်မဟုတ်သောကြောင့် ထိုအရာသည် စိန်ခေါ်မှုတစ်ခုဖြစ်ကောင်းဖြစ်လာနိုင်သည်။ အချို့သောဒေသခံများမှလည်း သူမကို ကြိုက်နှစ်သက်လိမ့်မည်မဟုတ်ပါ။

နီမွန်၊ အချိုင်နှင့် ရွာ၏အကြီးအကဲတို့မှ စီမံကိန်းကိုမထောက်ခံပါက ၄င်းတို့နှင့်တွဲဖက်လုပ်ကိုင်ရာတွင် အခက်အခဲရှိလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် ထိုသူတို့မှာ ရွာတွင်လွှမ်းမိုးသူများဖြစ်သည့်အလျောက် ၄င်းတို့မှအကြံဉာဏ်ပြုဆွေးနွေးမှုကိုရရှိပြီး စီမံကိန်းကိုထောက်ခံရန်အရေးကြီးသည်။

၆။ ဤပြဿနာများအားလုံးကို ရှောင်ဖယ်နိုင်သည့်အကောင်းဆုံးနည်းလမ်းမှာ ပွင့်လင်းသည့်ပြောဆို ဆွေးနွေးမှုများပြုလုပ်ရမည်ဖြစ်သည်။ သို့မှသာ ဒေသခံများ(အထူးသဖြင့် ခေါင်းဆောင်များ) က အဖွဲ့မှ ရယူလိုသည့် ရည်ရွယ်ချက်များ၊ စီမံကိန်းမှ ၄င်းတို့၏ဘဝကို မည်သို့မြှင့်တင်ပေးနိုင်ပုံနှင့် အကယ်၍ စီမံကိန်းအပေါ် သိလိုသည်များရှိပါက စီမံကိန်းအသင်းအဖွဲ့ဝင်များနှင့် ပြောဆိုမှုများပြုလုပ်နိုင်သည်ကို နားလည်သိရှိလာမည်။

စိတ်ချစွာအသုံးပြုနိုင်သည့် ရေရရှိရန်လက်တွေ့ကျင့်သုံးမှုများနှင့် ၄င်းစနစ်ကိုထိန်းသိမ်းနိုင်ရန် အတွက် သင့်တော်သည့်ဒေသခံများကို ရွေးချယ်ကာသင်တန်းပေးရန်လိုအပ်လိမ့်မည်- ခင်ထွေးရီနှင့် ကျော်သက်တို့သည် သင့်တော်သည့်စေတနာ့ဝန်ထမ်းများရွေးချယ်ရာတွင် အကြံဉာဏ်ပေးနိုင်လိမ့်မည်။



ကျော်သက်

ကျော်သက်သည် ဒေသခံအဖွဲ့ဝင်များကို စည်းရုံးသူဖြစ်သည်။ တစ်စုံတစ်ဦးဖျားနာပါက ထိုမိသားစုသို့ အစားအသောက်ဖြင့် ထောက်ပံ့ကူညီသည်။ ရေသန့်ရရှိရေးစနစ်မှာ ၎င်းတို့ကူညီသောသူများထံသို့ တိုက်ရိုက်သက်ရောက်မည်ဖြစ်သည်။



မိုးမွန်

မိုးမွန်သည်ယခင်က မိဘမဲ့ဂေဟာသို့ပေးလှူသူတစ်ဦး ဖြစ်သည်။ ရေနှင့်ရေသန့်စနစ်ရရှိရေးအစီအစဉ်အတွက် ပေးလှူလိုသောသူဖြစ်မည်။



ထူးထူး

ထူးထူးသည် ၁၀နှစ်အရွယ် မိန်းကလေးတစ်ဦးဖြစ်သည်။ မိမိ၏မိသားစု လွှက်ရည်ဆိုင်တွင် တစ်စုံတစ်ဦးဖျားနာ(သို့) အလုပ်မလုပ်နိုင်ပါက ကူညီရသဖြင့် မကြာခဏ ကျောင်းပျက်သူတစ်ဦးဖြစ်သည်။



မော်မော်

မော်မော်သည် ရွာသားအားလုံးနှင့် ၎င်းတို့၏ အလုပ်အကိုင်များကို သိသူဖြစ်သည်။ သူမသည် သတင်းဖြန့်ဝေရာတွင် အလွန်လျင်မြန်သူဖြစ်သည်။



အောက်ပါမေးခွန်းများကိုဖြေပါ။ ပြီးနောက်အဖွဲ့အတွင်းနှိုင်းယှဉ်ပါ -

၁။ စီမံကိန်းနှင့်သက်ဆိုင်သူများသည် ဒေသတွင်း မည်သည့်နေရာဌာနမှလာသနည်း။

၂။ ဤစီမံကိန်းသည် စီမံကိန်းနှင့်သက်ဆိုင်သူများ အပေါ် မည်သို့အကျိုးသက်ရောက်မှုများရှိနိုင်သနည်း။

၃။ စီမံကိန်းနှင့်သက်ဆိုင်သူများမှ စီမံကိန်းအပေါ် မည်သို့သောအကျိုးသက်ရောက်မှုရှိနိုင်သနည်း။

၄။ ဤစီမံကိန်းနှင့်ပတ်သက်၍ မည်သို့သော အားသာချက်၊ အားနည်းချက်၊ အခွင့်အလမ်းနှင့် အနှောင့် အယှက်များရှိသနည်း။

- အားသာချက်-
- အားနည်းချက်-
- အခွင့်အလမ်း-
- အနှောင့်အယှက်-

၅။ စီမံကိန်းနှင့်သက်ဆိုင်သူများနှင့်လက်တွဲ လုပ်ဆောင်ရာတွင် သင်ရင်ဆိုင်ရမည့်စိန်ခေါ်မှု ၄ ရပ် ကိုရေးပါ။

၆။ အထက်ဖော်ပြပါစိန်ခေါ်မှုကို မည်သို့ရင်ဆိုင်မည်ကိုဖော်ပြပါ။

ဆွေးနွေးပါ။
မည်သည့်အုပ်စုများသည် သင့်ဒေသတွင်ဩဇာအာဏာကြီးမားသူများဖြစ်သနည်း။
မည်သည့်အုပ်စုများသည် သင့်ဒေသတွင်ဩဇာအာဏာအနည်းဆုံးဖြစ်သနည်း။
၄င်းတို့ကို အဘယ်ကြောင့်သင်သိရှိရန် အရေးကြီးသနည်း။

## ဆွေးနွေးပါ။

ကျောင်းသားများ၏အဖြေများမှာကွဲပြားလိမ့်မည်။

ဒေသအတွင်းအာဏာရှိသည့်အဖွဲ့နှင့် မရှိသည့်အဖွဲ့များကို သိရှိရန်အရေးကြီးရခြင်းမှာ သင်၏စီမံကိန်းမှာ လိုအပ်သောသူများကိုခြုံငုံမိခြင်းနှင့် ၄င်းတို့၏ဘဝကိုမြှင့်တင်ရန်အကူအညီပေးနိုင်သည်။ ရပ်ရွာဒေသဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းများ၏ရည်ရွယ်ချက်မှာ အခွင့်အာဏာနည်းပါးသူများကို ပိုမိုမျှတမှု၊ ညီမျှမှုနှင့် ရေရှည်ထိန်းသိမ်းနိုင်မည့် အနာဂတ်ရရှိရန်ပံ့ပိုးပေးနိုင်ရေးဖြစ်သည်။ ထို့ကြောင့် အခွင့်အာဏာနည်းပါးသူများကို သင်၏စီမံကိန်းမှလျစ်လျူရှုခြင်းမရှိရန် သေချာအောင်ပြုလုပ်ရမည်။ အခွင့်အာဏာရှိသူများနှင့်လည်း ချိတ်ဆက်ရန်လိုအပ်ခြင်းမှာလည်း ၄င်းတို့မှသင်၏စီမံကိန်းအတွက် တန်ဖိုးရှိသောပံ့ပိုးမှုများကို ပေးကမ်းလာနိုင်မည်။

# ၄.၂ လိုအပ်မှုနှင့်လိုချင်သောအရာကိုထုတ်ဖော်ခြင်း– ဗျူဟာမှုသုံးသပ်ချက်

ဆွေးနွေးပါ။


ကျောင်းသားများ၏အဖြေများမှာ ကွဲပြားလိမ့်မည်။

စီမံကိန်းမှ ဒေသ၏လိုအပ်ချက်များကို မည်သို့မည်ပုံရှာဖွေသုံးသပ်သင့်သည့်အပေါ် မှန်သည်(သို့) မှားသည် ဟူ၍ မရှိပါ။ ရပ်ရွာဒေသတစ်ခုစီ၏အခြေအနေနှင့် စီမံကိန်းအဖွဲ့၏စံချိန်စံနှုန်း၊ ကျွမ်းကျင်မှုနှင့် အရင်းအမြစ်များ အပေါ်မူတည်၍ ကွဲပြားလိမ့်မည်။ ဖြစ်ရပ်အားလုံးတွင် ဒေသခံများမှအကြံဉာဏ်ပြုဆွေးနွေးမှုကိုရရှိပြီး ၎င်းတို့သည်ဆုံးဖြတ်ချက်ချရာတွင်ပါဝင်သင့်သည်။

## ၄.၂ လိုအပ်မှုနှင့်လိုချင်သောအရာကိုထုတ်ဖော်ခြင်း– ကွာဟမှုသုံးသပ်ချက်

ပထမဦးဆုံးအနေနှင့်ပြုလုပ်သင့်သည်မှာ စီမံကိန်းမန်နေဂျာ(သို့)ဒေသဖွံ့ဖြိုးရေးဆောင်ရွက်သူအနေနှင့် သင်၏ဦးတည်ရာရပ်ရွာဒေသ၏လိုအပ်ချက်ကို ခွဲခြမ်းစိတ်ဖြာဆုံးဖြတ်ရန်လိုအပ်သည်။

လက်ရှိအခြေအနေနှင့် အလိုရှိသည့်အခြေအနေကို လေ့လာရန်အသုံးပြုသင့်သည့်နည်းမှာ ကွာဟမှုကို သုံးသပ်ခြင်းဖြစ်သည်။ ဤနည်းမှာ "ဖြစ်နေသည့်" (လက်ရှိအခြေအနေ)နှင့် "ဖြစ်သင့်သည့်" (အလိုရှိသည့်အခြေအနေ) ကြားကွာဟမှုကို လေ့လာကြည့်ရှုပြီး ဦးစားပေးသင့်သည့်အရာကိုရွေးချယ်ပြီး ဆက်သွယ်ပေးနိုင်မည့်နည်းလမ်း (တံတား)ကို ရှာဖွေရန်ဖြစ်သည်။




တစ်ခါတစ်ရံစစ်တမ်းကောက်ယူစဉ်တွင် ဒေသခံအဖွဲ့ဝင်များမှ ၎င်းတို့၏လိုအပ်ချက်ကိုရှင်းလင်းစွာ ပြောပြနိုင်သည်။ တစ်ခါတစ်ရံစစ်တမ်းကောက်ယူမှုပြီးဆုံးသည့်အခါတွင် စီမံကိန်းအဖွဲ့မှ လိုအပ်ချက် အသစ်တစ်ခု ထပ်မံရှာဖွေတွေ့ရှိနိုင်သည်။ တွေ့ရှိချက်အသစ်များကို ဒေသခံနှင့်ဝေငှဆွေးနွေးပြီး ဒေသခံများမှ ဦးစားပေးဆောင်ရွက်သင့်သည့်ကို တွေ့မြင်သိရှိထောက်ခံစေရန်မှာ အရေးကြီးသည်။ စီမံကိန်းအဖွဲ့မှ ရွေးချယ်ပြီး ဒေသခံများကိုစီမံကိန်းအား အတင်းအကြပ်လက်ခံစေခြင်းမျိုးမဖြစ်သင့်ပါ။

### ဆွေးနွေးပါ။

အဖွဲ့ငယ်များအတွင်းသင်၏ ဒေသအကြောင်းရှင်းပြပါ။ သင်၏ဦးတည်ရာဒေသအတွက် ကွာဟချက်လေ့လာသုံးသပ်မှုကို မည်သို့ပြုလုပ်မည်နည်း။ မည်သူ့ကိုမေးမြန်းမည်နည်း။

စီမံကိန်းအဖွဲ့မှမည်သည့်လိုအပ်ချက်သည် ထိုဒေသအတွက် အရေးကြီးဆုံး၊ အကောင်းဆုံးနှင့် အောင်မြင်မှုအများဆုံးရရှိနိုင်မည့်လိုအပ်ချက်ဖြစ်သည်ကို မည်သို့လေ့လာဆုံးဖြတ်မည်နည်း။

## လေ့ကျင့်ခန်း (၁)



အောက်ဖော်ပြပါတိုင်းပြည်တစ်ပြည်၏ သဘာဝဘေးအန္တရာယ် အကျိုးသက်ရောက်မှုကို ဖတ်ပါ။

**ဖြစ်ရပ်တစ်ခု လေ့လာခြင်း**

၂၀၁၀ ဇန်နဝါရီလတွင် အင်အားပြင်း ငလျင်တစ်ခုသည် ဟေတီနိုင်ငံတွင် လှုပ်ခတ်သွားပြီး လူဦးရေ ၂၂၀,၀၀၀ ကျော်သေဆုံးခဲ့သည်။ လူဦးရေ ၁.၅ သန်းမှာ အိမ်ယာမဲ့ဖြစ်သွားပြီး အခြားဒေသရှိမိသားစုများနှင့် သွားရောက်နေထိုင်ရသည်။ ထို့အပြင် များစွာသောသူများသည် ယာယီတဲတွင်နေထိုင်ခဲ့ရသည်။ ထောင်ပေါင်းများစွာသော ကျောင်း၊ ဆေးခန်း၊ အုပ်ချုပ်ရေးနှင့် အစိုးရအဆောက်အဦးများစွာ ပျက်စီးသွားခဲ့သည်။

အဖွဲ့ငယ်များတွင်ဆောင်ရွက်ရန် ဖော်ပြထားသည့်ခေါင်းစဉ်အကြောင်းအရာများထဲမှ တစ်ခုကိုရွေးချယ်၍ အောက်ပါဇယားကို အသုံးပြုပြီး ကွာဟမှုသုံးသပ်ချက်ကို ဖြည့်စွက်ပါ။

| နေထိုင်ရန်အဆောက်အအုံ | ကျန်းမာရေး | ပညာရေး | လုံခြုံမှု |
|---|---|---|---|

| ကွာဟမှုသုံးသပ်ခြင်း | | |
|---|---|---|
| လက်ရှိအခြေအနေ | အလိုရှိသည့်အခြေအနေ | ကွာဟမှုကို ဆက်သွယ်ရန်မည်သည့် အရာလုပ်ဆောင်သင့်သနည်း။ |
| | | |

သင်၏ကွာဟမှုသုံးသပ်ချက်ကို အခြားအဖွဲ့နှင့်နှိုင်းယှဉ်လေ့လာပါ။

အကြံပြုချက်။ ။အဖွဲ့ငယ်များ(သို့)နှစ်ယောက်တစ်တွဲ (အတန်းရှိလူအနည်းအများပေါ် မူတည်သည်)။

ထို့နောက် နှိုင်းယှဉ်ရန်အဖွဲ့များကိုရောနှောလိုက်ပါ။

ကျောင်းသားများမှ ဖြစ်ရပ်တစ်ခုလေ့လာခြင်းကို ဖတ်ရှုသည်။ ကျောင်းသားများအား ၎င်းတို့၏သုံးသပ်ချက်သည် မြေလျှောင်လှုပ်ခတ်ပြီးနောက် အသက်ရှင်ကျန်ရစ်သူများကို ထောက်ပံ့မှုများပေးခြင်းအပေါ်တွင် အဓိကထားလုပ်ဆောင်ရမည်၊ ကယ်ဆယ်ရေးကြိုးပမ်းလုပ်ဆောင်မှုများမဟုတ်ကြောင်းကို ပြောပြပါ - အရေးပေါ်ဝန်ဆောင်မှုများသည် ကယ်ဆယ်ရေးနှင့်ပြန်လည်နာလန်ထူနိုင်မှုတွင် တာဝန်ရှိသူများဖြစ်သည်။

အဖွဲ့(၄)ဖွဲ့ခွဲလိုက်ပါ။ ထို့နောက် အဖွဲ့တစ်ဖွဲ့စီအား အကြောင်းအရာတစ်ခု၏ ကွာဟမှုသုံးသပ်ချက်ကို ဖြည့်စွက်ရန် တာဝန်ပေးပါ။ ကျောင်းသားများမှ ညာဘက်ဆုံးအကွက်တွင် အနည်းဆုံးလုပ်ဆောင်ချက် ၄ ချက်ဖြင့် ဖြည့်စွက်နိုင်ရန် သေချာအောင်ပြုလုပ်ပါ (ကွာဟမှုကို ဆက်သွယ်ရန်မည်သည့်အရာကိုလုပ်ဆောင်သင့်သနည်း။)

အဖွဲ့အားလုံးပြီးဆုံးသွားပါက ထိုအဖွဲ့များကိုရောနှောလိုက်ပြီး ကျောင်းသားများမှ မိမိတို့၏ကွာဟမှုသုံးသပ်ချက်ကို နှိုင်းယှဉ်ရမည်ဖြစ်သည်။ ကျောင်းသားများတစ်ဦးနှင့် တစ်ဦးမေးခွန်းများမေးမြန်းစေပြီး ၎င်းတို့၏အဖြေများကိုလည်းရှင်းလင်းစေရန်တိုက်တွန်းပါ။

ဥပမာ - နေထိုင်ရန် အဆောက်အအုံ

| ကွာဟမှုသုံးသပ်ခြင်း | | |
|---|---|---|
| လက်ရှိအခြေအနေ | အလိုရှိသည့်အခြေအနေ | ကွာဟမှုကို ဆက်သွယ်ရန်မည်သည့် အရာလုပ်ဆောင်သင့်သနည်း။ |
| အိမ်များမှာ ဖျက်ဆီးခံရသည် - အသက်ရှင်ကျန်ရစ်သူများမှ နားခိုရန် နေရာမရှိ | အားလုံးမှ နားခိုရန် နေစရာအလုံ အလောက်ရှိပါသည် | ယာယီနေအိမ်များ ပြုလုပ်ပေးရန် လိုအပ်သည်- လက်ခံနေထိုင်ခွင့်ပေးသည့် အိမ်ရှင်များ (သို့) တဲ/စခန်းများ<br>စခန်းနေရာများအတွက် မြေနေရာများကို ပြန်လည် ရှင်းလင်းရန်လိုအပ်သည်။<br>ပစ္စည်းပစ္စယ အရင်းအမြစ်များလိုအပ်ပြီး ၎င်းတို့ကို ဖြန့်ဝေရမည်။<br>လူများမှ ရွက်ဖျင်တဲများ တည်ဆောက်ရန်လိုအပ်သည်။ |

# ၄.၃ လိုအပ်ချက်များကို ဦးစားပေးခြင်း

ဦးစားပေးအဆင့် သတ်မှတ်မှုမှာကွဲပြားနိုင်သည်- အချို့သောလိုအပ်မှုများမှာ သင့်အတွက် ဦးစားပေးအဆင့် တူနေမည် (ဥပမာ ၁-အလျင်အမြန်လုပ်ဆောင်ရန်အရေးကြီးဆုံး၊ ၂- ဒုတိယအရေးကြီးဆုံး၊ ၃- အလျင်အမြန် လုပ်ဆောင်ရန်မလိုအပ်ပါ၊ (သို့) ဦးစားပေးသတ်မှတ်မှုအဆင့်ကို တစ်ဦးချင်းစီ မိမိ၏ဆန္ဒအလျောက် ဖော်ပြနိုင်သည်။

လိုအပ်ပါက အောက်ပါဥပမာများကို ဥပမာပုံစံအနေဖြင့် သင်ပုန်းပေါ်တွင်ချရေးပါ။

| ၁<br>လိုအပ်ချက်/<br>ပြဿနာ | ၂<br>မည်မျှအဖြစ်များ<br>သနည်း | ၃<br>မည်မျှပြင်းထန်<br>သနည်း | ၄<br>အရေးကြီးမှု | ၅<br>ဦးစားပေးအဆင့် |
|---|---|---|---|---|
| နေအိမ်ပျက်စီး<br>သွားသောသူများ<br>အတွက်လုံလောက်<br>သော ယာယီ<br>နေအိမ်များ | အလွန်<br>အဖြစ်များသည်-<br>လူအများအပြား<br>စခန်းထဲတွင်<br>နေထိုင်သည် | ပြင်းထန်သည်-<br>မိသားစုအတွက်<br>လုံခြုံမှုလိုအပ်သည် | အလွန်<br>အရေးကြီးသည်-<br>မိုးရွာမည်ဟု<br>ခန့်မှန်းထားသည် | ၁-အလျင်အမြန်<br>လုပ်ဆောင်ရမည် |
| | | | | |
| | | | | |

လေ့ကျင့်ခန်း(၁)

အကြံပြုချက်။ ။နှစ်ယောက်တစ်တွဲ၊ ထို့နောက်အဖွဲ့ငယ်အတွင်းနှိုင်းယှဉ်ပါ။

ကျောင်းသားများအား ၄င်းတို့သည်ကယ်ဆယ်ရေးလုပ်ဆောင်မှုများတွင် မပါဝင်သည်ကိုသတိရစေပါ။ သို့သော် ငလျင်ဒဏ်ကိုခံစားနေရသောသူများကို ထောက်ပံ့ရန်အတွက် စီမံကိန်းများရေးဆွဲနေသည်။

ကျောင်းသားများ၏အဖြေများမှာကွဲပြားလိမ့်မည်။ ကျောင်းသားများမှ ထည့်သွင်းစဉ်းစားသင့်သော အရာများတွင် အစားအသောက်ထောက်ပံ့မှုနှင့် သောက်ရေရရှိမှု၊ သန့်ရှင်းမှု၊ ပြန်လည်တည်ဆောက်ရေး၊ ဆက်သွယ်ရေးပြန်လည်တည်ဆောက်ခြင်း (တယ်လီဖုန်းများ၊ ရေဒီယိုအစရှိသဖြင့်)၊ နှစ်သိမ့်ဆွေးနွေးမှုများပြု လုပ်ခြင်း၊ အုပ်ချုပ်ရေးနှင့် ခေါင်းဆောင်မှုအပိုင်းကို ပြန်လည်တည်ဆောက်ခြင်း။

ဦးစားပေးအဆင့်သတ်မှတ်ခြင်းနှင့် ပတ်သက်၍ကျောင်းသားများမှ ကွဲပြားသောထင်မြင်ချက်များရှိမည် ဖြစ်သည်။ သို့သော်ယေဘုယျအခြေခံလိုအပ်ချက်များ ဥပမာ- အစားအသောက်၊ ရေ၊ ထိခိုက်ဒဏ်ရာ ရသူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုများမှာ ပထမဦးစားပေးအရာများဖြစ်လိမ့်မည်။

ဆွေးနွေးပါ။

ကျောင်းသားများ၏အဖြေများမှာကွဲပြားလိမ့်မည်။ ဦးတည်သည့်လူမှုဝန်းကျင်တွင် အကြံဉာဏ်ပေး ဆွေးနွေး မှုများ ပြုလုပ်ရန်အရေးကြီးခြင်းကို နောက်စာမျက်နှာတွင်ဖော်ပြလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် ဤအရာ သည်အရေးပေါ်အခြေအနေဖြစ်၍ ၄င်းဒေသကို သမရိုးကျသုံးသပ်မှုများပြုလုပ်ရန်ခက်ခဲနိုင်သည်မှာ ဒေသ တွင်းရှိ ဆက်နွယ်မှုများအားလုံး ပြိုလဲပျက်စီးနေသောကြောင့်ဖြစ်သည်။ ၄င်းဒေသသို့သွားရောက်ကာ ဒေသခံ တစ်ဦးချင်းစီကို တွေ့ဆုံမေးမြန်းခြင်း(သို့) အစည်းအဝေးကို လုံခြုံသောနေရာတွင်ကျင်းပကာ တက်ရောက်နိုင် သည့်သူများအားဖိတ်ခေါ်ခြင်းတို့ကိုပြုလုပ်နိုင်သည်။

# ၄.၃ လိုအပ်ချက်များကို ဦးစားပေးခြင်း

လုပ်ငန်းစဉ်များကိုလေ့လာအကဲဖြတ်မှု၏ နောက်ထပ်တစ်ဆင့်မှာ လိုအပ်ချက်များကို ဦးစားပေးလုပ်ဆောင်ခြင်းဖြစ်သည်။ ၄င်းလိုအပ်ချက်များကို ဦးစားပေးလုပ်ဆောင်ရန် အောက်ပါဇယားကဲ့သို့ ရေးဆွဲရမည်ဖြစ်သည်။

| ၁<br>လိုအပ်ချက်/<br>ပြဿနာ | ၂<br>မည်မျှအဖြစ်များ<br>သနည်း | ၃<br>မည်မျှပြင်းထန်<br>သနည်း | ၄<br>အရေးကြီးမှု | ၅<br>ဦးစားပေးအဆင့် |
|---|---|---|---|---|
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |

*ဥပမာ- လူထုအများစုအပေါ် မည်သို့သက်ရောက်မှုရှိသနည်း။

## လေ့ကျင့်ခန်း(၁)

ငလျင်လှုပ်ခတ်ပြီးနောက် ဟေတီနိုင်ငံအပေါ် သက်ရောက်သောပြဿနာများကို ထပ်မံလေ့လာကြည့်ရှုပါ။

- လိုအပ်ချက်/ပြဿနာ ၁၀ခုကိုရွေးချယ်ပြီး အထက်ပါဦးစားပေးလိုအပ်ချက်ဇယားတွင်ဖြည့်စွက်ပါ။
- အကြောင်းအရာကို အဖက်ဖက်မှသုံးသပ်ပါ။(ယခင်လေ့ကျင့်ခန်းများ(သို့)အခြားသင်စဉ်းစားနိုင်သော အချက်များ ဥပမာ- အစားအသောက်ပံ့ပိုးမှုနှင့် သောက်ရေရရှိမှုများ)

သင်၏အဖြေများကို အဖွဲ့တွင်းနှိုင်းယှဉ်ဆွေးနွေးပါ။ ဦးစားပေးအဆင့် သတ်မှတ်မှုကို သင်သဘောတူပါသလား။

ဆွေးနွေးပါ။

ဒေသခံမှသတ်မှတ်သော အဆင့်များသည် စီမံကိန်းအဖွဲ့ဝင်များ သတ်မှတ်သောအဆင့်နှင့်ကွဲပြားနိုင်သည်။ ဦးစားပေးရွေးချယ်မှုအဆင့်ဆင့်နှင့်ပတ်သက်၍ ဒေသတွင် မည်သို့ပါဝင်ဆောင်ရွက်မည်နည်း။







# ၄.၄ လိုအပ်ချက်များကို ညှိနှိုင်းခြင်း

> ဝေါဟာရအဓိပ္ပါယ်
> ညှိနှိုင်းသည်- သဘော တူညီမှုရရှိလာအောင် အခြားသော သူများနှင့်ဆွေးနွေးမှုပြုလုပ်ခြင်း။

သင်ယူဆသောလိုအပ်ချက်များမှာ ဒေသခံများနှင့်ကွဲပြားနိုင်သည်။ ဒေသခံများမှ သင်အရေးမကြီးဟုထင်သော ပြဿနာကိုအလေးပေးကောင်းပေးမည်။ ထိုနည်းတူ အချို့ကိုပြဿနာဟုသင်ထင်မြင်သော်လည်း ဒေသခံများ အတွက် ပြဿနာမဟုတ်ပေ။ ထို့အပြင် အချို့မှာမိမိတို့၏လိုအပ်ချက်ကို သင်မှ ၎င်းတို့အားပံ့ပိုးပေးနိုင်သည့် အရာအပေါ် သိရှိထားမှု(သို့) ထင်မြင်ထားမှုအပေါ် ဖော်ပြလေ့ရှိသည်။ ဥပမာ- ဆေးအဖွဲ့အစည်းမှ သွားရောက်သည့်အခါ ဒေသခံများမှကျန်းမာရေးစောင့်ရှောက်မှုလိုအပ်သည် (သို့) ပညာရေးအဖွဲ့မှ သွားရောက်သည့်အခါ ကျောင်းအတွက်လိုအပ်မှုများစသဖြင့်ဖော်ပြလေ့ရှိသည်။

## လေ့ကျင့်ခန်း(၁)

အောက်ပါအကြောင်းအရာကိုဖတ်၍မေးခွန်းများကိုဖြေပါ။

၁။ ဒေသခံများမှကျောင်းဆောက်လုပ်မည့်အစား တံတိုင်းဆောက်ခြင်းမှာမှန်ကန်ပါသလား။

၂။ ဒေသခံများ၏လုပ်ဆောင်မှုကိုထောက်ပံ့မည့် အဖွဲ့အစည်းမှမည်သို့တုံ့ပြန်သနည်း။

၃။ နောက်တစ်ဆင့်မည့်သည့်အရာလုပ်ဆောင် သင့်သနည်း။



ဟေတီတွင် ငလျင်လှုပ်ခတ်ပြီးနောက် အပျက်အစီးများ အလွန်များပြားသောကြောင့် အသက်ရှင်ကျန်ရစ်သူများမှ နေရာသစ်သို့ပြောင်းရွှေ့ပြီး လူမှုဝန်းကျင်အသစ်တစ်ခု တည်ထောင်ရသည်။ အခြေချရပ်တည်နိုင်မှုတွင်ကျောင်း ဆောက်ရန်ရှာထားသောပစ္စည်းများကို ပြန်လည်နေရာ ချထားခံရသူများမှ ရွာအနောက်ဘက်တွင်ကြီးမားသော တံတိုင်းတည်ဆောက်ရန်အသုံးပြုလိုက်သည်။ ကျောင်း ဆောက်လုပ်ရန် ကူညီထောက်ပံ့ပေးသော အဖွဲ့အစည်းမှ ၎င်း "ကွဲလွဲမှု" အပေါ် အလိုမကျပေ။ သို့သော်ဒေသခံများနှင့် ဆွေးနွေးပြီးနောက် ရွာအနောက်ဖက်တွင် ကြီးမားသော သချိုင်းမြေတစ်ခုရှိသည်ကို သိရှိသွားသည်။ဒေသခံများမှ သေဆုံးသူများ၏ ဝိဉာဏ်များကြောင့် ချောက်ချား ကြသည့်အတွက် ၎င်းမှာ တင်းမာမှုများ၊ စိတ်ဖိစီးမှုများနှင့် ဖျားနာခြင်းများဖြစ်ပေါ်ရခြင်း၏ အဓိက အကြောင်းရင်းပင် ဖြစ်သည်။ တံတိုင်းတည်ဆောက်ပြီးစီးသွားသည့် အချိန် တွင် ရွာသားများမှ လုံခြုံမှုနှင့်သက်တောင့်သက်သာရှိမှု ကိုခံစားရသဖြင့် ၎င်းတို့၏လူနေမှုအခြေအနေမှာ များစွာ တိုးတက်လာသည်။

# ၄.၄ လိုအပ်ချက်များကို ညှိနှိုင်းခြင်း

လေ့ကျင့်ခန်း(၁)

အကြံပြုချက်။ ။အဖွဲ့ငယ်များဖွဲ့ပါ။

ကျောင်းသားများ၏အဖြေများမှာကွဲပြားလိမ့်မည်။

ဤအကြောင်းအရာသည် စီမံကိန်းအဖွဲ့ဝင်များနှင့် ဦးတည်သည့်ဒေသခံတို့မှ သတ်မှတ်သည့် လိုအပ်ချက်များမှာ အလွန်ကွဲပြားကြောင်းကိုပြသသည့် ဥပမာကောင်းတစ်ခုပင်ဖြစ်သည်။ ကူညီထောက်ပံ့ပေးသော အဖွဲ့အစည်းသည် ဒေသခံများမှအလျင်အမြန်လုပ်ဆောင်သင့်သည်ဟု ခံစားမိသော အရာကိုသိရှိရန် ၎င်းတို့နှင့် ဆွေးနွေးမှုများကိုပိုမိုလုပ်ဆောင်သင့်ခဲ့ပြီး တံတိုင်းတည်ဆောက်ခြင်းမှာလည်း ဦးစားပေး လုပ်ဆောင် ရမည့်အရာဖြစ်ခဲ့လိမ့်မည်။ တံတိုင်းတည်ဆောက်ခြင်းသည် ဒေသခံများအတွက် နစ်သိမ့်မှုနှင့် လုံခြုံမှုဖြစ်စေပြီး စိတ်ပိုင်းဆိုင်ရာကျန်းမာရေးကိုလည်းကောင်းမွန်လာစေလိမ့်မည်။ ဤအရာတို့သည် ဒေသဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းမှ လုပ်ဆောင်လိုသည့်ရည်မှန်းချက်ပန်းတိုင်ဖြစ်သည်။ ထို့ကြောင့်ကူညီ ထောက်ပံ့ပေးသောအဖွဲ့အစည်းမှ ထိုရလဒ်အပေါ် ကျေနပ်မှုရှိလိမ့်မည်။ ၎င်းအဖွဲ့အစည်းမှ ယခုအခါတွင် မူလစီမံကိန်းဖြစ်သည့် ကျောင်းဆောက်လုပ်ခြင်းကို ပြီးဆုံးအောင်ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သည့် အရာများကို လေ့လာသုံးသပ်မှုများပြုလုပ်ရမည် - ပစ္စည်းပစ္စယများ/ရန်ပုံငွေများပိုမိုလိုအပ်ခြင်း အစရှိသဖြင့်။

အချို့သောကျောင်းသားများမှ စီမံကိန်း၏ငွေကြေးနှင့်အရင်းအမြစ်များသည် အခြားအရာများအတွက် အသုံးပြုခြင်းမဖြစ်စေရန် အရေးကြီးသည်ဟုထင်မြင်မိလိမ့်မည်။ ထို့အပြင် စီမံကိန်းကိုအပြင်အလှူရှင်များမှ ထောက်ပံ့ပါက ဤအရာသည် သိသာထင်ရှားစေရမည့် အရေးကြီးသောအချက်တစ်ချက်ဖြစ်သည်။ တရားဝင်အားဖြင့် ငွေကြေးစာရင်းအတိုင်းလုပ်ဆောင်ရမည်။ အကယ်၍ စီစဉ်ထားသည့်အတိုင်း ငွေကြေးကို အသုံးမပြုပါက အလှူရှင်များမှ ၎င်းတို့၏အလှူငွေများကို ပြန်လည်ထုတ်ယူသွားနိုင်သည်။ငွေကြေးများကို ရည်ရွယ်ချက်တစ်ခုအတွက် အသုံးပြုရန်ရယူပြီး အခြားကွဲပြားသောအရာတစ်ခုအတွက် အသုံးပြုလိုက်သည့် အပေါ်တွင် သင့်အနေနှင့်လိမ်လည်မိ၍ အပြစ်ရှိသည်ဟုခံစားရမည်။ ဤအရာသည် အခြေအနေကို သုံးသပ်ခြင်းနှင့် ဒေသခံများနှင့်ညှိနှိုင်းတိုင်ပင်မှုတို့၏ အရေးကြီးမှုကိုထင်ဟပ်စေသည်။ သို့မှသာ စီမံကိန်း အဖွဲ့နှင့်ဒေသခံများသည် ရေးဆွဲထားသည့်စီမံကိန်းအပေါ် သဘောတူညီမှုများရှိလာနိုင်သည်။

# အခန်း(၄) ဦးတည်ချက်

## အဆင့် ၁ - ပေါင်းစည်းခြင်း

ယူလတောင်ကြားအကြောင်းအကျယ်ချဲ့လေ့လာခြင်း

ကျောင်းသားများမှ ပေးထားသော စိတ်ကူးပုံဖော်ထားသည့် ယူလတောင်ကြားအကြောင်းကိုဖတ်ရှုပါ။ ဤဖြစ်ရပ်သည် ကျောင်းသားများမှ ပြီးခဲ့သည့်သင်ခန်းစာများတွင် ရရှိခဲ့သည့်အရည်အချင်းများကို အသုံးပြုနိုင်ရန်အတွက် အခွင့်အရေးတစ်ခုဖြစ်သည်။ လာမည့်သင်ခန်းစာတွင် ကျောင်းသားများမှ ဤဖြစ်ရပ်ကို ပြန်လည်လေ့လာရမည်ဖြစ်သောကြောင့် ၄င်းတို့ဆောင်ရွက်ပြီးစီးခဲ့သည့်အလုပ်များကို ပြန်လည်ညွှန်းဆိုနိုင်ရန် မပျောက်ပျက်အောင် သိမ်းဆည်းစေပါ။

အကြံပြုချက်။ ။နှစ်ယောက်တစ်တွဲ

ကျောင်းသားများ၏အဖြေမှာကွဲပြားလိမ့်မည်။ ပေးထားသောသတင်းအချက်အလက်အပေါ် ကျောင်းသားများ ခန့်မှန်းနိုင်သည့်အရာများမှာ -

- သယ်ယူပို့ဆောင်ရေးပြဿနာများသည် ၄င်းဒေသမှာ ဝေးလံသောနေရာတွင် တစ်သီးတစ်ခြားတည်ရှိခြင်းကြောင့်ဖြစ်သည်။
- မိုင်းလုပ်ငန်းကြောင့်ဖြစ်ပေါ်သည့် ကျန်းမာရေးပြဿနာများ
- မလုံလောက်သော ကျန်းမာရေးဝန်ဆောင်မှုများ
- ဆင်းရဲမှု
- အနေအထိုင်ချို့တဲ့မှု
- ပညာရေးအဆင့်နိမ့်ကျသောကြောင့် အခြားရွေးချယ်စရာ အလုပ်လုပ်ကိုင်ရန်အခက်ခဲရှိ
- ဝင်ငွေနည်းပါးခြင်း
- အမျိုးသမီးများအတွက် တရားမျှမှုမရှိခြင်း (စာတတ်မြောက်မှု၊ ပညာအရည်အချင်း နှင့် ပျှမ်းမျှဝင်ငွေတို့အပေါ် မူတည်သည်)
- အရည်အချင်းပိုမိုရှိသူများမှာ အခြားမြို့တွင်အလုပ်လုပ်ကိုင်ရန် တောင်ကြားဒေသကို စွန့်ခွာသွားကြသည်။

ဒေသအတွင်းရှိ ကွဲပြားသောဘာသာတရားများကို ကျောင်းသားများသတိပြုသိရှိရန်လိုအပ်လိမ့်မည်၊ အကယ်၍ ကျောင်းသားများမှ ၄င်းဒေသတွင်း ဆွေးနွေးတိုင်ပင်မှုများပြုလုပ်ရန် အစီအစဉ်ရေးဆွဲသည့်အခါတွင် ထိုအရာသည် နောက်ပိုင်းတွင်အရေးပါလိမ့်မည်။

# အခန်း(၄) ဦးတည်ချက်

အဆင့် ၁- ယူလတောင်ကြားအကြောင်းအကျယ်ချဲ့လေ့လာခြင်း

အောက်ဖော်ပြပါစိတ်ကူးပုံဖော်ထားသည့် ယူလတောင်ကြား၏သတင်းအချက်အလက်ကိုဖတ်ပါ။

အကြောင်းအရာ အကျဉ်းချုံး

ဤတောင်ကြားဒေသမှာ မြစ်ကမ်းတစ်လျှောက် ၂၈ကီလိုမီတာခန့်ရှည်လျားပြီး သစ်တောထူထပ်သောတောင်များဖြင့် ဝိုင်းရံထားသည်။ ထိုဒေသတွင် သတ္တုမိုင်းများ၊ မြေတွင်းကျောက်များရှိသောကြောင့် အလုပ်လုပ်ကိုင်သူဦးရေ အမျိုးသားနှင့်အမျိုးသမီးအများစုမှာ သတ္တုနှင့်ကျောက်တူးဖော်ရေးကို နေ့စားများအဖြစ်လုပ်ကိုင်ကြသည်။ အလုပ်လုပ်သူအများစုမှာဆင်းရဲပြီး ခက်ခဲ၍အချိန်ကြာမြင့်စွာ လုပ်ကိုင်ရသည့် အလုပ်အတွက် ဝင်ငွေအနည်းငယ်သာရရှိသည်။ ဒေသလူမှုဝန်းကျင်အနေနှင့် အခြေခံလူနေမှုအဆင့်နိမ့်ကျလျက်ရှိသည်။ ဥပမာ- ကျန်းမာရေးစောင့်ရှောက်မှု၊ ပညာရေးပံ့ပိုးမှုနှင့် အလုပ်အကိုင်အခွင့်အလမ်းများမရှိသလောက်ဖြစ်နေသည်။ မိသားစုတစ်စုတွင် မိသားစုဝင် ၁၅ယောက်အထိရှိပြီး ဟင်းလင်းပြင်အိမ်ထဲတွင် လူနေထူထပ်စွာနေထိုင်ကြရသည်။

| ယူလတောင်ကြားရှိ လူဦးရေစာရင်း | | | |
|---|---|---|---|
| | စုစုပေါင်း | ကျား | မ |
| လူဦးရေစုစုပေါင်း | ၄၆,၀၀၀ | ၅၁% | ၄၉% |
| သက်တမ်း (နှစ်) | ၆၀ | ၅၈ | ၆၂ |
| အရွယ်ရောက် စာတတ်မြောက်သူ ဦးရေ | ၆၃% | ၆၈% | ၅၇% |
| ပျမ်းမျှ ပညာသင်ယူသည့်နှစ် | ၆ | ၆.၅ | ၅ |
| ပျမ်းမျှနေ့စဉ်ဝင်ငွေ (အမေရိကန်ဒေါ်လာ) | $၀.၃၀ | $၀.၃၃ | $၀.၂၇ |

၁။ ဤဒေသတွင်မည်သည့် ပြဿနာနှင့်ကြုံတွေ့ရသည်ဟုသင်ထင်မြင်မိပါသနည်း။

၂။ သင်၏ထင်မြင်ချက်များကို အဖွဲ့တွင်းနှိုင်းယှဉ်ပါ။ ထို့နောက်သတင်းအချက်အလက်များရရှိရန် နောက်စာမျက်နှာတွင်ဖတ်ရှုပါ။

"ဘဝကဒီမှာကြမ်းတမ်းတယ်

- ဒါ့ကြောင့်ဒီမှာရှိတဲ့သူတွေဟာ ပိုမိုကောင်းမွန်တဲ့ နေရာထိုင်ခင်းမရှိဘဲနေထိုင်ကြရတယ်"

( ၄၂ နှစ်အရွယ်ဤဒေသတွင်နေထိုင်သည့်အမျိုးသမီးတစ်ဦး )

# အခန်း(၄) ဦးတည်ချက်

## ယူလတောင်ကြားအကြောင်း အကျယ်ချဲ့ဆက်လက်လေ့လာခြင်း

အခြေအနေသုံးသပ်ရန်အစီအစဉ်မရေးဆွဲမီ ထိုဒေသအကြောင်းနှင့်သက်ဆိုင်သော ဖော်ပြထားသည့်သတင်းအချက်အလက်များကိုဖတ်ပါ။

### အလုပ်အကိုင်

ရိုးရာဓလေ့အရ အများစုမှာလယ်သမားများဖြစ်ပြီး သူတို့၏ ထုတ်ကုန်များကို နီးစပ်ရာမြို့သို့ ရောင်းချခြင်းဖြင့်ဝင်ငွေရရှိသည်။ အချို့မှာစိုက်ပျိုးရေးတွင်ဆက်လက်လုပ်ကိုင်သည်။ သို့သောမိုင်းတူးဖော်ခြင်းကြောင့် အချို့လယ်မြေများပျက်စီး၊ ပျောက်ဆုံးသွားသည်။

ယခုထင်ရှားသောလုပ်ငန်းများမှာ မိုင်းတူးခြင်းနှင့် ကျောက်တူးဖော်ခြင်းတို့ ဖြစ်သည်။ အမျိုးသားများမှာ အမျိုးသမီးများထက်ဝင်ငွေအနည်းငယ် ပိုရရှိသည်။ အမျိုးသမီးများမှာလည်း အပိုဝင်ငွေရရှိရန် မုန့်ထုပ်များရောင်းချခြင်းဖြင့် သူတို့၏မိသားစုကိုထောက်ပံ့ကြသည်။ ပို၍ကံကောင်းသူအချို့မှာ အိမ်တွင်းလုပ်ငန်းလုပ်ကိုင်သူများဖြစ်သည်။

မိုင်းနှင့်ကျောက်တူးဖော်ခြင်းလုပ်ငန်းတွင် ပတ်ဝန်းကျင်ညစ်ညမ်းမှုနှင့်ကျန်းမာရေး ထိခိုက်စေနိုင်သည့်အန္တရာယ်ရှိသော်လည်း အလုပ်သမားများမှမိမိတို့၏အခွင့်အရေးအတွက် ဗဟုသုတမရှိသည့်အပြင် အလုပ်ရှင်မှလည်း အကာအကွယ် မျက်နှာစည်းများ ပံ့ပိုးခြင်းမရှိပေ။

### ကျန်းမာရေး

မိုင်းတွင်းအလုပ်လုပ်ကိုင်ခြင်းကြောင့် အရွယ်ရောက်သူများတွင် အဆုတ်နှင့်ဆိုင်သော တီဘီရောဂါနှင့် စီလီကိုစစ် (Silicosis) ရောဂါများ အဖြစ်များလျက်ရှိသည်။

ရေကြောင့်ဖြစ်ပွားသော ရောဂါများသည် သောက်သုံးရေသန့်ရှင်းမှုမရှိသောကြောင့် မကြာခဏဖြစ်ပွားပြီး အထူးသဖြင့်ကလေး ငယ်များ၏ကျန်းမာရေးကို ထိခိုက်စေသည်။ မွေးကင်းစကလေး သေဆုံးမှုနှုန်း မြင့်တက်ခြင်းမှာလည်း အဆုတ်ရောင်ရောဂါနှင့် ဝမ်းလျှောရောဂါကိုဖြစ်ပေါ်စေသော လူနေမှုနိမ့်ကျခြင်း၊ တစ်ကိုယ်ရည်သန့်ရှင်းမှုမရှိခြင်း၊ အာဟာရချို့တဲ့ခြင်းနှင့် မွေးကင်းစကိုယ်အလေးချိန် မပြည့်မီခြင်းတို့ကြောင့်ဖြစ်သည်။

ထိုဒေသတွင် သာမန်ဆေးပေးခန်း၂ခုသာရှိသည်။

- ဆေးပေးခန်းတစ်ခုတွင် ၃၅ကီလိုမီတာ အကွာအဝေးရှိမြို့တစ်မြို့မှဆရာဝန်သည် တစ်ပတ်တွင်နှစ်ကြိမ်လာရောက်သည်။ ကျန်းမာရေးလုပ်သားတစ်ဦးမှာ တစ်ပါတ်တွင် ၆ရက်အလုပ်ဆင်းသည်။
- အခြားဆေးပေးခန်းတစ်ခုတွင် အချိန်ပြည့်တာဝန်ထမ်းဆောင်သော ကျန်းမာရေးလုပ်သားနှစ်ဦးရှိသည်။ သူတို့နှစ်ဦးသည် သာမန်ထိခိုက်ဒဏ်ရာနှင့် ဖျားနာမှုများကိုကုသပေးသည်။ သို့သော် အထောက်အပံ့ပစ္စည်းများနှင့် သင်တန်းတက်ရောက်မှုနည်းပါးသောကြောင့် ပြင်းထန်သောရောဂါဝေဒနာများကိုမူ မကုသနိုင်ပေ။





# အခန်း(၄) ဦးတည်ချက်

## ယူလတောင်ကြားအကြောင်း အကျယ်ချဲ့ဆက်လက်လေ့လာခြင်း

ကျောင်းသားများမှ ပေးထားသောအချက်အလက်ကိုဖတ်ရှုပြီး ပြီးခဲ့သည့်စာမျက်နှာမှ ၎င်းတို့၏အဖြေများကို နှိုင်းယှဉ်စေပါ။

ဝေါဟာရအတွက် အကြံပြုချက် -

အိမ်တွင်းလုပ်ငန်းများ (household industries) - ကိုယ်တိုင်လုပ်ဆောင်သည်၊ များသောအားဖြင့် အိမ်တွင်းပြုလုပ်သော ပစ္စည်းများဖြစ်သည်၊ ဥပမာ- အဝတ်အထည် (သို့) အစားအသောက် အမျိုးအစားများ

အဆုတ်နှင့်ဆိုင်သောပြဿနာများ (pulmonary problems) - အဆုတ်နှင့် အသက်ရှူလမ်းကြောင်းကို ထိခိုက်စေသည့် ကျန်းမာရေးပြဿနာများ

တီဘီ (Tuberculosis) - အဆုတ်ကိုထိခိုက်စေသောရောဂါ၊ ဆေးဖြင့်ကုသပျောက်ကင်းနိုင်သည်။

စီလီကိုစစ် (Silicosis) - မိုင်းတွင်းနှင့် ကျောက်တူးဖော်ခြင်းမှ ထွက်ရှိသောကျောက်သလင်းမှုန့်များ ရှူရှိုက်မိ၍ ဖြစ်သောရောဂါများ

အာဟာရချို့တဲ့ခြင်း (Malnutrition) - အာဟာရပြည့်ဝသော အစားအစာများ လုံလောက်စွာ မစားသုံးနိုင်သဖြင့် ဖြစ်ပေါ်သောကျန်းမာရေးချို့တဲ့မှု

စိုးရိမ်ရသည့်ပြတ်လပ်မှု (An acute shortage) - အလွန်ဆိုးရွားသောပြတ်လပ်မှု- သောက်ရေသန့် လုံလောက်စွာမရှိခြင်း

အကြံပြုချက်။ ။နှစ်ယောက်တစ်တွဲ၊ ထို့နောက်အဖွဲ့ငယ်အတွင်း နှိုင်းယှဉ်ပါ။

၁။ ကျောင်းသားများ၏အဖြေများမှာကွဲပြားလိမ့်မည်။ ဖြစ်နိုင်ခြေရှိသောအဖြေများမှာ -

ပညာရေး - မူလတန်းကျောင်းများနှင့် ထိုကျောင်းတို့တွင် စာသင်ကြားသောဆရာ/မများ၊ တောင်ကြားဒေသ အဝေးတွင်ရှိသော အလယ်တန်းကျောင်းတွင် တက်ရောက်နေသောကလေးများ

လူမှုရေး/အာဏာဆက်နွယ်မှုများ - မိုင်းတွင်းပိုင်ရှင်များနှင့် မန်နေဂျာများသည် ဒေသခံများအပေါ်တွင် အာဏာရှိသည်။

ခေါင်းဆောင်မှု - ဒေသခံ ခေါင်းဆောင်များ

အကြောင်းအရာ/ပြဿနာများ - ကျန်းမာရေးပြဿနာများ၊ သဘာဝပတ်ဝန်းကျင်ယိုယွင်းပျက်စီးမှုများ၊ အလုပ်အကိုင်အခွင့်အလမ်းအရင်းအမြစ်များ နည်းပါးခြင်း၊ သယ်ယူပို့ဆောင်ရေးကောင်းမွန်မှုမရှိသော လမ်းကြောင်းများ၊ အလယ်တန်းကျောင်းမရှိခြင်း။

ရိုးရာယဉ်ကျေးမှု/ဓလေ့ - အစဉ်အလာအရ စိုက်ပျိုးသောလယ်ယာများမှာ ခြိမ်းခြောက်မှုကိုခံနေရသည်။

စီးပွားရေးဆိုင်ရာလှုပ်ရှားမှု - မိုင်း၊ ကျောက်တူးဖော်မှုနှင့် အလုပ်ကြမ်းများတွင် လုပ်ကိုင်သော အလုပ်သမားများ၊ သရေစာမုန့်များရောင်းချသောအမျိုးသမီးများ၊ အိမ်တွင်းလုပ်ငန်းများ၊ အချို့သော စိုက်ပျိုးရေးလုပ်ငန်းများ

ကျန်းမာရေး - ဆေးပေးခန်းနှစ်ခု၊ ဆရာဝန်တစ်ဦးနှင့် ကျန်းမာရေးလုပ်သားများ- ဒေသခံများအတွက် အရေးပါသောကျန်းမာရေးပြဿနာများ

ဥပဒေ - ဒေသခံအဖွဲ့ဝင်များ၊ အထူးသဖြင့်မိုင်းတွင်းလုပ်သားများမှာ မိမိတို့၏ တရားဝင်အခွင့်အရေးများကို သိရှိမှုနည်းပါးသည်။

ပတ်ဝန်းကျင် - မိုင်းနှင့်ကျောက်တူးဖော်မှုလုပ်ငန်းများကြောင့်ဖြစ်ပေါ်သော သဘာဝပတ်ဝန်းကျင် ယိုယွင်း ပျက်စီးမှုများတွင် မြေနှင့်မြစ်ချောင်းများညစ်ညမ်းခြင်း၊ သစ်တောပြုန်းတီးခြင်း နှင့်ရေပြတ်လပ်မှုများ၊ ရေကြီးခြင်းနှင့် မိုးခေါင်မှုများ။

သယ်ယူပို့ဆောင်ရေး - သယ်ယူပို့ဆောင်ရေးကောင်းမွန်မှုမရှိသော လမ်းကြောင်းများ၊ မိုးရာသီတွင် လမ်းမ များပေါ်တွင်ရေလျှံလျက်ရှိသည်။

ကျောင်းသားများမှ ခေါင်းဆောင်မှု၊ မည်သည့်အဖွဲ့အစည်းမဆို (သို့) တောင်ကြားဒေသ၏ နိုင်ငံရေးခံယူချက်များနှင့် ပတ်သက်သည့်သတင်းအချက်အလက်များကို ပိုမိုသိရှိလိုသည်ဟု ခံစားမိနိုင်သည်။

၂။ ကျောင်းသားများအားအဖွဲ့ခွဲကာ မတူညီသောစီမံကိန်းအမျိုးအစားများကို အထက်ပါဖော်ပြထားသည့် ဒေသ၏မတူညီသောနေရာဌာနများအပေါ်မူတည်၍ လေ့လာသုံးသပ်မှုများပြုလုပ်ရန်တာဝန်ပေးပါ။ အောက်ပါဥပမာများကို ဥပမာပုံစံအနေဖြင့် သင်ပုန်းပေါ်တွင်ချရေးပါ။

| အခြေအနေကိုခွဲခြမ်းစိတ်ဖြာခြင်း- နည်းစနစ်ဖွံ့ဖြိုးတိုးတက်မှု | | | |
|---|---|---|---|
| စီမံကိန်းနယ်ပယ် | လိုအပ်သည့်သတင်း အချက်အလက် | Source | နည်းစနစ်/နည်းလမ်း |
| ကျန်းမာရေး | ဒေသခံမည်မျှ ဆေးပေးခန်းသို့လာ ရောက်သနည်း | ဆေးပေးခန်း စာရင်းစာအုပ်ရှိ အချက်အလက်များ | ကျန်းမာရေး လုပ်သားများကို တွေ့ဆုံမေးမြန်းခြင်း |
| | | | |

### ပတ်ဝန်းကျင်

ဒေသခံများအတွက် သောက်ရေ၊ သုံးရေအားလုံးကိုမြစ်ချောင်းမှရရှိသည်။ သို့သော် မိုင်းလုပ်ငန်းများမှထွက်ရှိသော သတ္တုနှင့် ညစ်ညမ်းပစ္စည်းများသည် မြစ်ရေကိုညစ်ညမ်းလာစေခဲ့သည်။ ထို့ကြောင့် သောက်ရေသန့်ရရှိမှုမှာစိုးရိမ်ရသည့်အထိပြတ်လပ်ပြီး ဒေသတွင်းနေထိုင်သောသူများမှာလည်း ရေသန့်ဗူးဝယ်ယူရန်မတတ်နိုင်သဖြင့် ရေကြောင့်ဖြစ်ပွားသောရောဂါများ ပိုမိုအဖြစ်များလာသည်။

တောင်ကြားဒေသတစ်ဝိုက်ရှိ သစ်တောများမှာလည်း မိုင်းနှင့်ကျောက်တူးဖော်သည့်လုပ်ငန်းအတွက် ခုတ်ထွင်ရှင်းလင်းခံရသဖြင့် မြေတိုက်စားမှုများဖြစ်ပေါ်သည်။ မိုးရာသီတွင် တောင်ကြားဒေသမှာ ရေကြီးပြီး ခရီးသွားလာရန်အတွက်ခက်ခဲသည်။ နွေရာသီတွင် မြေကြီးအလွန်ခြောက်သွေ့သောကြောင့် သီးနှံပင်များနှင့်ဟင်းသီးဟင်းရွက်များစိုက်ပျိုးရန်ခက်ခဲသည်။

### ပညာရေး

တောင်ကြားဒေသတွင် တွဲဖက်မူလတန်းကျောင်းအချို့ရှိသော်လည်း အလယ်တန်းကျောင်းနှင့် အထက်တန်းကျောင်းမရှိပါ။ ကျောင်းသားများမှ ဆက်လက်ပညာသင်ကြားလိုပါက အိမ်မှထွက်ခွာရသည်။ အရွယ်ရောက်သူအများစုမှာ ပညာအနည်းငယ်သာ သင်ကြားခဲ့ရသော်လည်း ပညာရေးကိုအသိအမှတ်ပြုကြသည့်အလျောက် မိဘများမှတတ်နိုင်ပါက သားသမီးများကို အနီးရှိမြို့များတွင်ကျောင်းထားလိုကြသည်။ သို့သော် သွားလာရေးမှာခက်ခဲသောကြောင့် မိဘများမှာ သမီးများ၏လုံခြုံရေးအတွက် စိုးရိမ်သဖြင့် အထက်တန်းကျောင်းသို့ပို့ရန် ဝန်လေးကြသည်။ အချို့သောမိန်းကလေးများမှာ အထက်တန်းတက်ရန်အိမ်မှထွက်ခွာပြီး မိဘအနည်းငယ်ကသာ သားသမီးကိုထောက်ပံ့နိုင်သဖြင့် မိမိတို့ကိုယ်တိုင်ကျောင်းတက်နိုင်ရန် လှုပ်ရှားရှန်းကန်ရသည်။

အချက်အလက်ကောက်ယူခြင်း -

၁။ ဖော်ပြသည့်အချက်အလက်ပေါ်မူတည်ပြီး ဒေသရှိနေရာဌာနအမျိုးမျိုးကိုဖော်ပြပါ။ အခြားမည်သည့်အကြောင်းအရာအချက်အလက်များကို သင်သိရှိလိုသနည်း။

၂။ အောက်ပါဇယားကိုအသုံးပြု၍ သင်မည်သည့်အချက်အလက်များကောက်ယူလိုသနည်း/ မည်သို့ကောက်ယူမည်နည်း အစရှိသည်ကိုဖြည့်စွက်ပါ။ (လေ့လာစစ်ဆေးရမည့်အချက်များစာရင်း/ စစ်တမ်းကောက်မေးခွန်းများ/တွေ့ဆုံမေးမြန်းမှုများ)

| အခြေအနေကိုခွဲခြမ်းစိတ်ဖြာခြင်း- နည်းစနစ်ဖွံ့ဖြိုးတိုးတက်မှု | | | |
|---|---|---|---|
| စီမံကိန်းနယ်ပယ် | လိုအပ်သည့်သတင်းအချက်အလက် | ပင်မအရင်းအမြစ် | နည်းစနစ်/နည်းလမ်း |
| | | | |
| | | | |
| | | | |
| | | | |
| | | | |





# အခန်း(၄) ဦးတည်ချက်

## ယူလတောင်ကြားအကြောင်းအကျယ်ချဲ့ဆက်လက်လေ့လာခြင်း

### ဒေသလိုအပ်ချက်များကို လေ့လာသတ်မှတ်ခြင်း

၁။ ဒေသ၏ SWOT သုံးသပ်ချက်ကိုဖြည့်စွက်ပါ။ တစ်ခုချင်းစီအတွက် ဥပမာတစ်ခုစီပေးပါ။

- အားသာချက်များ (Strengths)
- အားနည်းချက်များ (Weaknesses)
- အခွင့်အလမ်းများ (Opportunities)
- အနှောင့်အယှက်များ (Threats)

၂။ စီမံကိန်းနှင့်သက်ဆိုင်သည့် မည်သူများပါဝင်လိမ့်မည်ဟုသင်ထင်မြင်ယူဆသနည်း။

၃။ ကွာဟမှုသုံးသပ်ချက်ဇယားတွင် သင်ဖော်ပြနိုင်သောလိုအပ်ချက်များကို များနိုင်သမျှဖြည့်စွက်ပါ။

သင်၏ထင်မြင်ချက်များကိုအဖွဲ့တွင်းနှိုင်းယှဉ်၍ မည်သို့သောနည်းလမ်းများဖြင့် "ကွာဟမှု တံတား" တည်ဆောက်နိုင်သည်ကို ပေါင်းထည့်ပေးပါ။

| ကွာဟမှုသုံးသပ်ချက် | | |
|---|---|---|
| လက်ရှိအခြေအနေ | အလိုရှိသည့်အခြေအနေ | ကွာဟမှုတံတားအတွက် မည်သည့်အရာများ ဆောင်ရွက်ရန် လိုအပ်သနည်း။ |
| | | |

# အခန်း(၄) ဦးတည်ချက်

## ယူလတောင်ကြားအကြောင်းအကျယ်ချဲ့ဆက်လက်လေ့လာခြင်း

### ဒေသလိုအပ်ချက်များကို လေ့လာသတ်မှတ်ခြင်း

အကြံပြုချက်။ ။နှစ်ယောက်တစ်တွဲ၊ ထို့နောက်အဖွဲ့ငယ်များအတွင်း နှိုင်းယှဉ်ပါ။

၁။ ကျောင်းသားများ၏အဖြေမှာကွဲပြားလိမ့်မည်။ ဖြစ်နိုင်ခြေရှိသောအဖြေများမှာ

အားသာချက်များ (Strenghths) - မိဘများမှာ ပညာရေးကိုတန်ဖိုးထားကြသည်၊ အိမ်တွင်းလုပ်ငန်းများ၊ မူလတန်းဆရာ/မများ၊ ကျန်းမာရေးလုပ်သားများနှင့်ဘာသာရေးခေါင်းဆောင်များသည် ဒေသခံများကို ပေါင်းစည်းညီညွတ်စေသည်။

အားနည်းချက်များ (Weaknesses) - များသောအားဖြင့်အမျိုးသမီးများနှင့် မိန်းကလေးငယ်များကြား ပညာရေးအဆင့်နိမ့်ကျခြင်း၊ ကျန်းမာရေးချို့တဲ့ခြင်း

အခွင့်အလမ်းများ (Opportunities) - နီးစပ်သောမြို့များနှင့် ကုန်ကူးခြင်းမှတဆင့်အဆက်အသွယ်ရှိခြင်း၊ ကျောင်းများနှင့် ဆရာဝန်

အနှောင့်အယှက်များ (Threats) - ဒေသမှာ ဝေးကွာသောနေရာတွင်တစ်သီးတစ်ခြားတည်ရှိသည်၊ ရာသီဥတုအခြေအနေ၊ မိုင်းလုပ်သားများ၏ဆန့်ကျင်မှုများ

၂။ ဖြစ်နိုင်ခြေရှိသော စီမံကိန်းနှင့်သက်ဆိုင်သူများမှာ

| | |
|---|---|
| ဒေသ၏ခေါင်းဆောင်များ | ကျန်းမာရေးလုပ်သားများ |
| မိုင်းတွင်းပိုင်ရှင်များ | အိမ်နီးချင်းမြို့တစ်မြို့မှလာရောက်သောဆရာဝန် |
| မိဘများ | နီးစပ်ရာမြို့များတွင်စာသွားရောက်သင်ယူသောလူငယ်များ |
| ဆရာ/ဆရာမများ | မိုင်းနှင့် ကျောက်တူးဖော်သည့်အလုပ်သမားများ |

၃။ ကျောင်းသားများ၏အဖြေများမှာ ကွဲပြားလိမ့်မည်။ ပေးထားသောဥပမာများကို ဥပမာပုံစံအနေဖြင့် သင်ပုန်းပေါ်တွင်ချရေးပါ။

| ကွာဟမှုသုံးသပ်ချက် | | |
|---|---|---|
| လက်ရှိအခြေအနေ | အလိုရှိသည့်အခြေအနေ | ကွာဟမှုတံတားအတွက် မည်သည့် အရာများ ဆောင်ရွက်ရန် လိုအပ်သနည်း။ |
| မိုင်းလုပ်ငန်းနှင့် သက်ဆိုင်သည့် ကျန်းမာရေးပြဿနာများ (တီဘီရောဂါနှင့်စီလီကို့စစ်) | လုပ်သားများအတွက် ကျန်းမာရေးပြဿနာများ နည်းပါးလာရန် | လုံခြုံသော အလုပ်လုပ်ကိုင်မှုတွင် မျက်နှာစည်းများ အသုံးပြုခြင်း<br>ကျန်းမာရေး ဝန်ဆောင်မှုများကို မြှင့်တင်ခြင်း ဥပမာ- ဆေးပေးခန်းများတိုးချဲ့ခြင်း |

၄။ ကျောင်းသားများ၏အဖြေများမှာကွဲပြားလိမ့်မည်။ ပေးထားသောဥပမာများကို ဥပမာပုံစံအနေဖြင့် သင်ပုန်းပေါ်တွင်ချရေးပါ။

| ၁<br>လိုအပ်ချက်/<br>ပြဿနာ | ၂<br>မည်မျှအဖြစ်များ<br>သနည်း | ၃<br>မည်မျှပြင်းထန်<br>သနည်း | ၄<br>အရေးကြီးမှု | ၅<br>ဦးစားပေးအဆင့် |
|---|---|---|---|---|
| မိုင်းလုပ်ငန်းနှင့်<br>သက်ဆိုင်သည့်<br>ကျန်းမာရေး<br>ပြဿနာများ | မိုင်းနှင့်<br>ကျောက်တူး<br>ဖော်ရေး<br>လုပ်သားများတွင်<br>အဖြစ်များသည် | ပြင်းထန်သည်<br>- တစ်ဦးချင်း၏<br>ကျန်းမာရေးနှင့်<br>မိသားစုများ၏<br>ငွေရေးကြေးရေး<br>အပေါ်ကြီးမားသော<br>သက်ရောက်မှုရှိသည် | မိသားစုများ<br>အခြေတည်<br>နိုင်မှာစွာ<br>ရပ်တည်နိုင်ရန်<br>အရေးကြီးသည် | ဦးစားပေးအဆင့်<br>မြင့်မားသည့်<br>နေရာတွင်ရှိ |
| | | | | |

၄။ သင်ဖော်ပြခဲ့သောလိုအပ်ချက်များကိုအသုံးပြု၍ အောက်ပါဦးစားပေးလုပ်ဆောင်ရန် ဇယားကွက်တွင် အစဉ်လိုက်ရေးချပါ။ သင်၏အဖြေများကိုအဖွဲ့တွင်းနှိုင်းယှဉ်၍ အဘယ်ကြောင့် ၄င်းအစီအစဉ်အတိုင်း ရွေးချယ်ရသည်ကိုရှင်းပြပါ။

| ၁<br>လိုအပ်ချက်/<br>ပြဿနာ | ၂<br>မည်မျှအဖြစ်များ<br>သနည်း | ၃<br>မည်မျှပြင်းထန်<br>သနည်း | ၄<br>အရေးကြီးမှု | ၅<br>ဦးစားပေးအဆင့် |
|---|---|---|---|---|
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |

# အခန်း(၅)

## အဆင့် ၂– စီမံကိန်းရေးဆွဲခြင်း

၅.၁ ပန်းတိုင်နှင့် ရည်မှန်းချက်များထားရှိခြင်း
၅.၂ အရင်းအမြစ်နှင့်ကန့်သတ်ချက်များအားလေ့လာသုံးသပ်ခြင်း
၅.၃ လုပ်ဆောင်ချက်အစီအစဉ်များကို ရေးဆွဲခြင်း
၅.၄ ခန့်မှန်းခြေရသုံးငွေစာရင်းများ

ဤသင်ခန်းစာပြီးဆုံးပါက ကျောင်းသားများမှ -

- ပန်းတိုင်နှင့် ရည်ရွယ်ချက်များကိုဖော်ပြလာနိုင်မည်
- SMART ၏ရည်ရွယ်ချက်များကို ထုတ်ဖော်လာနိုင်မည်
- အရင်းအမြစ်များနှင့် ကန့်သတ်ချက်များအား လေ့လာသုံးသပ်လာနိုင်မည်
- လုပ်ဆောင်ချက်များကိုရေးသားလာနိုင်မည်
- ခန့်မှန်းခြေရသုံးငွေစာရင်း၏ ရည်ရွယ်ချက်ကိုလည်းရှင်းလင်းပြနိုင်မည်
- ခန့်မှန်းခြေရသုံးငွေစာရင်းကို ရေးဆွဲလာနိုင်မည်။



# အခန်း(၅)

## အဆင့် ၂– စီမံကိန်းရေးဆွဲခြင်း

၅.၁ ပန်းတိုင်နှင့် ရည်မှန်းချက်များထားရှိခြင်း
၅.၂ အရင်းအမြစ်နှင့်ကန့်သတ်ချက်များအားလေ့လာသုံးသပ်ခြင်း
၅.၃ လုပ်ဆောင်ချက်အစီအစဉ်များကို ရေးဆွဲခြင်း
၅.၄ ခန့်မှန်းခြေရသုံးငွေစာရင်းများ

ဤသင်ခန်းစာပြီးဆုံးပါက ကျောင်းသားများမှ -

- ပန်းတိုင်နှင့် ရည်ရွယ်ချက်များကိုဖော်ပြလာနိုင်မည်
- SMART ၏ရည်ရွယ်ချက်များကို ထုတ်ဖော်လာနိုင်မည်
- အရင်းအမြစ်များနှင့် ကန့်သတ်ချက်များအား လေ့လာသုံးသပ်လာနိုင်မည်
- လုပ်ဆောင်ချက်များကိုရေးသားလာနိုင်မည်
- ခန့်မှန်းခြေရသုံးငွေစာရင်း၏ ရည်ရွယ်ချက်ကိုလည်းရှင်းလင်းပြနိုင်မည်
- ခန့်မှန်းခြေရသုံးငွေစာရင်းကို ရေးဆွဲလာနိုင်မည်။

## နိဒါန်း

လေ့ကျင့်ခန်း(၁)

အကြံပြုချက်။ ။ တစ်ဦးချင်းစီ၊ ထို့နောက်နှိုင်းယှဉ်ရန်နှစ်ယောက်တစ်တွဲတွဲပါ။

အဖြေများ

၁။ ပူးပေါင်းပါဝင်မှုစီမံကိန်းဒီဇိုင်းသည် ရပ်ရွာဒေသခံတို့အား စီမံကိန်းအစီအစဉ်ရေးဆွဲမှုဘက်ပေါင်းစုံတွင် ပါဝင်စေသည်။ သမရိုးကျလုပ်ဆောင်သည့်စီမံကိန်းဒီဇိုင်းမှာမူ ရပ်ရွာဒေသခံများနှင့် အကြံပြုဆွေးနွေးမှုများ ပြုလုပ်ပြီးနောက် စီမံကိန်းအဖွဲ့ဝင်များမှ ၄င်းတို့ကိုယ်တိုင်အစီအစဉ်ရေးဆွဲသည်။

၂။ စီမံကိန်းရေးဆွဲမှုသည် ထပ်ခါထပ်ခါဖြစ်ပေါ်နိုင်သည်။ အဘယ့်ကြောင့်ဆိုသော် တစ်ခါတစ်ရံတွင် သင်ပြုလုပ်ပြီးသောအရာများကို ပြောင်းလဲရန်လိုအပ်ပြီး အမြဲတစေသင်သည်ပြောင်းလဲမှုတစ်ခုခုပြုလုပ် သည့်အခါ ဒေသခံများ၊ စီမံကိန်းနှင့်ပတ်သက်သည့်သူများနှင့် စကားပြောဆိုရန်လိုအပ်သည်။

၃။ အကယ်၍သင့်တွင် လိုအပ်သောအရင်းအမြစ်များမရှိပါက သင်၏ရည်မှန်းချက်များ(သို့)အစီအစဉ်များကို ပြောင်းလဲရနိုင်သည် (ဉပမာ-ငွေကြေးအလုံအလောက်)။ ကျောင်းသားများမှလည်း ပြောင်းလဲမှုများပြုလုပ် ရသည့်အပေါ် အခြားသောအကြောင်းပြချက်များကိုလည်း တွေးထင်မိနိုင်သည်။ ဉပမာ- အချို့သော လုပ်ရှားမှုများအတွက် ခွင့်ပြုချက်မရရှိသောအခါ၊ အတူတကွအကောင်အထည်ဖော်ဆောင်ရွက်သည့် တွဲဖက်ပါတနာများနှင့် အဆက်အသွယ်များပြောင်းလဲသွားသည့်အခါ၊ ပစ္စည်းတန်ဖိုးများမြင့်တက်သွားသော အခါ၊ ရာသီဉတု (သို့) ပတ်ဝန်းကျင်အခြေအနေပြောင်းလဲသွားသည့်အခါ အစရှိသည်တို့ဖြစ်သည်။

# ၅.၁ ပန်းတိုင်နှင့် ရည်မှန်းချက်များထားရှိခြင်း

ရပ်ရွာဒေသ၏ အခြေအနေကိုသင်လေ့လာသုံးသပ်မှုများပြုလုပ်ပြီးစီး၍ ၎င်းဒေသ၏လိုအပ်ချက်များကို ရှင်းလင်းစွာနားလည်သွားသည့်အခါတွင် စီမံကိန်းကိုစတင်ဒီဇိုင်းရေးဆွဲရန် အချိန်ကျရောက်လာပြီဖြစ်သည်။ သမရိုးကျလုပ်ဆောင်သည့်နည်းလမ်းမှာ အဖွဲ့အစည်းများမှဒေသကို လေ့လာသုံးသပ်မှုများပြုလုပ်သည့်အတောအတွင်းဒေသခံများနှင့် အကြံပြုဆွေးနွေးမှုများပြုလုပ်ပြီးနောက် စီမံကိန်းဒီဇိုင်းကိုကိုယ်တိုင်ရေးဆွဲရန်အတွက် ဖြစ်သည်။ သို့သော် ပူးပေါင်းပါဝင်မှုစီမံကိန်းဒီဇိုင်းမှာ စီမံကိန်းရေးဆွဲသည့်နယ်ပယ်အားလုံးတွင် ဒေသခံများအားပါဝင်စေခြင်းဖြစ်သည်။ ဤနည်းလမ်းကိုအသုံးပြုသောအဖွဲ့အစည်းများမှ စီမံကိန်းတွင်ပါဝင်လုပ်ဆောင်ခြင်းသည် ဒေသခံများ၏အခွင့်အရေးဖြစ်ပြီး အကယ်၍ဒေသခံများပါဝင်ပါက ပိုမိုအောင်မြင်မည်ဖြစ်သည်။

မည်သည့်နည်းလမ်းကိုပင်ရွေးချယ်စေကာမူ၊ စီမံကိန်းကိုရေးဆွဲသည့်အခါတွင် ပြန်လည်ပြုပြင်ရမည့်အချို့သောအရာများလည်းရှိလိမ့်မည်။ ဥပမာအားဖြင့် စီမံကိန်း၏ရည်မှန်းချက်(သို့)အစိတ်အပိုင်းတစ်ခုကို အရင်းအမြစ်များမလုံလောက်သောကြောင့် ပြောင်းလဲရမည်ဖြစ်သည်။ အကယ်၍ သဘောတူညီထားသည့်အရာအပေါ်တွင် ပြောင်းလဲမှုတစ်ခုခုပြုလုပ်ပါက စီမံကိန်းနှင့်သက်ဆိုင်သူများ၊ ဒေသခံများနှင့်အသိပေးပြောကြားခြင်းမှာလည်းအရေးကြီးလှသည်။ ထို့အတူ စီမံကိန်းအပေါ်အကျိုးသက်ရောက်မှုရှိနိုင်သည့် ဒေသတွင်းပြောင်းလဲမှုများ၏အခြေအနေကို စောင့်ကြည့်စစ်ဆေးရန်အရေးကြီးသည်။

### လေ့ကျင့်ခန်း(၁)

အောက်ပါမေးခွန်းများကို ပေးထားသောစာပိုဒ်ပေါ်မူတည်၍ဖြေဆိုပါ။

၁။ ပူးပေါင်းပါဝင်မှုစီမံကိန်းဒီဇိုင်းသည် သမရိုးကျလုပ်ဆောင်သည့်နည်းလမ်းနှင့် မည်သို့ကွာခြားချက်ရှိသနည်း။

၂။ စီမံကိန်းဒီဇိုင်းကို မည်ကဲ့သို့ထပ်ခါတလဲလဲလုပ်ဆောင်ရသနည်း။

၃။ မည်သည့်အကြောင်းပြချက်များသည် သင့်အားစီမံကိန်း၏ရည်မှန်းချက်များနှင့် အစီအစဉ်ကိုပြောင်းလဲစေသနည်း။


# ၅.၁ ပန်းတိုင်နှင့် ရည်မှန်းချက်များထားရှိခြင်း

လိုအပ်ချက်အပေါ်မူတည်၍ ပန်းတိုင်နှင့်ရည်မှန်းချက်များချမှတ်ခြင်းသည် ဒေသဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းရေးဆွဲရာတွင် အရေးပါသောအစိတ်အပိုင်းတစ်ခုဖြစ်သည်။ စီမံကိန်းတိုင်း၏အောင်မြင်မှုသည် ပန်းတိုင်နှင့်ရည်မှန်းချက်များကို မည်သို့ကောင်းမွန်စွာပြင်ဆင်ချမှတ်သည့်အပေါ်တွင်မူတည်သည်။ ပန်းတိုင်နှင့်ရည်မှန်းချက်များသည် စီမံကိန်းဦးတည်ရာလမ်းကြောင်းကိုသတ်မှတ်ပြီး စီမံကိန်းအောင်မြင်ရန်အတွက် ပြီးမြောက်အောင်ဆောင်ရွက်ရမည့်အရာများကို ရှင်းလင်းစွာအသေးစိတ်လေ့လာထားခြင်းဖြစ်သည်။

ဆွေးနွေးပါ။

ပန်းတိုင်နှင့် ရည်မှန်းချက်များ၏ကွဲပြားခြားနားမှုကို ဖော်ပြပါ။
သင်၏ထင်မြင်ချက်များကို အောက်ပါအဓိပ္ပါယ်ဖွင့်ဆိုမှုများနှင့်
နှိုင်းယှဉ်ပါ။

"ပန်းတိုင်ဆိုသည်မှာ အလိုရှိသောအခြေအနေရပ်တစ်ခုကိုဖော်ပြသည်။
ရည်မှန်းချက်များမှာ အလိုရှိသောအခြေအနေကိုရောက်ရှိရန် လက်ရှိအခြေအနေမှ
စတင်ပြောင်းလဲရမည့်အဆင့်များ တဆင့်ပြီးတဆင့်ကိုဆိုလိုသည်။ ဤအဆင့်များသည်
ပန်းတိုင်သို့ရောက်ရှိနိုင်ရန်အတွက် ပြီးဆုံးအောင်လုပ်ဆောင်ရမည့် လုပ်ငန်းများဖြစ်သည်။"




ပန်းတိုင်များ

ယေဘုယျအားဖြင့် ပန်းတိုင်သည် စီမံကိန်းအပေါ် မျှော်လင့်ထားသည့်အရာများကို ဖော်ပြခြင်းဖြစ်သည်။ ၄င်းသည် စီမံကိန်းမှရရှိသင့်သည့်အခြေအနေရလဒ်တစ်ခုကို ဖော်ပြသည့်ထုတ်ဖော်ရေးသားချက်တစ်ခုဖြစ်သည်။ ဥပမာ- အာဟာရချို့တဲ့မှုကို လျှော့ချခြင်း (သို့) အမျိုးသမီးများစာတတ်မြောက်မှုကို တိုးမြှင့်ခြင်းတို့ဖြစ်သည်။ ပန်းတိုင်သည်ကျယ်ပြန့်၍ ယေဘုယျအလိုဆန္ဒများကိုဖော်ပြသည်။

ဆွေးနွေးပါ။

ကျောင်းသားများအဖြေမှာကွဲပြားလိမ့်မည်။ ပေးထားသော အဓိပ္ပာယ်ဖွင့်ဆိုချက်အားမဖတ်မီ ကျောင်းသားများအား မိမိတို့၏အကြံဉာဏ်များကိုပြောကြားစေပါ- ၎င်းဆွေးနွေးမှုအတွက် ဖတ်စာအုပ်ပိတ်ထားပြီး ပြုလုပ်နိုင်ပါသည်။

လေ့ကျင့်ခန်း ၁

အကြံပြုချက်။ ။နစ်ယောက်တစ်တွဲ။

အဖြေများ

ပန်းတိုင်

ဒေသအတွင်း ခံတွင်းသန့်ရှင်းမှုကို တိုးတက်ကောင်းမွန်စေခြင်း

၂။ ညနေခင်းတွင် သန့်ရှင်းမှု မရှိသည့် ခံတွင်း၏ဆိုးကျိုးများကို အလေးပေးဖော်ပြသည့် ရုပ်ရှင်ကိုပြသခြင်း။

၇။ ခံတွင်းသန့်ရှင်းမှုနှင့် ပတ်သက်သည့် သင်တန်းတစ်ခုကိုညနေခင်း အချိန်တွင်ပြုလုပ်ခြင်း။

၈။ ဒေသတွင်းလာရောက်၍ သွားဆေးခန်းဖွင့်လှစ် ရန် သွားဆရာဝန်များသို့ ကြေငြာအသိပေးခြင်း။

၁၀။ ကျင်းပမည့်ပွဲကို ပိုစတာများ ထုတ်ဝေကာကြေငြာခြင်း။

ပန်းတိုင်

ဒေသတွင်း ရွေးကောက်ပွဲအတွက်ပြင်ဆင်ခြင်း

၁။ ရွေးကောက်ပွဲမတိုင်မီ ကိုယ်စားလှယ်များကို ဒေသခံများမှ မေးခွန်းများ မေးမြန်းနိုင်ရန် အတွက် မြို့တော်ခန်းမတွင် ဆွေးနွေးပွဲ ဖိုရမ်ကျင်းပခြင်း။

၄။ ကျင်းပမည့်ပွဲကို ကိုယ်စားလှယ်လောင်း တစ်ဦးစီ၏ ကိုယ်ရေး ရာဇဝင်များနှင့်တကွ လူထုအားလုံးသိရှိစေရန် ကြေငြာခြင်း။

၆။ ဆန္ဒမဲပေးရန်အတွက် သင့်တော်မည့်နေရာကို ရှာဖွေခြင်း (ဥပမာ- ကျောင်းဆောင်တစ်ဆောင်)

၉။ လေ့ကျင့်သင်ကြားမှုကို ရရှိပြီးသည့်စေတနာ့ ဝန်ထမ်းများအား ဆန္ဒမဲပေးခြင်းကို ကြီးကြပ်စေခြင်း။

၁၀။ ကျင်းပမည့်ပွဲကို ပိုစတာများထုတ်ဝေကာ ကြေငြာခြင်း။

၁၂။ ကိုယ်စားလှယ်လောင်း များမှ ရွေးကောက်ပွဲ မတိုင်မီ သုံးလအလိုတွင် ကြိုတင်နာမည်စာရင်း ပေးသွင်းထားခြင်း။

ပန်းတိုင်

ကိုယ်ဝန်ဆောင်အမျိုးသမီးများအတွက် ကျန်းမာရေးစောင့်ရှောက်မှုကိုမြှင့်တင်ခြင်း

၃။ ကိုယ်ဝန်ဆောင်ချိန်တွင် ဖြစ်ပေါ်တတ်သည့် ကျန်းမာရေးပြဿနာများ နှင့်ဆိုင်သည့် သင်တန်းသုံးခုကို ဒေသတွင်ဖွင့်လှစ် သင်ကြားခြင်း။

၅။ သင်တန်းကိုဦးဆောင်မည့် သားဖွားဆရာမများအား လေ့ကျင့်သင်ကြားမှုများ ပေးခြင်း။

၁၀။ ကျင်းပမည့်ပွဲကို ပိုစတာများထုတ်ဝေ၍ ကြေငြာခြင်း။

၁၁။ သားဖွားဆရာမများအား အရေးပေါ်မီးဖွားမှုတွင် လိုအပ်သောကိရိယာ အစုံအလင်ဖြင့် စီစဉ်ပေးထားခြင်း။

## လေ့ကျင့်ခန်း(၁)

ပေးထားသောရည်ရွယ်ချက်များကို ကိုက်ညီသည့်ပန်းတိုင်နှင့်ယှဉ်တွဲပါ။

ရည်မှန်းချက်များ -

**ပန်းတိုင်**
ဒေသအတွင်း ခံတွင်းသန့်ရှင်းမှုကို တိုးတက်ကောင်းမွန်စေခြင်း

**ပန်းတိုင်**
ဒေသတွင်းရွေးကောက်ပွဲ အတွက်ပြင်ဆင်ခြင်း

**ပန်းတိုင်**
ကိုယ်ဝန်ဆောင် အမျိုးသမီးများအတွက် ကျန်းမာရေး စောင့်ရှောက်မှုကို မြှင့်တင်ခြင်း



၁။ ရွေးကောက်ပွဲမတိုင်မီ ကိုယ်စားလှယ်များကို ဒေသခံများ မှမေးခွန်းများမေးမြန်းနိုင်ရန် အတွက် မြို့တော်ခန်းမတွင် ဆွေးနွေးပွဲဖိုရမ်ကျင်းပခြင်း။

၂။ ညနေခင်းတွင် သန့်ရှင်းမှုမရှိ သည့်ခံတွင်း၏ဆိုးကျိုးများကို အလေးပေးဖော်ပြသည့်ရုပ်ရှင်ကို ပြသခြင်း။

၃။ ကိုယ်ဝန်ဆောင်ချိန်တွင်ဖြစ် ပေါ်တတ်သည့် ကျန်းမာရေး ပြဿနာများနှင့်ဆိုင်သည့် သင်တန်းသုံးခုကို ဒေသတွင် ဖွင့်လှစ်သင်ကြားခြင်း။

၄။ ကျင်းပမည့်ပွဲကို ကိုယ်စားလှယ်လောင်းတစ်ဦးစီ၏ ကိုယ်ရေးရာဇဝင်များနှင့်တကွ လူထုအားလုံးသိရှိစေရန် ကြေငြာခြင်း။

၅။ သင်တန်းကိုဦးဆောင်မည့် သားဖွားဆရာမများအား လေ့ကျင့်သင်ကြားမှုများပေးခြင်း။

၆။ ဆန္ဒမဲပေးရန်အတွက် သင့်တော်မည့်နေရာကိုရှာဖွေခြင်း (ဥပမာ- ကျောင်းဆောင်တစ်ဆောင်)

၇။ ခံတွင်းသန့်ရှင်းမှုနှင့်ပတ် သက်သည့် သင်တန်းတစ်ခုကို ညနေခင်းအချိန်တွင်ပြုလုပ်ခြင်း။

၈။ ဒေသတွင်းလာရောက်၍ သွားဆေးခန်းဖွင့်လှစ်ရန် သွားဆရာဝန်များသို့ကြေငြာ အသိပေးခြင်း။

၉။ လေ့ကျင့်သင်ကြားမှုကိုရရှိပြီး သည့်စေတနာ့ဝန်ထမ်းများအား ဆန္ဒမဲပေးခြင်းကိုကြီးကြပ်စေခြင်း။

၁၀။ ကျင်းပမည့်ပွဲကို ပိုစတာများထုတ်ဝေကာ ကြေငြာခြင်း။

၁၁။ သားဖွားဆရာမများအား အရေးပေါ်မီးဖွားမှုတွင် လိုအပ် သောကိရိယာစုံအလင်ဖြင့် စီစဉ်ပေးထားခြင်း။

၁၂။ ရွေးကောက်ပွဲမပြုလုပ်မီ သုံးလအလိုတွင် ပါဝင်ယှဉ်ပြိုင် မည့်ကိုယ်စားလှယ်လောင်းများမှ ကြိုတင်စာရင်းပေးသွင်းခြင်း။

ရည်မှန်းချက်များ

ရည်မှန်းချက်တစ်ခုကို ထိရောက်ကျွမ်းကျင်စွာလုပ်ဆောင်နိုင်ရန် မည်သူ၊ မည်သို့၊ နေရာ၊ အချိန်နှင့် မည်မျှအစရှိသည့် မေးခွန်းများကို သိရှိဖော်ပြထားရမည်ဖြစ်သည်။

ဥပမာ -

- လုပ်ဆောင်ချက်များမှာ အဘယ်နည်း။
- မည်သူကလုပ်ဆောင်ချက်များကို ပြုလုပ်ဆောင်ရွက်သင့်သနည်း။
- မည့်သည့်နေရာတွင် ပြုလုပ်မည်နည်း။
- မည်သည့်အချိန်တွင် ပြုလုပ်မည်နည်း။
- လူဦးရေမည်မျှလိုအပ်သနည်း (သို့) အထောက်အပံ့မည်မျှလိုအပ်သနည်း။

ဆွေးနွေးပါ။

လေ့ကျင့်ခန်း(၁)တွင်ပေးထားသော ရည်မှန်းချက်များကိုတစ်ဖန်ပြန်လည်ကြည့်ရှုပါ။ ၄င်းတို့သည် ဤမေးခွန်းများအပေါ် စူးစိုက်ထားမှုများရှိပါသလား။

ရှင်းလင်းပြီး ထိရောက်သည့်ရည်မှန်းချက်များကို ထုတ်ဖော်နိုင်ရန်အတွက် SMART ဖြင့်တွေးခေါ်ခြင်းသည် အထောက်အကူဖြစ်စေသည်။ SMART သည်စီမံကိန်းစီမံအုပ်ချုပ်မှုတွင် ရည်မှန်းချက်များကို လေ့လာသုံးသပ်မှုများပြုလုပ်သည့်အခါ အသုံးပြုသည့်နည်းလမ်းတစ်ခုဖြစ်သည်။

**S**pecific - တိကျသေချာမှု

**M**easurable - တိုင်းတာနိုင်မှု

**A**chievable - ဖြစ်နိုင်ခြေ

**R**ealistic - လက်တွေ့ကျမှု

**T**ime-Bound - အချိန်ကာလ

ရည်မှန်းချက်များ

ရည်မှန်းချက်များအားလုံးမှ ၄င်းမေးခွန်းများအားလုံးကို ဖြေဆိုခြင်းမှာအမြဲတစေလိုအပ်သည်(သို့) လက်တွေ့ကျသည်မဟုတ်၊ သို့သော် ၄င်းတို့သည် ကျောင်းသားများအား အသေးစိတ်၍ထိရောက်မှုရှိသော ရည်မှန်းချက်များထားရှိနိုင်ရန်အတွက် လမ်းညွှန်ပေးနိုင်သည်။

ဆွေးနွေးပါ။

လေ့ကျင့်ခန်း ၁ ရှိ ရည်မှန်းချက်များအားလုံးမှ ဤမေးခွန်းများအားလုံးကိုမဖြေဆိုနိုင်ပါ။

အချို့သောရည်မှန်းချက်များကို ပိုမိုစွမ်းဆောင်နိုင်ရန်အတွက် အကြောင်းအရာအသေးစိတ် ထပ်မံပေါင်းထည့်ရမည်ဖြစ်သည်။

ဥပမာ- ရည်မှန်းချက် ၁ မှာ အသေးစိတ်ပြီး ၄င်းသည်မည့်သည့်အရာ၊ မည်သည့်နေရာ၊ မည်သည့်အချိန်နှင့် မည်သူဟူသောမေးခွန်းများကို ဖြေဆိုနိုင်သည် (ဤနေရာတွင် မည်မျှဟူသောမေးခွန်းမှာ မလိုအပ်ပါ)။ သို့သော် ရည်မှန်းချက် ၂ သည် မည်သည့်အကြောင်းအရာဟူသော မေးခွန်းတစ်ခုတည်းကိုသာ ဖြေဆိုသည်။ သို့ဖြစ်၍ ပိုမိုအသေးစိတ်ရန်လိုအပ်သည်။ ဥပမာ မည်သည့်ရုပ်ရှင်ကိုပြသမည်နည်း။ မည်သည့်နေရာတွင် ပြသမည်နည်း။ မည်သည့်အချိန်တွင်ပြသမည်နည်း၊ အစရှိသဖြင့်။

## လေ့ကျင့်ခန်း ၂

အကြံပြုချက်။ ။တစ်ဦးချင်းစီ၊ ထို့နောက်နှိုင်းယှဉ်ရန်အတွက် နှစ်ယောက်တစ်တွဲတွဲပါ။

အဖြေများ

တိကျသေချာမှု -

၂။ ရည်မှန်းချက်မှာ တိကျမှုရှိပါသလား။ မည်သူ၊ မည်သည့်အရာ၊ မည်သည့်နေရာ အစရှိသည်အတွက် အဖြေများရှိပါသလား။

တိုင်းတာနိုင်မှု -

၄။ ရည်မှန်းချက်ကို တိုင်းတာနိုင်ပါသလား။ မည်မျှနည်းဟူသည့်မေးခွန်းကို ဖြေဆိုထားခြင်းရှိပါသလား။

ဖြစ်နိုင်ခြေ -

၅။ ဤအရာကိုလုပ်ဆောင်နိုင်ရန် သင့်တွင်လုပ်နိုင်စွမ်းများရှိပါသလား (အရင်းအမြစ်များ/ အချိန်/ အသိပညာ)။

လက်တွေ့ကျမှု -

၃။ ရည်မှန်းချက်မှာ လက်တွေ့ကျပါသလား (သို့) အလွန်ကြီးမားနေပါသလား။

အချိန်ကာလ -

၁။ ရည်မှန်းချက်ကို မည်သည့်အချိန်တွင် ပြီးမြောက်အောင်မြင်စွာ ဆောင်ရွက်နိုင်မည်နည်း။

ကျောင်းသားများမှ ဖြစ်နိုင်ခြေနှင့် လက်တွေ့ကျမှုတို့အကြားရှိ ခြားနားချက်ကို တွေ့မြင်နိုင်ရန်ခက်ခဲလိမ့်မည်။ ၎င်းတို့မှာ အယူအဆအားဖြင့်ဆင်တူသလိုရှိသော်လည်း အဓိကခြားနားချက်မှာ "ဖြစ်နိုင်ခြေ" ဆိုသည်မှာ ရည်မှန်းချက်ဖြစ်မြောက်ပြီးစီးနိုင်ရန်အတွက် သင့်လျော်သောအရင်းအမြစ်များနှင့် အထောက်အပံ့များ ရှိခြင်းဖြစ်သည်။ ဥပမာ- လူ ၂၀ဦးအတွက် ကျန်းမာရေးဆိုင်ရာ သင်တန်းတစ်ခုပြုလုပ်ပေးရန် ရည်ရွယ်ခြင်းမှာ လက်တွေ့ကျသောအရာဖြစ်သည်။ သို့သော် သင်တန်းကျင်းပရန်အတွက် သင့်တော်သောနေရာလုံးဝမရှိပါက ၎င်းရည်မှန်းချက်မှာ ဖြစ်နိုင်ခြေမရှိပါ။

## လေ့ကျင့်ခန်း(၂)

အောက်ပါသုံးသပ်မှုဆိုင်ရာမေးခွန်းများကို SMART တစ်ခုခုနှင့် မှန်ကန်စွာတွဲပါ။

၁။ ရည်မှန်းချက်ကို မည်သည့်အချိန်တွင် ပြီးမြောက်အောင်မြင်စွာ ဆောင်ရွက်နိုင်မည်နည်း။

၂။ ရည်မှန်းချက်မှာ တိကျမှုရှိပါသလား- မည်သူ၊ မည်သည့်အရာ၊ မည်သည့်နေရာ အစရှိသည်အတွက် အဖြေများရှိပါသလား။

၃။ ရည်မှန်းချက်မှာ လက်တွေ့ကျပါသလား (သို့) အလွန်ကြီးမားနေပါသလား။

၄။ ရည်မှန်းချက်ကို တိုင်းတာနိုင်ပါသလား- မည်မျှနည်းဟူသည့်မေးခွန်းကို ဖြေဆိုထားခြင်း ရှိပါသလား။

၅။ ဤအရာကိုလုပ်ဆောင်နိုင်ရန် သင့်တွင် လုပ်နိုင်စွမ်းများရှိပါသလား (အရင်းအမြစ်များ/ အချိန်/ အသိ ပညာ)။

ဥပမာအားဖြင့် အောက်ပါ SMART ရည်ရွယ်ချက်ပါရှိသည့် စီမံကိန်း၏ပန်းတိုင်ကိုကြည့်ရှုလိုက်ပါ။

ပန်းတိုင်- Pickens County, Georgia, USA တွင်နေထိုင်သောသူများ၏ စာတတ်မြောက်မှုအဆင့်ကို မြှင့်တင်ပေးရန်။

ရည်မှန်းချက်- Pickens County အများပြည်သူသုံးစာကြည့်တိုက်တွင် ဇန်နဝါရီလ မှ မတ်လ ၂၀၁၃အထိ စာမရေးမဖတ်တတ်သည့် အရွယ်ရောက်ပြီးသူ ၅၈ဦးကို အရေးနှင့်အဖတ်အခြေခံအရည်အချင်းများ ရရှိအောင် အရွယ်ရောက်ပြီးသူများ စာတတ်မြောက်မှုအတန်းကိုစီစဉ်ခြင်း။



ဤရည်မှန်းချက်သည် SMART ဖြစ်သည် အဘယ်ကြောင့်ဆိုသော်

| | |
|---|---|
| တိကျသေချာမှု | ဘာလဲဆိုတာကိုသိသည်(အရွယ်ရောက်ပြီးသူများစာတတ်မြောက်မှု အတန်း)၊ မည်သူ(အရွယ်ရောက်သူ ၅၈ဦး) ၊ နေရာ(Picken County အများပြည်သူသုံးစာကြည့်တိုက်) |
| တိုင်းတာနိုင်မှု | အောင်မြင်မှုကိုလေ့ကျင့်သင်ကြားပေးသည့် အရွယ်ရောက်သူများ၏ဦးရေနှင့် စီမံကိန်းပြီးဆုံးသည့်အခါ ၎င်းတို့၏အရေးအဖတ်စွမ်းရည်ဖြင့် တိုင်းတာနိုင်သည်။ |
| ဖြစ်နိုင်ခြေ | အတန်းတက်ရန်လိုအပ်နေသော/ဆန္ဒရှိသော အရွယ်ရောက်သူများနှင့် တက်ရောက်ရမည့်နေရာလည်းရှိသည်။ |
| လက်တွေ့ကျမှု | ဦးတည်သည့်လူဦးရေမှာလည်း အလွန်မများပါ။ (၅၈ဦး) |
| အချိန်ကာလ | ဘယ်အချိန်ပြုလုပ်မည်ကိုလည်းသိရှိရသည် (ဇန်နဝါရီလ မှ မတ်လ ၂၀၁၃အထိ) |

## လေ့ကျင့်ခန်း(၃)

အောက်ပါစီမံကိန်း၏ ပန်းတိုင်နှင့်ရည်မှန်းချက်များကိုကြည့်ပါ။
၎င်း၏ရည်မှန်းချက်မှာ SMART ဖြစ်/မဖြစ်ကို ဆုံးဖြတ်ပါ။

ပန်းတိုင်- အင်ဒိုနီးရှား၊ ဂျာကာတာမြို့တွင် လုံခြုံစိတ်ချရသောလူနေမှုပတ်ဝန်းကျင်တစ်ခုကိုဖန်တီးခြင်း

ရည်မှန်းချက်- ဂျာကာတာမြို့တွင် နိုင်ငံသားများအားဒုစရိုက်အကြောင်း သတိပေးသည့်အဖွဲ့ကို မြို့တော်ရှိ ပြည်သူပိုင်အိမ်ယာ၏ ရေိယာတစ်ဝိုက်တွင် ဇန်နဝါရီလ ၂၀၁၃ အတောအတွင်းစတင်ဖွဲ့စည်းရန်၊ အကြောင်းမှာ နိုင်ငံသားများ လုံခြုံရေးအတွက် ၎င်းဧရိယာတွင်နေထိုင်သည့် အိမ်ထောင်စု ၄၈စုကို တစ်ရက်လုံး ကင်းစောင့်လှည့်လည်စစ်ဆေးနိုင်ရန်အတွက်ဖြစ်သည်။

| | |
|---|---|
| တိကျသေချာမှု | |
| တိုင်းတာနိုင်မှု | |
| ဖြစ်နိုင်ခြေ | |
| လက်တွေ့ကျမှု | |
| အချိန်ကာလ | |

## အဖြေများ

အဖြေများ

| | |
|---|---|
| တိကျသေချာမှု | အကြောင်းအရာအသေးစိတ်ရှိသည်(နိုင်ငံသားများအားဒုစရိုက်အကြောင်းသတိပေးသည့်အဖွဲ့)၊ မည်သူ(၄င်းဧရိယာတွင်နေထိုင်သည့် အိမ်ထောင်စု ၄၈စု အတွက်)၊ မည်သည့်နေရာ (ဂျာကာတာမြို့ပြည်သူပိုင်အိမ်ယာ ဧရိယာတပိုက်) |
| တိုင်းတာနိုင်မှု | ကင်းစောင့်လှည့်လည်စစ်ဆေးသည့်အကြိမ်ရေနှင့် အဖွဲ့တွင်းပါဝင်သည့် အဖွဲ့ဝင်အရေအတွက်ကို တိုင်းတာနိုင်သည်။ |
| ဖြစ်နိုင်ခြေ | ၄င်းဧရိယာတစ်ပိုက်တွင် ပြည်သူလူထုအတွက် ကင်းစောင့်လှည့်လည်စစ်ဆေးမှုပြုလုပ်နိုင်ရန်အတွက် အိမ်ထောင်စုအလုံးအလောက်ရှိသည် (၄၈) |
| လက်တွေ့ကျမှု | စီမံကိန်းပြုလုပ်မည့်အတိုင်းအတာမှာ လွန်စွာမကြီးမားပါ- တစ်လတာကာလ စစ်ဆေးခြင်းနှင့် အိမ်ထောင်စု ၄၈ စုအတွက်သာဖြစ်သည်။ |
| အချိန်ကာလ | မည်သည့်အချိန်ပြုလုပ်မည်ကို ကျွန်ုပ်တို့သိရှိနိုင်သည်။ ဇန်နဝါရီ ၂၀၁၃ အတောအတွင်း |

အကြံပြုချက်။ ။နှစ်ယောက်တစ်တွဲ၊ ထို့နောက်အဖွဲ့ငယ်အတွင်း နှိုင်းယှဉ်ပါ။

အဖြေများ

၁။

| | |
|---|---|
| Specific | Yes- အသေးစိတ်သည်: ပညသင်ဆုသုံးဆု(အကြောင်းအရာ)၊ မြန်မာကျောင်းသားများအတွက် (မည်သူ/မည်သည့်နေရာ)၊ တစ်ဦးလျှင် အနည်းဆုံး $၃၀၀၀(မည်မျှ) |
| Measurable | Yes- ပညာသင်ဆုသုံးဆုနှင့် ပေးအပ်ချီးမြှင့်သည့်ငွေပမာဏ |
| Achievable | Yes- အဖွဲ့အစည်းမှ ရရှိနိုင်သည့်ငွေကြေးရှိပါက (အနည်းဆုံး $၉၀၀၀)၊ No လည်းဖြစ်နိုင်သည်- အဖွဲ့အစည်းမှ ငွေကြေးရှာဖွေထားခြင်းမရှိပါက |
| Realistic | Yes- ပညာသင်ဆုအရေအတွက်မှာ အလွန်မြင့်မားခြင်းမရှိပါ။ |
| Time-Bound | Yes- ၂၀၁၂ တွင်ပင်ရောက်လျှောက်ထားနိုင်သည်။ သို့သော် လျှောက်တင်ရမည့်အချိန်ကို ကျွန်ုပ်တို့အသေအချာမသိပါ။ |

၂။

| | |
|---|---|
| Specific | No- မည်သူ၊ မည်သည့်အကြောင်းအရာ၊ နေရာ၊ အချိန်နှင့် မည်မျှ အစရှိသည့်မေးခွန်းများ ဖြေဆိုနိုင်ရန်အတွက် အသေးစိတ်ဖော်ပြရန်လိုအပ်သည်။ |
| Measurable | Yes/No- ပေးပို့သော ပစ္စည်းအရေအတွက်နှင့် ပစ္စည်းများလက်ခံရရှိသော ကျောင်းအရေအတွက်၊ သို့သော် ဤအရာကိုနှိုင်းယှဉ်ရန်အတွက် ရည်မှန်းထားခြင်းမရှိပါ။ |
| Achievable | Probably (ဖြစ်ကောင်းဖြစ်နိုင်သည်)၊ သို့သော် သတင်းအချက်အလက်ပိုမိုလိုအပ်သည်။ |
| Realistic | Probably (ဖြစ်ကောင်းဖြစ်နိုင်သည်)၊ သို့သော် သတင်းအချက်အလက်ပိုမိုလိုအပ်သည်။ |
| Time-Bound | No- "လာမည့်နှစ်အနည်းငယ်" သည် တိကျသေချာမှုမရှိပါ။ |

၃။

ဤရည်မှန်းချက်ပြည့်မီရန်အတွက် မည်သို့ပြုလုပ်မည်ကို ကျွန်ုပ်တို့အသေးစိတ်မသိရှိပါ၊ ထို့ကြောင့် ၄င်းသည် ရည်မှန်းချက်ထက် ပန်းတိုင်ဖြစ်နေသည်ဟု ထင်မြင်ရသည်။

| | |
|---|---|
| Specific | Yes/No- အသေးစိတ်: ၄က်ဖျားဖြင့်သေဆုံးမှုကို ၃၀% ထိလျှော့ချရန်(မည်မျှ) အသက်ငါးနှစ်အောက် ကလေးငယ်များ(မည်သူ) ရှမ်းပြည်နယ်(မည်သည့်နေရာ)။ သို့သော် မည်သည့်အရာနှင့် မည်သို့ပြုလုပ်မည်ကို မသိရှိပါ။ |
| Measurable | Yes- ပစ်မှတ်ထားသည့် ၃၀%ကိုတိုင်းတာနိုင်သည်။ |
| Achievable | Don't know (မသိပါ)- အဖွဲ့အစည်းတွင် လိုအပ်သော အရင်းအမြစ်များနှင့် ကျွမ်းကျင်မှုရှိကောင်း ရှိနိုင်သည်။ |
| Realistic | No/Don't know- ၃၀% သည်တစ်နှစ်အတွင်း လျှော့ချရန်အတွက် အလွန်မြင့်မားသော ပစ်မှတ်တစ်ခုဖြစ်နေသည်ဟုထင်ရသည်။ |
| Time-Bound | Yes- ၂၀၁၂ |

ကျောင်းသားများ၏အဖြေများမှာ ရည်မှန်းချက်များ SMART ရန် ပြုလုပ်ရမည့်အပေါ်မူတည်၍ကွဲပြားလိမ့်မည်။ ကျောင်းသားများသည် ၄င်းတို့၏အဖြေများကို အဖွဲ့ငယ်အတွင်းနှိုင်းယှဉ်သင့်သည်။

## လေ့ကျင့်ခန်း(၄)


အောက်ပါရည်မှန်းချက်များကို ကြည့်ပါ။ ၄င်းတို့မှာ SMART ဖြစ်ကြသလား။
သင်၏အဖြေကိုရှင်းပြပါ။

၁။ မြန်မာကျောင်းသားများအတွက်ပေးသည့် ပညာသင်ဆုများကိုတိုးမြှင့်နိုင်ရန် ပညာသင်ဆုသုံးခုကို ၂၀၁၂တွင် ကျောင်းသားများလျှောက်ထားရန်မိတ်ဆက်ပေးခြင်း။ ပညာသင်ဆုတစ်ခုလျှင် အနည်းဆုံး $၃၀၀၀ ပေးအပ်မည်ဖြစ်သည်။

၂။ သင်ကြားမှုနှင့်သင်ထောက်ကူများကို တတ်နိုင်သလောက် အသစ်တည်ဆောက်သည့်ကျောင်းများသို့ လာမည့်နှစ်အနည်းငယ်တွင် ပေးစွမ်းနိုင်ရန်။

၃။ ၂၀၁၂ခုနှစ်တွင် ရှမ်းပြည်နယ်အတွင်း ငှက်ဖျားရောဂါဖြင့် ငါးနှစ်အောက်ကလေးငယ်များသေဆုံးမှုနှုန်းကို ၃၀% အထိလျှော့ချရန်။

၄င်းရည်မှန်းချက်များ SMART ဖြစ်ရန်အတွက် လိုအပ်သလိုပြန်လည်ရေးသားပါ။



# ၅.၂ အရင်းအမြစ်နှင့် ကန့်သတ်ချက်များအားလေ့လာသုံးသပ်ခြင်း

ပန်းတိုင်နှင့် ရည်မှန်းချက်များကိုဆုံးဖြတ်ပြီးပါက သင်လိုအပ်မည့်အရင်းအမြစ်များနှင့် သင့်တွင်ရှိသော အရင်းအမြစ်တို့ကို လေ့လာသုံးသပ်ခြင်းသည် အရေးကြီးသည်သာမက သင်တွေ့ကြုံရမည့်အတိုင်းအတာ အကန့်အသတ်များမှာလည်းအရေးကြီးလှသည်။ ၄င်းတို့ကို သင့်စီမံကိန်း၏ရည်မှန်းချက်များနှင့် ဆက်စပ်၍ စူးစမ်းလေ့လာရမည်ဖြစ်သည်။

အရင်းအမြစ်များအားလေ့လာသုံးသပ်ခြင်းသည် သင်၏စီမံကိန်းတွင်အသုံးပြုနိုင်သော ဒေသရှိအားသာချက်များ နှင့် ပြင်ပမှထောက်ပံ့ရန်လိုအပ်သောအရာများကို ရှင်းလင်းစွာသိမြင်လာမည်။

ဒေသတစ်ခုတွင် အဓိကအားဖြင့် အရင်းအမြစ် သုံးခုရှိသည်- ရုပ်ပိုင်းဆိုင်ရာ၊ လူသားနှင့် အဖွဲ့အစည်း

**လူသား**



လူသားအရင်းအမြစ်သည် လူထုနှင့် သက်ဆိုင်သည်။

**ရုပ်ပိုင်းဆိုင်ရာ**



ရုပ်ပိုင်းဆိုင်ရာအရင်းအမြစ်သည် တွေ့မြင်နိုင်ပြီးကိုင်တွယ်နိုင်သည့် အရာများဖြစ်သည်။

**အဖွဲ့အစည်း**



အဖွဲ့အစည်း၏အရင်းအမြစ်မှာ ပညာနှင့် စွမ်းရည်များဖြင့် သက်ဆိုင်သည်။

### လေ့ကျင့်ခန်း(၁)

အောက်ပါအရင်းအမြစ်များစာရင်းကိုကြည့်ပါ။ ၄င်းတို့မှာ ရုပ်ပိုင်းဆိုင်ရာ၊ လူသားနှင့် အဖွဲ့အစည်းများဖြစ်သည်ကို ဆုံးဖြတ်ပါ။

၁။ ကျန်းမာရေးလုပ်သား
၂။ ကျောင်းဆရာ
၃။ လက်သမားအတတ်ပညာများ
၄။ ကျောင်း
၅။ ကျန်းမာရေးစင်တာ
၆။ ပစ္စည်းကိရိယာများ
၇။ လမ်းမကြီးများ
၈။ ဆရာဝန်
၉။ ဒေသတွင်းရှိစင်တာအဆောက်အအုံ
၁၀။ ဒေသအသိပညာများ

မည်သည့်ဥပမာအရင်းအမြစ်များသည် သင်ဦးတည်သည့်ရပ်ရွာဒေသတွင်ရှိသနည်း။

# ၅.၂ အရင်းအမြစ်နှင့် ကန့်သတ်ချက်များအားလေ့လာသုံးသပ်ခြင်း

လေ့ကျင့်ခန်း ၁

အကြံပြုချက်။ ။တစ်ဦးချင်းစီ၊ ထို့နောက်နှိုင်းယှဉ်ရန် နှစ်ယောက်တစ်တွဲတွဲပါ။

---

အဖြေများ

၁။ ကျန်းမာရေးလုပ်သား - လူသား

၂။ ကျောင်းဆရာ - လူသား

၃။ လက်သမားအတတ်ပညာများ - အဖွဲ့အစည်း

၄။ ကျောင်း - ရုပ်ပိုင်းဆိုင်ရာ

၅။ ကျန်းမာရေးစင်တာ - ရုပ်ပိုင်းဆိုင်ရာ

၆။ ပစ္စည်းကိရိယာများ - ရုပ်ပိုင်းဆိုင်ရာ

၇။ လမ်းမကြီးများ - ရုပ်ပိုင်းဆိုင်ရာ

၈။ ဆရာဝန် - လူသား

၉။ ဒေသတွင်းရှိ စင်တာအဆောက်အအုံ - ရုပ်ပိုင်းဆိုင်ရာ

၁၀။ ဒေသအသိပညာများ - အဖွဲ့အစည်း

ကျောင်းသားများမှ ၎င်းတို့ရပ်ရွာဒေသအတွင်းရှိ ဥပမာအရင်းအမြစ်များကို နှစ်ယောက်တစ်တွဲ (သို့) အဖွဲ့ငယ်အတွင်း နှိုင်းယှဉ်သင့်သည်။

.

လေ့ကျင့်ခန်း ၂

အကြံပြုချက်။ ။နှစ်ယောက်တစ်တွဲ၊ ထို့နောက်အဖွဲ့ငယ်အတွင်းနှိုင်းယှဉ်စေပါ။

ကျောင်းသားများ၏အဖြေများမှာ ကွဲပြားလိမ့်မည်။

ကန့်သတ်ချက်များသည်စီမံကိန်းတိုးတက်လာမှုကို နှောင့်နှေးစေ (သို့) ကန့်သတ်မျှော်လင့်ထားသည့် အရာနှင့် မမျှော်လင့်ထားသည့်အရာများပင်ဖြစ်သည်။ ကန့်သတ်ချက်များကို လေ့လာသုံးသပ်မှုပြုခြင်းသည် လိုအပ်ရခြင်းမှာ ဖြစ်ပေါ်နိုင်သည့်ပြဿနာများကို ဖြေရှင်းထုတ်ဖော်နိုင်ရန်အတွက်ဖြစ်သည်။ ဖြစ်ပေါ်နိုင်သည့်ပြဿနာများကို ကြိုတင်ခန့်မှန်းထားရန်အရေးကြီး ရခြင်းမှာ အကယ်၍ပြဿနာဖြစ်ပေါ်လာပါက ရင်ဆိုင်ရန် အသင့်ပြင်ဆင်ထားပြီးဖြစ်မည်။

ဝေါဟာရအဓိပ္ပါယ်
အကန့်အသတ်များ-
ကန့်သတ်မှုတစ်ခု (သို့)
ချုပ်နှောင်ကန့်သတ်ခြင်း

ဥပမာ- ဆရာဝန်တစ်ဦးနှင့်အတူ ဒေသဆေးပေးခန်းတွင် လုပ်ဆောင်ရန် သင်အလိုရှိလိမ့်မည်။ သို့သော် ထိုဆရာဝန်မှ တစ်ပတ်လျှင်နှစ်ကြိမ်သာ လာရောက်နိုင်မည်ဖြစ်သည့်အတွက် ကျန်သောရက်များတွင် သင့်အားကန့်သတ်ထားခြင်းခံရသည်။

## လေ့ကျင့်ခန်း(၂)

လေ့ကျင့်ခန်း(၁)တွင်ရှိသော အရင်းအမြစ်များစာရင်းကို တဖန်ပြန်ကြည့်ပါ။

ပေးထားသောအရင်းအမြစ်တစ်ခုစီဖြင့် အလုပ်လုပ်ကိုင်သောအခါတွင် မည့်သို့သောကန့်သတ်မှုများဖြင့် တွေ့ကြုံနိုင်သနည်း။

သင်ဦးတည်သည့်ဒေသတွင် ဤအရင်းအမြစ်များအပေါ်ရှိသည့် ဥပမာကန့်သတ်ချက်များကို ဖော်ပြပါ။

သင်၏အဖြေကိုအဖွဲ့ငယ်များအတွင်းနှိုင်းယှဉ်ပါ။

# အင်အားနယ်ပယ်ကိုသုံးသပ်ခြင်း


မည်သည့် လက်တွေ့အခြေအနေတွင်မဆို စီမံကိန်း၏ဖွံ့ဖြိုးတိုးတက်မှုကို အကူအညီ (သို့) အတားအဆီး ဖြစ်စေသော အချက်များရှိသည်။ ဤအရာတို့သည် ရပ်ရွာဒေသ၏ နယ်ပယ်ဌာနအားလုံးမှ ဖြစ်ပေါ်လာခြင်း ဖြစ်ပြီး

- နိုင်ငံရေးရာ
- လူမှုရေးရာ
- စီးပွားရေးရာ
- ယဉ်ကျေးမှုနှင့် ဓလေ့အစရှိသည်တို့ပါဝင်သည်။

ဤအင်အားများသည် ဒေသ၏ပူးပေါင်းပါဝင်မှုနှင့် ထောက်ခံမှုအပေါ် သက်ရောက်မှုရှိသောကြောင့် ၎င်းတို့ကို သိရှိဖော်ပြကာ အကူအညီပေးသည့်အရာများကို ပိုမိုအင်အားတောင့်တင်းလာအောင်၊ အတားအဆီး ဖြစ်စေသောအရာများကို အင်အားနည်းလာအောင် နည်းလမ်းများရှာဖွေပြုလုပ်ရမည်ဖြစ်သည်။

အင်အားနယ်ပယ်ကို သုံးသပ်ခြင်းသည် အကူအညီ (သို့) အတားအဆီးဖြစ်စေသော အချက်များကို သိရှိဖော်ပြနိုင်ရန် အသုံးပြုသောနည်းလမ်းတစ်ခုဖြစ်သည်။

အကူအညီဖြစ်စေသည့် အင်အားများသည် စီမံကိန်း၊ ဒေသပူးပေါင်းပါဝင်မှုနှင့် ထောက်ခံမှုကိုခိုင်မာလာစေလိမ့်မည်




အတားအဆီးဖြစ်စေသည့်အင်အားများသည် ပူးပေါင်းပါဝင်မှုနှင့်ထောက်ခံမှုကို လျော့နည်းလာစေပြီး စီမံကိန်းကို အားနည်းလာစေနိုင်သည်။

အင်အားနယ်ပယ်ကိုသုံးသပ်ခြင်း

## လေ့ကျင့်ခန်း(၃)

အကြံပြုချက်။ ။နှစ်ယောက်တစ်တွဲ၊ ထို့နောက်အဖွဲ့ငယ်အတွင်း နှိုင်းယှဉ်ပါ။

အဖြေများ

| အကူအညီဖြစ်စေသည့်အင်အားများ | အတားအဆီးဖြစ်စေသည့်အင်အားများ |
|---|---|
| ၁။ စီမံကိန်းကို အားလပ်ရက်အတွင်းပြုလုပ်ရန် အချိန်ရေးဆွဲထားသည် (အကယ်၍ အဓိကတွဲဖက်ပါတနာများ အဝေးတစ်နေရာသို့ရောက်ရှိနေပါက ၎င်းသည် အတားအဆီးဖြစ်စေသည့် အင်အားတစ်ခု ဖြစ်လာနိုင်သည်)<br>၃။ ဒေသ၏ကျောင်းထိုင်ဆရာတော်မှ စီမံကိန်းကို ထောက်ခံသည်။ | ၂။ ဒေသခံအစိုးရသည် သင်၏စီမံကိန်းကို ကြိုက်နှစ်သက်ခြင်းမရှိ။<br>၄။ ရပ်ရွာဒေသအများစုနည်းတူ စီမံကိန်းတွင် ပါဝင်သောအဖွဲ့ဝင်များသည် အသက်အရွယ် အပိုင်းအခြားအမျိုးမျိုးရှိသည်။ |

| ခိုင်မာစေလာနိုင်မည့်နည်းလမ်းများ | လျှော့နည်း (သို့) ဖယ်ရှားနိုင်မည့်နည်းလမ်းများ |
|---|---|
| ၁။ ဤအရာသည် အကူအညီဖြစ်စေသည့်အင်အား ဖြစ်နိုင်သည်၊ ဥပမာ- သင့်စီမံကိန်းသည် ကျောင်းတွင်းဆောက်လုပ်မှုများ ပြုလုပ်သည့် အလုပ်ဖြစ်ပါက သင်၏အလုပ်ကိုကျောင်းသားများ မရှိသည့်အချိန်တွင် ပြီးဆုံးအောင်ပြုလုပ်လိုလိမ့်မည် - သို့ဖြစ်ပါကသင်သည် အချိန်ဇယားအတိုင်း အလုပ်ကိုအချိန်မီပြီးမြောက်အောင်ဆောင်ရွက် ခြင်းဖြင့် စီမံကိန်းခိုင်မာလာအောင်ပြုလုပ်ပေး နိုင်မည်။ (အကယ်၍ အတားအဆီးဖြစ်စေသည့် အင်အားတစ်ခုဖြစ်ခဲ့ပါက အချို့သောလုပ်ဆောင် ချက်များကို ပြန်လည်အချိန်ရေးဆွဲရမည်ဖြစ်သည် (သို့) အခြားတွဲဖက်ပါတနာများကို ရှာဖွေရမည် ဖြစ်သည်။<br>၂။ ပေါင်းသင်းဆက်ဆံမှုများခိုင်မာလာစေရန် ပုံမှန် အကြံဉာဏ်များပြုခြင်းနှင့် လေးနက်သောပြောဆိုမှု များပြုလုပ်ခြင်း၊ ဒေသခံများ၏အကြံဉာဏ်များကို နားထောင်၍ လိုအပ်ပါကသင်ရေးဆွဲထားသော အစီအစဉ်များကိုပြောင်းလဲခြင်း၊ ပြည်သူလူထု အစည်းအဝေးပွဲများ ပြုလုပ်ခြင်းသည်လည်း အခြားသောရပ်ရွာဒေသခံများမှ သင့်စီမံကိန်းသည် ရပ်ရွာဒေသခေါင်းဆောင်များ၏ထောက်ခံမှုရရှိ သည်ကို တွေ့မြင်နိုင်ရန်ကူညီပေးနိုင်သည်။ | ၂။ ဒေသခံအစိုးရနှင့် အကြံပေးဆွေးနွေးမှုများ ပြုလုပ်၍ အဘယ်ကြောင့် ၎င်းတို့မှမကြိုက်နှစ်သက်သည်ကို ရှာဖွေပါ။ စီမံကိန်း၏ပန်းတိုင်နှင့်လုပ်ဆောင်ချက်များ ကိုရှုပ်ထွေးမှုမရှိစေရန် သေချာစွာရှင်းလင်းပြပါ။ ဒေသခံအစိုးရအဖွဲ့ဝင်များအား လိုအပ်ချက်များ ရှာဖွေစစ်ဆေးမှုပြုရာတွင်ပါဝင်စေပါ။ သင်သည် ဥပဒေဘောင်အတွင်းမှလုပ်ဆောင်သည်ကို သေချာစေပါ။<br>၃။ ဤအရာသည် အတားအဆီးဖြစ်စေသည့်အင်အား တစ်ခုမဖြစ်သင့်ပါ။ သို့သော်ဒေသခံများနှင့် သေချာစွာပြောဆိုဆွေးနွေးမှုများပြုလုပ်ထားခြင်းဖြင့် သင်သည် ဓလေ့ထုံးတမ်းများ၊ သဘောထားများနှင့် ရင်းနှီးကျွမ်းဝင်လာမည်ဖြစ်သည်<br>- ဥပမာ လူကြီးများမှလူငယ်များအတွက် ပွဲတစ်ခု စီစဉ်ရာတွင် တက်ရောက်လာမည့်လူငယ်များမှ မည်သည့်တေးဂီတအားကြိုက်နှစ်သက်သည်ကို လေ့လာရှာဖွေထားရမည်ဖြစ်သည်။ |

## လေ့ကျင့်ခန်း(၃)

အောက်ပါဖယားကို ပေးထားသော အကူအညီပေးသည့်အင်အားများနှင့် အတားအဆီးဖြစ်စေသည့် အင်အားများဖြင့် ဖြည့်စွက်ပါ။ တစ်ခါတစ်ရံတွင်နှစ်ခုစလုံးဖြစ်နိုင်သည်ဟု သင်ထင်မြင်မိလိမ့်မည်။

၁။ စီမံကိန်းကိုအားလပ်ရပ်အတွင်း လုပ်ဆောင်ရန်အချိန်ရေးဆွဲထားသည်။

၂။ ဒေသခံအစိုးရသည် သင်၏စီမံကိန်းကို ကြိုက်နှစ်သက်ခြင်းမရှိ။

၃။ ဒေသ၏ကျောင်းထိုင်ဆရာတော်မှ စီမံကိန်းကိုထောက်ခံသည်။

၄။ ရပ်ရွာဒေသအများစုနည်းတူ စီမံကိန်းတွင်ပါဝင်သောအဖွဲ့ဝင်များသည် အသက်အရွယ်အပိုင်းအခြား အမျိုးမျိုးရှိသည်။

အကူအညီဖြစ်စေသည့် အင်အားခိုင်မာတောင့်တင်းလာရန်နှင့် အတားအဆီးဖြစ်စေသည့် အင်အား လျော့နည်းလာစေရန် နည်းလမ်းတစ်ခုစီစဉ်းစားဖော်ပြပါ။

| အကူအညီဖြစ်စေသည့်အင်အားများ | အတားအဆီးဖြစ်စေသည့်အင်အားများ |
|---|---|
| | |
| ခိုင်မာစေလာနိုင်မည့်နည်းလမ်းများ | လျော့နည်း (သို့) ဖယ်ရှားနိုင်မည့်နည်းလမ်းများ |
| | |

# ၅.၃ လုပ်ဆောင်ချက်အစီအစဉ်များကို ရေးဆွဲခြင်း

သင့်ဒေသ၏လိုအပ်ချက်များလေ့လာသုံးသပ်မှုပြုလုပ်ပြီးစီးခြင်း၊ ပန်းတိုင်နှင့်ရည်မှန်းချက်များကို ဦးစားပေး လိုအပ်ချက်များအပေါ်မူတည်၍ သတ်မှတ်ပြီးစီးခြင်းနှင့် စီမံကိန်း၏အရင်းအမြစ်များနှင့် အကန့်အသတ်များကို သိရှိဆုံးဖြတ်ပြီးသည့်အခါတွင် စီမံကိန်း၏လုပ်ဆောင်ချက်များကို ရေးဆွဲရန်အသင့်ဖြစ်နေပြီဖြစ်သည်။ ၄င်းကို လုပ်ဆောင်ချက်များရေးဆွဲခြင်း (သို့) အကောင်အထည်ဖော်သည့်အစီအစဉ်တစ်ခုဟုသိရှိသည်။

လုပ်ဆောင်ချက်များကိုရေးဆွဲခြင်းမှာ စီမံကိန်းတွင်တစ်ရက်ပြီးတစ်ရက် လုပ်ဆောင်ရမည့်လုပ်ငန်းများ အားလုံးအချိန်မီအောင်မြင်စွာပြီးဆုံးရန် လမ်းညွှန်ပေးသည့်ဖြစ်စဉ်တစ်ခုကိုရေးဆွဲခြင်းဖြစ်သည်။ လုပ်ဆောင်ချက်များရေးဆွဲထားခြင်းသည် စီမံကိန်းလုပ်ဆောင်ပြီးမှုကို စောင့်ကြည့်စစ်ဆေးသည့်အခါ အသုံးဝင်သောမှတ်တမ်းကို ရေးသားဖော်ပြနိုင်မည်ဖြစ်သည်။

ရည်မှန်းချက်တစ်ခုစီအတွက် လုပ်ဆောင်ချက်ရေးဆွဲမှုတွင် ပါဝင်သင့်သည်မှာ -

- မည်သည့်အရာကိုပြီးစီးအောင်ပြုလုပ်ရမည်နည်း
- မည်သည့်အချိန်တွင်ပြီးဆုံးအောင်ပြုလုပ်ရမည်နည်း
- မည်သူကပြုလုပ်မည်နည်း
- မည်သည့်အရင်းအမြစ်များ လိုအပ်မည်နည်း

အစီအစဉ်ရေးဆွဲမှုတွင် စီမံကိန်းတွင်ပါဝင်သောသူများအားလုံး နောက်ဆုံးထုတ်ပြန်သည့် လုပ်ဆောင်မည့် အရာများကိုသိရှိထားရန် အဆက်အသွယ်များကို ထည့်သွင်းခြင်းသည်လည်း ကောင်းသောအကြံဉာဏ် တစ်ခုဖြစ်သည်။
အောက်ပါစီမံကိန်း၏ လုပ်ဆောင်ချက်ရေးဆွဲမှုဇယားကို ကြည့်ပါ။

| ပန်းတိုင်- သန့်ရှင်းသောသောက်သုံးရေရှိခြင်းဖြင့် ဒေသ၏ကျန်းမာရေးကိုမြှင့်တင်ပေးခြင်း။ | | | | | |
|---|---|---|---|---|---|
| ရည်မှန်းချက် ၁- ရေစစ်စနစ်သုံးခုကို မတ်လကုန်တွင် ဒေသစင်တာအဆောက်အဦးတွင်တပ်ဆင်ရန်။ | | | | | |
| လုပ်ဆောင်ချက်များ | လိုအပ်သော အချိန်အတိုင်းအတာ | လိုအပ်သော အရင်း အမြစ်များ | တာဝန်ရှိ သူများ | ဆက်သွယ်ရန် | ပြီးဆုံး မည့်ရက် |
| ဥပမာ- ပစ္စည်းများကို ရေစစ်စနစ် တပ်ဆင်မည့် နေရာသို့ ပြောင်းရွှေ့ခြင်း | ၄ နာရီ | ကုန်တင်ကား ငယ်တစ်စီး၊ လူ ၅ယောက်၊ စက်သုံးဆီဖိုး | မြတ်မင်း (စီမံကိန်း အဖွဲ့ဝင်) | မြတ်မင်းမှ စေတနာ့ဝန်ထမ်း များ+ တည်ဆောက် မည့်မန်နေဂျာ နှင့်ဆက်သွယ် ပေးသည် | မတ်လ ၁၄ရက် |

လုပ်ဆောင်ချက်ရေးဆွဲထားမှုသည် ထိထိရောက်ရောက်ရှိရန် ပြည့်စုံရှင်းလင်းခြင်းနှင့်လက်ရှိဖြစ်ခြင်း (နောက်ဆုံးပေါ်)။ အဓိပ္ပာယ်မှာ အကယ်၍အပြောင်းအလဲတစ်ခုခုသည် စီမံကိန်းအပေါ်သက်ရောက်မှုရှိပါက သင်၏လုပ်ဆောင်ချက်ရေးဆွဲထားမှုကိုချိန်ညှိရမည်ဖြစ်သည်။

## ၅.၃ လုပ်ဆောင်ချက်အစီအစဉ်များကို ရေးဆွဲခြင်း

လုပ်ဆောင်ချက်အစီအစဉ်များနှင့် ခန့်မှန်းခြေရသုံးငွေစာရင်းမှာ စီမံကိန်းအကောင်အထည်ဖော်ရာတွင် အသုံးဝင်ဆုံးသော လုပ်ငန်းမှတ်တမ်းမှတ်ရာများဖြစ်သည်။ သို့ဖြစ်၍ အတန်းသားများနှင့် ၎င်းတို့ကိုမည်သို့ ဖန်တီးရေးဆွဲရမည့်အပေါ် အချိန်ကုန်ဆုံးစေမှုမှာ အကျိုးရှိသည်။ လုပ်ဆောင်ချက်အစီအစဉ်များသည် စီမံကိန်းစတင်ဆောင်ရွက်သည့်အချိန်နှင့် စီမံကိန်းတွင်ပြောင်းလဲမှုတစ်ခုခု ပြုလုပ်လိုက်သည်နှင့်တပြိုင်နက် ၎င်းအကြောင်းအရာများကို အချိန်နှင့်တစ်ပြေးညီမှတ်တမ်းတင်ဖော်ပြရမည်။ ၎င်းတို့သည်လည်း အသုံးဝင်သည့်မှတ်တမ်းများဖြစ်သော မည်သည့်လုပ်ဆောင်ချက်တွင် မည်သူကတာဝန်ယူထားသနည်း အစရှိသည်ကိုဖော်ပြပေးနိုင်ပြီး စောင့်ကြည့်စစ်ဆေးခြင်းနှင့် လေ့လာသုံးသပ်မှုများပြုလုပ်ခြင်းကို စတင်ရန်အထောက်အကူပြုသည်။

ကျောင်းသားကျောင်းသူများ ပို၍လေ့ကျင့်မှုများလိုအပ်ပါက ထပ်မံပြုလုပ်နိုင်သည့် လေ့ကျင့်ခန်းတစ်ခုမှာ အတန်းပျော်ပွဲကျင်းပရန်အစီအစဉ်ဆွဲနိုင်သည်။ ဥပမာ- စာသင်ကြားသည့် ကာလတစ်ခုပြီးဆုံးသွားသည့်အခါ ပါတီပွဲတစ်ခုကျင်းပခြင်း (သို့) လုပ်ငန်းပြပွဲပြုလုပ်ခြင်းဖြင့် ကျောင်းသားများမှ ၎င်းတို့ကိုယ်တိုင်နားလည်နိုင်မည့် လုပ်ဆောင်ချက်အစီအစဉ်များကို ရေးဆွဲလာနိုင်မည်ဖြစ်သည်။

## လေ့ကျင့်ခန်း ၁

အကြံပြုချက်။ ။နှစ်ယောက်တစ်တွဲ၊ ထို့နောက်အဖွဲ့ငယ်အတွင်း နှိုင်းယှဉ်ပါ။

ကျောင်းသားများသည် ဤအကြောင်းအရာနှင့် ပတ်သက်၍နောက်သင်ခန်းစာတွင် ပြန်လည်လေ့လာရမည်ဖြစ်သည်။ ထို့ကြောင့် ၎င်းတို့၏မှတ်စုတိုများကိုတစ်ဖန်ပြန်လည်လေ့လာနိုင်ရန်အတွက် လုံခြုံသည့်နေရာတွင် သိမ်းဆည်းစေပါ။

ကျောင်းသားများ၏အဖြေမှာကွဲပြားနိုင်သည်။ အောက်ပါပေးထားသော လုပ်ဆောင်ချက်အစီအစဉ်များအတွက် ဥပမာဖော်ပြပေးထားသည်။

| ပန်းတိုင်- သန့်ရှင်းသောသောက်သုံးရေရရှိခြင်းဖြင့် ဒေသ၏ကျန်းမာရေးကိုမြှင့်တင်ပေးခြင်း။ | | | | | |
|---|---|---|---|---|---|
| **ရည်မှန်းချက် ၁- ရေစစ်စနစ်သုံးခုကို မတ်လကုန်တွင် ဒေသစင်တာအဆောက်အဦးတွင်တပ်ဆင်ရန်။** | | | | | |
| **လုပ်ဆောင်ချက်များ** | **လိုအပ်သော အချိန်အတိုင်းအတာ** | **လိုအပ်သော အရင်းအမြစ်များ** | **တာဝန်ရှိသူများ** | **ဆက်သွယ်ရန်** | **ပြီးဆုံးမည့်ရက်** |
| ၄။ ဥပမာ- ရေစစ်စနစ် တပ်ဆင်မည့်နေရာသို့ ပစ္စည်းများအား ပြောင်းရွှေ့ခြင်း | ၄ နာရီ | ကုန်တင်ကားငယ်တစ်စီး၊ လူ ၅ယောက်၊ စက်သုံးဆီဖိုး | မြတ်မင်း (စီမံကိန်းအဖွဲ့ဝင်) | မြတ်မင်းမှ စေတနာ့ဝန်ထမ်းများ+ တည်ဆောက်မည့်မန်နေဂျာနှင့် ဆက်သွယ်ပေးသည် | မတ်လ ၁၄ရက် |
| ၃။ ရေစစ်စနစ် တပ်ဆင်မည့်နေရာတစ်ပိုက်ကို ရှင်းလင်းထားရန် | ၂ နာရီ | တပ်ဆင်မည့်နေရာ တစ်ခုစီတွင် လူနှစ်ဦးမှပစ္စည်းများကို ရှင်းလင်းထားရန်(အိတ်၊ ဘရပ်(ရှ်)) | စိုးစိုး + အောင်ကျော် | စိုးစိုးနှင့် အောင်ကျော်မှ အဖွဲ့ခေါင်းဆောင်၊ ဆောက်လုပ်ရေးမန်နေဂျာနှင့် ဆက်သွယ်ပေးသည် | မတ်လ ၁၂ ရက် |
| ၂။ ရေစစ်စနစ်တပ်ဆင်မည့်နေရာအပေါ် သဘောတူညီမှုရှိရန်။ | ၁ ရက် (တပ်ဆင်မည့်နေရာသို့ သွားရောက်လေ့လာသည့်အတောအတွင်း | ဒေသတွင်းရှိ စင်တာသို့ သယ်ယူပို့ဆောင်ပေးမည့်ယာဉ် | အဖွဲ့ခေါင်းဆောင် + ဆောက်လုပ်ရေးမန်နေဂျာ | အဖွဲ့ခေါင်းဆောင်+ ဆောက်လုပ်ရေးမန်နေဂျာမှ အဖွဲ့အားလုံးဆီသို့ + ဒေသတွင်းရှိ စင်တာကို အသုံးပြုသူများ | ဖေဖော်ဝါရီ ၂၀ ရက် |
| ၁။ တပ်ဆင်မည့်နေရာသို့သွားရောက်လေ့လာခြင်း | ၁ ရက် | ဒေသတွင်းရှိ စင်တာသို့ သယ်ယူပို့ဆောင်ပေးမည့်ယာဉ် | အဖွဲ့ခေါင်းဆောင် + မြတ်မင်း +စိုးစိုး | အဖွဲ့ခေါင်းဆောင်မှ အဖွဲ့အားလုံးဆီသို့+ ဆောက်လုပ်ရေးမန်နေဂျာ | ဖေဖော်ဝါရီ ၂၀ ရက် |
| ၅။ ရေစစ်စနစ်ကို တပ်ဆင်ခြင်း | ၂ ရက် | ပစ္စည်းပစ္စယများ (ရေတိုင်ကီနှင့် ရေစစ်စနစ်များ)၊ တပ်ဆင်ကိရိယာ၊ လူ ၁၀ ဦး | မင်းထက် (အထူးကျွမ်းကျင်သူ) | မင်းထက်+ အဖွဲ့ခေါင်းဆောင်မှစေတနာ့ဝန်ထမ်းများကိုဖော်ပြရန်၊ အဖွဲ့အားလုံး + ဆောက်လုပ်ရေးမန်နေဂျာ | မတ်လ ၂၆ ရက် |


## လေ့ကျင့်ခန်း(၁)

၁။ အထက်ပါ လုပ်ဆောင်ချက်ရေးဆွဲမှုဇယားတွင် အသေးစိတ်ကျသည့် လုပ်ဆောင်ချက်များ အနည်းဆုံးနစ်ခုနှင့် အထက်ဖြည့်စွက်ပါ။

၂။ သင်၏လုပ်ဆောင်ချက်စာရင်းကို မှန်ကန်သောအစီအစဉ်ဖြင့် ဖြည့်စွက်ပါ။

၃။ စာပိုဒ်တိုတစ်ပိုဒ်တွင် သင်၏ စီမံကိန်းလုပ်ဆောင်ချက်ရေးဆွဲမှုသည် အဘယ်ကြောင့်ပြည့်စုံရှင်းလင်း၍ လက်ရှိဖြစ်သည်ကို ရှင်းပြပါ။

## ၅.၄ ခန့်မှန်းခြေရသုံးငွေစာရင်းများ




> **ဆွေးနွေးပါ။**
>
> အောက်ပါမေးခွန်းများကိုဖြေဆိုပါ။
>
> - ငွေကြေးစာရင်းဆိုသည်မှာအဘယ်နည်း။
> - ငွေကြေးစာရင်းထဲတွင် မည်သည့်အရာများပါဝင်သင့်သနည်း။
> - ငွေကြေးစာရင်းသည် မည်ကဲ့သို့အသုံးဝင်သနည်း။
> - ငွေကြေးစာရင်းကို မည်သို့ရေးဆွဲရမည်နည်း။
>
> ထို့နောက် အောက်ပါပေးထားသော အကြောင်းအရာကိုဖတ်ပြီး သင်၏အဖြေများကိုစစ်ဆေးပါ။

ရသုံးငွေစာရင်းဆိုသည်မှာ စီးပွားရေးလုပ်ငန်းအောင်မြင်စွာပြီးဆုံးနိုင်ရန်အတွက် လုပ်ဆောင်ရမည့်အရာများအတွက် ကုန်ကျမည့် ငွေကြေးအချက်အလက်စာရင်းများကို ရေးဆွဲခြင်းဖြစ်သည်။

စီးပွားရေးလုပ်ငန်းပြီးဆုံးအောင်ဆောင်ရွက်နိုင်သည်အထိ လိုအပ်မည့်ငွေပမာဏကိုသိရှိရန် ပထမဦးစွာ လုပ်ဆောင်ချက်တစ်ခုစီတိုင်းအတွက် ကုန်ကျစရိတ်များကို စာရင်းရေးဆွဲရမည်ဖြစ်သည်။ ရပ်ရွာဒေသဖွံ့ဖြိုးတိုးတက်ရေး စီးပွားရေးလုပ်ငန်းများတွင် ရသုံးငွေစာရင်းပြင်ဆင်ရေးဆွဲခြင်းသည် အလှူငွေထောက်ပံ့သည့် အေဂျင်စီ (သို့) ဖွံ့ဖြိုးတိုးတက်ရေးလုပ်ဆောင်သည့် အဖွဲ့အစည်းများအတွက်လိုအပ်သည်။ စီးပွားရေးလုပ်ငန်းတစ်ခုတွင် အလှူငွေအရင်းအမြစ်မရှိသည့်တိုင်အောင် စီးပွားရေးလုပ်ငန်းအဖွဲ့ဝင်များသည် လိုအပ်မည့်ငွေကြေးပမာဏကို ခန့်မှန်းရေးဆွဲထားသည့် ရသုံးငွေစာရင်းကိုလိုအပ်သည်။ ဤအရာသည် ထိုသူတို့မှ မိမိတို့လိုအပ်သည့် ငွေပမာဏကို ရှာဖွေရာတွင် အလှူရှင်များမှ  ထိုစီးပွားရေးလုပ်ငန်းမှာ အဘယ်ကြောင့်ငွေကြေးလိုအပ်နေသနည်းကို နားလည်စေနိုင်သည်။

ရသုံးငွေစာရင်းသည် စီးပွားရေးလုပ်ငန်းရေးဆွဲထားမှုကို အကောင်အထည်ဖော်ပေးသော အရာတစ်ခုဖြစ်ရခြင်းမှာ -

- တိကျသောအစီအစဉ်လုပ်ဆောင်ချက်များနှင့် ဆက်သွယ်ထားသည်။
- ၄င်းလုပ်ဆောင်ချက်များ၏ ကုန်ကျစရိတ်ကိုလည်း ထိန်းချုပ်ပေးသည်။
- ဖြစ်ပေါ်နိုင်သည့်ပြဿနာများကိုလည်း ဖြေရှင်းနိုင်ရန်ကူညီစီစဉ်ရေးဆွဲထားသည်။
- စီးပွားရေးလုပ်ငန်း၏အောင်မြင်မှုကိုလည်း နည်းစနစ်တကျစစ်ဆေး၍ လေ့လာသုံးသပ်မှုများပြုလုပ်နိုင်ရန် ပြုလုပ်ပေးသည်။

စီးပွားရေးလုပ်ငန်းရေးဆွဲသည့်အပေါ်မူတည်၍ ရသုံးငွေစာရင်းများမှာလည်း အမျိုးမျိုးကွဲပြားနိုင်သည်။ သို့သော် သင်၏ရည်မှန်းချက်များကိုဖြည့်ဆည်းနိုင်ရန် လိုအပ်သောအထောက်အပံ့များ၊ ကိရိယာများနှင့် ပစ္စည်းပစ္စယများ၊ ထို့အတူ ဝန်ဆောင်မှုစရိတ်များ၊ ဝန်ထမ်းလစာနှင့် သွားလာရေး(သို့) အကျွေးအမွေးများအတွက် အသေးစား ကုန်ကျစရိတ်များအားလုံးတို့ ပါဝင်အောင်ရေးဆွဲထားရန်အရေးကြီးသည်။

# ၅.၄ ခန့်မှန်းခြေရသုံးငွေစာရင်းများ

ဆွေးနွေးပါ။

ကျောင်းသားများ၏အဖြေမှာကွဲပြားနိုင်သည်။

ကျောင်းသားများမှပေးထားသောစာပိုဒ်ကိုဖတ်ပြီး အောက်ပါမေးခွန်းများကိုဖြေဆိုပါ။

ငွေစာရင်းကို ရေးဆွဲသည့်အခါတွင် ဖြစ်နိုင်သမျှသေချာတိကျစွာရေးဆွဲပါ။ ဤတွင်ကုန်ကျစရိတ်နှင့် အထောက်အပံ့များအားရှာဖွေခြင်းတို့ပါဝင်သည်။ ကျောင်းသားများအနေနှင့် ငွေကြေးအလုံအလောက် ရှိရန်အတွက် ခန့်မှန်းကုန်ကျစရိတ်များ ပိုမိုတွက်ချက်ထားခြင်းသည် ပိုကောင်းမည်ဟုထင်မြင်မိနိုင်သည်။ သို့သော် သင်၏စီမံကိန်းကို အလှူရှင်များမှထောက်ပံ့ပေးပါက သင်ငွေကြေးများကိုမည်သည့်အရာအပေါ် သုံးစွဲလိုက်သည်ကို ၄င်းတို့တိကျစွာသိရှိရမည်ဖြစ်သည်။ ကြိုတင်ခန့်မှန်းထားခြင်းမရှိသော ကုန်ကျစရိတ်များ အတွက် သီးသန့်ငွေထားရှိခြင်းသည် ပိုမိုကောင်းမွန်လိမ့်မည်။

## လေ့ကျင့်ခန်း ၁

အကြံပြုချက်။ ။တစ်ဦးချင်းစီ၊ ထို့နောက်နှိုင်းယှဉ်ရန် နှစ်ယောက်တစ်တွဲ တွဲပါ။

အဖြေများ

| | | |
|---|---|---|
| လုပ်ငန်းဆောင်ရွက်မှု ကုန်ကျစရိတ်များ<br>၁။ ဖုန်းဘေ(လ်)<br>၃။ အင်တာနက် ကုန်ကျစရိတ်<br>၉။ Print ထုတ်သည့် ကုန်ကျစရိတ်များ<br>ကိရိယာတန်ဆာပလာများ<br>၅။ ကုန်တင်ကား တစ်စီးငှားရမ်းခြင်း<br>၇။ Laptop ကွန်ပျူတာနှစ်လုံး | ပစ္စည်းပစ္စယများ<br>၁၀။ မှတ်စုစာအုပ်နှင့် ဘောပင်များ<br>ခွင့်ပြုချက်<br>၆။ စကားပြော ကြားပေးမည့်သူ လာရောက်ရန်အတွက် ကုန်ကျသည့်ဗီဇာစရိတ်<br>အထောက်အပံ့များ<br>၄။ ရုံးခန်းငှားရမ်းခြင်း | သွားလာရေး<br>၈။ ဘန်ကောက်သို့ ပြန်ရာတွင် ကုန်ကျသည့် ဘတ်(စ်)ကားခ<br>လစာ<br>၂။ IT အင်ဂျင်နီယာကို ငှားရမ်းခြင်း |

## လေ့ကျင့်ခန်း(၁)

အောက်ပါရသုံးငွေစာရင်းတွင်ပါဝင်သော ဥပမာကုန်ကျစရိတ်အမျိုးအစားများကို ကြည့်ပါ။

- လုပ်ငန်းဆောင်ရွက်မှုကုန်ကျစရိတ်များ
- ကိရိယာတန်ဆာပလာများ
- ပစ္စည်းပစ္စယများ
- ခွင့်ပြုချက်
- သွားလာရေး
- လစာများ
- အထောက်အပံ့များ

အောက်ပါတို့ကို အထက်တွင်ပေးထားသော ရသုံးငွေစာရင်း၏ ကုန်ကျစရိတ်အမျိုးအစားများနှင့်တွဲပါ။

၁။ ဖုန်းဘေ(လ်)

၂။ IT အင်ဂျင်နီယာကိုငှားရမ်းခြင်း

၃။ အင်တာနက်ကုန်ကျစရိတ်

၄။ ရုံးခန်းငှားရမ်းခြင်း

၅။ ကုန်တင်ကားတစ်စီးငှားရမ်းခြင်း

၆။ စကားပြောကြားပေးမည့်သူလာရောက်ရာတွင်ကုန်ကျသည့်ဗီဇာစရိတ်

၇။ Laptop ကွန်ပျူတာနှစ်လုံး

၈။ ဘန်ကောက်သို့ပြန်ရာတွင်ကုန်ကျသည့်ဘတ်(စ်)ကားခ

၉။ Print ထုတ်သည့်ကုန်ကျစရိတ်များ

၁၀။ မှတ်စုစာအုပ်နှင့် ဘောပင်များ

ယေဘုယျအားဖြင့် ရသုံးငွေစာရင်းတွင် ထည့်သွင်းရမည့် အချက်အလက်အမျိုးမျိုး လိုအပ်သောငွေပေးချေမှု နှစ်မျိုးနှစ်စားရှိသည်။ ၄င်းတို့မှာ အစဉ်မပြတ်ကုန်ကျငွေ (သို့မဟုတ် လုပ်ငန်းဆောင်ရွက်မှုကုန်ကျငွေ) နှင့် တစ်ကြိမ်အပြတ်ကုန်ကျငွေ (သို့မဟုတ် အခြေအနေအရပေးဆောင်ရန်ကုန်ကျငွေ)

အစဉ်မပြတ် ကုန်ကျစရိတ်များမှာ ပုံမှန်ပေးချေရသောငွေ (သို့) ဘေ(လ်)များ၊ ဥပမာ- အဆောက်အဦးလစဉ်ငှားရမ်းစရိတ် (သို့) ဝန်ထမ်းများအတွက်လစာ အစရှိသည်တို့ဖြစ်သည်။ ဤအရာများသည် တသမတ်တည်းရှိသည် (လတိုင်းတူညီမှုရှိသည်) (သို့) ပြောင်းလဲနိုင်သည် (အခြေအနေပေါ် မူတည်၍ ပြောင်းလဲသည်)

တစ်ကြိမ်အပြတ် ကုန်ကျစရိတ်များမှာ တစ်ကြိမ်သာပေးချေရခြင်းဖြစ်သည်၊ များသောအားဖြင့် ကိရိယာတန်ဆာပလာ (သို့) အခြားသောရုပ်ဝတ္ထုအရင်းအမြစ်များ အစရှိသည်တို့ဖြစ်သည်။

စီမံကိန်း၏ လိုအပ်ချက်အတိုင်းအတာပေါ် မူတည်၍ အစဉ်မပြတ်ကုန်ကျငွေနှင့် တစ်ကြိမ်အပြတ်ကုန်ကျငွေများအတွက် ရန်ပုံငွေလိုအပ်မည်ဖြစ်သည်။

ဥပမာ- မော်တော်ဆိုင်ကယ်ဝယ်ယူမှုသည် တစ်ကြိမ်သာပေးရန်လိုအပ်သည်။ သို့သော် စက်သုံးဆီနှင့် ထိန်းသိမ်းမှုကုန်ကျစရိတ်မှာ အစဉ်မပြတ်ပုံမှန်ပေးဆောင်ရန်လိုအပ်မည်ဖြစ်သည်။



## လေ့ကျင့်ခန်း ၂

ယခင်စာမျက်နှာတွင်ပါရှိသည့် လေ့ကျင့်ခန်း ၁မှ ဖော်ပြထားသော စာရင်းများကို ထပ်မံလေ့လာပါ။ မည်သည့်အရာသည် ပုံမှန် (သို့) တစ်ကြိမ်သာ ပေးရန်ကုန်ကျငွေ ဖြစ်မည်နည်း။ အမျိုးအစားတစ်ခုစီအတွက် ဥပမာ ၂ခုထပ်မံဖြည့်စွက်ပါ။

### ဆွေးနွေးပါ။

တစ်ဖက်စာမျက်နှာရှိ စီမံကိန်း၏ရသုံးငွေစာရင်းကို ကြည့်ပါ။

စီမံကိန်းအကြောင်းမည်သည့်အရာများကို လေ့လာသင်ယူနိုင်သနည်း။

စီမံကိန်း၏ပန်းတိုင်မှာ အဘယ်နည်း။

## လေ့ကျင့်ခန်း ၃

တစ်ဖက်စာမျက်နှာရှိ ခန့်မှန်းခြေရသုံးငွေစာရင်းမှာ ရွှေ့ပြောင်းသွားလာနိုင်သည့် ဒေသစာကြည့်တိုက် စီမံကိန်းစတင်ဆောင်ရွက်မှုလုပ်ငန်းအတွက်ဖြစ်သည်။ ၎င်းတွင် စာကြည့်တိုက်ဖွင့်လှစ်ရန်အတွက် များသောအားဖြင့် တစ်ကြိမ်ပေးရသည့် ကုန်ကျစရိတ်များပါဝင်သည်။

၁။ ဤငွေစာရင်းတွင် ထပ်မံဖြည့်စွက်ရမည့်အချက်ရှိသည်ဟု ထင်မိပါသလား။

လုပ်ငန်းစတင်မှုငွေအပြင် စာကြည့်တိုက်စတင်လည်ပတ်သည်နှင့် လစဉ်ကုန်ကျငွေရှိမည်ဖြစ်သည်။

၂။ အစဉ်မပြတ်ပုံမှန်လစဉ်ကုန်ကျငွေမှာ မည်သည်ဖြစ်မည်ဟု ခန့်မှန်းထားသနည်း။

၃။ စီမံကိန်းအတွက်လစဉ်ကုန်ကျငွေကို ဖော်ပြသောငွေစာရင်း အသစ်တစ်ခုကို ရေးဆွဲပါ။



### ဆွေးနွေးပါ။

အောက်ပါပေးထားသောစီမံကိန်း၏ ခန့်မှန်းခြေရသုံးငွေစာရင်းမှာ စီမံကိန်း၏လုပ်ဆောင်ချက်များအပေါ် မည်သည့်အကျိုးသက်ရောက်မှုရှိနိုင်သည်နှင့်ပတ်သက်၍ ထင်မြင်ပြောဆိုချက်များကို ဖတ်ရှုပါ။

သင်သဘောတူညီမှုရှိ/မရှိဖော်ပြပြီး သင်၏အမြင်ကိုရှင်းပြပါ။

ကောင်းမွန်စွာပြင်ဆင်ထားသော ငွေစာရင်း

"...စီမံကိန်းတွင်ပါဝင်ဆောင်ရွက်သူများ၏စိတ်အားထက်သန်မှုကိုလှုံ့ဆော်ပေးပါ"

"...လုပ်ဆောင်ချက်များကိုထိရောက်စွာမြှင့်တင်ခြင်းဖြင့် ကုန်ကျစရိတ်များကိုလျှော့ချပါ"

## လေ့ကျင့်ခန်း ၂

အကြံပြုချက်။ ။ နှစ်ယောက်တစ်တွဲ

အဖြေများ

အစဉ်မပြတ်ကုန်ကျစရိတ်များ

ဖုန်းဘေ(လ်)

အင်တာနက်ကုန်ကျစရိတ်များ

Print ထုတ်သည့်ကုန်ကျစရိတ်များ (ပုံမှန်အမြဲဖြစ်ပါက)

ရုံးခန်းငှားရမ်းခြင်း

IT အင်ဂျင်နီယာတစ်ဦး ငှားရမ်းခြင်း

ထပ်မံပေးနိုင်သော ဥပမာများ (ကျောင်းသားများ၏အဖြေ မှာကွဲပြားလိမ့်မည်)

စေတနာ့ဝန်ထမ်းများ သွားလာစရိတ်အတွက်အကုန် အကျခံပေးခြင်း

မီးစက်အတွက်လောင်စာဆီ

ဆေးခန်းအတွက်လိုအပ်သောဆေးဝါးများ

တစ်ကြိမ်အပြတ်ပေးဆောင်သောကုန်ကျစရိတ်များ

ကုန်တင်ကားတစ်စီးငှားရမ်းခြင်း (ဥပမာ- တစ်ရက်အတွက်)

Laptop ကွန်ပျူတာနှစ်လုံး

မှတ်စုစာအုပ်နှင့် ဘောပင်များ

ဗီဇာကုန်ကျစရိတ်

ဘန်ကောက်သို့ပြန်သွားရာတွင် ကုန်ကျသည့်ဘတ်(စ်) ကားခ

ထပ်မံပေးနိုင်သော ဥပမာများ (ကျောင်းသားများ၏အဖြေ မှာကွဲပြားလိမ့်မည်)

ဆောက်လုပ်ရေးသုံးပစ္စည်းများ- သစ်သား (သို့) ကွန်ကရစ်

လုံခြုံရေးသုံးတန်ဆာပလာများ- ခမောက်အထူနှင့် ဂျာကင်အကျီများ

ဆွေးနွေးပါ။

ကျောင်းသားများ၏အဖြေမှာကွဲပြားလိမ့်မည်။

ကျောင်းသားများသည် ခန့်မှန်းခြေရသုံးငွေစာရင်းအားကြည့်ရှုခြင်းမှတစ်ဆင့် ဤစီမံကိန်းသည် ရပ်ရွာဒေသအတွင်းရှိ ဒေသခံများ၊ အထူးသဖြင့် ကလေးသူငယ်များစာဖတ်ခြင်း၊ သင်ယူခြင်းနှင့် လေ့လာခြင်းတို့အတွက် ရည်ရွယ်ကာ ရပ်ရွာဒေသအတွင်း လှည့်လည်သွားလာနိုင်သော ဗန်ကားဖြင့်ပြုလုပ်ထားသော စာကြည့်တိုက်လေးတစ်ခု ပြုလုပ်ပေးခြင်းဖြစ်သည်။

စီမံကိန်း၏ရည်ရွယ်ချက်မှာ ရပ်ရွာဒေသတစ်ခုရှိ ကလေးသူငယ်စာတတ်မြောက်မှုကိုတိုးမြှင့်ခြင်း၊ (သို့) ပညာရေးအရင်းအမြစ်များကို လက်လှမ်းမှီနိုင်အောင်ပြုလုပ်ပေးခြင်းတို့ဖြစ်နိုင်သည်။

## လေ့ကျင့်ခန်း ၃

အကြံပြုချက်။ ။အဖွဲ့ငယ်များဖွဲ့ပါ။

ကျောင်းသားများ၏အဖြေမှာကွဲပြားလိမ့်မည်။ ဖြစ်နိုင်ခြေရှိသောအဖြေများမှာ -

၁။ ကျောင်းသားများမှ စက်သုံးဆီဖိုးသည် ခန့်မှန်းခြေရသုံးငွေစာရင်းထဲတွင်မရှိဟု ထင်မြင်မိနိုင်သည်။ (စက်သုံးဆီမှာလည်း အစဉ်မပြတ်ကုန်ကျသည့်စရိတ်ဖြစ်သည်)

၂။ အစဉ်မပြတ်ကုန်ကျစရိတ်များတွင်- စက်သုံးဆီ၊ ဒရိုင်ဘာတစ်ဦးငှားရမ်းခြင်း၊ အာမခံကုန်ကျစရိတ်များ

၃။ ကျောင်းသားများ၏အဖြေမှာကွဲပြားလိမ့်မည်။ ကျောင်းသားများမှ ဇယားတစ်ခုရေးဆွဲထားသင့်သည် (ကုန်ကျစရိတ်အစစ်အမှန်ကိုထည့်သွင်းထားခြင်းမရှိဘဲ)၊ ထို့နောက် အခြားတစ်ဖွဲ့နှင့်နှိုင်းယှဉ်စေပါ။

ဆွေးနွေးပါ။

ကျောင်းသားများ၏အဖြေမှာကွဲပြားလိမ့်မည်။

# (အားလုံးအတွက် စာအုပ်များ) ရွှေ့ပြောင်းသွားလာနိုင်သည့် ရပ်ရွာဒေသစာကြည့်တိုက်စီမံကိန်း

ရွှေ့ပြောင်းသွားလာနိုင်သည့် စာကြည့်တိုက်စတင်ရန်အတွက် ရသုံးငွေစာရင်း

| | ကုန်ကျစရိတ် (USD) | အရေအတွက် | စုစုပေါင်းကုန်ကျစရိတ် (USD) |
|---|---|---|---|
| ကိရိယာတန်ဆာပလာများ | | | |
| ဘေးဘက်တံခါးပါရှိသည့်ဗင်ကား | ၃၀၀၀ ထိ | ၁ | ၃၀၀၀ |
| စာအုပ်စင်များ+တပ်ဆင်မည့်ပစ္စည်းများ | ၂၅ | ၄ | ၁၀၀ |
| ခေါက်စားပွဲခုံများ | ၂၀ | ၂ | ၄၀ |
| ပလတ်စတစ်ထိုင်ခုံပုများ | ၅ | ၆ | ၃၀ |
| ဝန်ဆောင်မှုများ | | | |
| အတွင်းပိုင်းပြန်လည်ပြင်ဆင်မွမ်းမံခြင်း | ၁၀၀ | - | ၁၀၀ |
| စာအုပ်စင်များတပ်ဆင်ခြင်း | ၅၀ | - | ၅၀ |
| အပြင်ပိုင်းဆေးရောင်ခြယ်ခြင်း | ၅၀ | - | ၅၀ |
| ယာဉ်ဝန်ဆောင်မှု (စက်ပြင်ဆရာ) | ၂၀၀ | - | ၂၀၀ |
| ပိုစတာ+လက်ကမ်းစာစောင်ဒီဇိုင်း (ဒီဇိုင်းဖန်တီးမည့်သူ) | စေတနာ့ ဝန်ထမ်း | - | ၀ |
| ပစ္စည်းပစ္စယများ | | | |
| ဖတ်စာအုပ်များ | အလှူခံရရှိ | ၁၀၀ + | ၀ |
| မှတ်တမ်းစာအုပ်များ | ၂.၅၀ | ၂ | ၅ |
| လေ့ကျင့်ခန်းစာအုပ်များ | ၀.၅၀ | ၂၀ | ၁၀ |
| အခြားအမျိုးမျိုးသောစာရေးကိရိယာများ (ဘောပင် အစရှိသဖြင့်) | - | - | ၁၀ |
| ခွင့်ပြုချက်များ | | | |
| ယာဉ်မှတ်ပုံတင်ခြင်း | ၅၀ | ၁ | ၅၀ |
| လိုင်စင်အသစ်လဲလှယ်ခြင်း | ၂၅ | ၁ | ၂၅ |
| လူထုကိုအသိပေးခြင်း | | | |
| ပိုစတာ+လက်ကမ်းစာစောင် ထုတ်ဝေခြင်း | တစ်ရွက်လျှင် ၀.၀၅ | ၂၀၀ | ၁၀ |
| | | | |
| | | စုစုပေါင်း | $၃၆၈၀ |






# အခန်း ၅ ဦးတည်ချက်

## အဆင့် ၂- ယူလတောင်ကြားအကြောင်း အကျယ်ချဲ့လေ့လာခြင်းကိုပြန်လည်ကြည့်ရှုခြင်း

အခန်း ၄ ရှိ ယူလတောင်ကြားလေ့လာခြင်းအကြောင်းကို ပြန်လည်ကြည့်ပါ။

၁။ သင်တွေ့ရှိသောယူလတောင်ကြား၏ အရေးကြီးသောလိုအပ်ချက်ကိုပြန်လည်လေ့လာပါ။ ၄င်းလိုအပ်ချက်ကို စီမံကိန်း၏ပန်းတိုင်အဖြစ်ချမှတ်ပါ။

၂။ သင်၏ပန်းတိုင်ကိုထောက်ပံ့ပေးမည့် ရည်မှန်းချက်သုံးချက်ကိုရေးချပါ။ ၄င်းတို့မှာ SMART ဖြစ်ကြောင်းသေချာစေပါ။

၃။ ရည်မှန်းချက်တစ်ခုကိုရွေးချယ်ကာ ၄င်းရည်မှန်းချက်ပြီးပြည့်စုံနိုင်ရန် လုပ်ဆောင်ရမည့် လုပ်ငန်းဆောင်တာများစာရင်းကိုရေးချပါ။

ဆွေးနွေးပါ

- လုပ်ငန်းဆောင်တာတစ်ခုစီ ပြီးဆုံးရမည့်အချိန်
- လုပ်ငန်းဆောင်တာတစ်ခုစီ ပြီးဆုံးရန်ကြာချိန်
- လုပ်ငန်းဆောင်တာများ ဆောင်ရွက်နိုင်ရန် လိုအပ်သောအရင်းအမြစ်များ
- လုပ်ငန်းဆောင်တာတစ်ခုစီကို လုပ်ကိုင်ဆောင်ရွက်မည့်သူ

ပြီးဆုံးသွားပါက ၄င်းအချက်အလက်များကို အောက်ပါလုပ်ငန်းဆောင်ရွက်မှုအစီအစဉ်တွင် အတူတကွဖြည့်စွက်ပါ။

| ပန်းတိုင်- | | | | |
|---|---|---|---|---|
| ရည်မှန်းချက် ၁။ | | | | |
| လုပ်ဆောင်ချက်များ | လိုအပ်သည့် အချိန် | လိုအပ်သည့် အရင်းအမြစ်များ | တာဝန်ရှိသူ | ဆက်သွယ်ရေး |
| | | | | |

# အခန်း ၅ ဦးတည်ချက်

## အဆင့် ၂- ယူလတောင်ကြားအကြောင်း အကျယ်ချဲ့လေ့လာခြင်းကိုပြန်လည်ကြည့်ရှုခြင်း

ကျောင်းသားများအားအခန်း ၄ရှိ အကြောင်းအရာဖြစ်ရပ်မှ မိမိတို့တွေ့ရှိသောလိုအပ်မှုများကို နှိုင်းယှဉ်ရန်အချိန်ပေးပါ။ ကျောင်းသားများမှ ယခုအချိန်တွင် ယူလတောင်ကြားအတွက် စီမံကိန်းရေးဆွဲနေကြသည်။ စီမံကိန်းရေးဆွဲမှုသည် ကွဲပြားမည်ဖြစ်သောကြောင့် ကျောင်းသားများအား စီမံကိန်းရေးဆွဲသည့်အခါတွင် မိမိတို့ကိုယ်စီအဖွဲ့အတွင်းတွင်ရှိစေပါ။ စီမံကိန်းများတူညီမှုမရှိစေရန်အတွက်ပေးထားသောခေါင်းစဉ်စာရင်းများနှင့်စပ်လျဉ်း၍ အဖွဲ့တစ်ဖွဲ့စီအားမတူညီသောခေါင်းစဉ်ပေး၍ ရေးဆွဲစေပါ။

ကျန်းမာရေး၊ ပညာရေး၊ သဘာဝပတ်ဝန်းကျင်၊ သယ်ယူပို့ဆောင်ရေး၊ အခြေခံလိုအပ်ချက်များ (infrastructure)

အကြံပြုချက်။ ။ လူ၄ဦးမှ ၅ဦး ထိ ပါဝင်သောအဖွဲ့ငယ်များကိုဖွဲ့ပါ။

---

ကျောင်းသားများ၏အဖြေများမှာအဖွဲ့လိုက်ကွဲပြားလိမ့်မည်။ လိုအပ်ပါက အခန်း ၅ရှိ အချက်အလက်များကို ကျောင်းသားများမှ ပြန်လည်လေ့လာသင့်သည်။ စီမံကိန်းမှာ သေးငယ်ကောင်းသေးငယ်မည်။ ဉပမာ - အကယ်၍ ကျောင်းသားများမှ ကျန်းမာရေးနှင့်ဆိုင်သည့် စီမံကိန်းကိုပြုလုပ်လိုလျှင် မိုင်းတွင်းလုပ်သားများအတွက် မျက်နှာအုပ်ပဂါများပေးဝေရန်ရွေးချယ်မည်ဖြစ်ပြီး မျက်နှာအုပ်ပဂါများအသုံးပြုမှုများပြားလာရန် ပိုစတာများထုတ်ဝေကာ လူထုအားပြောကြားသည့်လုပ်ဆောင်ချက်များကို ပြုလုပ်မည်ဖြစ်သည်။ ဤကဲ့သို့ စီမံကိန်းအသေးစားများကို စီမံခန့်ခွဲရန်လွယ်ကူပြီး ရလဒ်တိုင်းတာရန်လည်းလွယ်ကူသည်။

ခန့်မှန်းခြေရသုံးငွေစာရင်းအတွက်၊ ကျောင်းသားများမှ ခန့်မှန်းခြေကုန်ကျစရိတ်များကို တွက်ချက်ထားရန်လိုအပ်သည်။ မည်သည့်ငွေကြေးအမျိုးအစားကိုမဆို အသုံးပြုနိုင်သည်။ သို့သော် အဖွဲ့အားလုံးသည် ငွေကြေးအမျိုးအစားတစ်ခုတည်းကိုသာ အသုံးပြုရေးဆွဲရမည်ဖြစ်သည်။

၁။ စီမံကိန်းအတွက် ခန့်မှန်းခြေရသုံးငွေစာရင်းပြင်ဆင်ခြင်း

| စီမံကိန်းခန့်မှန်းခြေရသုံးငွေစာရင်း၏ခေါင်းစဉ် | | | | |
|---|---|---|---|---|
| စာရင်းတွင် ပါရှိသည့်ပစ္စည်း | ဖော်ပြချက် | ကုန်ကျစရိတ် | အရေအတွက် | အရေအတွက် စုစုပေါင်း ကုန်ကျစရိတ် |
| အမျိုးအစား ____________ | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | စုစုပေါင်း | |

# အခန်း ၅ ဦးတည်ချက်

## ယူလတောင်ကြားအကြောင်းအကျယ်ချဲ့လေ့လာခြင်းကိုပြန်လည်ကြည့်ရှုခြင်း

### သင့်စီမံကိန်းအကြောင်းကိုပြောပြခြင်း

သင်သည်သင့်စီမံကိန်းအကြောင်း အသေးစိတ်စနစ်တကျပြောဆိုနိုင်ရန် အရေးကြီးသည်။ သင့်စီမံကိန်း၏ သတင်းအချက်အလက်များကို စုစည်းနိုင်ရန်အတွက် အလွန်ရိုးရှင်းပြီး ထိရောက်သောနည်းလမ်းမှာ အောက်ပါပေးထားသည့်အချက်များ(သို့) အဓိကအချက်များကိုအသုံးပြုခြင်းဖြစ်သည်။

၁။ အကြောင်းအရာ- ဤသည်မှာ စီမံကိန်းဆောင်ရွက်လျက်ရှိသည့်ရပ်ရွာဒေသ၏ အချို့သောအခြေခံအကြောင်းအရာများကို ဖော်ပြသည်။ အသုံးဝင်သော သတင်းအချက်အလက်များထဲတွင်

(က) ရပ်ရွာဒေသ၏ သမိုင်းကြောင်း

(ခ) ရပ်ရွာဒေသ၏ တည်နေရာ

(ဂ) လူဦးရေ (နေထိုင်သောသူများ)

(ဃ) နားလည်သဘောပေါက်ခြင်း (ရပ်ရွာဒေသမှ ၎င်းတို့ပြောင်းလဲမှုပြုလိုသည့်ပြဿနာကို သိရှိသည့်အခါ)

(င) အကြောင်းပြချက်(ရပ်ရွာဒေသမှ အဘယ်ကြောင့် ဤစီမံကိန်းကိုလိုအပ်သနည်း။)

၂။ လက်ရှိအခြေအနေ- ရပ်ရွာဒေသမှဖော်ပြလိုသောပြဿနာ (သို့) အခြေအနေတစ်ခု

၃။ အလိုရှိသည့်အခြေအနေ- စီမံကိန်းအတွက်ထားရှိသည့်ပန်းတိုင် (သို့) အကြောင်းပြချက်

၄။ ကွာဟမှုကိုဆက်သွယ်ခြင်း- ရှင်းပြပါ။

(က) ပန်းတိုင်သို့ရောက်ရှိရန် သင်မည်သို့ပြုလုပ်မည့်ပုံ

(ခ) လက်ရှိအခြေအနေမှ အလိုရှိသည့်အခြေအနေသို့ပြောင်းလဲနိုင်ရန်အတွက် သင်ရေးဆွဲထားသော လုပ်ဆောင်ချက်များ

(င) စီမံကိန်းပြီးဆုံးအောင်ဆောင်ရွက်နိုင်ရန်အတွက် သင်လိုအပ်သောအရင်းအမြစ်များ

သင့်စီမံကိန်းအကြောင်း အတန်းထဲ၌တင်ပြရန်ပြင်ဆင်သည့်အခါ ပြီးခဲ့သောစာမျက်နှာရှိ သင်စုဆောင်းထားသော သတင်းအချက်အလက်များကိုအသုံးပြု၍ သင်ရေးဆွဲထားသည့် စီမံကိန်းအကြောင်း ဖြစ်နိုင်သမျှအသေးစိတ်တင်ပြပါ။



# အခန်း ၅ ဦးတည်ချက်

## ယူလတောင်ကြားအကြောင်း အကျယ်ချဲ့လေ့လာခြင်းကိုပြန်လည်ကြည့်ရှုခြင်း

သင့်စီမံကိန်းအကြောင်းကို ပြောပြခြင်း

ဤလေ့ကျင့်ခန်းသည် ကျောင်းသားများအား လူရှေ့တွင်တင်ပြပြောဆိုသည့် အရည်အချင်းကိုရရှိရန် ပြုလုပ်ပေးသည့် အခွင့်အရေးတစ်ခုဖြစ်သည်။ ကျောင်းသားများသည် မိမိတို့ကိုယ်စီအဖွဲ့အတွင်း တင်ပြပြောဆိုရန်အတွက် အစီအစဉ်များပြုလုပ်၍ အဖွဲ့ဝင်အားလုံးတစ်ဦးမကျန်ပြောဆိုရန်အခွင့်ရရှိရမည်။ အဖွဲ့တစ်ဖွဲ့လျှင် ၁၀ မိနစ်တင်ပြပြောဆိုရန်အချိန်ပေးပါ။ ထို့နောက်အခြားအဖွဲ့များမှ မေးခွန်းများ မေးမြန်းနိုင်ရန်အတွက် မိနစ်အနည်းငယ်အချိန်ပေးပါ။

ဆန္ဒရှိပါက ဤလေ့ကျင့်ခန်းကို အဖွဲ့အားလေ့လာအကဲဖြတ်မှုအဖြစ် အသုံးပြုနိုင်သည်။

# အခန်း (၆)

## အဆင့် ၃း စီမံကိန်းအကောင်အထည်ဖော်ခြင်း


၆.၁ စီမံကိန်းပူးပေါင်းဆောင်ရွက်မှုနှင့် အရင်းအမြစ်များစီမံခန့်ခွဲမှု

၆.၁.၁ ရုပ်ပိုင်းဆိုင်ရာအရင်းအမြစ်များ

၆.၁.၂ လူသားအရင်းအမြစ်များ

၆.၁.၃ ငွေကြေးအရင်းအမြစ်များ

၆.၂ စီမံကိန်းအားစောင့်ကြည့်စစ်ဆေးခြင်း

၆.၂.၁ စီမံကိန်းအားလေ့လာသုံးသပ်ခြင်း

၆.၃ စွန့်စားရမည့်အခြေအနေကို စီမံခန့်ခွဲခြင်း


ဤသင်ခန်းစာပြီးဆုံးပါက ကျောင်းသားများမှ

- အရင်းအမြစ်များစီမံခန့်ခွဲမှုအတွက် အစီအစဉ်တစ်ခုရေးဆွဲနိုင်ခြင်း
- စောင့်ကြည့်စစ်ဆေးခြင်းနှင့် လေ့လာသုံးသပ်ခြင်းတို့၏ရည်ရွယ်ချက်များ၊ နည်းစဉ်များနှင့် ၎င်းတို့၌ပါဝင်သည့်အစိတ်အပိုင်းများကို ဖော်ပြနိုင်မည်။
- စီမံကိန်းရည်ရွယ်ချက်များကို တိုင်းတာမည့်အချက်များကိုလည်း ပြုလုပ်လာနိုင်မည်။
- တိုးတက်မှုကိုတိုင်းတာရန်အတွက် စောင့်ကြည့်စစ်ဆေးခြင်းနှင့် လေ့လာသုံးသပ်ခြင်းအစီအစဉ်များကို ဒီဇိုင်းရေးဆွဲလာနိုင်မည်။
- စွန့်စားရမည့်အခြေအနေ၏ အကျိုးသက်ရောက်မှုနှင့် ဖြစ်နိုင်ခြေကို ရှာဖွေသိရှိလာမည်။
- စွန့်စားရမည့်အခြေအနေများအား မည်ကဲ့သို့စီမံခန့်ခွဲရမည်ကို အစီအစဉ်ရေးဆွဲလာနိုင်မည်။

# အခန်း (၆)

## အဆင့် ၃း စီမံကိန်းအကောင်အထည်ဖော်ခြင်း


၆.၁ စီမံကိန်းပူးပေါင်းဆောင်ရွက်မှုနှင့် အရင်းအမြစ်များစီမံခန့်ခွဲမှု

၆.၁.၁ ရုပ်ပိုင်းဆိုင်ရာအရင်းအမြစ်များ

၆.၁.၂ လူသားအရင်းအမြစ်များ

၆.၁.၃ ငွေကြေးအရင်းအမြစ်များ


၆.၂ စီမံကိန်းအားစောင့်ကြည့်စစ်ဆေးခြင်း

၆.၂.၁ စီမံကိန်းအားလေ့လာသုံးသပ်ခြင်း

၆.၃ စွန့်စားရမည့်အခြေအနေကို စီမံခန့်ခွဲခြင်း


ဤသင်ခန်းစာပြီးဆုံးပါက ကျောင်းသားများမှ

- အရင်းအမြစ်များစီမံခန့်ခွဲမှုအတွက် အစီအစဉ်တစ်ခုရေးဆွဲနိုင်ခြင်း
- စောင့်ကြည့်စစ်ဆေးခြင်းနှင့် လေ့လာသုံးသပ်ခြင်းတို့၏ရည်ရွယ်ချက်များ၊ နည်းစဉ်များနှင့် ၎င်းတို့၌ပါဝင်သည့်အစိတ်အပိုင်းများကို ဖော်ပြနိုင်မည်။
- စီမံကိန်းရည်ရွယ်ချက်များကို တိုင်းတာမည့်အချက်များကိုလည်း ပြုလုပ်လာနိုင်မည်။
- တိုးတက်မှုကိုတိုင်းတာရန်အတွက် စောင့်ကြည့်စစ်ဆေးခြင်းနှင့် လေ့လာသုံးသပ်ခြင်းအစီအစဉ်များကို ဒီဇိုင်းရေးဆွဲလာနိုင်မည်။
- စွန့်စားရမည့်အခြေအနေ၏ အကျိုးသက်ရောက်မှုနှင့် ဖြစ်နိုင်ခြေကို ရှာဖွေသိရှိလာမည်။
- စွန့်စားရမည့်အခြေအနေများအား မည်ကဲ့သို့စီမံခန့်ခွဲရမည်ကို အစီအစဉ်ရေးဆွဲလာနိုင်မည်။



## နိဒါန်း

စီမံကိန်းအကောင်အထည်ဖော်ခြင်းဆိုသည်မှာ သင်ရေးဆွဲထားသောအစီအစဉ်များကို လုပ်ဆောင်ခြင်းဖြစ်သည်။ ဤသည်မှာ တစ်ခါတစ်ရံလွယ်ကူလိမ့်မည်၊ သို့သော်တစ်ခါတစ်ရံတွင် သင်၏ပထမဦးဆုံးသော အစီအစဉ်ကို လုပ်ဆောင်လိုက်သည့်အချိန်တွင်ပင် ရပ်ရွာဒေသအတွင်းရှိအခြေအနေမှာ ပြောင်းလဲသည်ကို မြင်တွေ့ရမည်။ ဤသို့ဖြစ်ပေါ်ပါက မူလရေးဆွဲထားသည့် စီမံကိန်းကို အကောင်အထည်ဖော်ရန် မလွယ်ကူလှပေ။ စီမံကိန်း၏အစီအစဉ်အားလုံး (သို့) အစိတ်အပိုင်းတစ်ချို့ကို စီမံကိန်းအားအောင်မြင်စွာအကောင်အထည်မဖော်ခင်တွင် ပြောင်းလဲရမည်ဖြစ်သည်။ သို့သော်အစီအစဉ်အဆင့်တိုင်းတွင် ဦးတည်သည့်လူမှုဝန်းကျင်နှင့် ခိုင်မာသည့်ရင်းနှီးမှုတည်ဆောက်နိုင်ခဲ့ပါက ဖြစ်ပေါ်လာနိုင်သည့်ပြောင်းလဲမှုများကို သင်ယူလက်ခံနိုင်ရန်ပိုမိုလွယ်ကူလိမ့်မည်။

> ဆွေးနွေးပါ။
>
> ရပ်ရွာလူမှုဝန်းကျင်၏ ရင်းနှီးဆက်နွယ်မှုများနှင့်ပူးပေါင်းပါဝင်မှုသည် စီမံကိန်းအောင်မြင်စွာအကောင်အထည်ဖော်နိုင်မှုအပေါ် မည်သို့သောသက်ရောက်မှုရှိသနည်း။

## ၆.၁ စီမံကိန်းပူးပေါင်းဆောင်ရွက်မှုနှင့် အရင်းအမြစ်များစီမံခန့်ခွဲမှု

စီမံကိန်းအကောင်အထည်ဖော်ရာတွင် လုပ်ဆောင်ရမည့်အဓိကလုပ်ဆောင်ချက်များထဲမှတစ်ခုမှာ အရင်းအမြစ်စီမံခန့်ခွဲခြင်းဖြစ်သည်။ အရင်းအမြစ်စီမံခန့်ခွဲခြင်းသည် သင့်တွင်ရှိသောအရင်းအမြစ်များကို ကောင်းမွန်ထိရောက်စွာ အသုံးပြုနိုင်ခြင်းဖြစ်သည်။ ရရှိနိုင်သောအရာကို ပိုမိုကောင်းမွန်စွာအသုံးပြုခြင်းဖြင့် သင်၏ပန်းတိုင်ဆီသို့ အောင်မြင်ခြင်းဖြင့်ဦးတည်ရောက်ရှိမည်ဖြစ်သည်။

စီမံကိန်းအကောင်အထည်ဖော်သည့်အခါ စီမံခန့်ခွဲရမည့်အရင်းအမြစ်များသည် စီမံကိန်းရေးဆွဲသည့်အဆင့်၌ သင်လေ့လာအကဲဖြတ်ခဲ့သည့် ရပ်ရွာဒေသ၏အရင်းအမြစ်များနှင့် အနည်းငယ်ကွဲပြားမှုရှိမည်။ လုပ်ဆောင်ချက်များအား အောင်မြင်စွာပြုလုပ်ဆောင်ရွက်နေမှုကိုသေချာစေရန် လူသားနှင့်ရုပ်ဝတ္ထုအရင်းအမြစ်များကို စီမံခန့်ခွဲရန်လိုအပ်သည်။ သို့သော်ရပ်ရွာဒေသအဖွဲ့အစည်း၏ အရင်းအမြစ်များကိုစီမံခန့်ခွဲခြင်းထက် စီမံကိန်းအတွက်ရရှိသည့်ငွေကြေးအရင်းအမြစ်များကိုခန့်ခွဲခြင်းသည် ယခုအခါပို၍အရေးကြီးလာပြီဖြစ်သည်။

အကောင်အထည်ဖော်သည့်အဆင့်အတောအတွင်း စီမံခန့်ခွဲရမည့်အရာများဖြစ်သော အဓိကဖြစ်သော အရင်းအမြစ်သုံးမျိုးမှာ-




လူသားအရင်းအမြစ်သည် လူတစ်ဦးတစ်ယောက်နှင့် အဖွဲ့စီမံခန့်ခွဲမှုတို့နှင့်သက်ဆိုင်သည်။




ရုပ်ဝတ္ထုအရင်းအမြစ်သည် ယေဘုယျအားဖြင့်ပစ္စည်းပစ္စယများ (သို့) ကိရိယာတန်ဆာပလာများဖြစ်သည်။




ငွေကြေးအရင်းအမြစ်သည် စီမံကိန်းလုပ်ဆောင်ချက်များပြုလုပ်ရာတွင်အသုံးပြုရန်အတွက် သင့်တွင်ရှိသောငွေကြေးဖြစ်သည်။

နိဒါန်း

ဆွေးနွေးပါ။

ကျောင်းသားများ၏အဖြေမှာ ကွဲပြားနိုင်သည်။ စီမံကိန်းမဆောင်ရွက်မီ ဒေသခံနှင့်ရင်းနှီးမှုရှိရန် အလွန်အရေးကြီးသည်။ အကြောင်းမှာ သင်၏စီမံကိန်းအပေါ် သက်ရောက်နိုင်သည့်ပြောင်းလဲမှုများ ကို လေ့လာပြီးဖြစ်သည်။ အကယ်၍ဒေသခံမှပူးပေါင်းဆောင်ရွက်မှုမရှိပါက ဒေသတွင်းပြောင်းလဲမှုများကို သတိထားနိုင်မည်မဟုတ်ပါ။ ထို့အပြင်စီမံကိန်းဆောင်ရွက်ရန်အတွက် စေတနာ့ဝန်ထမ်းများရရှိရန် ခက်ခဲမည်ဖြစ်သည်။

## ၆.၁ စီမံကိန်းပူးပေါင်းဆောင်ရွက်မှုနှင့် အရင်းအမြစ်များစီမံခန့်ခွဲမှု

# ၆.၁.၁ ရုပ်ပိုင်းဆိုင်ရာအရင်းအမြစ်များ

လေ့ကျင့်ခန်း(၁)

အကြံပြုချက်။ ။အဖွဲ့ငယ်များဖွဲ့ပါ။

ကျောင်းသားများ၏အဖြေမှာကွဲပြားနိုင်သည်။

လိုအပ်သည့်အရာများမှာ-

အစားအစာ- သားရေစာ(မုန့်အကြွပ်၊ အသီးအနှံ)၊ ကိတ်တစ်လုံး

အရည်- လိမ္မော်ရည်၊ သံပုရာရည်၊ လ္ဘက်ရည်နှင့် ကော်ဖီမစ်

ပန်းကန်၊ လက်သုတ်ပဝါ၊ ဇွန်း၊ ခရင်း


ရေနွေး- ကော်ဖီမစ်၊ တီးမစ်ဖျော်ရန်


တေးဂီတ- mp3 (သို့) CDပြားများ၊ အသံချဲ့စက်(သို့) CDစက်

အပြင်အဆင်- စားပွဲခင်း၊ ပန်း၊ ဘောလုံး

၎င်းတို့မှာ မကြာခဏတစ်ခုနှင့်တစ်ခု ဆက်သွယ်မှုရှိသည်။ ဥပမာ မကြာခဏဆိုသလို သင်သည်ကိရိယာတန်ဆာပလာများကိုငှားရမ်းပြီး ၎င်းကိုသယ်ယူပို့ဆောင်ရန် တစ်စုံတစ်ဦးကိုငွေပေးချေရမည်ဖြစ်သည်။ သို့သော် ပထမဦးဆုံးအနေဖြင့် လာမည့်စာမျက်နှာတွင် ၎င်းတို့ကို တစ်ခုစီသီးခြားစွာရှုမြင်လေ့လာပါမည်။







## ၆.၁.၁ ရုပ်ပိုင်းဆိုင်ရာအရင်းအမြစ်များ

ရုပ်ဝတ္ထုပစ္စည်းများ၊ အရင်းအမြစ်များကို ကောင်းမွန်စွာအသုံးပြုခြင်းဖြင့် သင်၏စီမံကိန်းကိုလုပ်ဆောင်ရာတွင် ပိုမိုလွယ်ကူအောင်ပြုလုပ်ပေးနိုင်သည်။ ရုပ်ပိုင်းဆိုင်ရာအရင်းအမြစ်များ စီမံခန့်ခွဲခြင်းဆိုသည်မှာ မှန်ကန်သည့်အချိန်မှန်ကန်သည့်နေရာ၊ မှန်ကန်သောပစ္စည်းပစ္စယ/ကိရိယာများ/ပစ္စည်းများရှိနေခြင်းဖြစ်သည်။

လေ့ကျင့်ခန်း(၁)

အဖွဲ့ငယ်ဖွဲ့၍ သင်တို့သည်အတန်းအတွက် ပါတီပွဲတစ်ခုကျင်းပရန်စီစဉ်နေသည်ဟု မြင်ယောင်ကြည့်လိုက်ပါ။
မည်သည့်အရာများလိုအပ်သနည်း (အစားအစာ၊ ဖျော်ရည်များ၊ တေးဂီတ)
အောက်ပါဇယားကိုဖြည့်ပါ။ ဤဇယားကိုလိုအပ်သည့်ပစ္စည်းပစ္စယများ စစ်ဆေးသည့်စာရင်းအဖြစ်အသုံးပြုနိုင်သည်။

| လိုအပ်သည့်ပစ္စည်း | အရေအတွက် | တာဝန်ယူမည့်သူ | နေ့စွဲ/ လိုအပ်သည့် အချိန် |
|---|---|---|---|
| ဥပမာ။ ပလတ်စတစ် ခွက်များ | ၅၀ | စိုးစိုးမြင့် | ပါတီမစခင် တစ်နာရီအလို |
| | | | |
| | | | |
| | | | |
| | | | |
| | | | |
| | | | |




ဤဇယားကို အခြားအဖွဲ့နှင့်နှိုင်းယှဉ်ပါ။
လိုအပ်သောပစ္စည်းများ ဖြည့်စွက်ရာတွင် တူညီမှုရှိသလား။

လေ့ကျင့်ခန်း(၂)

စာမျက်နှာ ၅၄ ရှိရပ်ရွာဒေသတွင် ရေစစ်စနစ်တပ်ဆင်ခြင်းလုပ်ဆောင်ချက်အစီအစဉ်ကို ပြန်လည်ဖတ်ရှုပါ။

၁။ မည်သည့်ရှုပ်ပိုင်းဆိုင်ရာအရင်းအမြစ်များကို သင်ဖော်ပြနိုင်မည်နည်း။

၂။ ၎င်းအရင်းအမြစ်များကို သင်မည်ကဲ့သို့စီမံခန့်ခွဲမည်နည်း။



## ၆.၁.၂ လူသားအရင်းအမြစ်များ

လူသားအရင်းအမြစ်များစီမံခန့်ခွဲခြင်းဆိုသည်မှာ စီမံကိန်း၌ပါဝင်လုပ်ဆောင်သူအားလုံးသည် မည်သည့်အချိန်တွင်မဆို မိမိတို့လုပ်ဆောင်ရမည့်အရာများကိုသိရှိစေလျက် တစ်ဦးနှင့်တစ်ဦးဖြစ်စေ၊ စီမံကိန်းနှင့်သက်ဆိုင်သူများဖြစ်စေ၊ ရပ်ရွာဒေသခံများနှင့်ဖြစ်စေ ထိထိရောက်ရောက် ဆက်သွယ်လုပ်ဆောင်ရမည်ဖြစ်သည်။

လေ့ကျင့်ခန်း(၁)

စာမျက်နှာ ၅၄ တွင် သင်ဖြည့်စွက်ပြီးခဲ့သည့် ရပ်ရွာဒေသတွင်း ရေစစ်စနစ်တပ်ဆင်ခြင်းကို ပြန်လည်ကြည့်ပါ။
အောက်ပါမေးခွန်းများကိုဖြေပါ။

၁။ ဤလုပ်ဆောင်ချက်တွင် မည်သည့်လူသားအရင်းအမြစ်များကို သင်ဖော်ပြနိုင်မည်နည်း။

၂။ မည်သည့်ဆက်သွယ်မှုအဆင့်များကို သင်ဖော်ပြနိုင်မည်နည်း။

၃။ ၎င်းအရင်းအမြစ်များကို သင်မည်ကဲ့သို့စီမံခန့်ခွဲရန်လိုအပ်သနည်း။

### ဆက်သွယ်ရေး သတင်းအချက်အလက်

ဆက်သွယ်ရေးညှိဖျင်းမှုသည် စီမံကိန်းနှင့်သက်ဆိုင်သူတို့အကြား တင်းမာမှုနှင့်ပဋိပက္ခဖြစ်ပွားစေသည့် အဓိက အကြောင်းအရာပင်ဖြစ်သည်။ ဤအရာကိုရှောင်ကြဉ်ရန်အတွက် မည်သည့်အချိန်နှင့်မည်ကဲ့သို့သတင်း အချက်အလက်ကို ဖြန့်ဝေအကြောင်းကြားမည့်အပေါ် အားလုံး၏သဘောတူညီချက်ကိုရရှိအောင်ပြုလုပ်ရမည်။ အားလုံးမှသတင်းအချက်အလက် မည်ကဲ့သို့ပေးပို့ဆက်သွယ်သည်ကိုသိရှိထားရမည်။

- စီမံကိန်းအသင်းအဖွဲ့အတွင်း
- စီမံကိန်းအသင်းအဖွဲ့နှင့် ဒေသခံအဖွဲ့ဝင်တို့အကြား
- စီမံကိန်းအသင်းအဖွဲ့နှင့် အလှူရှင်တို့အကြား
- စီမံကိန်းအသင်းအဖွဲ့နှင့် အာဏာပိုင်များ/ အခြားသောစီမံကိန်းနှင့်သက်ဆိုင်သူများအကြား

လေ့ကျင့်ခန်း(၂)

အကြံပြုချက်။ ။နှစ်ယောက်တစ်တွဲလုပ်ဆောင်ရန်။

ကျောင်းသားများ၏အဖြေများမှာ အခန်း ၅မှ ဖြည့်စွက်ထားသည့် ဆောင်ရွက်မှုအစီအစဉ်ပေါ် မူတည်၍ ကွဲပြားမည်။ အဖွဲ့သစ်တွင်ပါဝင်ဆောင်ရွက်မှုအစီအစဉ်ကိုနှိုင်းယှဉ်ရန် အချိန်လိုအပ်မည်ဖြစ်သည်။

၁။ ထရပ်ကား၊ သန့်ရှင်းရေးပစ္စည်းများ (အိတ်၊ ဘရပ်ရှ်)၊ လိုအပ်ပစ္စည်း(ရေစစ်ဇကာ၊ ရေသိုလှောင်ကန်)၊ တပ်ဆင်ရန်အတွက်ပစ္စည်းများ

၂။ လိုအပ်သည့်အရာများကို ဒေသတွင်းဝယ်ယူနိုင်မှု(သို့) မည်သည့်အချိန်တွင် ပေးပို့ရမည်ကို သေချာစွာသိရှိရန်လိုအပ်သည်။ ထို့အပြင် လိုအပ်သည့်နေရာသို့ အချိန်မီသယ်ယူပို့ဆောင်ရန်လည်း သေချာစွာသိရှိထားရမည်။

## ၆.၁.၂ လူသားအရင်းအမြစ်များ

လေ့ကျင့်ခန်း(၁)

အကြံပြုချက်။ ။ နှစ်ယောက်တစ်တွဲလုပ်ဆောင်ရန်။

ကျောင်းသားများ၏အဖြေများမှာ အခန်း ၅မှ ဖြည့်စွက်ထားသည့် ဆောင်ရွက်မှုအစီအစဉ်ပေါ် မူတည်၍ ကွဲပြားမည်။ ဖြစ်နိုင်သည့်အဖြေမှာ -

၁။ စီမံကိန်းအဖွဲ့ခေါင်းဆောင်၊ အဆောက်အဦးမန်နေဂျာ၊ စေတနာ့ဝန်ထမ်းများ၊ ထရပ်ကားမောင်းသူ၊ အခြားစီမံကိန်းအဖွဲ့ဝင်များ

၂။ စီမံကိန်းအဖွဲ့ခေါင်းဆောင်- စီမံကိန်းအဖွဲ့ဝင်များ

စီမံကိန်းအဖွဲ့- စေတနာ့ဝန်ထမ်းများ

စီမံကိန်းအဖွဲ့ခေါင်းဆောင်- အဆောက်အဦးမန်နေဂျာ

အဆောက်အဦးမန်နေဂျာ- ဒေသတွင်းဖွင့်လှစ်ထားသည့်စင်တာကိုအသုံးပြုသူ

၃။ သင့်တော်သည့်အရည်အချင်းရှိသူကို သေချာစွာသိရှိထားရန်အရေးကြီးသည်။ ဥပမာ-ရေစစ်ကန်အား ကျွမ်းကျင်စွာတပ်ဆင်နိုင်သည့် အရည်အချင်းရှိသူကို လိုအပ်ချိန်တွင်ခေါ်ယူနိုင်ရန်လိုအပ်သည်။ ယင်းလိုအပ်ချက်များကို ဒေသခံစင်တာစီမံခန့်ခွဲသူနှင့် အဖွဲ့ခေါင်းဆောင်အကြား အပြန်အလှန်ဆွေးနွေးမှု(သို့) ဖုန်းနှင့်ဆက်သွယ်မှုများအားဖြင့် စီမံကိန်းမန်နေဂျာမှ စီမံကိန်းဆောင်ရွက်မှုများကိုသိရှိရန်ဖြစ်သည်။ ဒေသခံခေါင်းဆောင်များမှ စီမံကိန်းအတွက်လုပ်အားပေးစေတနာ့ဝန်ထမ်းများခေါ်ယူရန်အတွက် ၎င်းတို့နှင့် ဆက်သွယ်ရမည်ဖြစ်သည်။

## ဆွေးနွေးပါ။

ကျောင်းသားများ၏အဖြေမှာကွဲပြားလိမ့်မည်။

တရားဝင်ဆက်သွယ်ရေးတွင် အီးမေးလ်၊ အစီရင်ခံစာနှင့် အစည်းအဝေးများပါဝင်ပြီးသာမန်ဆက်သွယ်ရေးတွင် သာမန်အစည်းအဝေးများ၊ ဌာနတွင်ပြောဆိုသည့်အရာများ၊ မှတ်စုများ၊ ဖုန်းခေါ်ဆိုခြင်းများ၊ စာသားများနှင့် အီးမေးလ်များလည်းပါဝင်သည်။ အလှူရှင်များ၊ အာဏာပိုင်များနှင့် တရားဝင်ဆက်သွယ်ရေးရရှိရန်မှာ ပို၍သင့်တော်သည်။

ဘာသာစကားကွဲပြားသည့်အခါတွင် ဆက်သွယ်မှုများပြုလုပ်ရာ၌ နားလည်မှုလွဲမှားနိုင်သဖြင့် အဖွဲ့နှင့် ဒေသခံအကြား ပြောဆိုသူများသတိထားရန်လိုအပ်သည်။ ရှင်းရှင်းနှင့်နားလည်လွယ်သည့်စကားကို အသုံးပြုပြီး အရေးကြီးသည့်သတင်းနှင့်ပတ်သက်၍ အထပ်ထပ်စီစစ်ရန်လိုအပ်သည်။ ထိုသူတို့မှ အလိုရှိသည့်ဦးစားပေး ဆက်သွယ်မှုနည်းလမ်းကိုလည်းမေးမြန်းရန် လိုအပ်သည်။ ဥပမာ- အချို့မှာ ဖုန်းထက်အီးမေးလ်ကို ပို၍အသုံးပြုသည်၊ အချို့မှာ ဘာသာစကားနားလည်မှုမရှိပါက မပါဝင်တော့ပါ။ ထို့ကြောင့်ဘာသာပြန်သူကို လိုအပ်ပါက အသုံးပြုရန်ဆင်ခြင်သင့်သည်။

စီမံကိန်း၌ပါဝင်သူ (သို့) သက်ရောက်မှုကိုခံရသူအားလုံးသည် သတင်းအချက်အလက်ရရှိနိုင်အောင် သေချာစွာပြုလုပ်ရန်အရေးကြီးသည်။ အချို့သောသတင်းအချက်အလက်မရရှိသောလူစုများ(သို့) တစ်စုံတစ်ဦးကိုစီမံကိန်းမှ ဖယ်ထုတ်ထားခြင်းမရှိစေရပါ။
အသင်းအဖွဲ့များသည်ပုံမှန်အားဖြင့် သတင်းအချက်အလက်မျှဝေရန် အစည်းအဝေးပြုလုပ်သည်။ စီမံကိန်းကာလအတွင်း အသင်းနှင့်ပုံမှန်အစည်းအဝေးပြုလုပ်ရမည်။ ဖြစ်နိုင်ပါကရပ်ရွာဒေသကိုယ်စားလှယ်များနှင့်တွေ့ဆုံဆွေးနွေးကာ စီမံကိန်း၌ဖြစ်ပျက်နေသည့်အရာများကို အားလုံးမှသိရှိကာ စီမံကိန်းအစီအစဉ်နှင့်လုပ်ဆောင်ချက်များမှ ပြောင်းလဲမှုရှိပါက ၄င်းပြဿနာနှင့်ပတ်သက်၍ ဆွေးနွေးပြောဆိုတင်ပြနိုင်မည်ဖြစ်သည်။ ဤအရာများကိုတရားဝင်နည်းလမ်းတကျဖြင့် အသင်းအဖွဲ့(သို့) အဖွဲ့အစည်း၏ခေါင်းဆောင်မှုအပိုင်းမှအစည်းအဝေးကို အစီအစဉ်ရေးဆွဲခေါ်ဆိုရမည်ဖြစ်သည် (သို့)အချို့သောအကြောင်းအရာများကိုမူ အသင်းအဖွဲ့ဝင်များနှင့်ဒေသခံအဖွဲ့ဝင်များမှ သာမန်အားဖြင့် ကြိုက်နှစ်သက်သလိုဆွေးနွေးမှုများပြုလုပ်နိုင်သည်။

## ဆွေးနွေးပါ။

အဖွဲ့ငယ်အတွင်း၌ ကောင်းမွန်သောဆက်သွယ်ရေးကို စနစ်တကျ(သို့) လွတ်လွတ်လပ်လပ် ထိန်းသိမ်းလုပ်ဆောင်သည့်နည်းလမ်းများကို ဆွေးနွေးပါ။

- စီမံကိန်းအသင်းအဖွဲ့အတွင်း
- စီမံကိန်းအသင်းအဖွဲ့နှင့် ဒေသခံအဖွဲ့ဝင်တို့ကြား
- စီမံကိန်းအသင်းအဖွဲ့နှင့် အလှူရှင်တို့ကြား
- စီမံကိန်းအသင်းအဖွဲ့နှင့် အာဏာပိုင်များ/ အခြားသောစီမံကိန်းနှင့်သက်ဆိုင်သူများကြား

အထူးသဖြင့် ဘာသာစကားအမျိုးမျိုးပြောဆိုသည့်နေရာဒေသတွင် သင့်အနေနှင့် ဘာသာစကားပြဿနာများသည် ဆက်သွယ်ပြောဆိုမှုအပေါ် မည်ကဲ့သို့သက်ရောက်မှုရှိနိုင်မည်ဟု ထင်မြင်မိသနည်း။

တရားဝင်(သို့)သာမန်ဆက်သွယ်စေကာမူ သတင်းအချက်အလက်များ(သို့) မှတ်စုများနှင့်ကြီးမားသောအဖွဲ့အတွင်း လွတ်လွတ်လပ်လပ် မျှဝေပြောဆိုကြသော ပြဿနာများ၊ အလေးထားစဉ်းစားရမည့်အရာများ၊ ပြောင်းလဲမှုများ(သို့)အကြံဉာဏ်များကို မှတ်တမ်းတင်သိမ်းဆည်းထားရန် အရေးကြီးသည်။ မှတ်တမ်းမှတ်ရာများမရှိပါက အထင်အမြင်လွဲမှားမှု၊ တင်းမာမှုနှင့်ပဋိပက္ခများသည် ဆက်သွယ်ရေးညံ့ဖျင်းမှုကြောင့် ပေါ်ပေါက်လာနိုင်ခြေများသည်။

> ဝေါဟာရအဓိပ္ပါယ်
> ဖြစ်နိုင်ခြေတစ်စုံတစ်ခု ဖြစ်ပေါ်လာနိုင်သည့် အလားအလာ(ပုံမှန်အားဖြင့်ရာခိုင်နှုန်းဖြင့်ဖော်ပြသည်)

လေ့ကျင့်ခန်း(၂)

ဆွေးနွေးမှုများအတွင်း မျှဝေသောအကြံဉာဏ်များကိုအသုံးပြုလျက် စီမံကိန်းအကောင်အထည်ဖော်နေစဉ်အတွင်း ဆက်သွယ်မှုများအတွက် အကြံပြုချက်စာရင်းတစ်ခုရေးဆွဲပါ။

## ၆.၁.၃ ငွေကြေးအရင်းအမြစ်များ

ငွေကြေးအရင်းအမြစ်များစီမံခန့်ခွဲခြင်းဆိုသည်မှာ- ပထမအဆင့်ရေးဆွဲသဘောတူထားသည့် ခန့်မှန်းခြေရသုံးငွေစာရင်းကို စီမံခန့်ခွဲခြင်းဖြစ်သည်။ အကယ်၍ အသုံးစရိတ်များသည် ခန့်မှန်းခြေရသုံးငွေ ထက်ကျော်လွန်နေပါက သင်၏ခန့်မှန်းခြေရသုံး ငွေစာရင်းကို ပြန်လည်ညှိယူခြင်း (သို့) ငွေကြေးအရင်းအမြစ်များကိုရှာဖွေရမည်ဖြစ်သည်။

ငွေဝင်၊ ငွေထွက်အားလုံးတို့ကို အသေးစိတ်မှတ်တမ်း ရေးမှတ်သိမ်းဆည်းထားရန်မှာ အလွန်အရေးကြီးသည် (ငွေကြေးပါဝင်ပတ်သက်မှုရှိသည့်အချိန်တိုင်း)။ ၎င်းမှတ်တမ်းမှတ်ရာများသည် မည်သည့်အရာအတွက် ငွေမည်မျှအသုံးပြုလိုက်ခြင်းနှင့် ငွေမည်မျှရရှိ(သို့)စုဆောင်းနိုင်ခြင်း အစရှိသည့် အသေးစိတ်စာရင်းဇယားများကို ဖော်ပြပေးသည်။

အစီအစဉ်များကိုစောင့်ကြည့်စစ်ဆေးခြင်းသည် စီမံကိန်းမှအသုံးပြုသောငွေပမာဏကို ခန့်မှန်းခြေရသုံးငွေစာရင်းနှင့်နှိုင်းယှဉ်ခြင်း၊ ငွေကြေးပြဿနာများ။ ဥပမာ စီမံကိန်းသည် သုံးသင့်သည့်ငွေပမာဏထက် ပို၍သုံးစွဲနေခြင်းအစရှိသည်ကို အဓိကထားလုပ်ဆောင်သည်။

စီမံကိန်းတွင်အသုံးပြုရန် ဝယ်ယူသောပစ္စည်းများအတွက် ငွေဖြတ်ပိုင်းများကိုသိမ်းဆည်းထားရန် အလွန်အရေးကြီးသည်။ ၎င်းငွေဖြတ်ပိုင်းများသည် "မှတ်တမ်းမှတ်ရာ"၏ တစ်စိတ်တစ်ပိုင်းဖြစ်ပြီး ဝယ်ယူခဲ့သည့်အရာ၊ မည်ကဲ့သို့ဝယ်ယူခဲ့ပုံ၊ မည်သည့်အချိန်၊ မည်သည့်နေရာနှင့် အဘယ်ကြောင့် စီမံကိန်းအတွက် သုံးစွဲလိုက်ရသည်ကို ဖော်ပြပေးနိုင်သည်။

သို့သော်ဝယ်ယူမှုအားလုံး(သို့)လှူဒါန်းသည့်ပစ္စည်းများအားလုံးအတွက် ငွေဖြတ်ပိုင်းရှိမည်မဟုတ်။ ဤအခြေအနေတွင် ခန့်မှန်းခြေရသုံးငွေစာရင်းကို စောင့်ကြည့်စစ်ဆေးသည့်အစီအစဉ်မှာ ပို၍ပင်အရေးကြီးသည်။ သို့မှသာ ဝယ်ယူမှု၊ ပစ္စည်းများလှူဒါန်းမှု(သို့)အများသုံးသယ်ယူပို့ဆောင်ရေးအတွက် ငွေကိုမည်သို့သုံးစွဲလိုက်ပုံကို ပြသနိုင်မည်ဖြစ်သည်။

လေ့ကျင့်ခန်း(၂)

အကြံပြုချက်။ ။အဖွဲ့ငယ်များဖွဲ့ပါ။

ကျောင်းသားများ၏အဖြေများမှာ ၎င်းတို့ဆွေးနွေးထားသည့်အပေါ် မူတည်၍ ကွဲပြားလိမ့်မည်။

## ၆.၁.၃ ငွေကြေးအရင်းအမြစ်များ

ခန့်မှန်းခြေရသုံးငွေစာရင်းများသည် တိကျပြီးငွေကိုမည့်သည့်အရာအပေါ် သုံးစွဲလိုက်သည်မှာ ပေါ်လွင်ရန် အလွန်အရေးကြီးသည်။ လှူဒါန်းငွေသုံးစွဲမှုကို တိကျစွာပြန်လည်တင်ပြရန်လိုသည်။

ကျောင်းသားများမှစာပိုဒ်ကိုဖတ်၍ အောက်ပါမေးခွန်းများကို ဖြေဆိုပါ။

## လေ့ကျင့်ခန်း(၁)

အကြံပြုချက်။ ။ တစ်ဦးချင်းစီ၊ ထို့နောက်နှိုင်းယှဉ်ရန် နှစ်ယောက်တစ်တွဲတွဲပါ။

မေးခွန်း၏အဖြေအားလုံးကို စာပိုဒ်မှရရှိနိုင်မည်မဟုတ်ပါ။ ကျောင်းသားများမှ မိမိတို့ကိုယ်ပိုင်အတွေး အခေါ်နှင့် တုံ့ပြန်ဖြေဆိုရန်မျှော်လင့်သည်။ အကယ်၍ ကျောင်းသားများမှဖြေဆိုရန် သေချာမှုမရှိပါက အဘယ်ကြောင့်ဖြစ်သည်ကို ပြန်လည်ဆွေးနွေးရန် တိုက်တွန်းပါ။

အဖြေများ

၁။ မှန်

၂။ မှား- ပြင်ပအလှူရှင်များသို့ ငွေကြေးအစီရင်ခံစာတင်ပြရန် အရေးကြီးသည်။

၃။ မှန်

၄။ မှား- ငွေကြေးအခြေအနေရေးဆွဲထားခြင်းအပါအဝင် စီမံကိန်းအစီအစဉ်အားလုံးရေးဆွဲထားမှုကို တိုးမြှင့်ဆောင်ရွက်ရန်မှာ ကောင်းသည့်အကြံပြုချက်တစ်ခုဖြစ်သည်။

၅။ မှန်- ကောင်းမွန်သော ငွေကြေးစာရင်းစီမံခန့်ခွဲမှုသည် သင်၏တာဝန်ယူတတ်မှုနှင့် အနာဂတ်တွင် ရန်ပုံငွေများပြားလာနိုင်သည့်အခွင့်အရေးသို့ ရောက်ရှိနိုင်စေသည်။ သို့သော်အာမမခံပါ။

၆။ ကျောင်းသားအချို့မှာမှန်ကန်သည်ဟုပြောလိမ့်မည်၊ အကြောင်းမှာ အမြဲတစေတတ်နိုင်သမျှ ငွေဖြတ်ပိုင်းများကို စုစည်းထားသင့်သည့်အတွက်ကြောင့်ဖြစ်သည်။ သို့သော် အချို့မှာမှားသည်ဟု ပြောလိမ့်မည်၊ အကြောင်းမှာ အကယ်၍ပစ္စည်းတစ်ခုခုလှူတန်းလိုက်သည့်အခါတွင် ငွေဖြတ်ပိုင်း ရရှိနိုင်မည်မဟုတ်ပါ။

## လေ့ကျင့်ခန်း ၂

အကြံပြုချက်။ ။တစ်ဦးချင်းစီ၊ ထို့နောက်နှိုင်းယှဉ်ရန် အဖွဲ့ငယ်များဖွဲ့ပါ။

အကြောင်းရာအဖြစ်ပျက်ရှိ သတင်းအချက်အလက်ကိုဖတ်ပြီး တဖက်စာမျက်နှာရှိ ပေးထားသော စောင့်ကြည့်စစ်ဆေးမှု အစီအစဉ်ရေးဆွဲထားမှုကို ဖြည့်စွက်ပါ။

## လေ့ကျင့်ခန်း(၁)

အောက်ပါစာကြောင်းများကို အမှား၊ အမှန်ရွေးချယ်ပါ။

၁။ ငွေကြေးအစီရင်ခံစာတင်ပြခြင်းသည် စီမံကိန်း၏ငွေရေးကြေးရေးနှင့် လုပ်ဆောင်ချက်များ၏ တိုးတက်မှုအဆင့်ဆင့်ပေါ် သတင်းအချက်အလက်များဖော်ပြပေးရန်အတွက် အရေးကြီးသည်။

၂။ ပြင်ပအလှူရှင်များမှ အလှူငွေရရှိသောစီမံကိန်းများသည် ငွေကြေးအစီရင်ခံစာတင်ပြရန်မလိုပေ။

၃။ မတည်သည့်ငွေနှင့် သုံးစွဲသည့်ငွေများအား စောင့်ကြည့်စစ်ဆေးမှုပြုခြင်းသည် ဆက်လက်သွားနေသည့် လုပ်ငန်းစဉ်တစ်ခုဖြစ်သည်။

၄။ စီမံကိန်းတစ်ခုကို တစ်စုံတစ်ဦးမှရေးဆွဲခြင်းသည် ခန့်မှန်းခြေရသုံးငွေစာရင်းရေးဆွဲခြင်း၏ တစ်စိတ်တစ်ပိုင်းမဖြစ်သင့်ပေ။

၅။ ကောင်းမွန်သောငွေကြေးစီမံခန့်ခွဲမှုသည် အနာဂတ်တွင်စီမံကိန်းအတွက် အလှူရှင်အသစ်များ ပိုမိုများပြားလာစေနိုင်သည်။

၆။ သုံးစွဲသည့်ငွေပမာဏကိုပြသရန်အတွက် ငွေဖြတ်ပိုင်းများကိုအမြဲတမ်းစုဆောင်းထားသင့်သည်။

သင်၏အဖြေများကို တွဲဖက်တစ်ဦးနှင့်နှိုင်းယှဉ်ကာ မတူညီသည့်အဖြေများအတွက် ဆွေးနွေးမှုများ ပြုလုပ်ပါ။

## လေ့ကျင့်ခန်း(၂)

အောက်ပါ Has Paw Lei ကျောင်းစီမံကိန်းအတွက် လိုအပ်သည့်ပစ္စည်းများအတွက် ရေးဆွဲသည့်ဥပမာ ခန့်မှန်းခြေရသုံးငွေစာရင်းကိုကြည့်ပါ။ ထို့နောက်တစ်ဖက်စာမျက်နှာရှိ၄င်းစီမံကိန်းအား စောင့်ကြည့်စစ်ဆေးမှု ပြုလုပ်မည့် ခန့်မှန်းခြေရသုံးငွေစာရင်းဥပမာကိုကြည့်ရှုပါ။

### စီမံကိန်းအကျဉ်းချုပ်

ရပ်ရွာဒေသတစ်ခုရှိ Has Paw Lei ကျောင်းမှ ကျောင်းနောက်ဖေးမီးဖိုချောင်ရှိ ဆေးကြောမှုများ ပြုလုပ်သည့်နေရာကို မွမ်းမံမှုပြုလုပ်လိုသည်။ ထိုနေရာတွင် နေ့စဉ်နေ့တိုင်း အိုး၊ခွက်၊ပန်းကန်များနှင့် အစားအသောက်များကိုဆေးကြောသည်။ သို့သော် မိုးဒဏ်လေဒဏ်အတွက် အကာအကွယ်မရှိသဖြင့် အမိုးအကာ တစ်ခုတည်ဆောက်ရန် အစီအစဉ် ရေးဆွဲကြသည်။ ဤစီမံကိန်းမှ အရှည် ၅ မီတာ၊ အကျယ်၃မီတာရှိသည့်အမိုးတစ်ခု တည်ဆောက်ရန် လိုအပ်သည့်ပစ္စည်းများ ဝယ်ယူရန်အတွက် ငွေကျပ် ၁၆၇,၅၀၀ လိုအပ်သည်။

| ပစ္စည်းဝယ်ယူမှုကုန်ကျစရိတ် | | | | | |
|---|---|---|---|---|---|
| စဉ် | အမျိုးအစား | အကြောင်းအရာ | အရေအတွက် | အမျိုးအစား တစ်ခုစီ အတွက် ကုန်ကျငွေ (ကျပ်) | စုစုပေါင်း ကုန်ကျ ငွေ(ကျပ်) |
| ၁။ | သစ်သား (အချင်း၁၀ စင်တီမီတာ) အရှည်၅မီတာ | အဆောက်အအုံပေါ် တပ်ဆင်မည့်လေးထောင့် ဘောင်တစ်ခု ပြုလုပ်ရန် အတွက်လိုအပ်သည် | ၃ | ၈၀၀၀ | ၂၄၀၀၀ |
| ၂။ | သစ်သား (အချင်း၁၀ စင်တီမီတာ) အရှည်၃မီတာ | အမိုးကိုထောက်ပံ့ပေးမည့် တိုင်များ | ၈ | ၅၀၀၀ | ၄၀၀၀၀ |
| ၃။ | ဝါး-အချင်း၅ စင်တီမီတာ အရှည်၃မီတာ | အမိုးမိုးမည့်ခနိများအတွက် ဘောင်ပြုလုပ်ခြင်း | 11 | ၂၅၀၀ | ၂၇၅၀၀ |
| ၄။ | နီးကြိုး | ခနိများအား ဘောင်နှင့်စည်းထားရန် | ၂ | ၃,၃၀၀ | ၆၀၀၀ |
| ၅။ | အမိုးမိုးသည့်ခနိ အကျယ်၀.၅မီတာနှင့် အရှည် ၂မီတာ | ဘောင်ပေါ်တွင် အမိုးအဖြစ် ဖုံးအုပ်ထားမည့်ခနိများ | ၁၀၀ | ၇၀၀ | ၇၀၀၀၀ |
| | | | | စုစုပေါင်း | ၁၆၇၅၀၀ |



၁။

| စောင့်ကြည့်စစ်ဆေးမှုအစီအစဉ် PLAN | | | | | |
|---|---|---|---|---|---|
| စဉ် | ခန့်မှန်းခြေ ရသုံးငွေစာရင်းရှိ ပစ္စည်းများ | ခန့်မှန်းခြေ ရသုံးငွေစာရင်းရှိ ပစ္စည်းများ အတွက် ချမှတ်ထားသည့် ငွေပမာဏ | အမှန်တကယ် ပစ္စည်းပေါ်တွင် သုံးစွဲလိုက်သည့် ငွေပမာဏ | ကျန်ရှိသည့် ငွေပမာဏ (ခန့်မှန်းခြေ ရသုံးငွေစာရင်း စုစုပေါင်း လက်ကျန်ငွေ) | မှတ်ချက် |
| ၁။ | သစ်သား (အချင်း၁၀စင်တီမီတာ) အရှည်၅မီတာ | ၂၄၀၀၀ | - | ၁၆၇၅၀၀ | လိုအပ်သေးသည်။ ဒေသတွင်းမရရှိ နိုင်သဖြင့်၊ ငွေပိုမိုကုန်ကျမည် |
| ၂။ | သစ်သား (အချင်း၁၀စင်တီမီတာ) အရှည်၃မီတာ | ၄၀၀၀၀ | ၂၀၀၀၀ | ၁၄၇၅၀၀ | |
| ၃။ | ဝါး(အချင်း၅ စင်တီမီတာ) အရှည်၃မီတာ | ၂၇၅၀၀ | - | ၁၄၇၅၀၀ | ဒေသခံ မှလှူဒါန်း သည် |
| ၄။ | နီးကြိုး | ၆၀၀၀ | ၆၀၀၀ | ၁၄၁၅၀၀ | |
| ၅။ | အမိုးမိုးသည့်ခနိ အကျယ်၀.၅မီတာနှင့် အရှည် ၂မီတာ | ၇၀၀၀၀ | ၇၀၀၀၀ | ၇၁၅၀၀ | ၂၀၀၀၀ ထပ်မံလို အပ်သည် |
| | စုစုပေါင်း | ၁၆၇၅၀၀ | ၉၆၀၀၀ | ၇၁၅၀၀ | |

၂။ အဖွဲ့မှအသုံးပြုပြီး ငွေ ၉၆၀၀၀ကျပ်နှင့် ခနိ ၂၀၀၀၀ကျပ်ထပ်မံလိုအပ်ပြီး၊ ၅မီတာသစ်အတွက် အနည်းဆုံး ၂၄၀၀၀ကျပ်လိုအပ်သည်။ အပိုငွေ ၂၇၀၀၀ကျပ်ကို ၅မီတာသစ်အတွက်သုံးရန်လိုသည်။ အကြောင်းမှာ ၅မီတာသစ်သည် လျာထားချက်ထက်ပို၍ဈေးကြီးသည်။ စီမံကိန်းသည် ငွေကြေးအလွန်အကျွံသုံးစွဲမှုအန္တရာယ် ထဲတွင်မရှိပါ။ ဒေသခံများမှဝါးလှူဒါန်းမှုအတွက် ကျေးဇူးတင်ပါသည်။

၃။ ကျောင်းသားများ၏အဖြေများမှာ ကွဲပြားလိမ့်မည်။ ကျောင်းသားများမှ ခန့်မှန်းခြေရသုံးငွေစာရင်း ရေးဆွဲရာ တွင် သစ်အမျိုးအစားလိုအပ်မှုအမျိုးမျိုးကို အကြံပြုနိုင်သည်။

| စောင့်ကြည့်စစ်ဆေးမှုအစီအစဉ် | | | | | | |
|---|---|---|---|---|---|---|
| စဉ် | ခန့်မှန်းခြေ ရသုံးငွေစာရင်းရှိ ပစ္စည်းများ | ခန့်မှန်းခြေ ရသုံးငွေစာရင်းရှိ ပစ္စည်းများ အတွက် ချမှတ်ထားသည့် ငွေပမာဏ | အမှန်တကယ် ပစ္စည်းပေါ်တွင် သုံးစွဲလိုက်သည့် ငွေပမာဏ | ကျန်ရှိသည့် ငွေပမာဏ (ခန့်မှန်းခြေ ရသုံးငွေစာရင်း စုစုပေါင်း လက်ကျန်ငွေ) | မှတ်ချက် |
| ၁။ | သစ်သား (အချင်း၁၀စင်တီမီတာ) အရှည်၅မီတာ | ၂၄၀၀၀ | | | |
| ၂။ | သစ်သား (အချင်း၁၀စင်တီမီတာ) အရှည်၃မီတာ | ၄၀၀၀၀ | | | |
| ၃။ | ဝါး(အချင်း၅ စင်တီမီတာ) အရှည်၃မီတာ | ၂၇၅၀၀ | | | |
| ၄။ | နီးကြိုး | ၆၀၀၀ | | | |
| ၅။ | အမိုးမိုးသည့်ဓနိ အကျယ်၀.၅မီတာနှင့် အရှည် ၂မီတာ | ၇၀၀၀၀ | | | |
| | စုစုပေါင်း | ၁၆၇၅၀၀ | | | |



၁။ အောက်ပါအချက်အလက်များကို အထက်တွင်ပေးထားသော စောင့်ကြည့်စစ်ဆေးမှုအစီအစဉ်များ ဇယားအတွင်း ဖြည့်စွက်ရန်အသုံးပြုပါ။

- ၃မီတာသစ်သားတိုင်အတွက် ၂၀၀၀ကျပ် သုံးစွဲလိုက်သည့် ငွေဖြတ်ပိုင်း
- အမိုးမိုးသည့် ဓနိအတွက် ၇၀၀၀၀ကျပ် သုံးစွဲလိုက်သည့်ငွေဖြတ်ပိုင်း၊ သို့သော်အမိုးကို သေသေချာချာမွမ်းမံနိုင်ရန်အတွက် နောက်ထပ် ၂၀၀၀၀ကျပ် လိုအပ်သည်။
- ဒေသခံတစ်ဦးမှ လိုအပ်သောဝါးများအားလုံးအတွက်လှူဒါန်းလိုက်သည်ဟု စီမံကိန်းအဖွဲ့ဝင်တစ်ဦးထံမှ ကြားသိရသည်။
- နီးကြိုးအတွက် ၆၀၀၀ကျပ် သုံးစွဲလိုက်သည့်ငွေဖြတ်ပိုင်း
- ၅ပေအရှည်ရှိသစ်လုံးတိုင်အတွက် တာဝန်ယူထားသောအဖွဲ့ဝင်တစ်ဦးမှ ၄င်းသစ်လုံးတိုင်ကို ယခုထိရှာဖွေတွေ့ရှိခြင်းမရှိသဖြင့် နောက်ထပ်တစ်ရွာတွင်သွားရောက်ယူရန်အတွက် ပို၍ငွေပေးရနိုင်သည်။

၂။ သင့်အနေဖြင့် ဤစီမံကိန်းသည် ၄င်း၏ခန့်မှန်းခြေရသုံးငွေစာရင်းအတိုင်းလည်ပတ်နေသည်ဟု ထင်မြင်မိပါသလား။

၃။ စီမံကိန်းရံပုံငွေသုံးစွဲမှုကောင်းမွန်တိုးတက်စေရန်အတွက် သင်မည်ကဲ့သို့အကြံဉာဏ်များပေးလိုသနည်း။ - သင်၏အဖြေများကိုအဖွဲ့အတွင်းနှိုင်းယှဉ်ပါ။

# ၆.၂ စီမံကိန်းအားစောင့်ကြည့်စစ်ဆေးခြင်း

စီမံကိန်းစတင်လိုက်သည်နှင့်တစ်ပြိုင်နက် အမျိုးမျိုးသောလုပ်ငန်းဆောင်ရွက်ချက်များ၊ နည်းလမ်းများနှင့် အချိန်ဇယားများ အဆင်ပြေချောမောစွာနှင့်ထိထိရောက်ရောက်ဖြစ်ခြင်းရှိ/မရှိကို သေချာစွာစောင့်ကြည့်စစ်ဆေးရန်လိုအပ်သည်။

စီမံကိန်းတစ်ခုအားစောင့်ကြည့်စစ်ဆေးရသည့် အဓိကအကြောင်းပြချက်များထဲတွင်-

- လုပ်ဆောင်ချက်များအားလုံးမှာ အစီအစဉ်ရေးဆွဲထားသည့်အတိုင်းဖြစ်ပေါ်မှုရှိ/မရှိ။
- လိုအပ်သောပစ္စည်းများနှင့် အခြားသောပစ္စည်းအမျိုးအစားများသည် စီမံကိန်းနယ်မြေသို့ အချိန်မီရောက်ရှိခြင်းရှိ/မရှိ။
- မမျှော်လင့်ထားသောပြဿနာ(သို့)အကြောင်းအရာများဖြစ်ပွားမှုရှိ/မရှိ။
- မျှော်လင့်ထားသောလုပ်ဆောင်ချက်နှင့် ရည်မှန်းချက်များ၏ရလဒ်များသည် အစီအစဉ်ရေးဆွဲထားသည့်အတိုင်း ဖြစ်ပေါ်မှုရှိ/မရှိ။
- မူလရေးဆွဲထားသောအစီအစဉ်ကို ပြောင်းလဲရန်လိုအပ်မှုရှိ/မရှိ။
- ၎င်းပြောင်းလဲမှုများကို လိုအပ်ပါကလုပ်ဆောင်ချက်များအဖြစ်လုပ်ကိုင်ဆောင်ရွက်ရန် အစရှိသည်တို့ကို သိရှိထားခြင်းတို့ဖြစ်သည်။

စီမံကိန်းအကောင်အထည်ဖော်ရာတွင် စောင့်ကြည့်စစ်ဆေးသည့်စနစ်အမျိုးအစားတစ်ခုထဲတွင် အောက်ပါအချက်များ အစဉ်လိုက်အတိုင်းပါဝင်သည်။

၁။ စောင့်ကြည့်စစ်ဆေးရမည့် ရည်မှန်းချက်အတွက် လုပ်ဆောင်ချက်များစာရင်း

၂။ လုပ်ဆောင်ချက်များ၏တိုးတက်မှုကို စစ်ဆေးမည့်ပုံစံ

၃။ လုပ်ဆောင်ချက်များ ဆောင်ရွက်သည့်အတောအတွင်း ဖြစ်ပေါ်လာသည့်ပြဿနာများ

၄။ ပြဿနာများကိုဖြေရှင်းရန်အတွက်အဖြေများ

၅။ လုပ်ဆောင်ချက်များကို စောင့်ကြည့်စစ်ဆေးရန်အတွက် တာဝန်ရှိသူတစ်ဦး

## ၆.၂ စီမံကိန်းအားစောင့်ကြည့်စစ်ဆေးခြင်း

## လေ့ကျင့်ခန်း(၁)

အကြံပြုချက်။ ။တစ်ဦးချင်းစီ၊ ထို့နောက်နှိုင်းယှဉ်ရန်နှစ်ယောက်တစ်တွဲတွဲပါ။

အဖြေများ

စောင့်ကြည့်စစ်ဆေးခြင်းအစီအစဉ်ဆောင်ရွက်မှု

| ရည်မှန်းချက်။ ။ | | | | |
|---|---|---|---|---|
| လုပ်ဆောင်ချက်များ | စောင့်ကြည့်<br>စစ်ဆေးမည့်<br>နည်းလမ်း | ပြဿနာများ<br>(ရှိခဲ့ပါက) | ပြဿနာ<br>အတွက်အဖြေ | တာဝန်ရှိသူ |
| ၁။<br>(ခ) ၂.၄ မီတာ အမြင့်ထိရှိသော တံတိုင်းကိုတည်ဆောက်သည်။ | (င)<br>တံတိုင်းအတိုင်းအတာကို စီမံကိန်းနယ်မြေမှ ရယူပြီး ပစ္စည်းများကို အစီအစဉ်ဆောင်ရွက်မှုမှ တစ်ဆင့်စစ်ဆေးသည်။ | က)<br>မိုးရွာသွန်းမှုကြောင့် လုပ်ငန်းနှစ်ရက်ဆိုင်းငံ့ထားရသည်။ | (ဃ) လုပ်ငန်းမြေနေရာနှင့် ပစ္စည်းများ ခြောက်သွေ့သွားသည်ထိစောင့်ရသည်။ | (ဂ)<br>ဆောက်လုပ်ရေးနယ်မြေမန်နေဂျာ (ဇော်) |
| ၂။ | | | | |
| ၃။ | | | | |
| | | | | |

## လေ့ကျင့်ခန်း(၁)



အောက်ပါအချက်အလက်များအသုံးပြုကာ တစ်ဖက် စာမျက်နှာရှိစောင့်ကြည့်စစ်ဆေးသည့် အစီအစဉ် ဆောင်ရွက်မှု ပထမတစ်ကြောင်းကို ဖြည့်စွက်ပါ။

(က) မိုးရွာသွန်းမှုကြောင့် လုပ်ငန်းနှစ်ရက်ဆိုင်းငံ့ ထားရသည်။

(ခ) ၂.၄ မီတာအမြင့်ထိရှိသော တံတိုင်းကို တည်ဆောက်သည်။

(ဂ) ဆောက်လုပ်ရေးနယ်မြေမန်နေဂျာ (ဇော်)

(ဃ) လုပ်ငန်းမြေနေရာနှင့် ပစ္စည်းများခြောက်သွေ့ သွားသည်ထိစောင့်ရသည်။

(င) တံတိုင်းအတိုင်းအတာကို စီမံကိန်းနယ်မြေမှရယူပြီး ပစ္စည်းများကိုအစီအစဉ်ဆောင်ရွက်မှုမှ တစ်ဆင့်စစ်ဆေးသည်။

စောင့်ကြည့်စစ်ဆေးခြင်းအစီအစဉ်ဆောင်ရွက်မှု

| ရည်မှန်းချက်။ ။ | | | | |
|---|---|---|---|---|
| လုပ်ဆောင်ချက်များ | စောင့်ကြည့်<br>စစ်ဆေးမည့်<br>နည်းလမ်း | ပြဿနာများ<br>(ရှိခဲ့ပါက) | ပြဿနာ<br>အတွက်အဖြေ | တာဝန်ရှိသူ |
| ၁။ | | | | |
| ၂။ | | | | |
| ၃။ | | | | |
| | | | | |
| | | | | |

## ၆.၂.၁ စီမံကိန်းအားလေ့လာသုံးသပ်ခြင်း

စီမံကိန်းရည်မှန်းချက်များအား လေ့လာသုံးသပ်ခြင်းကို စီမံကိန်း အဆုံးတွင်ပြုလုပ်ရမည်မဟုတ်၊ စီမံကိန်းမည်သို့ကောင်းမွန်စွာ လည်ပတ်ပုံနှင့် လိုအပ်ပါကပြောင်းလဲရမည့်အရာများ အစရှိသည်ကို စီမံကိန်းအကောင်အထည်ဖော်သည့်ကာလအတွင်းပြုလုပ် နိုင်သည်။ လေ့လာသုံးသပ်ခြင်းသည် တစ်စုံတစ်ခု၏ "တန်ဖိုး" ကိုအဆုံးအဖြတ်ပေးခြင်းဖြစ်သည်။

စောင့်ကြည့်စစ်ဆေးမှုကဲ့သို့ပင် လေ့လာသုံးသပ်သည့်အစီအစဉ် အားလုံးကို ဦးတည်သည့်ရပ်ရွာဒေသအဖွဲ့ဝင်များနှင့်အတူ လုပ်ဆောင်ရမည်ဖြစ်သည်။

**ဝေါဟာရအဓိပ္ပါယ်**

လေ့လာသုံးသပ်ခြင်း။ ။ တစ်စုံတစ်ခု၏အောင်မြင်မှုများ(သို့)ရှုံးနိမ့်မှုများကို ပြန်လည်ကြည့်ရှုသုံးသပ်သည့်ဖြစ်စဉ်ဖြစ်ပါသည်။

### လေ့ကျင့်ခန်း(၁)

အောက်ပါပေးထားသောအချက်အလက်များကို အသုံးပြုကာ မေးခွန်းများအားမှန်ကန်သောအဖြေနှင့် တွဲပါ။

- မည်သည်ကို သုံးသပ်မည်နည်း။
- လေ့လာသုံးသပ်ခြင်း၏ရည်ရွယ်ချက်မှာအဘယ်နည်း။
- မည်သူက လေ့လာသုံးသပ်မည်နည်း။
- မည်သည့်အချိန်တွင် ပြုလုပ်မည်နည်း။
- လေ့လာသုံးသပ်ခြင်းသည် စောင့်ကြည့်စစ်ဆေးခြင်းနှင့်မည်သို့ကွဲပြားသနည်း။

(a) စီမံကိန်းအကျိုးသက်ရောက်မှု

(b) စီမံကိန်းမန်နေဂျာ

(c) ဦးတည်ချက်

(d) စီမံကိန်းဝန်ထမ်း

(e) ရည်မှန်းချက်များဖြစ်မြောက်မှု

(f)  ကျွမ်းကျင်အကြံပေးပုဂ္ဂိုလ်များ

(g) စီမံကိန်းဆောင်ရွက်မှုထက်ဝက်ပြီးဆုံးသည့်အချိန်

(h) အလှူရှင်များ

(i) ရည်မှန်းချက်များဖြစ်မြောက်မှုရှိ/မရှိကြည့်ရှုခြင်း

(j) အသေးစိတ်မှုအဆင့်

(a) စီမံကိန်း၏အဆုံးပိုင်း(နောက်ဆုံးလေ့လာသုံးသပ်မှု)

(b) စီမံကိန်း၏ထိရောက်မှု

(c) လုံလောက်မှု/ကုန်ကျစရိတ်၏ထိရောက်မှု

(d) အချိန်နှင့်အံဝင်ခွင်ကျဖြစ်ခြင်း

(e) စီမံကိန်းမည်မျှထိရောက်မှုရှိသည်ကိုရှာဖွေခြင်း

(f) လုပ်ဆောင်ချက်များဖြစ်မြောက်အောင်ဆောင်ရွက်ပြီးစီးမှု

(g) အနာဂတ်လုပ်ဆောင်ချက်များတိုးတက်ကောင်းမွန်စေရန်အတွက် အတွေ့အကြုံများမှလေ့လာသင်ယူခြင်း

(h) စီမံကိန်းအတောအတွင်း ရေးဆွဲချမှတ်ထားသည့်အချိန်

(i) လုပ်ဆောင်သည့်အရာများ မည်မျှကောင်းမွန်စွာပြီးဆုံးသည်ကို လေ့လာသင်ယူခြင်း

# ၆.၂.၁ စီမံကိန်းအားလေ့လာသုံးသပ်ခြင်း

လေ့ကျင့်ခန်း(၁)

အကြံပြုချက်။ ။ နှစ်ယောက်တစ်တွဲ။

အဖြေများ

| မည်သည်ကိုသုံးသပ်မည်နည်း။ | လေ့လာသုံးသပ်ခြင်း၏ ရည်ရွယ်ချက်မှာ အဘယ်နည်း။ | မည်သူကလေ့လာသုံးသပ်မည်နည်း။ |
|---|---|---|
| (a) စီမံကိန်းအကျိုးသက်ရောက်မှု<br>(e) ရည်မှန်းချက်များဖြစ်မြောက်မှု<br>(l) စီမံကိန်း၏ထိရောက်မှု<br>(m) လုံလောက်မှု/ ကုန်ကျစရိတ်၏ ထိရောက်မှု<br>(p) လုပ်ဆောင်ချက်များ ဖြစ်မြောက်အောင်ဆောင်ရွက် ပြီးစီးမှု | (i) ရည်မှန်းချက်များ ဖြစ်မြောက်မှုရှိ/မရှိကြည့်ရှုခြင်း<br>(o) စီမံကိန်းမည်မျှထိရောက်မှုရှိ သည်ကို ရှာဖွေခြင်း<br>(q) အနာဂတ်လုပ်ဆောင်ချက်များ တိုးတက်ကောင်းမွန်စေရန်အတွက် အတွေ့အကြုံများမှ လေ့လာ သင်ယူခြင်း<br>(s) လုပ်ဆောင်သည့်အရာများ မည်မျှကောင်းမွန်စွာပြီးဆုံးသည်ကို လေ့လာသင်ယူခြင်း | (b) စီမံကိန်းမန်နေဂျာ<br>(d) စီမံကိန်းဝန်ထမ်း<br>(f) ကျွမ်းကျင်အကြံပေး ပုဂ္ဂိုလ်များ<br>(h) အလှူရှင်များ |


| မည်သည့်အချိန်တွင် ပြုလုပ်မည်နည်း။ | လေ့လာသုံးသပ်ခြင်းသည် စောင့်ကြည့်စစ်ဆေးခြင်းနှင့် မည်သို့ကွဲပြားသနည်း။ |
|---|---|
| (g) စီမံကိန်းဆောင်ရွက်မှု ထက်ဝက်ပြီးဆုံးသည့်အချိန်<br>(k) စီမံကိန်း၏အဆုံးပိုင်း(နောက် ဆုံးလေ့လာသုံးသပ်မှု)<br>(r) စီမံကိန်းအတောအတွင်း ရေးဆွဲချမှတ်ထားသည့်အချိန် | (c) ဦးတည်ချက်<br>(j) အသေးစိတ်မှုအဆင့်<br>(n) အချိန်နှင့်အံဝင်ခွင်ကျ ဖြစ်ခြင်း |

## တိုင်းတာမှုများ


## တိုင်းတာမှုများ

စောင့်ကြည့်စစ်ဆေးမှုနှင့် လေ့လာသုံးသပ်မှု၏ ပထမဦးဆုံးသောအဆင့်များထဲမှတစ်ခုမှာ- အသုံးပြုမည့် တိုင်းတာမှုအချက်များကို ရွေးချယ်ခြင်းဖြစ်သည်။


တိုင်းတာမှုများသည် စီမံကိန်းရည်မှန်းချက်ပြီးမြောက်မှုကိုတိုင်းတာခြင်းနှင့် အောင်မြင်မှုကိုပြသသည့် သတင်းအပိုင်းအစများဖြစ်သည်။ ယေဘုယျအားဖြင့် တိုင်းတာမှုအချက်(၃)ချက်ရှိသည်။



Input တိုင်းတာမှု- စီမံကိန်းထဲ၌ဝင်ရောက်ဖြစ်ပေါ်သော အရာများကိုဖော်ပြသည်။ ဥပမာ- သင်တန်းကြာချိန်၊ သုံးစွဲလိုက်သည့်ငွေပမာဏအစရှိသဖြင့်။



Output တိုင်းတာမှု- စီမံကိန်းလုပ်ဆောင်ချက်များဖြစ်သော လေ့ကျင့်သင်ကြားမှု ခံယူပြီးသည့် ရပ်ရွာဒေသခံအဖွဲ့ဝင်အရေအတွက်၊ မိခင်များအသင်းတွင် အမည်စာရင်း ပေးသွင်းသည့်အမျိုးသမီးဦးရေ အစရှိသဖြင့်။



Impact တိုင်းတာမှု- လက်ရှိအခြေအနေမှ အလိုရှိသည့်အခြေအနေသို့ အမှန်တကယ် ပြောင်းလဲမှု ရှိ/မရှိ တိုင်းတာခြင်းဖြစ်သည်။ ဥပမာ- မွေးကင်းစကလေး သေဆုံးမှုနှုန်းလျော့သွားခြင်း၊ လူဦးရေတိုးပွားမှုနှုန်းလျော့သွားခြင်းနှင့် ဆယ်ကျော်သက်မိန်းကလေးငယ်များ ကိုယ်ဝန်ရှိမှုလျော့သွားခြင်း။

Input တိုင်းတာမှုနှင့် Output တိုင်းတာမှုသည် Impact တိုင်းတာမှုထက် ပိုမိုလွယ်ကူပါသည်။ သို့သော် ၎င်းတို့သည်စီမံကိန်းအောင်မြင်မှုကိုမူ အနည်းငယ်သာ တိုင်းတာ၍ရသည်။

## လေ့ကျင့်ခန်း ၁

အောက်ပါရည်မှန်းချက်နှစ်ချက်အား တိုင်းတာခြင်းကိုပြသသည့်ဥပမာဇယားကိုကြည့်ပါ။
တိုင်းတာမှုတစ်ခုစီသည် Input ၊ Output ၊ (သို့) Impact ဖြစ်သည်ကို ခွဲခြားပါ။

| ပန်းတိုင်- တိုကာရာရွာနှင့် အနီးနားရပ်ရွာဒေသရှိအမျိုးသမီးများ မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုများ ပိုမိုရရှိလာစေရန်။ | |
|---|---|
| ရည်မှန်းချက် | တိုင်းတာမှုများ |
| ၁။ တိုကာရာရွာနှင့် အနီးနားရပ်ရွာဒေသရှိ အမျိုးသမီးဦးရေ ၁၀၀၀အား အလုပ်ရုံဆွေးနွေးပွဲ သင်တန်းများနှင့် အိမ်တိုင်ရာရောက်သွားရောက် တွေ့ဆုံမှုများမှတစ်ဆင့် မျိုးဆက်ပွားကျန်းမာရေး ဆိုင်ရာနှင့် မိသားစုစီမံကိန်းသတင်းအချက် အလက်များ ဝေမျှအသိပေးခြင်းမှာ နှစ်ဆုံးပိုင်း တွင်ပြီးမြောက်ရမည်။ | a. ပြုလုပ်မည့်အလုပ်ရုံဆွေးနွေးပွဲသင်တန်းများ အကြိမ်ရေ<br>b. အလုပ်ရုံဆွေးနွေးပွဲသင်တန်းတစ်ခုစီတွင် တက်ရောက်မည့် အမျိုးသမီးဦးရေ<br>c. မိသားစုစီမံကိန်းအကြောင်း ပညာပေး ဆွေးနွေးမည့်သူများမှ သွားရောက်တွေ့ဆုံမည့် အိမ်ထောင်မိသားစုအရေအတွက် |
| ၂။ အထူးကုသမှုခံယူရန်လိုအပ်သော အမျိုးသမီး များအားလုံးကို မြို့ပေါ်ရှိဆေးရုံကြီးသို့ လွှဲပြောင်း ကုသမှုခံယူရရှိနိုင်ရန်။ | a. အထူးကုသမှုကို ခံယူရန်လိုအပ်သော အမျိုးသမီးဦးရေ<br>b. မြို့ပေါ်ဆေးရုံကြီးတွင် ကုသမှုခံယူရရှိသည့် တိုကာရာရွာနှင့် အနီးနားရပ်ရွာဒေသမှ လာသော အမျိုးသမီးအရေအတွက်<br>c. အထူးကုသမှုခံယူရန်လိုအပ်သော အမျိုးသမီး ဦးရေထဲမှ အမှန်တကယ်ကုသမှုခံယူရရှိသည့် အမျိုးသမီးဦးရေရာခိုင်နှုန်း |

အကြံပြုချက်။ ။ နှစ်ယောက်တစ်တွဲ။

အဖြေများ

| ပန်းတိုင်- တိုကာရာရွာနှင့် အနီးနားရပ်ရွာဒေသရှိအမျိုးသမီးများ မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုများပိုမိုရရှိလာစေရန်။ | |
|---|---|
| ရည်မှန်းချက် | တိုင်းတာမှုများ |
| ၁။ | a. Input တိုင်းတာမှု<br>b. Outputတိုင်းတာမှု<br>c. Input တိုင်းတာမှု |
| ၂။ | a. Output တိုင်းတာမှု<br>b. Impact တိုင်းတာမှု<br>c. Impact တိုင်းတာမှု |

Input တိုင်းတာမှုများမှာ စီမံကိန်းထဲထည့်ဝင်မှုများကိုတိုင်းတာသည်။ သင်တန်းပေးမှုအကြိမ်ရေ၊ အိမ်တိုင်ရာရောက် သွားရောက်တွေ့ဆုံသည့်အကြိမ်ရေ

Output တိုင်းတာမှုများမှာ သင့်လုပ်ဆောင်ချက်များ၏ ရလဒ်ကိုတိုင်းတာသည်။ သင်တန်းတက်ရောက်သူ အရေအတွက်နှင့် ကုသမှုခံယူသည့်အရေအတွက်

Impact တိုင်းတာမှုများမှာ စီမံကိန်း၏ထိရောက်မှုနှင့် တာရှည်ခံသည့်ရလဒ်ကိုတိုင်းတာသည်။ ကုသမှုခံယူပြီး ယခုအခါကျန်းမာလျက်ရှိသည့် အမျိုးသမီးဦးရေနှင့်ရာခိုင်နှုန်း

ဆွေးနွေးပါ။

ကျောင်းသားများ၏အဖြေများကွဲပြားမည်။ လေ့ကျင့်ခန်း ၁ မှတိုင်းတာမှုများသည် အခြေအနေကို ပို၍တိကျရှင်းလင်းစွာသိရှိစေပြီး ပြောင်းလဲမှုကိုလည်းရှင်းလင်းစွာဖော်ပြနိုင်သည်။

## လေ့ကျင့်ခန်း ၁

အကြံပြုချက်။ ။ တစ်ဦးချင်း၊ ထို့နောက်နှိုင်းယှဉ်ရန်နှစ်ယောက်တစ်တွဲတွဲပါ။

ကျောင်းသားများ၏အဖြေများကွဲပြားမည်။ ဖြစ်နိုင်ခြေရှိသည့်အဖြေများမှာ

| ရည်မှန်းချက် | တိုင်းတာမှုများ |
|---|---|
| ၃။ မိခင် ၃၀၀ကို အာဟာရဓါတ်နှင့် တစ်ကိုယ်ရေ သန့်ရှင်းမှုသင်တန်းပေးခြင်းဖြင့် အသက် ၅နှစ် အောက်ကလေးများ ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်မှုနှုန်းကိုလျှော့ချရန် | a. Input- သင်တန်းပြုလုပ်မှုအကြိမ်ရေ<br>b. Output- သင်တန်းတက်ရောက်သည့်မိခင် အရေအတွက်<br>c. Impact- အသက် ၅နှစ်အောက် ကလေးများ ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားသည့် ရာခိုင်နှုန်း လျှော့ကျမှု |

ဖြစ်နိုင်သည့်ကောင်းကျိုးများ

Input / Output တိုင်းတာမှုများကို တိုင်းတာရန်လွယ်ကူပြီး အောင်မြင်မှုကိုလည်းဖော်ပြနိုင်သည်။

Impact တိုင်းတာမှုမှာ စီမံကိန်း၏ရည်မှန်းချက်ကို တိုက်ရိုက်တိုင်းတာခြင်းဖြစ်သည်။ အသက်၅နှစ်အောက် ကလေးငယ်များ ဝမ်းရောဂါဖြစ်ပွားမှုလျှော့ချရန်

ဖြစ်နိုင်သည့်ဆိုးကျိုးများ

Input / Output တိုင်းတာမှုသည်အရေအတွက်ဖြစ်၍ ရလဒ်ကိုအာမမခံနိုင်ပါ။ အကြောင်းမှာ သင်တန်း ပြုလုပ်သည့်အကြိမ်ရေနှင့် တက်ရောက်သောမိခင်ဦးရေမှာ မိခင်တို့၏အပြုအမူအလေ့အထများ ပြောင်းလဲနိုင် မည်ဟုမဆိုလိုနိုင်ပါ။

ပြောင်းလဲမှုအပေါ်ဆုံးဖြတ်ရန်ခက်ခဲသည်- ဝမ်းလျှောရောဂါသည် စီမံကိန်းနှင့်တိုက်ရိုက်ဆက်နွယ်မှု ရှိ/မရှိ မသိရှိနိုင်ပါ။ ဝမ်းလျှောသည့်ကလေးဦးရေမြင့်တက်နိုင်သော်လည်း စီမံကိန်းအောင်မြင်မှုမရှိဟု မဆိုလိုနိုင်ပါ- အခြားအကြောင်းအရာနှင့်လည်း ဆက်စပ်မှုရှိနိုင်သည်။

## လေ့လာသုံးသပ်မှု အစီအစဉ်ပြုလုပ်ခြင်း

တိုင်းတာချက်များသည်

- တိကျရှင်းလင်းရမည်
- စီမံကိန်းအခြေအနေနှင့် တိုက်ရိုက်ဆက်နွယ်မှုရှိရမည်
- ပြောင်းလဲမှုများအား မည်သူကိုမဆိုရှင်းလင်းစွာပြသနိုင်ရမည်

ဆွေးနွေးပါ။

လေ့ကျင့်ခန်း ၁ တွင်ပေးထားသည့် တိုင်းတာမှုများသည် ဤအချက်များနှင့်ကိုက်ညီမှုရှိပါသလား။ သင်ထပ်မံပေါင်းထည့်လိုသော တိုင်းတာမှုအချက်များရှိပါသလား။

## လေ့ကျင့်ခန်း ၂

အောက်ပါရည်မှန်းချက်ကိုကြည့်ပြီး တိုင်းတာမှုသုံးခုကိုရေးချပါ။(Input, Output နှင့် Impact တိုင်းတာမှုများတစ်ခုစီအတွက် ရေးပါ) -

| ရည်မှန်းချက် | တိုင်းတာမှုများ |
|---|---|
| ၁။ မိခင် ၃၀၀ကို အာဟာရဓါတ်နှင့် တစ်ကိုယ်ရေသန့်ရှင်းမှုသင်တန်းပေးခြင်းဖြင့် အသက်၅နှစ်အောက်ကလေးများ ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်မှုနှုန်းကိုလျှော့ချရန် | a.<br>b.<br>c. |

သင့်တိုင်းတာမှုများကို တွဲဖက်တစ်ဦးနှင့်နှိုင်းယှဉ်ပါ။
တိုင်းတာမှုတစ်ခုစီ၏ ကောင်းကျိုးနှင့်ဆိုးကျိုးများကိုဖော်ပြပါ။

## လေ့လာသုံးသပ်မှုအစီအစဉ်ပြုလုပ်ခြင်း

စီမံကိန်းရည်မှန်းချက်နှင့်လုပ်ဆောင်ချက်များကို စောင့်ကြည့်စစ်ဆေးသည့်စနစ်တစ်ခုတွင် အောက်ပါအချက်များအစဉ်လိုက်အတိုင်းပါဝင်သည်။

၁။ စောင့်ကြည့်စစ်ဆေးရန်လိုအပ်သည့် ရည်မှန်းချက်များစာရင်း

၂။ ရည်မှန်းချက်များပြီးမြောက်အောင်မြင်မှုရှိ/မရှိ တိုင်းတာခြင်းကိုစစ်ဆေးခြင်း။

၃။ လေ့လာသုံးသပ်သောအချက်အလက်များ၏ မူလအရင်းအမြစ်

၄။ လေ့လာသုံးသပ်ခြင်းအတွက် နည်းလမ်းများ(သို့)နည်းစနစ်များ

၅။ လုပ်ဆောင်ချက်တစ်ခုကိုလေ့လာသုံးသပ်ရန်အတွက် တာဝန်ရှိသူတစ်ဦး

## လေ့ကျင့်ခန်း ၃

အောက်ပါလေ့လာသုံးသပ်ခြင်း အစီအစဉ်ဆောင်ရွက်မှုကိုကြည့်ပါ။

စာမျက်နှာ ၇၀ တွင်ရှိသောရည်မှန်းချက်များနှင့် တိုင်းတာမှုများကိုအသုံးပြု၍ အောက်ပါဇယားကို ဖြည့်စွက်ပါ။

သင့်အနေဖြင့်တိုင်းတာမှုတစ်ခုစီအတွက် မည်သည့်အချက်အလက်အရင်းအမြစ်နှင့် လေ့လာသုံးသပ်သည့်နည်းလမ်းများရှိမည်ဟု ထင်မြင်သနည်း။

လေ့လာသုံးသပ်ခြင်းအစီအစဉ်ဆောင်ရွက်မှု -

| ရည်မှန်းချက် | လေ့လာသုံးသပ်မှုကို တိုင်းတာခြင်း | အချက်အလက်၏ အရင်းအမြစ် | လေ့လာသုံးသပ်သည့်နည်းလမ်း | တာဝန်ရှိသူ |
|---|---|---|---|---|
| ၁။ တိုကာရာရွာနှင့် အနီးနားရပ်ရွာဒေသရှိ အမျိုးသမီးဦးရေ ၁၀၀၀ အား အလုပ်ရုံဆွေးနွေးပွဲသင်တန်းများနှင့် အိမ်တိုင်ရာရောက် သွားရောက်တွေ့ဆုံမှုများမှတစ်ဆင့် မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာနှင့် မိသားစုစီမံကိန်း သတင်းအချက်အလက်များ ဝေမျှအသိပေးခြင်းမှာ နှစ်ဆုံးပိုင်းတွင် ပြီးမြောက်ရမည်။ | a. ပြုလုပ်သည့် အလုပ်ရုံဆွေးနွေးပွဲ သင်တန်းများ အကြိမ်ရေ | အလုပ်ရုံဆွေးနွေးပွဲ အဖွဲ့၏မှတ်တမ်း | အလုပ်ရုံဆွေးနွေးပွဲ မှတ်တမ်းကို ရေးဆွဲထားသည့် အစီအစဉ် ဆောင်ရွက်မှုနှင့် နှိုင်းယှဉ်ရန်- အချိန်ဇယားအား စစ်ဆေးခြင်း | ဒေါ်မေ |
| | b. | | | |
| | c. | | | |
| ၂။ | a. | | | |
| | b. | | | |
| | c. | | | |



## လေ့ကျင့်ခန်း ၃

အကြံပြုချက်။ ။နှစ်ယောက်တစ်တွဲ

ဤလေ့ကျင့်ခန်းတွင် ကျောင်းသားများအနေနှင့် တာဝန်ရှိသူအကွက်တွင်ဖြည့်စွက်ရန်မလိုပါ။ ကျောင်းသားများ၏ အဖြေမှာကွဲပြားနိုင်သည်။ ဖြစ်နိုင်သည့်အဖြေမှာ -

လေ့လာသုံးသပ်ခြင်းအစီအစဉ်ဆောင်ရွက်မှု

| ရည်မှန်းချက် | လေ့လာသုံးသပ်မှုကို တိုင်းတာခြင်း | အချက် အလက်၏ အရင်းအမြစ် | လေ့လာ သုံးသပ် သည့်နည်းလမ်း | တာဝန်ရှိသူ |
|---|---|---|---|---|
| ၁။ တိုကာရာရွာနှင့် အနီးနားရပ်ရွာဒေသရှိ အမျိုးသမီးဦးရေ ၁၀၀၀ အား အလုပ်ရုံဆွေးနွေးပွဲသင်တန်းများနှင့် အိမ်တိုင်ရာရောက် သွားရောက်တွေ့ဆုံမှုများ မှတစ်ဆင့် မျိုးဆက်ပွား ကျန်းမာရေးဆိုင်ရာနှင့် မိသားစုစီမံကိန်း သတင်းအချက်အလက်များ ဝေမျှအသိပေးခြင်းမှာ နှစ်ဆုံးပိုင်းတွင် ပြီးမြောက်ရမည်။ | a. ပြုလုပ်သည့် အလုပ်ရုံဆွေးနွေးပွဲ သင်တန်းများအကြိမ်ရေ | အလုပ်ရုံဆွေးနွေးပွဲ အဖွဲ့၏မှတ်တမ်း | အလုပ်ရုံဆွေးနွေးပွဲ မှတ်တမ်းကိုရေးဆွဲထားသည့် အစီအစဉ်ဆောင်ရွက်မှုနှင့် နှိုင်းယှဉ်ရန်- အချိန်ဇယားအား စစ်ဆေးခြင်း | ဒေါ်မေ |
| | b. သင်တန်း တက်ရောက်သည့် အမျိုးသမီးဦးရေ | သင်တန်းအဖွဲ့ မှတ်တမ်းအရ တက်ရောက်သူစာရင်း | သင်တန်းတစ်ခုစီ၌ တက်ရောက်သူဦးရေကို လျာထားချက်နှင့် နှိုင်းယှဉ်ရန် | |
| | c. မိသားစုစီမံကိန်း ပညာပေးသူမှ အိမ်တိုင်ရာရောက် တွေ့ဆုံမှုအကြိမ်အရေ အတွက် | အိမ်တိုင်ရာရောက် တွေ့ဆုံမှုမှတ်တမ်း၊ အဖွဲ့မှတ်တမ်း | အိမ်တိုင်ရာရောက် တွေ့ဆုံမှုမှတ်တမ်းကို ရေးဆွဲထားသည့် အစီအစဉ်ဆောင်ရွက်မှုနှင့် နှိုင်းယှဉ်ရန်- အချိန်ဇယား စစ်ဆေးခြင်း | |
| ၂။ မြို့ပေါ်ရှိဆေးရုံတွင် ကုသမှုခံယူရန် လိုအပ်သည့်အမျိုးသမီးများ | a. အထူးကုသမှု ခံယူရန်လိုအပ် သည့်အမျိုးသမီးဦးရေ | အိမ်တိုင်ရာရောက် တွေ့ဆုံမှုနှင့်မေးမြန်းမှု မှတ်တမ်း | မှတ်တမ်းမှတ်ရာ များစစ်ဆေးကာ တောင်းဆိုမှုပြုသည့် အရေအတွက်ကို သတ်မှတ်ခြင်း | |
| | b. မြို့ပေါ်ဆေးရုံ ကြီးတွင်ကုသမှု ခံယူရရှိသည့် တိုကာရာရွာနှင့် အနီးနားရပ်ရွာ ဒေသမှလာသော အမျိုးသမီး အရေအတွက် | မြို့ပေါ်ဆေးရုံ၏ မှတ်တမ်း | မြို့ပေါ်ဆေးရုံ၏ မှတ်တမ်းရရှိရန် ဆက်သွယ်ထားခြင်း | |
| | c. အထူးကုသမှုခံ ယူရန်လိုအပ် သောအမျိုးသမီး ဦးရေထဲမှ အမှန် တကယ်ကုသမှု ခံယူရရှိသည့် အမျိုးသမီးဦးရေ ရာခိုင်နှုန်း | ကုသမှုခံယူရန် လိုအပ်သောအမျိုး သမီးများအား တွေ့ဆုံမေးမြန်းခြင်း | ကုသမှုခံယူရန် သတ်မှတ် ထားသည့်အမျိုးသမီးများ ၏အိမ်သို့ ထပ်မံ သွားရောက်၍ ကုသမှုခံယူမှုရှိ/မရှိ စစ်ဆေးခြင်း - ကုသမှု ခံယူသည့်မှတ်တမ်းနှင့် ကုသမှုခံယူရန် သတ်မှတ် ထားသည့်စာရင်းကို နှိုင်းယှဉ်ခြင်း | |

# ၆.၃ စွန့်စားရမည့်အခြေအနေကို စီမံခန့်ခွဲခြင်း

မသေချာမရေရာမှုများကို ရင်ဆိုင်ဖြေရှင်းခြင်း

လိုအပ်ပါကသင်တန်းသားများကို ပြန်လည်သတိပေးရန်

ရုပ်ပိုင်းဆိုင်ရာနှင့်ဆိုင်သောစွန့်စားမှု- ပစ္စည်း၊ ကိရိယာနှင့် သက်ဆိုင်သည်

လူနှင့်သက်ဆိုင်သည့်စွန့်စားမှု- ဥပမာစီမံကိန်းအဖွဲ့ဝင်(သို့) ဒေသခံအဖွဲ့ဝင်များ

ဘဏ္ဍာရေးနှင့်ဆိုင်သောစွန့်စားမှု - ငွေကြေးနှင့်သက်ဆိုင်သည်

နိုင်ငံရေးနှင့်ဆိုင်သောစွန့်စားမှု - စည်းမျဉ်းစည်းကမ်းများနှင့် အခွင့်အာဏာတို့နှင့်သက်ဆိုင်သည်၊
ဥပမာ- ခွင့်ပြုမိန့်(ပါမစ်)

သဘာဝပတ်ဝန်းကျင်နှင့်ဆိုင်သောစွန့်စားမှု- သင်၏ဝန်းကျင်ကမ္ဘာနှင့်သက်ဆိုင်သည်၊
ဥပမာ- ရာသီဥတုအခြေအနေ

လေ့ကျင့်ခန်း ၁

အကြံပြုချက်။ ။တစ်ဦးချင်းစီ၊ ထို့နောက်နှိုင်းယှဉ်ရန် နှစ်ယောက်တစ်တွဲတွဲပါ။

အဖြေများ

a. လူသား- အဖွဲ့ဝင်နှင့် တိုက်ရိုက်ပါဝင်ပတ်သက်သောကြောင့်ဖြစ်သည်။

b. နိုင်ငံရေး- စည်းမျဉ်းစည်းကမ်းများနှင့် လုပ်ဆောင်မှုအဆင့်ဆင့်ပါဝင်သောကြောင့်ဖြစ်သည်။

c. ဘဏ္ဍာရေး- ငွေကြေးပါဝင်မှုရှိပြီး သင့်ဘဏ္ဍာရေးအပေါ် အကျိုးသက်ရောက်မှုရှိနိုင်သည်။

d. ရုပ်ပိုင်းဆိုင်ရာ- သင်လိုအပ်သည့်လျှပ်စစ်မီး၊ ရုပ်ပိုင်းဆိုင်ရာအရင်းအမြစ်အပေါ် အကျိုးသက်ရောက်မှု ရှိသည်။


e. သဘာဝပတ်ဝန်းကျင်- သင်၏ဝန်းကျင်ကမ္ဘာအပေါ် အကျိုးသက်ရောက်မှုရှိသောကြောင့်ဖြစ်သည်။

# ၆.၃ စွန့်စားရမည့်အခြေအနေကို စီမံခန့်ခွဲခြင်း

## မသေချာမရေရာမှုများကို ရင်ဆိုင်ဖြေရှင်းခြင်း

စီမံကိန်းတစ်ခုစီတွင်ဖြစ်ပေါ်လာနိုင်သောပြဿနာများကို စီမံကိန်းမန်နေဂျာမှတိတိကျကျမသိရှိသည့်အချိန်တွင် ဖြစ်နိုင်ခြေရှိသောပြဿနာများကိုသိရှိထားရန်အရေးကြီးပြီး မည်သည့်အရာသည်အခြားသောအရာများထက် ဆုံးရှုံးမှုပိုမိုကြီးမားနိုင်သည်ကိုသိရှိကာ ၄င်းအားရှောင်ရှားခြင်း(သို့) ၄င်းအတွက်ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်သင့်သည်။ ၄င်းတို့ကိုစီမံခန့်ခွဲရန်အတွက် အစီအစဉ်နှင့်အရင်းအမြစ်များရှိခြင်းသည် စီမံကိန်းအားလုံးအတွက် အရေးကြီးသောအဓိကအစိတ်အပိုင်းတစ်ခု ဖြစ်သည်။ ၄င်းအားစွန့်စားရမည့်အခြေအနေကို စီမံခန့်ခွဲခြင်းဟုခေါ်သည်။

သင့်တွင်ရှိသောအရင်းအမြစ်များကို စီမံခန့်ခွဲသည့်အတိုင်းပင် စီမံကိန်းမှတွေ့ကြုံနိုင်သည့် စွန့်စားမှုဖြစ်ရပ်များမှာ ယေဘုယျအားဖြင့် ရုပ်ပိုင်းဆိုင်ရာ၊ လူသားနှင့်ဘဏ္ဍာရေးအစရှိသည့် သုံးမျိုးသုံးစားထဲတွင်ပါဝင်သည်။ သို့သော် ပို၍ကြီးမားသောအချက်များလည်းရှိသည်။ ဥပမာ- နိုင်ငံရေးနှင့် သဘာဝပတ်ဝန်းကျင်နှင့်ဆိုင်သော စွန့်စားမှုများမှာ သင့်စီမံကိန်းအောင်မြင်မှုကိုထိခိုက်နိုင်သည်။




### လေ့ကျင့်ခန်း ၁

အောက်ပါပေးထားသောပြဿနာများကို မှန်ကန်သောခေါင်းစဉ်နှင့်တွဲဆက်ပါ။ -

က. စီမံကိန်းမန်နေဂျာ၏ လက်ကောက်ဝတ် ကျိုးသွားသည်။

ခ. စီမံကိန်းအသင်းအဖွဲ့မှ ခရီးသွားလာနိုင်မှု အတွက် ခွင့်ပြုချက်တောင်းခံရာတွင် ငြင်းပယ်ခြင်း ခံရသည်။

ဂ. ပစ္စည်းဈေးနှုန်းများမြင့်တက်လာသည်။

ဃ.သင်၏ရုံးတွင် လျှပ်စစ်မီးပြတ်တောက်နေသည်။

င. သင့်စီမံကိန်းနယ်မြေ၏အနီးတစ်ပိုက်ဒေသမှာ မိုးရာသီအချိန်တွင်ရေလွှမ်းမိုးလျက်ရှိသည်။

စွန့်စားရမည့်အခြေအနေကိုစီမံခန့်ခွဲခြင်းတွင် အကယ်၍ အရေးပေါ်အခြေအနေတစ်ခုခုဖြစ်ပေါ်ပါက ပြုလုပ်ရမည့်အရာများအတွက် အစီအစဉ်ကြိုတင်ရေးဆွဲထားခြင်းတို့ပါဝင်သည်။ ဤအရာကိုပြုလုပ်နိုင်ရန်အတွက် သင်တွေ့ကြုံနိုင်သည့်ပြဿနာများနှင့် ၄င်းတို့မှဖြစ်ပေါ်လာနိုင်သည့်အကျိုးသက်ရောက်မှုကို လေ့လာထားရမည်ဖြစ်သည်။

### ဆွေးနွေးပါ။

မျိုးဆက်ပွားကျန်းမာရေးဝန်ဆောင်မှုစီမံကိန်းအတွက် လေ့လာသုံးသပ်ခြင်းအစီအစဉ်ဆောင်ရွက်မှုကို ပြန်လည်ကြည့်ရှုပါ။ ၄င်းစီမံကိန်းတွင် မည်သည့်စွန့်စားရမည့်အရာများဖြစ်ပေါ်နိုင်သနည်း။ ၄င်းဖြစ်ရပ်များသည် စီမံကိန်းအပေါ်မည်သို့အကျိုးသက်ရောက်မှုရှိနိုင်သနည်း။



## အကျိုးသက်ရောက်မှု

ဖြစ်ပေါ်လာနိုင်သောပြဿနာများအတွက် ကြိုတင်ပြင်ဆင်ရာတွင် ၄င်းပြဿနာမှစီမံကိန်းအပေါ်ကြီးမားသော(သို့) သေးငယ်သောအကျိုးသက်ရောက်မှုရှိ/မရှိကို ဆုံးဖြတ်ရန်နည်းလမ်းထားရှိခြင်းမှာ အကူအညီဖြစ်လိမ့်မည်။ အောက်ပါဇယားသည် ဖြစ်ပေါ်လာနိုင်သည့်စွန့်စားရမည့်အခြေအနေကို လေ့လာခြင်းဖြစ်သည်။

မြင့်မားသော/ အနည်းငယ်သော အကျိုးသက်ရောက်မှု/ ဖြစ်နိုင်ခြေတွက်ချက်သည့်ဇယား

| | | | |
|---|---|---|---|
| မြင့်မားသောအကျိုးသက်ရောက်မှု / ဖြစ်နိုင်ခြေနည်းသည် ဤသည်မှာသင့်စီမံကိန်းအပေါ် လွန်စွာထိခိုက်နိုင်သောအကျိုးသက်ရောက်မှုရှိသည်။ သို့သော်ဖြစ်ပေါ်လာနိုင်ခြေနည်းပါးသည်။ | မြင့်မားသောအကျိုးသက်ရောက်မှု / ဖြစ်နိုင်ခြေနည်းသည် | မြင့်မားသောအကျိုးသက်ရောက်မှု / ဖြစ်နိုင်ခြေများသည် | မြင့်မားသော အကျိုးသက်ရောက်မှု / ဖြစ်နိုင်ခြေများသည် ဤသည်မှာ သင့်စီမံကိန်းအပေါ် လွန်စွာထိခိုက်နိုင်သောအကျိုးသက်ရောက်မှုရှိပြီး ဖြစ်ပေါ်လာနိုင်သည့်အလားအလာရှိသည်။ |
| အနည်းငယ်သောအကျိုး သက်ရောက်မှု / ဖြစ်နိုင်ခြေနည်း သည် ဤသည်မှာ သင့်စီမံကိန်းအပေါ် သက်ရောက်မှုများစွာမရှိ။ ဖြစ်ပေါ်လာနိုင်ခြေလည်းနည်းပါးသည်။ | အနည်းငယ်သောအကျိုးသက်ရောက်မှု / ဖြစ်နိုင်ခြေနည်းသည် | အနည်းငယ်သောအကျိုးသက်ရောက်မှု / ဖြစ်နိုင်ခြေများသည် | အနည်းငယ်သောအကျိုးသက်ရောက်မှု / ဖြစ်နိုင်ခြေများသည် ဤသည်မှာ သင့်စီမံကိန်းအပေါ် သက်ရောက်မှုများစွာမရှိပါ။ သို့သော်ဖြစ်ပေါ်လာနိုင်ခြေများသည်။ |

အကျိုးသက်ရောက်မှုမြင့်မားပြီး ဖြစ်နိုင်ခြေများသောစွန့်စားမှုဖြစ်ရပ်ပြဿနာများကို ရင်ဆိုင်နိုင်ရန်အတွက် သင့်အနေနှင့်အချိန်ယူကြိုတင်ပြင်ဆင်မှုများ ပြုလုပ်လိုလိမ့်မည်။

အကျိုးသက်ရောက်မှုနည်းပါးပြီး ဖြစ်နိုင်ခြေနည်းသောဖြစ်ရပ်များအတွက် များသောအားဖြင့်ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ရန်မလိုအပ်ပေ။

## ဆွေးနွေးပါ။

ကျောင်းသားများ၏အဖြေများကွဲပြားနိုင်သည်။ ဆေးရုံမှမှတ်တမ်းများရရှိရန်မှာ နိုင်ငံရေးဆိုင်ရာစွန့်စားမှုနှင့် သက်ဆိုင်ကောင်းသက်ဆိုင်လိမ့်မည်။ သူတို့သတ်မှတ်ထားသည့်စည်းမျဉ်းများနှင့် ဆန့်ကျင်မှုဖြစ်နိုင်သည်။ ၄င်းမှတ်တမ်းများကိုရရှိနိုင်ရန် အခြားသောနည်းလမ်းဖြင့်ရှာဖွေရမည်။ ထိုမျှမက သဘာဝပတ်ဝန်းကျင်စွန့်စားမှုနှင့်ဆိုင်သည့် ရေကြီးခြင်းလည်းရှိကောင်းရှိမည်(သို့) အိမ်တိုင်ရာရောက်သွားရောက်ရန် လုံလောက်သည့် သယ်ယူပို့ဆောင်ရေးမရရှိသည့် ရုပ်ပိုင်းဆိုင်ရာစွန့်စားမှုများလည်းရှိကောင်းရှိမည်။ လူနှင့်သက်ဆိုင်သော စွန့်စားမှုတွင် မိသားစုစီမံကိန်းအတွက် သွားရောက်ပညာပေးဆွေးနွေးမည့် ပုဂ္ဂိုလ်များမလုံလောက်ခြင်း။ ဆိုလိုသည်မှာ အိမ်ထောင်စုအများအပြားထံသို့သွားရောက်ခြင်းသည် အချိန်ပိုကြာမြင့်မည်ဖြစ်သည်။

### အကျိုးသက်ရောက်မှု

## လေ့ကျင့်ခန်း ၂

အကြံပြုချက်။ ။နှစ်ယောက်တစ်တွဲ၊ ထို့နောက်အဖွဲ့ငယ်များအတွင်းနှိုင်းယှဉ်စေပါ။

ကျောင်းသားများ၏အဖြေများမှာ အနည်းငယ်ကွဲပြားနိုင်သည်- ကျောင်းသားများအား ၎င်းတို့၏ ရွေးချယ်မှုများအတွက် အကြောင်းပြချက်ပေး၍ရှင်းလင်းစေပါ။

| | |
|---|---|
| မြင့်မားသောအကျိုးသက်ရောက်မှု / ဖြစ်နိုင်ခြေနည်းသည်<br>၅။ တိုကာရာရွာ၌ မြေလျောင်တစ်ခု လှုပ်ခတ်သွားသည်။ | မြင့်မားသောအကျိုးသက်ရောက်မှု / ဖြစ်နိုင်ခြေများသည်<br>၄။ သင်တန်းပေးမည့်သူသည် သယ်ယူပို့ဆောင်ရေးအခက်အခဲကြောင့် နောင့်နေးသည်။<br>၆။ ရပ်ရွာဒေသခံများသည် ဤစီမံကိန်းကို မထောက်ခံကြပါ။ အငြင်းပွားဖွယ်အခြေအနေအဖြစ်တွေ့မြင်နေရသည်။<br>၇။ သင်တန်းသို့ အမျိုးသမီးအများအပြား တက်ရောက်ခြင်းမရှိ။<br>၉။ ဤဒေသရှိအမျိုးသမီးများမှာ ဘာသာစကားတစ်မျိုးတည်း ပြောဆိုခြင်းမရှိပါ။ |
| အနည်းငယ်သော အကျိုးသက်ရောက်မှု / ဖြစ်နိုင်ခြေနည်းသည်<br>၂။ သင်တန်းခန်းမနှင့်နီးသောလမ်းမကြီးမှ ယာဉ်ဆူညံသံများကြားနေရသည်။<br>၈။ သင်တန်းခန်းမဌားရမ်းခမှာထင်ထားသည်ထက်ပို၍ ဈေးကြီးနေသည်။ | အနည်းငယ်သော အကျိုးသက်ရောက်မှု / ဖြစ်နိုင်ခြေများသည်<br>၁။ ကွန်ပြူတာအသုံးပြုပြီး ရှင်းလင်းတင်ပြရန်အတွက် နည်းပညာပိုင်းဆိုင်ရာအခက်အခဲရှိသည်။<br>၃။ သင်တန်းပြုလုပ်သည့်နေရာ၌ လေအေးပေးစက်မရှိပါ။ |

ဆွေးနွေးပါ။

ကျောင်းသားများ၏အဖြေများမှာကွဲပြားနိုင်သည်။ အခြားစွန့်စားဆောင်ရွက်ရန် အခြေအနေများမှာ စီမံကိန်းအတွက် ငွေအလုံအလောက်မရရှိခြင်း၊ အဖွဲ့ဝင်ဖျားနာခြင်း၊ သယ်ယူပို့ဆောင်မှုယာဉ်ချို့ယွင်းသွားခြင်း။

## လေ့ကျင့်ခန်း ၂

စီမံကိန်း၏တစိတ်တဒေသဖြစ်သော တိုကာရာရွာရှိအမျိုးသမီးများ၏ ကျန်းမာရေးကောင်းမွန် တိုးတက်စေရန်အတွက် မျိုးဆက်ပွားကျန်းမာရေးနှင့် မိသားစုစီမံကိန်းနှင့်ပတ်သက်သော အလုပ်ရုံ ဆွေးနွေးပွဲများ တစ်ကြိမ်ပြီးတစ်ကြိမ် ကျင်းပပြုလုပ်ရန်အစီအစဉ်ရေးဆွဲထားသည်။

အောက်ပါပေးထားသော စွန့်စားမှုပြုရမည့်ဖြစ်ရပ်များအား ပေးထားသောဇယားကွက်လေးကွက်၌ သင့်လျော်သောအကွက်တွင် ဖြည့်စွက်ပါ။

၁။ ကွန်ပြူတာအသုံးပြုပြီးရှင်းလင်းတင်ပြရန် အတွက် နည်းပညာပိုင်းဆိုင်ရာအခက်အခဲရှိသည်။

၂။ သင်တန်းခန်းမနှင့်နီးသောလမ်းမကြီးမှ ယာဉ်ဆူညံသံများကြားနေရသည်။

၃။ သင်တန်းပြုလုပ်သည့်နေရာ၌ လေအေးပေးစက် မရှိပါ။

၄။ သင်တန်းပေးမည့်သူသည် သယ်ယူပို့ဆောင်ရေး အခက်အခဲကြောင့်နှောင့်နှေးသည်။

၅။ တိုကာရာရွာ၌ မြေလျှောင်တစ်ခု လျှပ်ခတ်သွား သည်။

၆။ ရပ်ရွာဒေသခံများသည် ဤစီမံကိန်းကို မထောက်ခံကြပါ။ အငြင်းပွားဖွယ်အခြေအနေအဖြစ် တွေ့မြင်နေရသည်။

၇။ သင်တန်းသို့ အမျိုးသမီးအများအပြား တက်ရောက်ခြင်းမရှိ။

၈။ သင်တန်းခန်းမငှားရမ်းခမှာ ထင်ထားသည် ထက်ပို၍ဈေးကြီးနေသည်။

၉။ ဤဒေသရှိအမျိုးသမီးများမှာ ဘာသာစကားတစ် မျိုးတည်းပြောဆိုခြင်းမရှိပါ။



**ဆွေးနွေးပါ။**

စီမံကိန်းဆောင်ရွက်မှုများကိုထိခိုက်နိုင်သော ဖြစ်ရပ်(၄)ခုကိုဖော်ပြပါ။

သင်သည် ဖြစ်နိုင်ခြေရှိသည့် ပြဿနာများကို လေ့လာသိရှိပြီးသည့်အခါတွင် ၎င်းတို့အား သင်မည်သို့စီမံခန့်ခွဲမည်ကို ကြိုတင်အစီအစဉ်ရေးဆွဲထားနိုင်သည်။

၁။ ကြိုတင်ခန့်မှန်းခြင်း- ဖြစ်ပေါ်လာနိုင်သည့် ပြဿနာများမဖြစ်ပေါ်မီ သင်မည်ကဲ့သို့ ကြိုတင်ပြင်ဆင်ထားမည်နည်း။

၂။ လျော့နည်းသွားစေခြင်း- အကယ်၍ပြဿနာဖြစ်ပေါ်ခဲ့ပါက အကျိုးသက်ရောက်မှုပိုမိုမဆိုးရွားခင် မည်ကဲ့သို့လျော့နည်းအောင်ပြုလုပ်မည်နည်း။

၃။ ကိုင်တွယ်ခြင်း- မည်သည့်အဆင့်တွင်မဆို သင်ရင်ဆိုင်ကြုံတွေ့ရမည့်ပြဿနာများကို သင့်အနေနှင့်အတတ်နိုင်ဆုံး မည်ကဲ့သို့ရင်ဆိုင်ဖြေရှင်းမည်နည်း။

ဆွေးနွေးပါ။

လေ့ကျင့်ခန်း ၂ ရှိစွန့်စားဆောင်ရွက်ရမည့်ဖြစ်ရပ်များကို သင်မည်ကဲ့သို့စီမံခန့်ခွဲမည်နည်း။

ဤမေးခွန်းသုံးခု၏ဖြေဆိုချက်နှင့် ၎င်းတို့၏ပြန်လည်သုံးသပ်မှုမေးခွန်းများကို အတူတကွအသုံးပြုလိုက်သည့်အခါ ထိရောက်မှုအရှိဆုံးဖြစ်လာသည်။ ၎င်းတို့သည် စွန့်စားရမည့်အခြေအနေများ စီမံခန့်ခွဲခြင်းအတွက် အဓိကအချက်များကို ဖော်ပြပေးသည်။

### ဆွေးနွေးပါ။

ကျောင်းသားများ၏အဖြေများမှာ ကွဲပြားလိမ့်မည်။

အရေးကြီးဆုံးဦးတည်ဆောင်ရွက်ရမည့် စွန့်စားမှုဖြစ်ရပ်များမှာ မြင့်မားသောအကျိုးသက်ရောက်မှု / ဖြစ်နိုင်ခြေများသည့်အရာများပင်ဖြစ်သည်။ ၄င်းတို့ကိုအောက်ပါအချက်များဖြင့် စီမံခန့်ခွဲနိုင်သည်။

၄။ သင်တန်းပေးသူမှ တစ်ရက်စော၍ကြိုတင်ရောက်ရှိရန်စီစဉ်ပါ။

၆။ ဒေသအခြေအနေကို သေချာစွာလေ့လာထားပါ။ ဒေသခံများနှင့်ရင်းနှီးအောင် ကြိုးစားဆောင်ရွက်ပါ။ စီမံကိန်းအပေါ် နားလည်မှုလွဲမှားသွားနိုင်သည့် အမျိုးသားများကိုလည်းပါဝင်စေပါ။ သို့မှသာ စီမံကိန်း အကျိုးကျေးဇူးကို ဒေသခံအဖွဲ့ဝင်များအားလုံးမှ ရှင်းလင်းစွာနားလည်သိရှိမည် ဖြစ်သည်။

၇။ သင်တော်သည့်နည်းလမ်းများဖြင့် သင်တန်းအကြောင်းကြေငြာခြင်းနှင့် အမျိုးသမီးများတက်ရောက်နိုင်ရန် သင့်တော်သည့်အချိန်နှင့်နေရာကိုစီစဉ်ရေးဆွဲပါ။

၉။ ဤအရာများကို ရပ်ရွာဒေသတွင်းလေ့လာမှုများပြုလုပ်ချိန်တွင် သိရှိထားရမည်ဖြစ်ပြီး သင်တန်းနှင့် အိမ်တိုင်ရာရောက်တွေ့ဆုံမှုအတွက် စကားပြန်များဌားရမ်းရမည်ဖြစ်သည်။

အကြံပြုချက်။ ။နှစ်ယောက်တစ်တွဲ၊ ထို့နောက်နိုင်းယှဉ်ရန်အဖွဲ့ငယ်များဖွဲ့ပါ။

ကျောင်းသားများ၏အဖြေများကွဲပြားနိုင်သည်။ ကျောင်းသားများအား ၎င်းတို့၏ဖြေဆိုမှုများအား ရှင်းလင်းစေပါ။

ဥပမာ -

| ၁။ စွန့်စားဆောင်ရွက်ရန် | ၂။ အမျိုးအစား | ၃။ သက်ရောက်မှု | ၄။ အကြောင်းပြချက် |
|---|---|---|---|
| မိုးသည်းထန်စွာ ရွာသွန်းမှု(သို့) နေပူပြင်းသောကြောင့် အပင်များသေနိုင်သည်။ | သဘာဝ ပတ်ဝန်းကျင် | အပင်များသေနိုင်သဖြင့် နေထိုင်သူများအတွက် အသီးအနှံနှင့်ဟင်းသီး ဟင်းရွက်များမရရှိနိုင်ပါ။ | ဒေသရှိရာသီဥတု အခြေအနေ |
| ဒေသတွင်းစားကုန် ဖြန့်ဖြူးရောင်းချသော သူများမှ စီးပွားရေးလုပ်ငန်း ကျဆင်းမှုကြောင့် စိတ်ဆင်းရဲနိုင်သည်။ | လူ | ဒေသတွင်းတင်းမာမှုများ ဖြစ်ပေါ်နိုင်သည်။ | စင်တာမှအသီးအနှံများ ကိုယ်တိုင်စတင်စိုက်ပျိုးသည့်အခါ ဒေသခံ စားကုန်ဖြန့်ဖြူးသူထံမှ ဝယ်ယူမှုမရှိသောကြောင့် ဝင်ငွေလျော့နည်းသွားမည်။ |

၅။

| | |
|---|---|
| မြင့်မားသောအကျိုးသက်ရောက်မှု / ဖြစ်နိုင်ခြေနည်းသည် | မြင့်မားသောအကျိုးသက်ရောက်မှု / ဖြစ်နိုင်ခြေများသည်<br>မိုးသည်းထန်စွာရွာသွန်းမှု(သို့) နေပူပြင်းသောကြောင့်အပင်များသေနိုင်သည်။ |
| အနည်းငယ်သောအကျိုးသက်ရောက်မှု/ ဖြစ်နိုင်ခြေနည်းသည် ဒေသတွင်းစားကုန် ဖြန့်ဖြူးရောင်းချသော သူများမှ စီးပွားရေးလုပ်ငန်း ကျဆင်းမှုကြောင့် စိတ်ဆင်းရဲနိုင်သည်။ | အနည်းငယ်သောအကျိုးသက်ရောက်မှု / ဖြစ်နိုင်ခြေများသည် |

၆။ ပတ်ဝန်းကျင်နှင့်ဆိုင်သည့်စွန့်စားမှုကိုလျှော့ချရန်၊ ပူပြင်းသည့်ရာသီတွင် အပင်များရေလောင်းရန်နှင့် ရေမကြီးနိုင်သည့်ဧရိယာတွင် အပင်ငယ်များစိုက်ပျိုးရန် (မြင့်သောပုံးများကဲ့သို့)

ဒေသတွင်းစားကုန်ဖြန့်ဖြူးသူများမှ စိတ်ဆင်းရဲမှုမှာမဖြစ်နိုင်ပါ။ သူတို့၏ထုတ်ကုန်များကို အခြားသို့ ရောင်းချနိုင်သည်။ သို့သော်ဤအရာမဖြစ်ပေါ်စေရန် ကုန်ဖြန့်ဖြူးသူများကို ဆွေးနွေးမှုများတွင် ပါဝင်စေနိုင်သည်။



### စီမံကိန်းအကျဉ်းချုပ်

နေအိမ်တွင်မနေထိုင်နိုင်သော နာတာရှည်ရောဂါဝေဒနာ သည်များအား ပြုစုစောင့်ရှောက် သည့် ရပ်ရွာဒေသ၏စင်တာတစ်ခုမှ ဥယျာဉ်စိုက်ပျိုးခြင်းစီမံကိန်းကို စတင်အကောင်အထည်ဖော်ခဲ့ သည်။ ၄င်းစင်တာအနီးတစ်ဝိုက် တွင် သစ်သီးဝလံနှင့်ဟင်းသီး ဟင်းရွက်များစိုက်ပျိုးရန် ဆုံးဖြတ်လိုက်ပြီးစင်တာတွင် နေထိုင်သူများမှ လေ့ကျင့်ခန်း ပြုလုပ်သည့်အခါ ပျော်ရွှင် ကြည်နူးစွာဖြင့် အချိန်ကုန်ဆုံး နိုင်စေရန် ရည်ရွယ်သည်။ ဥယျာဉ်ကိုစတင်စိုက်ပျိုးလိုက် သည့်အခါ စင်တာတွင် နေထိုင်သူများမှ မိမိတို့ စိုက်ပျိုးသည့် သစ်သီးနှင့် ဟင်းသီးဟင်းရွက်များအား စားသုံးခြင်းဖြင့် စားစရိတ်အတွက် ကုန်ကျငွေမှာ ပိုမိုသက်သာ လာမည်ဖြစ်ပြီး ကုသမှုနှင့်ပြုစု စောင့်ရှောက်မှုအတွက် ငွေကြေး ပိုမိုသုံးစွဲနိုင်မည်ဖြစ်သည်။ပိုလျှံ သောသီးနှံများကိုမူ အပိုဝင်ငွေ အတွက် ရောင်းချနိုင်မည်။ စင်တာတွင်နေထိုင်သူများနှင့် အလုပ်သမားများမှ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်အစေ့များ မစိုက်ပျိုးမီ မြေနေရာရှင်းလင်းခြင်း နှင့် မြေတူးဆွခြင်းတို့အတွက် လုပ်အားပေးများကို စုဆောင်း ထားပြီးဖြစ်သည်။



ဖော်ပြပါအကြောင်းအရာကို ဖတ်ရှုပြီးအောက်ပါ မေးခွန်းများကိုဖြေဆိုပါ။

၁။ မည်သို့သောပြဿနာ/ စွန့်စားဆောင်ရွက်ရ မည့်အရာများမှာ ဤစီမံကိန်း၌ ဖြစ်ပေါ်နိုင်သနည်း။

၂။ မည်သည့်ခေါင်းစဉ်အောက် (ရုပ်ပိုင်းဆိုင်ရာ၊ ဘဏ္ဍာရေး၊ လူသား၊ နိုင်ငံရေး၊ စီးပွားရေး) တွင် သင်ရှာဖွေ တွေ့ရှိသော ပြဿနာများကျရောက်နေသနည်း။

၃။ ခေါင်းစဉ်အမျိုးအစားတစ်ခုစီ၌ သင်တွေ့ရှိဖော်ပြခဲ့သောပြဿနာများသည် စီမံကိန်းအပေါ် မည်သို့သော အကျိုးသက်ရောက်မှုရှိနိုင်သနည်း။

၄။ ဤပြဿနာများဖြစ်ပေါ်ရခြင်းအကြောင်းရင်းမှာ အဘယ်နည်း။

၅။ မြင့်မားသော/ အနည်းငယ်သော အကျိုးသက်ရောက်မှု/ ဖြစ်နိုင်ခြေဇယားကွက်အား သင်ဖော်ပြခဲ့သည့် ပြဿနာများဖြင့် ရေးဆွဲဖြည့်စွက်ပါ။

၆။ ၄င်းပြဿနာများ၏အကျိုးသက်ရောက်မှုကို ကာကွယ်(သို့) လျှော့ချနိုင်ရန် သင်မည်သို့ပြုလုပ်နိုင် သနည်း။

# အခန်း ၆ ဦးတည်ချက်

## မြို့နေလူငယ်ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းအကြောင်းလေ့လာခြင်း

အောက်ပါပေးထားသော လူနည်းစုလူငယ်တိုင်းရင်းသားများကို ကူညီသည့်စီမံကိန်းအကြောင်းဖတ်ရှု၍ တစ်ဖက်စာမျက်နှာရှိ မေးခွန်းများကိုဖြေဆိုပါ။

ပြဿနာ- မြို့နေလူနည်းစုလူငယ်တိုင်းရင်းသားများသည် မိမိတို့၏ယဉ်ကျေးမှုနှင့် မိမိတို့၏ ကျောင်းအနေအထားနှင့် သက်ဆိုင်မှုမရှိသကဲ့သို့ခံစားရပြီး သက်တူရွယ်တူလူငယ်များ၏ မကောင်းသောလုပ်ရပ်များထဲတွင် ပါဝင်ပတ်သက်မည့်အခြေအနေသို့ရောက်ရှိနေသည်။

> ပန်းတိုင်များ- ရိုးရာယဉ်ကျေးမှုများကိုလေးစားခြင်းနှင့် မြို့နေတိုင်းရင်းသားလူငယ်တို့ အကြား မိမိတို့သည် ပိုမိုကြီးမားကျယ်ပြန့်သော တိုင်းရင်းသားအများစုနေထိုင်သည့်နေရာနှင့် သက်ဆိုင်မှုရှိသည်ကို ခံစားသိရှိလာစေရန်။
>
> ဒေါသနှင့်အပယ်ခံရခြင်းအတွက် ဖြစ်ပေါ်လာသောခံစားချက်များကို ကောင်းမွန်သော နည်းလမ်းဖြင့် ဖော်ပြနိုင်ရန်အားပေးခြင်း။
>
> မြို့နေလူငယ်တိုင်းရင်းသားများ လူဆိုးဂိုဏ်းတွင်ပါဝင်မှုကိုလျှော့ချရန်။

တွဲဖက်လုပ်ဆောင်မည့်အဖွဲ့အစည်းများ- Native Friendship Centre, YMCA, summer camp, လူကြီးများ။

အရင်းအမြစ်များ- Native Friendship Centre မှ ဝန်ထမ်း ၄ဦး၊ Friendship Centre မှအကြံပေး ပုဂ္ဂိုလ်တစ်ဦး၊ ဒေသတွင်းရှိ YMCA၏ နေရာအဆောက်အဦး၊ summer camp မှသီတင်း ၈ပါတ်စာ အချိန်ဇယား၊ ဒေသခံလူကြီးနှစ်ဦး၏ထောက်ပံ့မှု၊ ကျောင်းကားနှစ်စီးအသုံးပြုနိုင်ခြင်း၊ စေတနာ့ဝန်ထမ်းအဖြစ်ကူညီမည့် မိဘ ၄ဦး၊ ပြုလုပ်မည့်စီမံကိန်း၏ ဆောင်ရွက်ချက်များနှင့် ကျောင်းကားအသုံးပြုရန်အတွက် ထောက်ပံ့ကြေး ဒေါ်လာ၇၅၀၀။

# အခန်း ၆ ဦးတည်ချက်

## မြို့နေလူငယ်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းအကြောင်းလေ့လာခြင်း

ကျောင်းသားများမှ ပေးထားသောအကြောင်းအရာကိုဖတ်ရှုပြီး တစ်ဖက်စာမျက်နှာရှိမေးခွန်းများကိုဖြေဆိုရမည်။ စီမံကိန်းသည် ၎င်း၏ပန်းတိုင်သို့ရောက်ရှိရန်အတွက် လမ်းကြောင်းမှန်ပေါ်တွင်မရှိနေသည်ကို ကျောင်းသားများမှယူဆနိုင်သည်။ ကျောင်းသားများအားစီမံကိန်းကို သေချာစွာစဉ်းစားဆုံးဖြတ်မှုပြုပြီး ရေးဆွဲထားသည့် အစီအစဉ်များကို မည်ကဲ့သို့ကောင်းမွန်အောင်ပြုလုပ်မည်ကိုဆွေးနွေးစေပါ။

| အကြံပြုချက်။ | ။နှစ်ယောက်တစ်တွဲ/အဖွဲ့ငယ်များ |
|---|---|

စီမံကိန်း မှတ်စုများ

Summerမှဝါရင့်ဝန်ထမ်းနှစ်ဦးကို ၁၄ပါတ်အတွက်ငှားရမ်းထားပြီး ၄င်းတို့မှလူငယ်များအား ခေါ်ယူရွေးချယ်မည်ဖြစ်ပြီး နွေရာသီအစီအစဉ်တွင် ပြုလုပ်မည့်လုပ်ဆောင်ချက်များကို ရေးဆွဲမည်ဖြစ်သည်။

ဤအစီအစဉ်ထဲတွင် မြို့ပေါ်၌လုပ်ဆောင်ချက်များကို ရက်သတ္တပတ်၄ပါတ် ပြုလုပ်သွားမည်ဖြစ်ပြီး ကျန်၄ပတ်ကိုမူ နွေရာသီစခန်းတွင်ပြုလုပ်သွားမည်ဖြစ်သည်။

မြို့ပေါ်၌ ပြုလုပ်မည့်အရာများမှာ လူငယ်များအား ၄င်းတို့၏ယဉ်ကျေးမှုအကြောင်းကိုသင်ကြားပေးခြင်းနှင့် ဖန်တီးပုံဖော်သည့်အနုပညာလက်ရာများနှင့် ပြဇာတ်ရုံများသို့သွားရောက်ကြည့်ရှုလေ့လာခြင်း၊ ဘတ်(စ်)ကတ်ဘောနှင့် အခြားအားကစားများကို YMCA ၌ သွားရောက်လေ့လာခြင်း၊ လူကြီးများပါဝင်သော ဆွေးနွေးသည့်အဖွဲ့များနှင့် လူငယ်များမှ ပူးတွဲရေးဆွဲသည့် ရပ်ရွာစီမံကိန်း ဖြစ်သော နံရံရေးပန်းချီ၊ ပြဇာတ်ပွဲများ (သို့) လူငယ်များမှ ဒေသခံအဖွဲ့ဝင်များကို ဦးဆောင်ပြီး သဘာဝပတ်ဝန်းကျင် အတွက်လမ်းလျှောက်ခြင်း အစရှိသည့်လုပ်ဆောင်မှုများကို ပြီးဆုံးအောင် ဆောင်ရွက်နိုင်ရန်ဖြစ်သည်။

နွေရာသီစခန်းတွင် ပြုလုပ်မည့်လုပ်ရှားမှုများသည် မြို့ပေါ်တွင်ပြုလုပ်ပြီးခဲ့သောလှုပ်ရှားမှုများနှင့် ဆင်တူသည်။ သို့သော် ရိုးရာယဉ်ကျေးမှုနှင့် အသက်မွေးဝမ်းကြောင်းအတတ်ပညာများ ဆွေးနွေးသည့်အဖွဲ့များနှင့် ပြင်ပအားကစား လေ့ကျင့်ခန်းများတို့ပေါ်တွင် ပိုမိုအဓိကထား၍ သင်ကြားပေးမည်ဖြစ်ပါသည်။

မြို့ပေါ်တွင် ၄ ပတ်ကြာပြုလုပ်မည့် အစီအစဉ် အကြီးတန်းဝန်ထမ်းတစ်ဦးနှင့် အငယ်တန်းဝန်ထမ်း တစ်ဦးတို့သည် သက်ကြီးတစ်ဦးနှင့် လုပ်အားပေးမိဘနှစ်ဦး၏ကူညီပေးမှုဖြင့် အခြေအနေဆိုးထဲသို့ ကျရောက်နိုင်သည့် လူငယ် ၁၂ ဦးမှ ၁၅ ဦးကို ဦးဆောင်သွားမည်ဖြစ်သည်။ ကျန်ရှိသော ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းလုပ်အားပေးများမှာ နွေရာသီစခန်းတွင်ပြုလုပ်မည့် ၄ ပတ်ကြာ သင်တန်းတွင် ၄င်းတို့ကဲ့သို့ပင် တာဝန်ယူလုပ်ဆောင်ရမည်ဖြစ်သည်။




၁။ အောက်ပါဇယားကွက်တွင် ပေးထားသောရည်မှန်းချက်နှင့် လုပ်ဆောင်ချက်များကိုဖြည့်စွက်ရန်အတွက် ပြီးခဲ့သောစာမျက်နှာမှ စီမံကိန်းမှတ်စုရှိ သတင်းအချက်အလက်များကိုအသုံးပြုပါ။

| | |
|---|---|
| ရည်မှန်းချက် ၁ | လုပ်ဆောင်ချက်များ |
| ရည်မှန်းချက် ၂ | |
| ရည်မှန်းချက် ၃ | |

၂။ စီမံကိန်းရည်မှန်းချက်ကိုတိုင်းတာမည့် တိုင်းတာချက်များကိုရေးချပါ။
သင်၏တိုင်းတာချက်များအား အဖွဲ့လိုက်နှိုင်းယှဉ်ပါ။ ၎င်းတို့မှာ မည်သည့်တိုင်းတာမှု- input, output နှင့် impact တိုင်းတာမှုများ ဖြစ်သည်ကိုဖော်ပြပါ။

၃။ သင်ဖော်ပြခဲ့သောလုပ်ဆောင်ချက်များနှင့် တိုင်းတာချက်များအပေါ် မူတည်၍ သင့်စီမံကိန်းသည် ၎င်း၏ပန်းတိုင်သို့ရောက်ရှိနိုင်မည်ဟု သင်ထင်မြင်မိပါသလား။ အဘယ့်ကြောင့်နည်း။

၄။ စီမံကိန်းမှ၎င်း၏ပန်းတိုင်သို့ရောက်ရှိမှုကို သေချာစေရန်အတွက် မည်သည့်ပြောင်းလဲမှုများကို သင်ပြုလုပ်နိုင်သနည်း။ (ဥပမာ- သင်ထပ်မံပေါင်းထည့်လိုသော လုပ်ဆောင်ချက်များ)



၁။ ကျောင်းသားများ၏အဖြေများမှာ ကွဲပြားလိမ့်မည်။ အထူးသဖြင့်ရည်မှန်းချက် ၃ - ကျောင်းသားများမှ စီမံကိန်း၏ပန်းတိုင်ဖြစ်သော လူဆိုးဂိုဏ်းများတွင်ပါဝင်မှုကို လျှော့ချရန်နိုင်ရန်နှင့် ကိုက်ညီသော ရည်မှန်းချက်ကို ဖော်ပြနိုင်ရန်အတွက်ခက်ခဲလိမ့်မည်။ အဘယ့်ကြောင့်ဆိုသော် စီမံကိန်းမှတ်စုများထဲတွင် ၎င်းပန်းတိုင်သို့ရောက်ရှိနိုင်ရန်အတွက် ပြုလုပ်ရမည့်လုပ်ဆောင်ချက်များကို အသေးစိတ်ရေးဆွဲထားခြင်း မရှိသောကြောင့်ဖြစ်သည်။

ဖြစ်နိုင်ခြေရှိသောအဖြေများမှာ

| ရည်မှန်းချက် | လုပ်ဆောင်ချက်များ |
|---|---|
| ရည်မှန်းချက် ၁<br>လူနည်းစုတိုင်းရင်းသားလူငယ် ၁၅စုထိ ပါဝင်ကာ ၎င်းတို့မှ မိမိတို့နေထိုင်သည့် လူမှုဝန်းကျင်နှင့် သက်ဆိုင်သည့် ခံစားချက်ကိုရရှိရန်နှင့် ၎င်းတို့၏ ယဉ်ကျေးမှုသမိုင်းကြောင်းကို လေ့လာသင်ယူနိုင်ရန်အတွက် နွေရာသီ ၄ပါတ်အစီအစဉ်တစ်ခုကိုပြုလုပ်ပေးခြင်း။ | အကြီးတန်းနှင့်အငယ်တန်းဝန်ထမ်း အဖွဲ့ဝင်နှစ်ဦးကို ငှားရမ်းခြင်း<br>လုပ်ဆောင်မည့်အရာများအတွက် အချိန်ဇယားရေးဆွဲခြင်း<br>လူကြီးများနှင့်ပူးပေါင်းကာ လူမှုဝန်းကျင်နှင့် ယဉ်ကျေးမှုအကြောင်းပတ်သက်၍ ဆွေးနွေးမည့်အဖွဲ့များကို ဖွဲ့စည်းခြင်း<br>YMCA နှင့်ပူးပေါင်း၍ အားကစား အစီအစဉ်များပြုလုပ်ခြင်း |
| ရည်မှန်းချက် ၂<br>Residential summer camp တွင်ကောင်းမွန်ကျန်းမာစွာ နေထိုင်သည့်နည်းလမ်းများနှင့် ရိုးရာ ယဉ်ကျေးမှုနှင့် အသက်မွေးဝမ်းကျောင်းအတတ်ပညာများ သင်ယူနိုင်သည့် ၄ ပတ်ကြာ နွေရာသီ သင်တန်းပြုလုပ်ခြင်း။ | ကျောင်းကားများအသုံးပြု၍ သယ်ယူပို့ဆောင်ရေးအတွက်စီစဉ်ပေးခြင်း။<br>ယဉ်ကျေးမှု၊ အသက်မွေးဝမ်းကြောင်း၊ အတတ်ပညာနှင့် အားကစားအစီအစဉ်များ ကြိုတင်ရေးဆွဲခြင်း။<br>ရေးဆွဲထားသည့် အစီအစဉ်အကျဉ်းချုပ်ကို လူကြီးသူမများ၊ summer camp အလုပ်သမားများနှင့် တိုင်ပင်အတည်ပြုခြင်း။ |
| ရည်မှန်းချက် ၃<br>ပါဝင်တက်ရောက်မည့်လူငယ်များ၏ မိမိကိုယ်ကိုယုံကြည်မှုမြင့်မားလာရန်နှင့် မြို့ပေါ်လူဆိုးဂိုဏ်းများအတွင်း ဝင်ရောက်ခြင်းမှ ရှောင်ဖယ်နိုင်ရန်အတွက် အထောက်အပံ့ဖြစ်ပြီး ခင်မင်ရင်းနှီးမှုများ တည်ဆောက်နိုင်သော ပတ်ဝန်းကျင်ကောင်းတစ်ခု ပြုလုပ်ပေးနိုင်ရန်။ | ပြုလုပ်ကျင်းပမည့်အစီအစဉ်များအား ကြည့်ရှုလေ့လာပြီး ထောက်ပံ့မှုပေးနိုင်ရန်အတွက် Native Friendship Centre မှဝန်ထမ်း၄ဦး၊ ဒေသခံလူကြီး ၂ ဦးနှင့် စေတနာ့ဝန်ထမ်းအဖြစ် လုပ်ဆောင်ပေးမည့်မိဘ ၄ဦးကို ဆက်သွယ်ထားခြင်း။ |

၂။ တိုင်းတာချက်များထဲတွင်

Input အစီအစဉ်ကိုတက်ရောက်သော အဆိုးဆုံးအခြေအနေကို ရောက်ရှိတော့မည့်လူငယ် အရေအတွက်

Output စီမံကိန်းပြီးဆုံးချိန်တွင် မေးမြန်းသည့်စစ်တမ်းကောက်မေးခွန်းများကို ဖြေဆိုသည့်တက်ရောက်လာသူလူငယ်များ၊ မိဘများနှင့်လူကြီးများ၏တုန့်ပြန်ချက်များ။

Impact ဦးတည်သည့်ဧရိယာအတွင်း၌ ရဲများ၏အဖမ်းအဆီးကိုခံရသော တိုင်းရင်းသားလူနည်းစု လူငယ်များ၏အရေအတွက်။

၃။ စီမံကိန်းအစီအစဉ်များနှင့်ပတ်သက်၍ ကျောင်းသားများမှ သေချာစွာဖန်တီးစဉ်းစားခြင်းမှာ ကောင်းသော အကြံဉာဏ်ဖြစ်သည်။ ထို့ကြောင့်ကျောင်းသားများအား စီမံကိန်းသည် ၄င်း၏ပန်းတိုင်သို့ရောက်ရှိနိုင်ခြင်း ရှိ/ မရှိနှင့်ပတ်သက်သည့် ၄င်းတို့၏အကြံဉာဏ်များကို နှိုင်းယှဉ်စေပါ။

ကျောင်းသားများမှ လူဆိုးဂိုဏ်းအတွင်းဝင်ရောက်မှုကို လျှော့ချရန်ဟူသောပန်းတိုင်ကိုရောက်ရှိမည်မဟုတ်ဟု ထင်မြင်နိုင်သည်။ အဘယ်ကြောင့်ဆိုသော် ၄င်းကိစ္စနှင့်ပတ်သက်၍ လုပ်ဆောင်မည့်အစီအစဉ်များ မရှိသောကြောင့်ဖြစ်သည်။


၄။ ဤစီမံကိန်းမှာ ရေတိုအတွက်သာဖြစ်သည်- နွေရာသီ သီတင်း(၈)ပတ်တာသင်တန်းသည် အပြုအမူဆိုးသွမ်းသောလူငယ်များအား ရေရှည်ထောက်ပံ့နိုင်ရန်အတွက် လုံလောက်မည်မဟုတ်။ ထပ်မံပြုလုပ်နိုင်သည့် လုပ်ဆောင်ချက်များဖြစ်သော ကျောင်းဆင်းပြီးချိန်၌ ပုံမှန်တွေ့ဆုံသောအဖွဲ့ဖွဲ့ခြင်း၊ (သို့) လူဆိုးဂိုဏ်းများတွင်ပါဝင်မှုကိုလျှော့ချနိုင်အောင် ပြုလုပ်ပေးနိုင်မည့် Native Friendship Centre နှင့် ဆက်လက်ချိတ်ဆက်ထားခြင်း။

၂။ စီမံကိန်းရည်မှန်းချက်ကိုတိုင်းတာမည့် တိုင်းတာချက်များကိုရေးချပါ။
သင်၏တိုင်းတာချက်များအား အဖွဲ့လိုက်နှိုင်းယှဉ်ပါ။ ၎င်းတို့မှာ မည်သည့်တိုင်းတာမှု- input, output နှင့် impact တိုင်းတာမှုများ ဖြစ်သည်ကိုဖော်ပြပါ။

၃။ သင်ဖော်ပြခဲ့သောလုပ်ဆောင်ချက်များနှင့် တိုင်းတာချက်များအပေါ်မူတည်၍ သင့်စီမံကိန်းသည် ၎င်း၏ပန်းတိုင်သို့ရောက်ရှိနိုင်မည်ဟု သင်ထင်မြင်မိပါသလား။ အဘယ့်ကြောင့်နည်း။

၄။ စီမံကိန်းမှ၎င်း၏ပန်းတိုင်သို့ရောက်ရှိမှုကို သေချာစေရန်အတွက် မည်သည့်ပြောင်းလဲမှုများကို သင်ပြုလုပ်နိုင်သနည်း။ (ဥပမာ- သင်ထပ်မံပေါင်းထည့်လိုသော လုပ်ဆောင်ချက်များ)







# အခန်း ၆ ဦးတည်ချက် ၂

## အဆင့် ၃- ယူလတောင်ကြားအကြောင်းအကျယ်ချဲ့လေ့လာခြင်းအား ပြန်လည်လေ့လာခြင်း

အခန်း ၄ နှင့် ၅မှ ယူလတောင်ကြားအကြောင်းပြန်လည်လေ့လာပါ။

၁။ သင့်စီမံကိန်းကို အကောင်အထည်ဖော်ရန်အတွက် မည်သည့်အရင်းအမြစ်များ- ရုပ်ပိုင်းဆိုင်ရာ၊ ဘဏ္ဍာရေး နှင့် လူ့အရင်းအမြစ်များကို သင်လိုအပ်သနည်း။

၂။ အခန်း ၅တွင်သင်ဖော်ပြခဲ့သော ရည်မှန်းချက်ကိုအသုံးပြုကာ တိုင်းတာချက်နှစ်ခုမှသုံးခုအထိရေးသားပါ။

| ရည်မှန်းချက်များ | တိုင်းတာချက်များ |
|---|---|
| | က။<br>ခ။<br>ဂ။ |

၃။ ဤတိုင်းတာချက်များ အောင်မြင်မှုရှိ/မရှိကို မည်ကဲ့သို့ စောင့်ကြည့်စစ်ဆေး/လေ့လာသုံးသပ်မည်နည်း။

၄။ ယူလတောင်ကြားစီမံကိန်းကို အနှောင့်အယှက်ဖြစ်စေမည့် စွန့်စားဆောင်ရွက်မည့်အချက် ၆ချက်ကို ရှာဖွေဖော်ပြပါ။

၄င်းစွန့်စားဆောင်ရွက်ရမည့်အချက်များကို ခွဲခြားသတ်မှတ်နိုင်ရန်အတွက် မြင့်မားသော/ အနည်းငယ်သော အကျိုးသက်ရောက်မှု/ ဖြစ်နိုင်ခြေတွက်ချက်သည့်ဇယားကို ရေးဆွဲပါ။

| | |
|---|---|
| မြင့်မားသောအကျိုးသက်ရောက်မှု / ဖြစ်နိုင်ခြေနည်းသည် | မြင့်မားသောအကျိုးသက်ရောက်မှု / ဖြစ်နိုင်ခြေများသည် |
| အနည်းငယ်သော အကျိုးသက်ရောက်မှု / ဖြစ်နိုင်ခြေနည်းသည် | အနည်းငယ်သော အကျိုးသက်ရောက်မှု / ဖြစ်နိုင်ခြေများသည် |

ဤပြဿနာများသည် မည်သည့်ပြဿနာများဖြစ်သနည်း- ရုပ်ပိုင်းဆိုင်ရာ၊ ဘဏ္ဍာရေး၊ လူသား၊ နိုင်ငံရေး (သို့) သဘာဝပတ်ဝန်းကျင်။

၄င်းပြဿနာတို့မှကာကွယ်နိုင်ရန်အတွက် သင်မည်ကဲ့သို့လုပ်ဆောင်နိုင်သနည်း။

# အခန်း ၆ ဦးတည်ချက် ၂

## အဆင့် ၃- ယူလတောင်ကြားအကြောင်းအကျယ်ချဲ့လေ့လာခြင်းအား ပြန်လည်လေ့လာခြင်း

ကျောင်းသားများ၏အဖြေများသည် အခန်း ၄ နှင့် ၅မှ ယူလတောင်ကြားအတွက် ၄င်းတို့ရေးဆွဲခဲ့သော စီမံကိန်းပေါ် မူတည်၍ ကွဲပြားလိမ့်မည်။ ကျောင်းသားများအား မိမိတို့၏ယခင်ကအဖွဲ့အတိုင်းပင်ရှိစေပြီး ပြီးဆုံးပါက ၄င်းတို့၏ အဖြေများကို အတန်းတွင်း၌နိုင်းယှဉ်စေပါ။.

အကြံပြုချက်။ ။လူ ၃ဦးမှ ၄ဦးထိပါဝင်သောအဖွဲ့များဖွဲ့ပါ။

---

---

ဤလေ့ကျင့်ခန်းသည် ယူလတောင်ကြားအကြောင်းလေ့လာသည့် နောက်ဆုံးလေ့ကျင့်ခန်းဖြစ်သည်။ လေ့ကျင့်ခန်းနောက်ထပ်တစ်ခုအဖြစ် ကျောင်းသားများအားအောက်ပါခေါင်းစဉ်များကို အသုံးပြုစေပြီး ၄င်းတို့စီမံကိန်းအတွက် စုဆောင်းခဲ့သောသတင်းအချက်အလက်များအားလုံး၏အချက်များကိုဖော်ပြသော စီမံကိန်းအဆိုပြုလွှာတစ်ခုကိုရေးသားစေပါ။

နောက်ခံနှင့် အကြောင်းအရာ

အခြေခံအကြောင်းအရာ (စီမံကိန်းပြုလုပ်ရခြင်းအကြောင်းကိုရှင်းပြပါ။)

စီမံကိန်းပန်းတိုင်

ရည်မှန်းချက်များ

လုပ်ဆောင်ချက်အစီအစဉ်များ

ခန့်မှန်းခြေရသုံးငွေစာရင်း

တိုင်းတာမှုများ

စောင့်ကြည့်စစ်ဆေးခြင်းနှင့် သုံးသပ်ခြင်းအစီအစဉ်

စွန့်စားမှုများ

အလိုရှိပါက ဤလေ့ကျင့်ခန်းကို အကဲဖြတ်ဆုံးဖြတ်ခြင်းများပြုလုပ်ရာတွင် အသုံးပြုနိုင်ပါသည်။

# အခန်း ၇

## အဆင့် ၄– စီမံကိန်းအားပြည့်စုံစွာသုံးသပ်ခြင်းနှင့် တုံ့ပြန်ထင်ဟပ်ခြင်း


၇.၁ စီမံကိန်းအားပြည့်စုံစွာသုံးသပ်ခြင်းဆိုသည်မှာ အဘယ်နည်း။
၇.၂ ပြည့်စုံသောသုံးသပ်မှု၏ ဘောင်သတ်မှတ်ချက်
၇.၃ အချက်အလက်များစုဆောင်းခြင်း
၇.၄ သတင်းအချက်အလက်များကို ခွဲခြမ်းစိတ်ဖြာခြင်း
၇.၅ စီမံကိန်းတုံ့ပြန်ထင်ဟပ်ချက်- သင်ယူရရှိသည့်သင်ခန်းစာ


ဤသင်ခန်းစာပြီးဆုံးသွားပါက ကျောင်းသားများအနေနှင့်

- စီမံကိန်းလုပ်ဆောင်ချက်များအားလုံးဖြည့်စွက်ပြီးသည့်အခါတွင် စီမံကိန်းအား ပြည့်စုံစွာသုံးသပ်နိုင်ရန်အတွက် အစီအစဉ်ရေးဆွဲလာနိုင်မည်။
- စီမံကိန်းပန်းတိုင်နှင့် ရည်မှန်းချက်များကိုခြုံငုံသုံးသပ်လာနိုင်မည်။
- သုံးသပ်မှုသတင်းအချက်အလက်များကိုစုဆောင်းရာတွင် သင့်တော်သည့်နည်းစနစ်များကို အသုံးပြုလာနိုင်မည်။
- စီမံကိန်းသုံးသပ်ချက်များမှ သင်ယူရရှိသည့်သင်ခန်းစာများကို နောက်ထပ်ပြုလုပ်မည်ဖြစ်သော စီမံကိန်းအသစ်များထဲတွင် အသုံးပြုလာနိုင်မည်။

# အခန်း ၇

## အဆင့် ၄– စီမံကိန်းအားပြည့်စုံစွာသုံးသပ်ခြင်းနှင့် တုံ့ပြန်ထင်ဟပ်ခြင်း


၇.၁ စီမံကိန်းအားပြည့်စုံစွာသုံးသပ်ခြင်းဆိုသည်မှာ အဘယ်နည်း။

၇.၂ ပြည့်စုံသောသုံးသပ်မှု၏ ဘောင်သတ်မှတ်ချက်


၇.၃ အချက်အလက်များစုဆောင်းခြင်း

၇.၄ သတင်းအချက်အလက်များကို ခွဲခြမ်းစိတ်ဖြာခြင်း

၇.၅ စီမံကိန်းတုံ့ပြန်ထင်ဟပ်ချက်- သင်ယူရရှိသည့်သင်ခန်းစာ


ဤသင်ခန်းစာပြီးဆုံးသွားပါက ကျောင်းသားများအနေနှင့်

- စီမံကိန်းလုပ်ဆောင်ချက်များအားလုံးဖြည့်စွက်ပြီးသည့်အခါတွင် စီမံကိန်းအား ပြည့်စုံစွာသုံးသပ်နိုင်ရန်အတွက် အစီအစဉ်ရေးဆွဲလာနိုင်မည်။
- စီမံကိန်းပန်းတိုင်နှင့် ရည်မှန်းချက်များကိုချိန်ဆုံးသုံးသပ်လာနိုင်မည်။
- သုံးသပ်မှုသတင်းအချက်အလက်များကိုစုဆောင်းရာတွင် သင့်တော်သည့်နည်းစနစ်များကို အသုံးပြုလာနိုင်မည်။
- စီမံကိန်းသုံးသပ်ချက်များမှ သင်ယူရရှိသည့်သင်ခန်းစာများကို နောက်ထပ်ပြုလုပ်မည်ဖြစ်သော စီမံကိန်းအသစ်များထဲတွင် အသုံးပြုလာနိုင်မည်။



# ၇.၁ စီမံကိန်းအားပြည့်စုံစွာသုံးသပ်ခြင်းဆိုသည်မှာ အဘယ်နည်း။

စီမံကိန်းအားပြည့်စုံစွာသုံးသပ်ခြင်းဆိုသည်မှာ စီမံကိန်းတစ်ခုလုံးကို ပြန်လည်လေ့လာခြင်းဖြစ်ပြီး ၎င်း၏ တန်ဖိုးနှင့် အကျိုးသက်ရောက်မှုကို ခြုံငုံကြည့်ရှုခြင်းဖြစ်သည်။ သုံးသပ်မှုပြုလုပ်ခြင်းအားဖြင့် စီမံကိန်း အောင်မြင်မှုရှိ/မရှိ တွေ့မြင်ရန်ကူညီပေးသည်သာမက အောက်ပါကောင်းကျိုးများကိုလည်းပေး စွမ်းနိုင်သည်။

ဂေါဟာရအဓိပ္ပါယ်

ပြည့်စုံသော - ပြီးပြည့်စုံသည်၊ အလုံးစုံ၊ အလွန်အသေးစိတ်ပြီး လိုအပ်သော သတင်းအချက် အလက်အားလုံးပါရှိသည်။

- အနာဂတ်တွင် အကျိုးထိရောက်မှုရှိသော စီမံကိန်းရေးဆွဲနိုင်ရန်ကူညီပေးခြင်း
- အောင်မြင်မှုနှင့် အမှားများကိုသင်ယူခြင်း
- စိတ်ပါဝင်စားမှုမရှိသောဒေသခံများအတွက် လုပ်ဆောင်ချက်များကို မျှတအောင်ချိန်ညှိခြင်း
- ပြင်ပထောက်ပံ့ပေးသူများ (သို့) အလှူရှင်များအတွက် လုပ်ဆောင်ချက်များကိုချိန်ညှိခြင်း
- စီမံကိန်းကြောင့်မျှော်လင့်ထားသော အကျိုးသက်ရောက်မှုရှိ/မရှိကို လေ့လာရှာဖွေခြင်း
- ရပ်ရွာဒေသအားထူထောင်တည်ဆောက်ပေးကာ စွမ်းရည်များမြှင့်တင်ခြင်း
- စီမံကိန်းအားရေရှည်တည်တံ့စွာ ထိန်းသိမ်းထားနိုင်ရန်ကူညီခြင်း

သုံးသပ်အကဲဖြတ်ခြင်းကို ကျွမ်းကျင်ပညာရှင် (သို့) ပြင်ပအကြံပေးပုဂ္ဂိုလ်အားငှားရမ်း၍ ၎င်းမှစီမံကိန်း ပြီးဆုံးသည့်အချိန်တွင် ရလဒ်ကိုပြန်လည်သုံးသပ်မည်ဖြစ်သည်။ ဤအရာကို ပြင်ပမှသုံးသပ်ခြင်းဟုခေါ်ဆိုပြီး ကြီးမားသောအဖွဲ့အစည်းများတွင်တွေ့ရသည်။ အတွင်းမှသုံးသပ်ခြင်းမှာမူ အဖွဲ့အစည်းမှမိမိ၏စီမံကိန်းကို ကိုယ်တိုင်ပြန်လည်သုံးသပ်ခြင်းဖြစ်သည်။ ပူးပေါင်းပါဝင်သုံးသပ်ခြင်းတွင်မူ စီမံကိန်းနှင့်သက်ဆိုင်သည့်သူများ တတ်နိုင်သမျှ ပါဝင်အကဲဖြတ်သုံးသပ်စေခြင်းဖြစ်သည်။

## ၇.၁ စီမံကိန်းအားပြည့်စုံစွာသုံးသပ်ခြင်းဆိုသည်မှာ အဘယ်နည်း။

## လေ့ကျင့်ခန်း ၁

အကြံပြုချက်။ ။နှစ်ယောက်တစ်တွဲ၊ ထို့နောက်နှိုင်းယှဉ်ရန် အဖွဲ့ငယ်များဖွဲ့ပါ။

ကျောင်းသားများ၏အဖြေများမှာ ကွဲပြားနိုင်သည်။ ဖြစ်နိုင်ခြေရှိသောအဖြေများမှာ -

| | အကျိုးကျေးဇူးများ/ကောင်းကျိုးများ | ဆိုးကျိုးများ |
|---|---|---|
| အတွင်းမှသုံးသပ်ခြင်း | အတွင်းမှသုံးသပ်သူများသည် ၎င်းတို့သုံးသပ်ရမည့်အခြေအနေနှင့် ပတ်သက်သည့် အသိပညာပိုမိုရှိသည်။<br><br>အတွင်းမှသုံးသပ်ခြင်းသည် အရင်းအမြစ်အနည်းငယ်ကိုသာ အသုံးပြုလိမ့်မည်။ (အချိန်၊ ငွေကြေး အစရှိသဖြင့်) | ဥပမာ- အတွင်းမှသုံးသပ်သူများသည် မိမိတို့တစိတ်တပိုင်းပါဝင်နေသည့် အခြေအနေ၏လွှမ်းမိုးမှုကို ခံရနိုင်သည်။<br><br>အခြားသောသူများမှ ဤသုံးသပ်မှုကိုယုံကြည်အားထားသည်ဟု ရှုမြင်မည်မဟုတ်။ |
| ပြင်ပမှသုံးသပ်ခြင်း | ပြင်ပမှသုံးသပ်သူများသည် ပုဂ္ဂိုလ်ရေး ခံစားချက်မပါဘဲ ပို၍ရှုမြင်နိုင်သည်။<br><br>၎င်းသည်အခြားသောသူများ အမြင်တွင် ကျွမ်းကျင်မှုပိုရှိသကဲ့သို့တွေ့မြင်ရသည်။ (ဥပမာ- အလှူရှင်များ) ကိုယ်တိုင်စွမ်းဆောင်နိုင်သည့် သုံးသပ်သူကိုအလိုရှိသည်။ | ပြင်ပမှသုံးသပ်ခြင်းဖြစ်သည့်အတွက် အခြေအနေ၊ အကြောင်းအရာနှင့် ရင်းနှီးကျွမ်းဝင်လာအောင် အချိန်ပိုယူရမည်ဖြစ်သည်။<br><br>ကုန်ကျစရိတ်ကြီးမားနိုင်သည်။ |
| ပူးပေါင်းပါဝင်၍ သုံးသပ်ခြင်း | စီမံကိန်းနှင့်ပတ်သက်သူများအား ၎င်းတို့၏ထင်မြင်ချက်များကို ဖော်ပြနိုင်ရန် အခွင့်အရေးပေးသည်။<br><br>စွမ်းဆောင်ရည်မြှင့်တင်ပေးသည်။ | အားလုံး၏ထင်မြင်ချက်များကို ရယူနိုင်ရန်အတွက် အချိန်ပိုကုန်မည်ဖြစ်သည်။<br><br>စီမံကိန်းနှင့်သက်ဆိုင်သူများသည် စီမံကိန်း၏ရလဒ်အပေါ် သဘောမတူညီမှုများလည်း ရှိနိုင်သည်။ |

## လေ့ကျင့်ခန်း ၁

သင့်အနေဖြင့် ပြင်ပ၊ အတွင်းနှင့်ပူးပေါင်းပါဝင်သည့်လေ့လာသုံးသပ်မှုများ၏ အကျိုးကျေးဇူးများနှင့် ဆိုးကျိုးများကိုဖော်ပြပါ။ အောက်ပါဇယားကို ဖြည့်စွက်ပါ။

| | အကျိုးကျေးဇူးများ/ကောင်းကျိုးများ | ဆိုးကျိုးများ |
|---|---|---|
| အတွင်းမှသုံးသပ်ခြင်း | ဥပမာ- အတွင်းမှသုံးသပ်သူများသည် ၎င်းတို့သုံးသပ်ရမည့် အခြေအနေနှင့်ပတ်သက်သည့် အသိပညာပိုရှိသည်။ | ဥပမာ- အတွင်းမှသုံးသပ်သူများသည် မိမိတို့တစိတ်တပိုင်း ပါဝင်နေသည့်အခြေအနေ၏ လွှမ်းမိုးမှုကိုခံရနိုင်သည်။ |
| ပြင်ပမှသုံးသပ်ခြင်း | | |
| ပူးပေါင်းပါဝင်၍ သုံးသပ်ခြင်း | | |

စီမံကိန်းအလုပ်များကို စတင်ဆောင်ရွက်သည့် အချိန်တွင် သုံးသပ်အကဲဖြတ်သည့်စနစ်ကို ပြန်လည်ပြင်ဆင်ရေးဆွဲခြင်းမှာ လွန်စွာခက်ခဲသည်၊ ထို့ကြောင့် စီမံကိန်းရေးဆွဲသည့်အချိန်အတောအတွင်း မည်သို့သောသုံးသပ်မှုပုံစံအား အသုံးပြုမည်ကို ဆုံးဖြတ်ထားရမည်ဖြစ်သည်။ တစ်နည်းအားဖြင့် လိုအပ်မှုများအား လေ့လာသုံးသပ်သည့်အတောအတွင်း သင်စုဆောင်းရရှိသော သတင်းအချက်အလက်များကို စီမံကိန်းပြီးဆုံးသည့် အခါတွင် သုံးသပ်အကဲဖြတ်မှုပြုလုပ်ရာတွင် အသုံးပြုနိုင်သည်။



# ၇.၂ ပြည့်စုံသောသုံးသပ်မှု၏ ဘောင်သတ်မှတ်ချက်

အဘယ်ကြောင့် ၎င်းကိုသုံးသပ်သင့်သနည်း။

မည်သည့်အရာကိုသုံးသပ်ရမည်နည်း။

မည်သည့်အချိန်တွင်လေ့လာ သုံးသပ်သင့်သနည်း။

မည်ကဲ့သို့ သုံးသပ်မည်နည်း။

မည်သူက စီမံကိန်းကိုသုံးသပ်မည်နည်း။



သင့်စီမံကိန်းအကြောင်းနှင့်ပတ်သက်၍ ၎င်းမေးခွန်းများကိုဖြေဆိုရာမှ သင့်စီမံကိန်းလုပ်ဆောင်ချက်များအား မည်သို့သုံးသပ်မည်ဟူသော ဘောင်သတ်မှတ်ချက်ကို ရရှိမည်ဖြစ်သည်။

## လေ့ကျင့်ခန်း ၁

အောက်ပါမေးခွန်းများအား အထက်ပါပေးထားသောမေးခွန်း ၅ ခုနှင့်တွဲပါ။

a. သင့်အဖွဲ့တစ်ဖွဲ့တည်းသာလျှင် သုံးသပ်မှုကိုပြုလုပ်မည်ဖြစ်ပါသလား။

b. သင်၏စီမံကိန်းကို သင့်ကိုယ်ပိုင်နည်းလမ်း၊ နည်းစနစ်များနှင့် သုံးသပ်နိုင်ပါသလား။

c. သတင်းအချက်အလက်များကို စီမံကိန်း အဖွဲ့တစ်ဖွဲ့တည်းအတွက်သာ အသုံးပြုမည်လား။

d. အဆင့်တစ်ခုစီကိုနက်နဲစွာနှင့် သေချာတိကျစွာသုံးသပ်ရန် လိုအပ်ပါသလား။

e. ပြင်ပအလှူရှင်များမှတောင်းဆိုသော စနစ်တကျပြုလုပ်ထားသည့် သုံးသပ်မှုနည်းစနစ်ပုံစံများကို သင့်အဖွဲ့မှ အသုံးပြုရန်လိုအပ်ပါသလား။

f. မည်သည့်နေ့ရက်တွင် မည်သည့် သုံးသပ်မှုများပြီးမြောက်ရမည်ဟု အတိအကျ သတ်မှတ်ထားခြင်း ရှိပါသလား။

g. အဆင့်တစ်ဆင့်စီ၏ အဓိက အချက်များကိုသာ သုံးသပ်ခြင်းသည် လုံလောက်မည်ဟုထင်မြင်မိ ပါသလား။

h. သတင်းအချက်အလက်များကို အခြားသောအဖွဲ့အစည်းနှင့် အလှူရှင်များမှလိုအပ်ပါသလား။

i. အခြားသောပုဂ္ဂိုလ်များ/အဖွဲ့များ ပါဝင်မည်ဖြစ်ပါသလား။

j. သုံးသပ်မှုပြုခြင်းကို စီမံကိန်းပြီးဆုံးသည့်အချိန်တွင်သာ ပြုလုပ်မည်လား (သို့) အချိန်ဇယားထဲတွင် ရေးဆွဲထားသော မတူညီသည့်အချိန်အပိုင်းအခြားများတွင် ပြုလုပ်မည်လား။ ဥပမာ-

- စီမံကိန်းပြီးဆုံးပြီး ၁ လ အကြာတွင်?
- စီမံကိန်းပြီးဆုံးပြီး ၆ ပတ် အကြာတွင်?
- စီမံကိန်းပြီးဆုံးပြီး ၄ လ အကြာတွင်?

# ၇.၂ ပြည့်စုံသောသုံးသပ်မှု၏ ဘောင်သတ်မှတ်ချက်

လေ့ကျင့်ခန်း ၁

| | |
|---|---|
| အကြံပြုချက်။ | ။နှစ်ယောက်တစ်တွဲ။ |

အဖြေများ

**အဘယ်ကြောင့်** ၎င်းကိုသုံးသပ်သင့်သနည်း။

c. သတင်းအချက်အလက်များကို စီမံကိန်းအဖွဲ့တစ်ဖွဲ့တည်းအတွက်သာ အသုံးပြုမည်လား။

h. သတင်းအချက်အလက်များကို အခြားသောအဖွဲ့အစည်းနှင့် အလှူရှင်များမှလိုအပ်ပါသလား။

**မည်သည့်အချိန်** တွင်လေ့လာ သုံးသပ်သင့်သနည်း။

f. မည်သည့်နေ့ရက်တွင် မည်သည့်သုံးသပ်မှုများပြီး မြောက်ရမည်ဟု အတိအကျသတ်မှတ်ထားခြင်း ရှိပါသလား။

j. သုံးသပ်မှုပြုခြင်းကို စီမံကိန်းပြီးဆုံးသည့်အချိန် တွင်သာ ပြုလုပ်မည်လား (သို့) အချိန်ဇယားထဲတွင် ရေးဆွဲထားသော မတူညီသည့်အချိန်အပိုင်းအခြား များတွင် ပြုလုပ်မည်လား။ ဥပမာ-

- စီမံကိန်းပြီးဆုံးပြီး ၁ လ အကြာတွင်
- စီမံကိန်းပြီးဆုံးပြီး ၆ ပါတ် အကြာတွင်
- စီမံကိန်းပြီးဆုံးပြီး ၄ လ အကြာတွင်

**မည်သည့်အရာကို** သုံးသပ်ရမည်နည်း။

d. အဆင့်တစ်ခုစီကိုနက်နဲစွာနှင့် သေချာ တိကျစွာသုံးသပ်ရန်လိုအပ်ပါသလား။

g. အဆင့်တစ်ဆင့်စီ၏ အဓိက အချက်များကိုသာသုံးသပ်ခြင်းသည် လုံလောက်မည်ဟုထင်မြင်မိပါသလား။

**မည်ကဲ့သို့** သုံးသပ်မည်နည်း။

b. သင်၏စီမံကိန်းကို သင့်ကိုယ်ပိုင်နည်းလမ်း၊ နည်းစနစ်များနှင့်သုံးသပ်နိုင်ပါသလား။

e. ပြင်ပအလှူရှင်များမှတောင်းဆိုသော စနစ်တကျ ပြုလုပ်ထားသော သုံးသပ်မှုနည်းစနစ်ပုံစံများကို သင့်အဖွဲ့မှ အသုံးပြုရန်လိုအပ်ပါသလား။

**မည်သူက** စီမံကိန်းကိုသုံးသပ်မည်နည်း။

a. သင့်အဖွဲ့တစ်ဖွဲ့တည်းသာလျှင် သုံးသပ်မှုကို ပြုလုပ်မည်ဖြစ်ပါသလား။

i. အခြားသောပုဂ္ဂိုလ်များ/အဖွဲ့များပါဝင် မည်ဖြစ်ပါသလား။

လိုအပ်ပါကအောက်ဖော်ပြပါဥပမာကို သင်ပုန်းပေါ်တွင်ရေးချပါ။ -

| ပြည့်စုံသော သုံးသပ်မှု၏ ဘောင်သတ်မှတ်ချက် | ဖြစ်မြောက် အောင်မြင်သော အရာမှာအဘယ်နည်း။ | ဖြစ်မြောက် အောင်မြင်မှုမရှိသော အရာမှာအဘယ်နည်း။ | မည်သည့်အရာကို ပြောင်းလဲလုပ်ဆောင် ရန်လိုအပ်သနည်း။ |
|---|---|---|---|
| အခြေအနေကို ခွဲခြမ်းစိတ်ဖြာခြင်း | ရပ်ရွာဒေသခံ အဖွဲ့ဝင်များသည် အစည်းအဝေးပွဲများ နှင့် ဆွေးနွေးမှုများတွင် ပါဝင်ကြသည်။ စီမံကိန်းနှင့် ပတ်သက်သူများကို ရှာဖွေဖော်ထုတ်ပြီး ဆွေးနွေးအကြံပြုသည်။ | ရပ်ရွာဒေသနှင့် အကြံပြုဆွေးနွေးသည့် အစည်းအဝေးပွဲများတွင် အမျိုးသမီးအနည်းစုသာ တက်ရောက်သည်။ | အမျိုးသမီးများ လာရောက်ရန် အဆင်ပြေမည့်အချိန်တွင် အစည်းဝေးပွဲကိုကျင်းပပြီး စီမံကိန်းနှင့်ပတ်သက်သည့် အမျိုးသမီးများအား တစ်ဦးစီတွေ့ဆုံ မေးမြန်းမှုများ ပြုလုပ်ခြင်း။ |
| စီမံကိန်းရေးဆွဲခြင်း | | | |
| စီမံကိန်းအားပြန်လည် သုံးသပ်ခြင်း | | | |
| စီမံကိန်းအကောင် အထည်ဖော်ခြင်း | | | |

သင့်အတန်းသားများမှ စီမံကိန်းများအား အကောင်အထည်ဖော်လုပ်ဆောင်ဖူးပါက လုပ်ဆောင်မှုအဆင့်ဆင့်ကို အဖွဲ့ငယ်အတွင်း ဖော်ပြစေပါ။ အချို့သောကျောင်းသားများမှာ မိမိတို့ကျွမ်းဝင်သောစီမံကိန်းနှင့်စပ်လျဉ်း၍ သုံးသပ်မှုဇယားကို ဖြည့်စွက်နိုင်မည်ဖြစ်သည်။

ရှိးရှင်းပြီးထိရောက်သည့်သုံးသပ်မှုပုံစံတွင် အခြေခံကျ၍ပြည့်စုံမှုရှိသောမေးခွန်း ၃ ခုကိုမေးမြန်းသည်။

| | |
|---|---|
| ဖြစ်မြောက်အောင်မြင်သော အရာမှာအဘယ်နည်း။ | စီမံကိန်းဆောင်ရွက်သည့်နည်းလမ်းတွင် မည်သည့် အရာမှာထိရောက်မှုရှိသနည်း။ |
| ဖြစ်မြောက်အောင်မြင်မှုမရှိ သောအရာမှာ အဘယ်နည်း။ | စီမံကိန်းဆောင်ရွက်သည့်နည်းလမ်းတွင် မည်သည့် အရာကထိရောက်မှုမရှိဘဲ ဖြစ်နေသနည်း။ |
| မည်သည့်အရာကိုပြောင်းလဲ လုပ်ဆောင်ရန် လိုအပ်သနည်း။ | ဤစီမံကိန်းပိုမိုထိရောက်စွာဆောင်ရွက်နိုင်ရန်အတွက် မည်သည့်ပြောင်းလဲမှုများကို ပြုလုပ်သင့်သနည်း။ |

ပြည့်စုံသောသုံးသပ်မှုများတွင် စီမံကိန်းဆင့်ကဲဖြစ်စဉ် ၄ ဆင့်လုံးကိုသုံးသပ်နိုင်ရန်အတွက် အချိန်အလုံ အလောက် လိုအပ်သည်။ အနည်းဆုံး အခြေခံသုံးသပ်မှုမေးခွန်း ၃ ခုကို စီမံကိန်းအဆင့်တစ်ဆင့်စီ တွင်မေးမြန်းရန်လိုအပ်သည်။ သင်ရေးဆွဲထားသည့် သုံးသပ်မည့်ဖြစ်စဉ်အဆင့်ဆင့်ကိုလည်း သုံးသပ်မှု ပြုလုပ်ရန်လည်းလိုအပ်သည်။

စီမံကိန်းဆင့်ကဲဖြစ်စဉ်တလျှောက် သင့်စီမံကိန်းလုပ်ဆောင်ချက်များအကြောင်းနှင့်ပတ်သက်၍ ၎င်းမေးခွန်း ၃ ခုကိုဖြေဆိုရာတွင် ပြည့်စုံသောသုံးသပ်မှု၏ဘောင်သတ်မှတ်ချက်အား အသုံးပြု၍ဖြေဆိုနိုင်သည်။

| ပြည့်စုံသော သုံးသပ်မှု၏ ဘောင်သတ်မှတ်ချက် | ဖြစ်မြောက် အောင်မြင်သော အရာမှာအဘယ်နည်း။ | ဖြစ်မြောက် အောင်မြင်မှုမရှိသော အရာမှာအဘယ်နည်း။ | မည်သည့်အရာကို ပြောင်းလဲလုပ်ဆောင် ရန်လိုအပ်သနည်း။ |
|---|---|---|---|
| အခြေအနေကိုခွဲခြမ်း စိတ်ဖြာခြင်း | | | |
| စီမံကိန်းရေးဆွဲခြင်း | | | |
| စီမံကိန်းအားပြန်လည် သုံးသပ်ခြင်း | | | |
| စီမံကိန်းအကောင် အထည်ဖော်ခြင်း | | | |

# ၇.၃ အချက်အလက်များစုဆောင်းခြင်း

စီမံကိန်းအကောင်အထည်ဖော်သည့်အတောအတွင်း သင်စောင့်ကြည့်စစ်ဆေးသည့် တိုင်းတာမှုများကို ထပ်မံပေါင်းထည့်သည့်အနေဖြင့် သင့်စီမံကိန်း၏နောက်ဆုံးရလဒ်များကို အရေအတွက်နှင့် အရည်အသွေးကိုပြသော အချက်အလက်အရင်းအမြစ်များဖြစ်သော စစ်တမ်းကောက်မေးခွန်းများနှင့် တွေ့ဆုံမေးမြန်းမှု များမှတစ်ဆင့် ရရှိနိုင်သည်။

ဆွေးနွေးပါ။

အခန်း ၃တွင်ရှိသောနည်းစနစ်များကို သင်မည်ကဲ့သို့ အသုံးပြုနိုင်သနည်း။ ပြည့်စုံစွာသုံးသပ်ခြင်းထဲတွင်ရှိသော အခြေအနေအားခွဲခြမ်းစိတ်ဖြာခြင်း။ မည်သူပါဝင်သင့်သည်ဟုသင်ထင်မြင်သနည်း။



အရည်အသွေးပြ

အရည်အသွေးပြ အချက်အလက်များသည် လူအများ၏ထင်မြင်ချက်များ ပေါ်မူတည်၍ တုံ့ပြန်မှုများကို ဖော်ပြသည်။ သို့မှသာလျှင် တုံ့ပြန်မှုများသည် တစ်ဦးနှင့် တစ်ဦးကွဲပြားနိုင်ခြေရှိသည်။

အရည်အသွေးပြမေးခွန်းများမှာ -

- မည်ကဲ့သို့နှင့် အဘယ့်ကြောင့်အား မေးမြန်းခြင်း
- ပွင့်လင်းကျယ်ပြန့်စွာ ဖြေဆိုနိုင်သည့်မေးခွန်းများ
- အချိန်ကြာရှည်ပြီး ပုဂ္ဂိုလ်ရေးပိုမိုဆန်သော တုံ့ပြန်မှုများရရှိရန် မေးမြန်းခြင်း

အရေအတွက်ပြ

အရေအတွက်ပြ အချက်အလက်များသည် အမျိုးအစား ခွဲခြားသတ်မှတ်ရန်နှင့် နှိုင်းယှဉ်ရန် လွယ်ကူသော ကိန်းဂဏန်း၊ အချိန်၊ ကြာရှည်မှုနှင့်တုံ့ပြန်မှုများကို ဖော်ပြပေး သည်။

အရေအတွက်ပြမေးခွန်းများမှာ -

- မည်မျှ/အရေအတွက်ကို မေးသည်။
- ဟုတ်သည်/မဟုတ်ပါ (သို့) မှန်/မှား မေးခွန်းများ
- ကိန်းဂဏန်းအတိုင်း အတာများ (သို့) စစ်ဆေးသည့်စာရင်းများကို အသုံးပြုသည်။

စီမံကိန်းနှင့်ပတ်သက်သူအမျိုးမျိုးတို့အတွက် မတူညီသောသုံးသပ်မှုနည်းလမ်းများကို သင်အသုံးပြုလိုမည် ဖြစ်သည်။ အခြေနေအားခွဲခြမ်းစိတ်ဖြာခြင်းပြုလုပ်သကဲ့သို့ အချက်အလက်များအား သင်မည်သို့စုဆောင်း မည်ကို ကြိုတင်ရေးဆွဲထားခြင်းသည် ကောင်းသည့်အကြံဉာဏ်ပင်ဖြစ်သည်။ ထို့အပြင် စစ်ဆေးမှုစာရင်း များနှင့် စစ်တမ်းကောက်မေးခွန်းများအား ကြိုတင်ပြင်ဆင်ထားရမည်ဖြစ်သည်။ ဤအရာသည် အလုပ်ရုံ ဆွေးနွေးပွဲသင်တန်းများ (သို့) ပွဲများအတွက်အဓိကအရေးကြီးရခြင်းမှာ ပါဝင်တက်ရောက်သည့်သူအားလုံးကို သင်နောက်တစ်ကြိမ်ဆက်သွယ်ရန် ပြုလုပ်နိုင်မည်မဟုတ်သောကြောင့် ဖြစ်သည်။

# ၇.၃ အချက်အလက်များစုဆောင်းခြင်း

အခြေအနေအား ခွဲခြမ်းစိတ်ဖြာရန်အတွက် အချက်အလက်များစုဆောင်းသည့်အခါတွင် အသုံးပြုသော နည်းလမ်းကဲ့သို့ပင် သုံးသပ်မှုပြုလုပ်ရန်အတွက် အချက်အလက်များကောက်ယူရာတွင် ၎င်းနည်းလမ်းကို အသုံးပြုနိုင်သည်။ ကျောင်းသားများအား ဥပမာအချို့ပြောပြစေပါ။ ထို့နောက်လိုအပ်ပါက ပြန်လည်မှတ်မိစေရန်၊လေ့လာရှာဖွေမှုကိုစစ်ဆေးရန်စာရင်း၊ စစ်တမ်းကောက်မေးခွန်းများ၊ တစ်ဦးချင်းစီနှင့် အဖွဲ့လိုက်တွေ့ဆုံမေးမြန်းမှုများ။

ဆွေးနွေးပါ။

ကျောင်းသားများ၏အဖြေများမှာကွဲပြားလိမ့်မည်။ ကျောင်းသားများမှ အခန်း ၃ရှိ အချက်အလက်များကောက်ယူသည့်နည်းစနစ်များကိုအမှတ်ရစေရန် ပြန်လည်ကြည့်ရှုသင့်သည်။

လေ့လာရှာဖွေမှုများအားစစ်ဆေးသည့်စာရင်းသည် ဆောက်လုပ်ရေးစီမံကိန်း (သို့) သဘာဝပတ်ဝန်းကျင်ဆိုင်ရာစီမံကိန်းများတွင် သုံးသပ်မှုများပြုလုပ်သည့်အခါ အထောက်အကူဖြစ်စေနိုင်သည်။

စစ်တမ်းကောက်မေးခွန်းများသည် စီမံကိန်းအမျိုးအမျိုးတွင် အသုံးဝင်သည်။ အထူးသဖြင့် အလုပ်ရုံဆွေးနွေးပွဲများ၊ လေ့ကျင့်သင်ကြားမှုပေးသည့် အစီအစဉ်များ(သို့) ပွဲများ။

တွေ့ဆုံမေးမြန်းမှုများသည် စီမံကိန်းနှင့်အဓိကသက်ဆိုင်သူများထံမှ အသေးစိတ်အကြောင်းအရာများရှာဖွေသိရှိနိုင်ရန်အတွက် အသုံးဝင်သည်။

အကယ်၍သုံးသပ်မှုသည် ပူးပေါင်းပါဝင်သုံးသပ်ခြင်းဖြစ်ပါက စီမံကိန်းနှင့်ပတ်သက်သူများအား ဖြစ်နိုင်သမျှပါဝင်စေရန်လိုအပ်သည်။

ကျောင်းသားများအား ၎င်းတို့လိုအပ်သောသတင်းအချက်အလက်များကိုသာ စုဆောင်းရန်သတိပေးပါ။ ဒေသခံအဖွဲ့ဝင်များ၊ စီမံကိန်းတွင်ပါဝင်သူများနှင့် အခြားသောစီမံကိန်းနှင့်သက်ဆိုင်သူများမှ မျှဝေရန်အတွက် အချိန်အမြောက်အများရှိမည်မဟုတ်။ ထို့ကြောင့်သုံးသပ်မှုပြုရန်အတွက် မေးမြန်းသည့်မေးခွန်းများမှာ ရိုးရှင်းပြီး အထိရောက်ဆုံးဖြစ်ရန်အတွက် အရေးကြီးသည်။

## လေ့ကျင့်ခန်း ၁

အကြံပြုချက်။ ။ တစ်ဦးချင်းစီ

အဖြေများ

၁။ အရည်အသွေးပြ

၂။ အရေအတွက်ပြ

၃။ အရေအတွက်ပြ

၄။ အရေအတွက်ပြ

၅။ အရည်အသွေးပြ

## လေ့ကျင့်ခန်း ၁

အောက်ပါစီမံကိန်းအကြောင်းဖော်ပြချက်ကိုဖတ်ရှုပါ။



**အိမ်တွင်းအကြမ်းဖက်မှုကိုကာကွယ်ရန်စီမံကိန်း**

ပန်းတိုင်- ရပ်ရွာဒေသအတွင်းရှိ အိမ်တွင်းအကြမ်းဖက်မှု အဖြစ်အပျက်များကိုလျှော့ချရန်။

ရည်မှန်းချက် -

၁။ လင်နှင့်မယားပေါင်းသင်းဆက်ဆံရေးတွင် ကောင်းမွန်သောပြုမူဆက်ဆံမှုများရှိခြင်းကို အားပေးခြင်းနှင့် ရန့်ရင်းကြမ်းတမ်းသော ပေါင်းသင်းဆက်ဆံရေး၏အကျိုးရလဒ်များအား ရွေးချယ်ထားသောဒေသခံများအတွက် အတန်းတွင်းပြုလုပ်သောသင်တန်းများမှတစ်ဆင့် အသိပေးပြောဆိုရန်။

၂။ လူထုမှမိမိတို့သည် ရန့်ရင်းကြမ်းတမ်းသောပေါင်းသင်းဆက်ဆံရေးနှင့် တွေ့ကြုံရနိုင်ဖွယ်ရှိသည်ဟု ခံစားမိသည့်အခါ ၄င်းတို့၏ခံစားချက်များကို ဖွင့်ဟပြောဆိုနိုင်ရန်အတွက် ရပ်ရွာဒေသခေါင်းဆောင် ၅ဦးအား အကြံပေးဆွေးနွေးမှုပေးနိုင်သည့် ပုဂ္ဂိုလ်များအဖြစ် လေ့ကျင့်သင်ကြားထားခြင်း။

၃။ အကြံပေးပုဂ္ဂိုလ်များထံသို့ လမ်းညွှန်မှုပေးနိုင်သည့် ဆရာတစ်ဦးကို သွားရောက်စေပြီး တုံ့ပြန်မှုများကို စုဆောင်းထားပါ။

ယခုအခါ စီမံကိန်းတွင်ပါဝင်လုပ်ဆောင်သည့် သူများထံပေးပို့သောသုံးသပ်မှုပြုလုပ်ရန် အတွက် စစ်တမ်းကောက်ယူသည့် အောက်ပါ ဥပမာမေးခွန်းများကိုကြည့်ရှုပါ။




၁။ ရုန့်ရင်းကြမ်းတမ်းသောပေါင်းသင်းဆက်ဆံမှုကို ကာကွယ်သည့်စီမံကိန်းတွင် သင်၏ပါဝင်မှုကို မည်သို့ဖော်ပြမည်နည်း။

၂။ ဤအစီအစဉ်နှင့်ပတ်သက်၍ သင်ကျေနပ်မှုရှိ/မရှိဖော်ပြပါ။

| ၁ | ၂ | ၃ | ၄ | ၅ |
|---|---|---|---|---|
| ကျေနပ်မှုလုံးဝမရှိပါ | | | အလွန်ကျေနပ်သည် | |

၃။ မည်သည့်ဝန်ဆောင်မှုများကိုသင်ရရှိသနည်း။ (သင်ရရှိသောအရာများကိုအမှန်ခြစ်ပါ)

__ အတန်းတွင်းသင်ကြားမှု

__ အကြံပေးပုဂ္ဂိုလ်အဖြစ်လေ့ကျင့်သင်ကြားပေးသည့်သင်တန်း

__ လမ်းညွှန်မှုပေးနိုင်သည့်ဆရာတစ်ဦးမှ လာရောက်ခြင်း

၄။ အောက်ပါစာကြောင်းပါအကြောင်းအရာများ မှန်/မှားသည် ကိုဖော်ပြပါ။

က။ မနာလိုဝန်တိုမှုသည် အချစ်၏သင်္ကေတဖြစ်သည်။ မှန်/မှား

ခ။ အမျိုးသမီးတစ်ဦးမှ၄င်းခင်ပွန်းသည်၏ ရိုက်နှက်မှုကိုခံရသောအခါတွင် သူမမှခင်ပွန်းသည်အား တစ်နည်းနည်းဖြင့်ရန်စခြင်းကြောင့်ဖြစ်သည်။ မှန်/မှား

၅။ စီမံကိန်းသည် ရုန့်ရင်းကြမ်းတမ်းစွာဆက်ဆံခြင်းများကိုသတိပေးသည့် သင်္ကေတများအသုံးပြု၍ အသိပညာပေးခြင်းများပြုလုပ်ရာ မည်မျှထိရောက်မှုရှိပါသနည်း။

## လေ့ကျင့်ခန်း ၂

အကြံပြုချက်။ ။နှစ်ယောက်တစ်တွဲ တွဲပါ။

အဖြေများ

| အချက်အလက် အမျိုးအစား | အားသာချက်များ | အားနည်းချက်များ |
|---|---|---|
| အရေအတွက်ပြ | ရလဒ်များအားလုံးခြုံငုံရရှိရန် အချက်အလက်များအား နှိုင်းယှဉ်ခြင်းသည် ပိုမိုလွယ်ကူသည်။ | နက်နဲသောသတင်းအချက်အလက်ကို မဖော်ပြပါ။ |
| | ခွဲခြမ်းစိတ်ဖြာခြင်းကို မြန်ဆန်စွာ ပြုလုပ်နိုင်သည်။ | ပုဂ္ဂိုလ်ရေးနည်းပါးသည်။ |
| | ဘက်လိုက်မှုမရှိသည့် အချက်များ အဖြစ်တွေ့မြင်နိုင်သည်။ | မေးခွန်းကောင်းများထုတ်ရန် ခက်ခဲသည်။ |
| အရည်အသွေးပြ | စကားပြောဆိုသည့်အစဉ် အလာနှင့် ကိုက်ညီသည်။ | ပိုကြီးမားသောနမူနာများအတွက် သင့်လျော်မည်မဟုတ်။ |
| | နက်နဲအသေးစိတ်သော "ကြွယ်ဝ" သော သတင်းအချက်အလက်များကို ဖော်ပြပေးသည်။ | ခွဲခြမ်းစိတ်ဖြာခြင်းသည် အချိန်ကုန်စေသည်။ |
| | မေးခွန်းထုတ်ရန်လွယ်ကူသည်။ | ပါဝင်သူတို့၏ အချက်အလက်များအား နှိုင်းစပ်စွာ ပေါင်းစပ်ရန်ခက်ခဲသည်။ |

## လေ့ကျင့်ခန်း ၂

အောက်ပါပေးထားသောအချက်အလက်အမျိုးအစားတစ်ခုစီ၏ အားသာချက်နှင့်အားနည်းချက်များအား ဇယားကွက်တွင် ဖြည့်စွက်ပါ။

| အချက်အလက် အမျိုးအစား | အားသာချက်များ | အားနည်းချက်များ |
|---|---|---|
| အရေအတွက်ပြ | | |
| အရည်အသွေးပြ | | |

၁။ ရလဒ်များအားလုံး ခြုံငုံရရှိရန် အချက်အလက်များအားနှိုင်းယှဉ်ခြင်းသည် ပိုမိုလွယ်ကူသည်။

၂။ ခွဲခြမ်းစိတ်ဖြာခြင်းကို မြန်ဆန်စွာပြုလုပ်နိုင်သည်။

၃။ ပိုကြီးမားသောနမူနာများအတွက် သင့်လျော်မည်မဟုတ်။

၄။ ခွဲခြမ်းစိတ်ဖြာခြင်းသည် အချိန်ကုန်စေသည်။

၅။ နက်နဲသောသတင်းအချက်အလက်ကိုမဖော်ပြပါ။

၆။ စကားပြောဆိုသည့် အစဉ်အလာနှင့် ကိုက်ညီသည်။

၇။ ပုဂ္ဂိုလ်ရေးနည်းပါးသည်။

၈။ ဘက်လိုက်မှုမရှိသည့် အချက်များအဖြစ် တွေ့မြင်နိုင်သည်။

၉။ မေးခွန်းကောင်းများ ထုတ်ရန်ခက်ခဲသည်။

၁၀။ နက်နဲအသေးစိတ်ပြီး "ကြွယ်ဝ" သော သတင်းအချက်အလက်များ ကိုဖော်ပြပေးသည်။

၁၁။ မေးခွန်းထုတ်ရန် လွယ်ကူသည်။

၁၂။ ပါဝင်သူတို့၏ အချက်အလက်များအား နှံ့စပ်စွာပေါင်းစပ်ရန် ခက်ခဲသည်။


# ၇.၄ သတင်းအချက်အလက်များကို ခွဲခြမ်းစိတ်ဖြာခြင်း

တွေ့ဆုံမေးမြန်းခြင်း၊ စစ်တမ်းကောက်ယူခြင်းနှင့်စစ်ဆေးရန်စာရင်းများမှ သတင်းအချက်အလက်များကို စုဆောင်းပြီးသည့်အချိန်တွင် ရလဒ်များအားကောက်နုတ်စုစည်းရန် လိုအပ်သည်။ သို့မှသာ ၄င်းသည် စီမံကိန်းသုံးသပ်ခြင်း၏ တစိတ်တပိုင်း ဖြစ်လာနိုင်စေသည်။ ဤရလဒ်များမှ နိဂုံးချုပ်အနေဖြင့် သင့်စီမံကိန်း၏ အောင်မြင်မှုကို ချိုင့်ကြည့်နိုင်မည်ဖြစ်ပြီး အနာဂတ်တွင်ပြုလုပ်မည့်စီမံကိန်း များအတွက် ထောက်ခံချက်များပေးနိုင်မည်ဖြစ်သည်။

စီမံကိန်းအားအကျဉ်းချုံးရန်အတွက် အစီရင်ခံစာရေးသားတင်ပြရမည် ဖြစ်ပြီး ၄င်း၏အကျိုးသက်ရောက်မှုများကို သုံးသပ်ချက်များပေါ်မူတည်၍ ရေးသားရမည်ဖြစ်သည်။ ဤကဲ့သို့သော စီမံကိန်းလုပ်ဆောင်ချက်များ၏ ရလဒ်များကိုဖော်ပြသောအစီရင်ခံစာကို အလှူရှင်များထံသို့တင်ပြရန် လိုအပ်ပြီး သင့်အောင်မြင်မှုများကို အများပြည်သူသိရှိအောင်ပြုလုပ်ရာတွင် အသုံးဝင်သည်။

ဝေါဟာရအဓိပ္ပါယ်

ကောက်နုတ်စုစည်းသည်- စုစည်းရန်၊ နှိုင်းယှဉ်ရန်နှင့် စာသား(သို့) အချက် အလက်များကို စိစစ်ရန် ဖြစ်သည်။



ဆွေးနွေးပါ။

သင့်စီမံကိန်း၏အောင်မြင်မှုများကို အများပြည်သူသိရှိအောင် ပြုလုပ်ခြင်းသည် အကြံဉာဏ်ကောင်းဖြစ်သည်ဟု အဘယ်ကြောင့် သင်ထင်ပါသနည်း။

သင်ဤအရာကိုမပြုလုပ်လိုသည့် အချိန်မျိုးရှိပါသလား။

# ၇.၄ သတင်းအချက်အလက်များကို ခွဲခြမ်းစိတ်ဖြာခြင်း

ဆွေးနွေးပါ။

သင့်အောင်မြင်မှုများကို အများပြည်သူအားကြားသိစေခြင်းသည် သင့်အဖွဲ့ (သို့) သင့်အဖွဲ့အစည်း၏ ဂုဏ်ရည်ကို မြှင့်တင်ပေးနိုင်ရန်အတွက် အကြံဉာဏ်ကောင်းတစ်ခုဖြစ်သည်။ ထောက်ပံ့ငွေများ ပိုမိုရရှိလာရန်၊ အကြောင်းအရာကိစ္စတစ်ခုအတွက် အသိပညာပေးမှုများပြုလုပ်လာနိုင်စေရန်နှင့် အခြားသူများ၏ အပြုအမူများကို ပြောင်းလဲရန်တိုက်တွန်းခြင်း (ဥပမာ- အမှိုက်များအားပြန်လည်အသုံးပြုခြင်းကိုအားပေးခြင်း) နှင့် သင့်စီမံကိန်းအားမထောက်ခံသည့်သူများမှ စိတ်သဘောထားများပြောင်းလဲနိုင်ရန်အတွက်လုပ်ဆောင်ရာတွင် အထောက်အကူပေးနိုင်မည်ဖြစ်သည်။

အကြံပြုချက်။ ။အဖွဲ့ငယ်အတွင်း

ဖြစ်နိုင်ခြေရှိသောအဖြေများတွင် -

ကောင်းမွန်သောရလဒ်များ -

ပါဝင်တက်ရောက်သူများမှကျင်းပသည့်ပွဲသည် အသိပညာတိုးပွားစေပြီး တင်ပြပြောဆိုသွားသူမှာ အလွန်ဗဟုသုတကြွယ်ဝသည်ဟု တွေ့ရှိသည်။

ပါဝင်တက်ရောက်သူများသည် စိတ်ဝင်စားမှုရှိကြသည်။ ၎င်းတို့သည် သတင်းအချက်အလက်များကို ပိုမိုလိုချင်ကြသည်။

ပါဝင်တက်ရောက်သူများသည် ပူးပေါင်းမှုရှိသည်။ အချို့သောသူများမှာ ဆွေးနွေးနိုင်သည့်အခွင့်အရေးများပိုမိုအလိုရှိကြသည်။

ကောင်းမွန်အောင်ပြုလုပ်သင့်သည့်အရာများ -

အမျိုးသမီးအနည်းငယ်သာ တက်ရောက်သည်။

အသက်အရွယ်အလွန်ကွာဟမှုမရှိ။ အသက် ၃၅နှစ်အထက် တက်ရောက်သူမှာနည်းပါးသည်။

အချိန်နှင့်နေရာသည် ပါဝင်တက်ရောက်အများစုအတွက် အဆင်မပြေပါ။

ကျောင်းသားများအား ကောင်းမွန်အောင်ပြုလုပ်သင့်သည့်အရာများနောက်ကွယ်ရှိ အကြောင်းပြချက်တို့ကို စဉ်းစားစေပါ။ ဥပမာ-အမျိုးသမီးတက်ရောက်သူဦးရေနည်းသည်ဟု အဘယ်ကြောင့်ထင်မြင်သနည်း။ အချိန်(သို့)နေရာမှာ အမျိုးသမီးများအတွက် အဆင်မပြေသည့်အတွက်ကြောင့် ဖြစ်ကောင်းဖြစ်နိုင်သည်။ (သို့) ၎င်းကျင်းပမည့်ပွဲကို အမျိုးသမီးများတွေ့မြင်သိရှိနိုင်သည့်နည်းလမ်းဖြင့် မကြော်ငြာသည့်အတွက်ကြောင့်လည်း ဖြစ်နိုင်သည်။

ထင်မြင်အကြံပြုချက်များ

ကျောင်းသားများမှ အကြံပြုနိုင်သည်မှာ -

အနာဂတ်တွင်ပွဲများပိုမိုကျင်းပခြင်း။ အကြောင်းမှာ ပါဝင်တက်ရောက်သူများသည် ပိုမိုလေ့လာသင်ယူလိုသည့်အတွက်ကြောင့်ဖြစ်သည်။

အနာဂတ်တွင်ပြုလုပ်မည့်ပွဲများအတွက် နေရာအသစ်ရှာဖွေထားခြင်း။

အနာဂတ်တွင်ပြုလုပ်မည့်ပွဲများကို စနေ၊ တနင်္ဂနွေ (သို့) ညနေခင်းအချိန်တွင်ပြုလုပ်ရန်။

သွားလာရေးအတွက်ကုန်ကျမည့်စရိတ်ကို စဉ်းစားတွက်ချက်ထားရန်။ အကယ်၍ပွဲကျင်းပသည့် နေရာသို့သွားရောက်ရန်မလွယ်ကူပါက ပါဝင်တက်ရောက်မည့်သူများအား ဘတ်(စ်)ကားတစ်စီးဖြင့် ကြိုပို့ပေးခြင်း။

အမျိုးသမီးများပါဝင်တက်ရောက်ရန် အားပေးတိုက်တွန်းခြင်း။ အမျိုးသမီးအဖွဲ့များသို့ ကြော်ငြာစာများ ပေးပို့ခြင်း အစရှိသဖြင့်။


အသက်အရွယ်ကြီးသူများတက်ရောက်ရန် အားပေးတိုက်တွန်းခြင်း။ ကြော်ငြာခြင်း၊ အချိန်ပြောင်းပေးခြင်းကြောင့် အလုပ်ကိုအခက်အခဲမဖြစ်စေပါ။

## လေ့ကျင့်ခန်း ၁

အောက်ပါပေးထားသော စီမံကိန်းသတင်းအချက်အလက်များအားဖတ်ရှုပြီး ကောက်နုတ်စုစည်းထားသော စစ်တမ်းကောက်မေးခွန်းများ၏ ရလဒ်ကိုကြည့်ပါ။

ကောင်းမွန်သောရလဒ်များမှာ အဘယ်နည်း။ မည်သည့်ဧရိယာအား ကောင်းမွန်အောင်ပြုလုပ်သင့်သနည်း။

စစ်တမ်းကောက်မေးခွန်း၏အဖြေများအပေါ်မူတည်၍ သင်မည်သို့သောထောက်ခံချက်များပေးလိုသနည်း။



### စီမံကိန်းအကျဉ်းချုပ်

သင်သည်မြို့ပေါ်ပတ်ဂန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ရန်အတွက် ဗီဒီယိုဇာတ်လမ်းတို၊ ညစ်ညမ်းမှုများကို လျှော့ချနိုင်မည့်အကြံပြုချက်နှင့် အမှိုက်များအား မည်သို့ပြန်လည်အသုံးချနိုင်သည့်နည်းလမ်းများ အစရှိသည်တို့ပါဝင်သော တင်ပြပြောဆိုမှုကိုပြုလုပ်မည်ဖြစ်သည်။

ဤတင်ပြချက်ပြီးဆုံးသွားသည့်အချိန်တွင် သင်သည်တက်ရောက်လာသူများအား အရည်အတွက်ပြသော စစ်တမ်းကောက်မေးခွန်း ၈ခု နှင့် မိမိတို့၏ထင်မြင်ချက်များအား ရေးသားဖော်ပြဖြေဆိုစေရန်တောင်းဆိုပါ။ တက်ရောက်လာသူ ၄၄ဦးအနက် ၄၂ဦးမှ ပြည့်စုံစွာဖြေဆိုထားသည့် ဖြေဆိုလွှာများကိုပြန်လည်ရရှိမည်။

| | |
|---|---|
| တည်နေရာ | - ညီလာခံခန်းမဆောင် ၁<br>City Standard ဟိုတယ် |
| နေ့ရက် | - သောကြာနေ့၊ မေလ ၂၄ ရက်နေ့ |
| အချိန် | - ၂ - ၄ နာရီ |

## ကောက်နုတ်စုစည်းထားသောရလဒ်များ

စုစုပေါင်းရရှိသည့်စစ်တမ်းကောက်မေးခွန်းဖြေဆိုလွှာ- ၄၂

| | | | | |
|---|---|---|---|---|
| အသက် | ၂၀အောက် | ၂၀-၃၅ | ၃၅-၅၀ | ၅၀နှင့်အထက် |
| | ၁၂ | ၂၃ | ၆ | ၁ |
| ကျား/မ | အမျိုးသား | အမျိုးသမီး | | |
| | ၃၁ | ၁၁ | | |
| ကျင်းပသည့်နေရာသည် သက်တောင့်သက်သာရှိပါသလား။ | ၁ (ညံ့) | ၂ (အဆင်ပြေသည်) | ၃ (အလွန်ကောင်းသည်) | |
| | ၁၀ | ၂၈ | ၄ | |
| ပွဲကျင်းပသည့်ကြာချိန်မှာ အဆင်ပြေပါသလား။ | ၁ (ညံ့) | ၂ (အဆင်ပြေသည်) | ၃ (အလွန်ကောင်းသည်) | |
| | ၁၂ | ၂၅ | ၅ | |
| ကျင်းပသည့်ပွဲသည် အသိပညာများကို တိုးပွားစေပါသလား | ၁ (ညံ့) | ၂ (အဆင်ပြေသည်) | ၃ (အလွန်ကောင်းသည်) | |
| | ၀ | ၁၁ | ၃၁ | |
| တင်ပြပြောဆိုသွားသည့်ပုဂ္ဂိုလ်သည် ဗဟုသုတကြွယ်ဝပါသလား။ | ၁ (ညံ့) | ၂ (အဆင်ပြေသည်) | ၃ (အလွန်ကောင်းသည်) | |
| | ၀ | ၉ | ၃၃ | |
| မေးခွန်းမေးရန်အတွက် အချိန်လုံလောက်ပါသလား။ | ၁ (ညံ့) | ၂ (အဆင်ပြေသည်) | ၃ (အလွန်ကောင်းသည်) | |
| | ၅ | ၃၁ | ၆ | |
| မြို့ပေါ်ပတ်ဝန်းကျင် တိုးတက်လာစေနိုင်မည့် နည်းလမ်းများအကြောင်း သင်ထပ်မံသိရှိလိုပါသလား။ | မသိရှိလိုပါ | သိရှိလိုသည် | | |
| | ၅ | ၃၇ | | |

**ထင်မြင်ချက်များ**

လူ ၁၇ဦးမှ ပွဲကျင်းပချိန်ကို ညနေခင်းနေစောင်းချိန် (သို့) စနေ၊ တနင်္ဂနွေနေ့တွင် ကျင်းပစေချင်သည်။

လူ ၁၀ဦးမှ ပွဲကျင်းပသည့်နေရာသို့လာရောက်ရန်အတွက် သယ်ယူပို့ဆောင်ရေးမှာဈေးကြီးသည်။

လူ ၆ဦးမှ ဆွေးနွေးမှုအတွက် အချိန်ပိုလိုအပ်သည်ဟုထင်မြင်သည်။

# ၇.၄ စီမံကိန်းတုံ့ပြန်ထင်ဟပ်ချက်– သင်ယူရရှိသည့်သင်ခန်းစာ

ဆွေးနွေးပါ။

ကျောင်းသားများမှမိမိတို့ပါဝင်လုပ်ဆောင်ဖူးသော စီမံကိန်းအကြောင်းကိုဖော်ပြစေပါ။ ရပ်ရွာဒေသလူမှု ဂန်းကျင် ဖွံ့ဖြိုးတိုးတက်မှုအတွက်လုပ်ဆောင်သော စီမံကိန်းဖြစ်နေရန်မလိုပါ။ မိမိတို့၏အိမ်ကိုပြန်လည် ပြုပြင်အလှဆင်ခြင်း(သို့) မိသားစုမွေးနေ့ပွဲကျင်းပရန်အတွက်စီစဉ်ခြင်း အစရှိသည်တို့လည်းဖြစ်နိုင်သည်။

ကျောင်းသားများမှစီမံကိန်းတိတိကျကျတစ်ခုကို မလုပ်ဆောင်ဖူးပါကလည်း ဤသင်တန်းနှင့်ပတ်သက်၍ ပြောဆိုနိုင်သည်။ သို့သော် အောက်ပါပြန်လည်လေ့လာမှုအပိုင်းတွင် ဤသင်တန်းအား အသေးစိတ်သော ပြန်လည်လေ့လာသုံးသပ်မှုကို ပြုလုပ်မည်ဖြစ်သည်။

## သင်တန်းအား ပြန်လည်လေ့လာခြင်း


အကြံပြုချက်။ ။နှစ်ယောက်တစ်တွဲ၊ ထို့နောက်နှိုင်းယှဉ်ရန်အတွက် အဖွဲ့ငယ်များဖွဲ့ပါ။

ဤလေ့ကျင့်ခန်းသည် ကျောင်းသားများအား ၄င်းတို့သင်ယူခဲ့သည့်အရာများကို ပြန်လည်လေ့လာစေပြီး ၄င်းတို့၏အရည်အချင်းများကို မိမိတို့၏ရပ်ရွာဒေသအတွင်း မည်ကဲ့သို့ပြန်လည်လက်တွေ့အသုံးချမည်ကို စဉ်းစားတွေးခေါ်စေသည်။

သင်အလိုရှိပါက ဤလေ့ကျင့်ခန်းကို ကျောင်းသားများမှနောက်ထပ်စာမျက်နှာရှိ လေ့ကျင့်ခန်းများအားသင်ယူ ပြီးနောက် အတန်း၏နောက်ဆုံးသင်ကြားမှုပြုလုပ်သည့်အချိန်တွင် လုပ်ဆောင်နိုင်သည်။

# ၇.၄ စီမံကိန်းတုံ့ပြန်ထင်ဟပ်ချက်– သင်ယူရရှိသည့်သင်ခန်းစာ

စီမံကိန်းလုပ်ဆောင်ချက်များအတွက် သတင်းအချက်အလက်များနှင့် ထင်မြင်သုံးသပ်ချက်များအား စုဆောင်းပြီးပါက စီမံကိန်းပြီးမြောက်ရန်အတွက် တွေ့ကြုံရသည့်အရာများကို သင်ကိုယ်တိုင်စဉ်းစားသင့်ပြီး ၎င်းအတွေ့အကြုံများသည် သင့်အနာဂတ်လုပ်ငန်းများအတွက် မည်ကဲ့သို့အကြံဉာဏ်ရနိုင်သည်ကိုစဉ်းစားပါ။ သင့်ကိုယ်သင် အဓိကမေးခွန်းနှစ်ခုပြန်မေးပါ။



စီမံကိန်းအတွေ့အကြုံများမှ မည်သည့်သင်ခန်းစာများ သင်ယူရရှိခဲ့သနည်း။

ထိုသင်ခန်းစာများကို နောက်ထပ်ပြုလုပ်မည့်စီမံကိန်းအတွက် မည်သို့အသုံးပြုနိုင်သနည်း။

> ဆွေးနွေးပါ။
> သင်ပြီးမြောက်ဆောင်ရွက်ခဲ့သော စီမံကိန်း အကြောင်းပြောပြပါ။
> စီမံကိန်းအကြောင်းအားပြန်လည်ထင်ဟပ်စေသည့် မေးခွန်း ၂ ခုကိုသင်မည်သို့ဖြေဆိုမည်နည်း။

အကြောင်းအရာပြန်လည်ထင်ဟပ်သည့် မေးခွန်းများအားဖြေဆိုရာတွင် သင်မမျှော်လင့်သော မည်သည့် စိန်ခေါ်မှုကိုမဆို မည်သို့မည်ပုံရင်ဆိုင်ပြီး နောက်တစ်ကြိမ်တွင် သင်မည်ကဲ့သို့မတူညီအောင်ပြုလုပ်မည် အစရှိသည်ကို စဉ်းစားထားရမည်။

### သင်ခန်းစာအစမှအဆုံး ပြန်လည်သုံးသပ်ခြင်း

နှစ်ယောက်တစ်တွဲလုပ်ဆောင်ပါ၊ သင်၏တွဲဖက်အားမေးမြန်းမှုများ ပြုလုပ်ပြီး ၎င်းဖြေဆိုသည့်အဖြေများကို ရေးချပါ။ တစ်ယောက်တစ်လှည့်စီပြုလုပ်ပါ။

၁။ "လူမှုဂန်းကျင်" ကိုသင်မည်ကဲ့သို့နားလည်သနည်း။

၂။ စီမံကိန်းစီမံခန့်ခွဲမှုကို သင်ယူပြီးသည့်အခါ သင့်ထင်မြင်ချက်များ မည်သို့ပြောင်းလဲသနည်း။


၃။ သင်ကြားပြီးခဲ့သမျှအကြောင်းအရာများထဲတွင် သင်ကြိုက်နှစ်သက်သော လေ့ကျင့်ခန်း (သို့) လုပ်ဆောင်ချက်တစ်ခုခုကိုဖော်ပြပါ။ သင်မည်သည့်သင်ခန်းစာရရှိခဲ့သနည်း။

၄။ သင့်အတွက်စိန်ခေါ်မှုဖြစ်သောလေ့ကျင့်ခန်း(သို့) လုပ်ဆောင်ချက်တစ်ခုခုကိုဖော်ပြပါ။ အဘယ့်ကြောင့်နည်း။

၅။ သင်နေထိုင်သည့် လူမှုဂန်းကျင်အကြောင်းစဉ်းစားကြည့်ပါ။ မည်သည့်လိုအပ်မှုများကို သင်ရှာဖွေတွေ့ရှိသနည်း။

၆။ ၎င်းလိုအပ်ချက်များကို ဖော်ထုတ်ပြောဆိုနိုင်ရန်အတွက် သင်မည်သို့ပြုလုပ်မည်နည်း။







# အခန်း ၇ ဦးတည်ချက်

## အဆင့်၄ သုံးသပ်ခြင်း- CARE Cambodia: ကုန်းမြင့်ပိုင်းတွင်နေထိုင်သော ကလေးသူငယ်များ၏ ပညာရေးအတွက် ပြုလုပ်သောစီမံကိန်း

အောက်ပါပေးထားသော စီမံကိန်း၏သတင်းအချက်အလက်များကို ဖတ်ရှုပြီးနောက် တဖက်စာမျက်နှာရှိ မေးခွန်းများကိုဖြေဆိုပါ။


နောက်ခံအကြောင်းအရာ

ကမ္ဘောဒီးယားနိုင်ငံအရှေ့မြောက်ပိုင်းတွင် ရှေးဦးစတင်နေထိုင်သောလူမျိုးစု၏လူဦးရေမှာ ၁၁၅၀၀၀ နီးပါးခန့်ရှိသည်။ ၄င်းလူမျိုးစုအများစုမှာ နိုင်ငံ့ဘာသာစကားဖြစ်သော ခမာစကားကိုမပြောဆိုနိုင်ပါ။ ပြောဆိုနိုင်သူများမှာလည်း အနည်းငယ်သာတတ်ကျွမ်းသည်။ ခမာစကားမပြောနိုင်ခြင်းမှာ ၄င်းတို့သည် ဝေးလံသော နေရာဒေသတွင်းနေထိုင်ခြင်း၊ ဘာသာတရားအမျိုးမျိုးကိုယုံကြည်သက်ဝင်ခြင်းနှင့် စီးပွားရေး လုပ်ဆောင်ချက်များသည် ၄င်းတို့အားကမ္ဘောဒီးယားလူမှုဂန်းကျင်မှ ခွဲခြားထားသကဲ့သို့ဖြစ်နေသည်။ မြေယာပိုင်ဆိုင်မှုပြဿနာများ၊ ခွဲခြားဆက်ဆံမှုများသည် ကုန်းမြင့်နေလူမျိုးစုများအား ဆင်းရဲမွဲတေမှုနှင့် အပယ်ခံရခြင်း အစရှိသည့်ခြိမ်းခြောက်မှုများကိုခံစားစေသည်။ ပညာရေးသည် အထူးပင်အရေးကြီးသည့် အရာအဖြစ် ထည့်သွင်းစဉ်းစားရမည်ဖြစ်သည်။ ဝေးလံသောဒေသများတွင် မူလတန်းတက်ရောက်ရမည့် အရွယ်ဖြစ်သော ကလေးသူငယ် ၆၅ ရာခိုင်နှုန်းမှာ ကျောင်းမနေသည့်အခါတွင် ၁၀ ရာခိုင်နှုန်းအောက် နည်းသော ကလေးသူငယ်များသာလျှင် မူလတန်းပညာပြီးဆုံးသည်။ ထိုမျှမက မြေမြင့်ပိုင်းတွင် နေထိုင်သော ကလေးသူငယ်အနည်းစုသာလျှင် အလယ်တန်းပညာကို ဆက်လက်သင်ယူသည်။ ၄င်းဒေသရှိလူမှုဂန်းကျင် အများအပြားတွင် စာသင်ကျောင်းများမရှိသည့်အပြင် စစ်တမ်းကောက်သည့်အခါတွင် ဦးတည်သည့် ၉၃ ရာခိုင်နှုန်းသော လူမှုဂန်းကျင်မှာ စာတတ်မြောက်ခြင်းမရှိကြပါ။ အဆောက်အဦးများရှိသော်လည်း အတန်းများတွင် စာသင်ကြားမှု မရှိပါ။ အဘယ်ကြောင့်ဆိုသော် အစိုးရကျောင်းဆရာများသည်လည်း ၄င်းနေရာတွင် တာဂန်ထမ်းဆောင် နိုင်မည်မဟုတ်။

စီမံကိန်းအကြောင်းဖော်ပြချက်

ဤစီမံကိန်းကို CARE Cambodia မှ ပညာရေးဂန်ကြီးဌာန၊ လူငယ်နှင့်အားကစား (Youth and Sport) (MoEYS) တို့နှင့်ပူးပေါင်း လုပ်ဆောင်ပြီး AusAID မှ အကူငွေများရရှိသည်။ စီမံကိန်း၏ရည်မှန်းချက်များမှာ

- ကျောင်းနေဖူးခြင်းမရှိသော(သို့) ကျောင်းပညာရေးမပြီးဆုံးသည့် မိန်းကလေးနှင့်ယောက်ျားလေးများကိုဦးတည်သည့် ရပ်ရွာစာသင် ကျောင်းများတည်ထောင်ခြင်းဖြင့် အခွင့်မသာသောတိုင်းရင်းသား လူနည်းစုများ၏ လိုအပ်ချက်များကိုဖေါ်ထုတ်ရန်။
- ပညာရေးဂန်ကြီးဌာန၊ လူငယ်နှင့်အားကစားအဖွဲ့ကို ကမ္ဘောဒီးယား နိုင်ငံ ဝေးလံသောကုန်းမြင့် ဒေသများတွင်နေထိုင်သော လူနည်းစု တိုင်းရင်းသားများထံသို့ သွားရောက်ကာ အခြေခံပညာရေးအားသင်ကြား ပေးသည့်ပုံစံကိုဆောင်ရွက်ရန်။



# အခန်း ၇ ဦးတည်ချက်

အဆင့်၄ သုံးသပ်ခြင်း

## CARE Cambodia: ကုန်းမြင့်ပိုင်းတွင်နေထိုင်သော ကလေးသူငယ်များ၏ ပညာရေးအတွက် ပြုလုပ်သောစီမံကိန်း

ပေးထားသောစီမံကိန်းအကြောင်းအရာကို ကျောင်းသားများဖတ်ရှုပြီးနောက် စာမျက်နှာရှိမေးခွန်းများကို ဖြေဆိုရန်အတွက်အဖွဲ့ဖွဲ့ပါ။

CARE သည်နိုင်ငံတကာရှိလူသားတို့အကျိုးအတွက် လုပ်ဆောင်နေသောအဖွဲ့အစည်းတစ်ခုဖြစ်ပြီး လူမှုပန်းကျင် များရှိ လူသားတို့၏ဘဝကိုမြှင့်တင်ပေးရန်လုပ်ဆောင်သည်။ အထူးသဖြင့် အမျိုးသမီးများနှင့် မိန်းကလေးငယ်များ အတွက်လုပ်ဆောင်သည်။

ကမ္ဘောဒီးယားရှိ CARE မှ လုပ်ဆောင်နေသော လုပ်ငန်းများကို ပိုမိုသိရှိလိုပါက www.care.org.au/cambodia တွင်ကြည့်ရှုနိုင်ပါသည်။

# အခန်း ၇ ဦးတည်ချက်

## ကုန်းမြင့်ပိုင်းဒေသရှိကလေးသူငယ်များ၏ ပညာရေးစီမံကိန်းအဆက်

အကြံပြုချက်။ ။အဖွဲ့ငယ်များ။

ကျောင်းသားများ၏အဖြေများမှာကွဲပြားလိမ့်မည်။

၁။ သင့်လျော်သောတိုင်းတာချက်များထဲတွင်- ဘာသာစကားနှစ်မျိုးပါဝင်သော သင်ရိုးညွှန်းတမ်းကို အောင်မြင်စွာပြီးမြောက်သည်အထိရေးဆွဲနိုင်ခြင်း၊ လေ့ကျင့်သင်ကြားမှုခံယူပြီးသော ဆရာ/ဆရာမများ ဦးရေ၊ ဒေသကျောင်းများအတွက်ဖွဲ့စည်းလိုက်သော ဘုတ်အဖွဲ့ဝင်အရေအတွက် (တွဲဖက်လုပ်ဆောင်သော ကျောင်းများအသီးသီးရှိဘုတ်အဖွဲ့ဝင်များ အားလုံးအပါအဝင်)၊ ဘာသာစကားနှစ်မျိုးဖြင့် ရေးဆွဲထားသော သင်ရိုးညွှန်းတမ်းကိုအသုံးပြုသည့် ကျောင်းများ၏အရေအတွက်၊ ကျောင်းအပ်နှံသည့် ကျောင်းသား၊ ကျောင်းသူအရေအတွက်။

၂။ စီမံကိန်း၏မျှော်မှန်းချက်

ရေတိုမျှော်မှန်းချက် - ဝေးလံသောနေရာများတွင် ပညာရေးနှင့်ပတ်သက်သည့် အထောက်အပံ့များအား ကောင်းမွန်အောင် ပြုလုပ်ပေးရန်။

စီမံကိန်းတစ်ဝက်ပြီးဆုံးချိန်ထိမျှော်မှန်းချက် - ဝေးလံသောဒေသတွင်နေထိုင်သောကလေးသူငယ်များ ကျောင်းတက်ရောက်သည့်အရေအတွက်တိုးမြှင့်နိုင်ရန်နှင့် ခမာဘာသာစကားသင်ကြားမှုကို ထောက်ပံ့ပေးရန်။
ရေရှည်မျှော်မှန်းချက် - ဝေလံသောဒေသရှိလူမှုဂန်းကျင်များတွင် စာတတ်မြောက်မှုနှင့်ပညာရေးအဆင့် ကို မြှင့်တင်ပေးခြင်းအားဖြင့် စွမ်းဆောင်ရည်များပိုမိုတိုးတက်လာခြင်း၊ မိမိတို့၏အခွင့်အရေးများကို နားလည်လာခြင်းနှင့် နိုင်ငံအဆင့်တွင်ပူးပေါင်းလာနိုင်ခြင်းနှင့် ဆင်းရဲချို့တဲ့မှုကိုလျှော့ချလာနိုင်ရန်။

၃။ သုံးသပ်မှုနည်းလမ်းများတွင် ကျောင်းအပ်နှံသည့်အချက်အလက်များကိုနှိုင်းယှဉ်ခြင်း၊ စာတတ်မြောက်မှုကို စစ်တမ်းကောက်ယူခြင်း၊ ဆရာ/မများနှင့် မိဘများအားတွေ့ဆုံမေးမြန်းခြင်း။

| ရည်မှန်းချက် | သုံးသပ်မှုအား တိုင်းတာချက် | အချက်အလက် အရင်းအမြစ် | သုံးသပ်မည့်နည်းလမ်း |
|---|---|---|---|
| ဒေသခံဆရာ/ဆရာမများ အားလေ့ကျင့်သင်ကြား ပေးရန် | လေ့ကျင့်သင်ကြားမှု ခံယူသော ဆရာ/ ဆရာမ အရေအတွက် | ဆရာအတတ်သင် သင်တန်းမှ တက်ရောက်မှုကို ပြသသည့်စာရင်း (Attendance logs) | မျှော်မှန်းထားသည့် လူဦးရေ နှင့် တက်ရောက်လာသည့် လူဦးရေအားနှိုင်းယှဉ်ခြင်း။ လေ့ကျင့်သင်ကြားမှုခံယူ ပြီးသည့်ဆရာ/ဆရာမများမှ မိမိကိုယ်ကိုယုံကြည်မှုရှိ/မရှိနှင့် ၎င်းတို့၏အလုပ်သစ်တွင် ထောက်ပံ့မှုများရရှိမှုရှိ/မရှိကို စစ်ဆေးရန် တွေ့ဆုံမေးမြန်းမှု ပြုလုပ်ခြင်း |

# အခန်း ၇ ဦးတည်ချက်

## ကုန်းမြင့်ပိုင်းဒေသရှိကလေးသူငယ်များ၏ ပညာရေးစီမံကိန်းအဆက်



၁။ ဤစီမံကိန်းအတွက် သင့်လျော်သောတိုင်းတာမှုများကို ဖော်ပြပါ။

အဓိကလုပ်ဆောင်ချက်များမှာ-

- နောက်လမည့်သင်ခန်းစာများတွင် ကလေးများမှခမာဘာသာစကားကိုသင်ယူရာတွင် အကူအညီဖြစ်စေမည့် ဘာသာစကားနှစ်မျိုးဖြစ်သောဒေသစကားနှင့် ခမာစကားဖြင့်ပြုစုထားသည့် သင်ရိုးညွှန်းတမ်းကို ရေးဆွဲထုတ်ဝေရန်။
- ဒေသခံများအားဆရာများဖြစ်စေရန် လေ့ကျင့်သင်ကြားရာတွင် ဒေသခံစကားနှင့်ခမာစကားကို အသုံးပြုရန်။
- ကျောင်းတစ်ကျောင်းစီတွင် ဒေသခံဘုတ်အဖွဲ့ဝင်များဖွဲ့စည်းရန်။ ၎င်းတို့သည် ကျောင်းတွင်းအုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲမှုတွင် တာဝန်ရှိသည့်အပြင် သမရိုးကျနည်းလမ်းဖြင့်ဆုံးဖြတ်ချက်ချသည့်ဖြစ်စဉ်တွင် ရပ်ရွာဒေသနှင့်စီမံကိန်းအကြား အရေးပါပြီး ထိရောက်မှုရှိသော ကြားခံဆက်သွယ်ပေးသူများအဖြစ် ပြုလုပ်ရမည်။

၂။ စီမံကိန်း၏ရေတိုမျှော်မှန်းချက်၊ စီမံကိန်းတစ်ဝက်ပြီးဆုံးချိန်ထိမျှော်မှန်းချက်နှင့်ရေရှည်မျှော်မှန်းချက်များမှာ အဘယ်နည်း။

၃။ ဤစီမံကိန်းကိုသုံးသပ်ရန်အတွက် သင်မည်သည့်နည်းလမ်းများကိုအသုံးပြုမည်နည်း။

အောက်ပါဇယားကိုဖြည့်စွက်ပါ။

| ရည်မှန်းချက် | သုံးသပ်မှုအား တိုင်းတာချက် | အချက်အလက် အရင်းအမြစ် | သုံးသပ်မည့် နည်းလမ်း |
|---|---|---|---|
| | | | |









စီမံကိန်းနှင့်သက်ဆိုင်သူများမှ စီမံကိန်းတွင်ပြောဆိုချက်များကိုဖတ်ရှုပြီး
အောက်ပါမေးခွန်းများကိုဖြေဆိုပါ။

၄။ မည်သည့်အရာသည် ဤစီမံကိန်း၏အောင်မြင်မှုဖြစ်သည်ဟု
သင်ထင်မြင်သနည်း။

၅။ မည်သည့်အရာသည် ကောင်းမွန်အောင်ပြုပြင်ရမည့်အရာများဟု ထင်မြင်မိသနည်း။

၆။ သင့်အနေဖြင့် ဤစီမံကိန်းကိုဆက်လက်လုပ်ဆောင်နိုင်ရန်အတွက် မည်သို့သောထောက်ခံမှုများပြုလုပ်
လိုသနည်း။

၄င်းသည်ကောင်းမွန်သော ဥပမာပုံစံတစ်ခုဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့သည်
ဒေသခံများ၏ လိုအပ်ချက်ပေါ်မူတည်၍ ပြက္ခဒိန်တွင်ချိန်ညှိပေးနိုင်သည်။ အစိုးရကျောင်းများ
၄င်းကိုမပြုလုပ်နိုင်ပါ။ (ဒေသခံစီမံကိန်းဂန်ထမ်းအဖွဲ့ဝင်တစ်ဦး)

CARE မှလုပ်ဆောင်သောအရာများသည် အလွန်ကောင်းမွန်သည် ......ကျွန်ုပ်
အနေဖြင့် စိတ်ပူမိသည့်အရာတစ်ခုမှာ CARE မှနုတ်ထွက်သွားသည့်အချိန်တွင်
မည်သည့်အရာဖြစ်လာနိုင်သနည်း။ ဒေသခံလူမှုဂန်းကျင်များသည် စာသင်ကျောင်းများကို
၄င်းတို့ကိုယ်တိုင်လည်ပတ်မှုတွင် ဒုက္ခအခက်ခဲဖြင့်ရင်ဆိုင်ရလိမ့်မည်။ ဒေသအစိုးရပညာရေးရုံးမှ
တာဂန်ယူနိုင်ကောင်းယူနိုင်လိမ့်မည်။ သို့သော် CARE မှလုပ်ဆောင်သကဲ့သို့ အရည်အသွေးပြည့်ဂစွာ
လုပ်ဆောင်နိုင်မည်မဟုတ်၊ အဘယ်ကြောင့်ဆိုသော် ၄င်းတို့တွင်အရင်းအမြစ်များ မရှိသောကြောင့်
ဖြစ်သည်။ (တရားဂင်အစိုးရ MoEYS)

အစိုးရသည်မြို့ပေါ်ရှိ ဆရာ/ဆရာမများမှ ဂေးလံသော
ဒေသတွင် သွားရောက်စာသင်ကြားရန်အတွက် မမျှော်လင့်နိုင်ပါ။
ဤစီမံကိန်းသည် ၄င်းပြဿနာကိုဖြေရှင်းရန်အတွက်
ကြိုးပမ်းလုပ်ဆောင်နေသော်လည်း ဒေသခံဆရာ/ဆရာမများသည်
ဂန်ကြီးဌာနမှသတ်မှတ်ပေးအပ်သော အရည်အချင်းပြည့်မီသည့်
လက်မှတ်ကို ရရှိနိုင်မည်မဟုတ်။ (စီမံကိန်းအလှူရှင်)

၄။ ကျောင်းသားများ၏အဖြေများမှာ ကွဲပြားလိမ့်မည်။ ကျောင်းသားများအား ၄င်းတို့၏အဖြေများကို အခြားအဖွဲ့များနှင့်နှိုင်းယှဉ်စေပြီး ၄င်းတို့၏ဖြေဆိုထားမှုများအတွက် အကြောင်းပြချက်များပေးရန်တိုက်တွန်းပါ။

စီမံကိန်း၏အောင်မြင်မှုများတွင်-

ရပ်ရွာဒေသအဖွဲ့ဝင်များမှ မိမိကိုယ်ကိုယုံကြည်မှုရှိလာခြင်း

ရပ်ရွာလူမှုဂန်းကျင်မှ ၄င်းတို့၏အခွင့်အရေးများကို နားလည်လာအောင်ပြုလုပ်ပေးခြင်း

မိဘများ၏ထောက်ခံမှုကိုရရှိခြင်း

ရပ်ရွာလူမှုဂန်းကျင်အတွင်း ပညာရေးအားဦးစားပေးမှုကိုတိုးမြှင့်ခြင်း


ဒေသ၏လိုအပ်ချက်များအပေါ် လိုက်လျောညီထွေရှိအောင်ပြုလုပ်ခြင်း

အစိုးရနှင့်အတူ ဂေးလံသောဒေသရှိလူမျိုးစုတို့နေထိုင်သော လူမှုဂန်းကျင်၏ဂုဏ်ရည်ကိုမြှင့်တင်ပေးခြင်း

၅။ ကျောင်းသားများ၏အဖြေများထဲတွင် စီမံကိန်းအားဖြင့် အစိုးရ၏အချိတ်အဆက်များကိုတိုးမြှင့်လာနိုင်ရန်၊ စီမံကိန်းကို ရေရှည်တည်တံ့စွာထိန်းသိမ်းနိုင်ရန်နှင့် သယ်ယူပို့ဆောင်ရေးကောင်းမွန်လာအောင် ပြုလုပ်ပေးခြင်းအစရှိသည်တို့ပါဂင်နိုင်သည်။

၆။ ကျောင်းသားများ၏အဖြေများထဲတွင် စီမံကိန်းဆက်လက်လုပ်ဆောင်နိုင်ရန်အတွက် တာဂန်များကို ပညာရေးဂန်ကြီးဌာနသို့လွှဲပြောင်းပေးမှုအတွက် ထောက်ခံမှုများရရှိရန်နှင့် ငွေကြေးထောက်ပံ့မှုနှင့် စီမံကိန်းရေရှည်တည်တံ့နိုင်ရန်အတွက် ငွေကြေးလည်ပတ်နိုင်အောင်ပြုလုပ်သည့် အချို့သောလုပ်ဆောင်ချက်များကို အတူတကွပေါင်းစည်းခြင်း။

သယ်ယူပို့ဆောင်ရေးမှာလွန်စွာခက်ခဲသောကြောင့် အစိုးရဂန်ထမ်းများသွားရောက်လိုမည်မဟုတ်။ အစိုးရ ဂန်ထမ်းများ၏အပြုအမူများမှာ စိတ်ရှည်မှုနည်းပါးသည်။ ယခုလက်ရှိ၌ ဆရာ/ဆရာမများသည် ကျွန်ုပ်တို့၏ ထောက်ခံမှုများကို အခိုင်အမာရရှိထားသည် (စီမံကိန်းဂန်ထမ်းတစ်ဦး)။ သို့သော် အစိုးရဂန်ထမ်းများသည် လုပ်ငန်းဆောင်တာများ ကောင်းမွန်စွာ လည်ပတ်ခြင်းမရှိသည့်အခါ........ ဆရာ/မများကို အပြစ်တင်ပြောဆို လိမ့်မည်ဖြစ်ပြီး ဒေသခံများမှ၎င်းတို့၏အကြံဉာဏ်များကို ဂေ၀နိုင်တော့မည် မဟုတ်။ စာသင်ကျောင်း အားထောက်ပံ့ရန်အတွက် အစိုးရမှငွေကြေးမလုံ လောက်သည့်အတွက်ကြောင့်ဖြစ်နိုင်သည်။ (ဒေသခံစီမံကိန်းဂန်ထမ်းအဖွဲ့ဂင်တစ်ဦး)



ကလေးသူငယ်များအတွက် ပညာရေးတစ်ခုထဲသာမက- စာသင်ကျောင်းသည် ကျွန်ုပ်တို့ရွာ၏လူနေမှုဘဂကို အကူအညီဖြစ်စေသည်........ယခုအချိန်တွင် ပညာရေးအကြောင်းကို ရွာသားများစတင်ပြောဆိုလာသည်။ ကလေးများအားလုံး ကျောင်းတက်ရောက်နိုင်အောင် လုပ်ဆောင်ရမည့် နည်းလမ်းများအကြောင်းနှင့် မိမိတို့၏လူမှုပန်းကျင်အတွင်းရှိအရင်းအမြစ်များ နှင့်မြေယာများကို မည်သို့ကာကွယ်ထိန်းသိမ်းရမည်အစရှိသဖြင့်...... မိဘများလည်း မိမိကိုယ်ကိုယုံကြည်မှုရှိလာသည်။ ကလေးများစာအရေး အဖတ်တတ်ကျွမ်းပါက မိမိတို့၏အခွင့်အရေးများကိုရရှိကာကွယ်နိုင်ရန် ကူညီပေးနိုင်မည်ကို ကျွန်ုပ်တို့သိရှိသည်။ (ပါဂင်သူကလေးငယ်၏မိဘတစ်ဦး)

ဒေသခံစာသင်ကျောင်းအဖွဲ့ဂင်များသည် အလွန်ကောင်းသည်။ ထိုသူတို့ သည် ဆရာ/မများနှင့် ကလေး သူငယ်များကိုအားပေးမှုပေးသော ဒုတိယ မိဘသဖွယ်ကဲ့သို့ပင်ဖြစ်သည်.........စာသင်ကျောင်းသည် ကျွန်ုပ်တို့တန်ဖိုးထားရသောရတနာတစ်ပါးဖြစ်သည်..........၎င်းကို ဆက်လက်လုပ်ဆောင်သွားမည်။ (ပါဂင်သူကလေးငယ်၏မိဘတစ်ဦး)

# ဖြည့်စွက်ချက်များ

## ထပ်မံထည့်သွင်းထားသောလေ့ကျင့်ခန်းများ

အခန်း ၁၊ စီမံကိန်းများနှင့် စီမံကိန်းအား စီမံခန့်ခွဲခြင်းအကြောင်း နိဒါန်းပျိုးခြင်း

<u>လေ့ကျင့်ခန်း (၁)- ပိုစတာတစ်ခုရေးဆွဲပါ။ အသိပညာပေးလှုံ့ဆော်ရန်</u>

ကျောင်းသားများမှ လူမှုဂန်းကျင်တွင်ဖြစ်ပေါ်သောပြဿနာများသည် အများအားဖြင့် သဘာဂပတ်ဂန်းကျင်၊ စီးပွားရေး (သို့) နိုင်ငံရေးတို့ဖြစ်သည်ဟု သင်ယူခဲ့ပြီးဖြစ်သည်။ ၄င်းတို့၏ ရပ်ရွာလူမှုဂန်းကျင်ရှိပြဿနာကို ထုတ်ဖော်ပြသအသိပေးသော ပိုစတာတစ်ခုကိုရေးဆွဲစေပါ။ အဖွဲ့ငယ်များခွဲပါ။ (သို့) နှစ်ယောက်တစ်တွဲ (သို့) တစ်ဦးချင်းစီ ရေးဆွဲစေပါ။ အဖွဲ့တစ်ဖွဲ့စီ/ တစ်ဦးစီအား မတူညီသောခေါင်းစဉ်အမျိုးအစားများ (သဘာဂပတ်ဂန်းကျင်၊ စီးပွားရေး (သို့) နိုင်ငံရေး) ခွဲပေး၍ တာဂန်ယူဆောင်ရွက်စေပါ။ ကျောင်းသားများမှ မိမိတို့၏ခေါင်းစဉ်နှင့် ပတ်သက်သည့်ပြဿနာတစ်ခုကိုစဉ်းစားပြီး ထိုပြဿနာကိုဖြေရှင်းရန်အတွက်လည်း အဖြေကိုစဉ်းစားထားရမည်။ ပိုစတာတွင် ပြဿနာနှင့်ဖြေရှင်းချက်ကိုဖော်ပြသော စာသားအနည်းငယ်နှင့် ရုပ်ပုံများအား ဆန်းသစ်သောတီထွင်ဖန်တီးမှုဖြင့် ဖော်ပြရမည်ဖြစ်သည်။

ဥပမာ။ ပြဿနာ- ရွာထဲရှိကလေးသူငယ်များသည် စာသင်ကြားမည့်ဆရာမရှိသဖြင့် ကျောင်းပညာရေးကို မရရှိကြပါ။

လက်တွေ့ဖြေရှင်းရန်ခေါ်ယူခြင်း- စာသင်ကြားသည့်ဆရာတစ်ဦးအဖြစ်တာဂန်ထမ်းဆောင်ရန်။

<u>လေ့ကျင့်ခန်း (၂) ဇယားကွက်ကိုဖြည့်စွက်ပါ။ စီမံကိန်းဆင့်ကဲဖြစ်စဉ်ကိုကြည့်ရှုခြင်း</u>

ကျောင်းသားများမှ စီမံကိန်းဆင့်ကဲဖြစ်စဉ်၏အဆင့်တစ်ခုစီတွင် မည်သည့်လုပ်ဆောင်ချက်များကို ပြုလုပ်ရမည်ကို အောက်ပါဥပမာစီမံကိန်း(၃)ခုအတွက် စာကြောင်းအနည်းငယ်ဖြင့် ရေးသား ဖြည့်စွက်စေပါ။

| | ဒေသခံများ မော်တော်ဆိုင်ကယ်မောင်းနှင်ရာတွင်ဆိုင်ကယ်ဦးထုပ်များဆောင်းရန်အတွက် တိုက်တွန်းခြင်း | ဆင်းရဲသောသူများအတွက် HIV ပိုးစစ်ဆေးမှုကို အခမဲ့ပြုလုပ်ပေးခြင်း | ကလေးသူငယ်များအား ကျောင်းသို့သွားရောက်ပို့ဆောင်ပေးမည့် ဘတ်(စ်)ကားတစ်စီးကို စီစဉ်ပေးခြင်း |
|---|---|---|---|
| အခြေအနေကို ခွဲခြမ်းစိတ်ဖြာခြင်း | | | |
| စီမံကိန်းရေးဆွဲခြင်း | | | |
| စီမံကိန်းအကောင်အထည်ဖော်ခြင်း | | | |
| စီမံကိန်းအားပြန်လည်သုံးသပ်ခြင်းနှင့် စဉ်းစားတွေးခေါ်ခြင်း | | | |

## အခန်း ၂၊ လူမှုပဂန်းကျင်များနှင့် ဖွံ့ဖြိုးတိုးတက်မှုကိုမိတ်ဆက်နိဒါန်းပျိုးခြင်း

လေ့ကျင့်ခန်း (၁) ဇယားကွက်ကိုဖြည့်စွက်ပါ။ ရေရှည်တည်တံ့သော ရပ်ရွာလူမှုပဂန်းကျင်စီမံကိန်းများ

လေ့ကျင့်ခန်း(၄)ရှိစီမံကိန်းများကိုအသုံးပြုကာ ကျောင်းသားများမှ အောက်ပါဇယားကွက်ကို အသုံးပြု၍ ၎င်း စီမံကိန်းများရေရှည်တည်တံ့နိုင်ရန်အတွက် မည်သို့ပြုလုပ်မည်ဟူသောအကြံဉာဏ်များရှိရန်လိုအပ်သနည်း။

| | ဥပမာ- ဆိုင်ပိုင်ရှင်များ အသင်းကိုတည်ထောင်ခြင်း | ဥပမာ- လမ်းဧရိယာ သန့်ရှင်းမှုရှိရန်အတွက် အမှိုက်ပုံးများ ဂယ်ယူထားရှိခြင်း | ဥပမာ- စီးပွားရေးကို တိုးမြှင့်ပြီး ဂယ်သူများအား ဆွဲဆောင်နိုင်ရန် လမ်းဘေးပွဲဈေးတန်း ပြုလုပ်ခြင်း |
|---|---|---|---|
| အရင်းအမြစ်များ လုပ်ဆောင်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ရပ်ရွာလူမှုပဂန်းကျင်ကို သင်မည်သည့်အရင်းအမြစ် များဖြင့် ထောက်ပံ့ပေးရန် လိုအပ်သနည်း။ | | | |
| ပညာရေးအရင်းအမြစ်များ အား အသုံးချနိုင်ရန်အတွက် ဒေသခံလူထု၏အသိပညာ နှင့်စွမ်းရည်များကို မည်ကဲ့သို့ တည်ဆောက်ပေးမည်နည်း။ | | | |
| စွမ်းဆောင်ရည်မြှင့်တင်ခြင်း စီမံကိန်းစတင်သည့် အချိန်မှဆုံးခန်းတိုင်အောင် ရပ်ရွာဒေသခံများ၏ စွမ်းရည်များကို သင်မည်ကဲ့သို့ မြှင့်တင်ပေးမည်နည်း။ | | | |

လေ့ကျင့်ခန်း (၂) စကားရည်လုပွဲ- ကောင်းကျိုးနှင့် ဆိုးကျိုးသက်ရောက်မှု

ကျောင်းသားများအားအဖွဲ့ငယ်များဖွဲ့ပါ။ ကျောင်းသားများသည် ရပ်ရွာစီမံကိန်းမှ ဖြစ်ပေါ်စေနိုင်သော ထိခိုက်နစ်နာမှုနှင့် အကျိုးကျေးဇူးများကို စဉ်းစားတွေးခေါ်စေရန် စကားရည်လုပြောဆိုစေခြင်းဖြစ်သည်။ စကားရည်လုပွဲပြီးဆုံးသွားသောအခါ ၎င်းစီမံကိန်းကို အကောင်အထည်ဖော်သင့်၊ မဖော်သင့် အတန်းမှ ဆုံးဖြတ်စေပါ။ အကယ်၍ စီမံကိန်းကိုပယ်ချခဲ့ပါက၊ ကျောင်းသားများမှ ထိခိုက်နစ်နာမှုလျော့နည်းပြီး အကျိုး ကျေးဇူးများတိုးမြှင့်ပေးနိုင်ရန်အတွက် ၎င်းစီမံကိန်းအား မည်သို့ပြောင်းလဲလုပ်ဆောင်နိုင်သည်ကိုစဉ်းစားစေပါ။

အကြောင်းအရာ (၁) - အဖွဲ့တစ်ဖွဲ့မှ မြို့ကိုဖြတ်၍စီးဆင်းသောမြစ်ကို သန့်ရှင်းအောင်ပြုလုပ်လိုသည်။ ၎င်းမြစ်ရေသည် အမှိုက်များဖြင့်ပြည့်နှက်လျက်ရှိသည်။ အကြောင်းမှာ မြစ်ကမ်းပါးတစ်လျှောက်ရှိ ဆင်းရဲ ချို့တဲ့သော ရပ်ကွက်များကြောင့်ဖြစ်သည်။ ၎င်းအဖွဲ့မှ မြစ်ချောင်းပေါ်ရှိနန်းမြေများကိုဖယ်ရှားပြီး ဆင်းရဲသား ရပ်ကွက်ကိုလည်းဖယ်ရှားပစ်ရန်တောင်းဆိုသည်။ မြစ်ကမ်းဘေးတွင် နှစ်ပေါင်း ၆၀ တိုင်နေထိုင်ခဲ့ကြသော ဆင်းရဲသား ၁၀၀၀ တို့ကို အခြားသောနယ်မြေဧရိယာသို့ပြောင်းရွှေ့နေထိုင်စေရန် အဆိုပြုလိုက်သည်။

အကြောင်းအရာ (၂) - အဖွဲ့တစ်ဖွဲ့မှ ဆင်းရဲနွမ်းပါးသောရပ်ရွာဒေသတွင် စီးပွားရေးလုပ်ငန်းစတင်လိုသူများအား အသေးစားချေးငွေ ကျပ် ၁၀၀,၀၀၀ ကိုချေးငှားပေးရန်အတွက် အဆိုပြုတောင်းဆိုတင်ပြလိုက်သည်။ ၎င်းကျေးလက်ဒေသတွင် အလုပ်အကိုင်မရှိသဖြင့် ရွာသူ/သားများ အများအပြားမှာ မြို့ပေါ်သို့သွားရောက်ကြသည်။ ဒေသခံရွာသားများသည် ချေးငွေရယူပြီး ကုန်စုံဆိုင် (သို့) အဟောင်းထည်ဆိုင်များ စတင်လုပ်ကိုင်ရန်အတွက် စိတ်ဝင်စားကြသည်။

အခန်း ၃၊ အဆင့် ၁- အခြေအနေကို ခွဲခြမ်းစိတ်ဖြာခြင်း- အချက်အလက်များစုဆောင်းခြင်း

လေ့ကျင့်ခန်း (၁) လေ့လာရှာဖွေမှုများကို စစ်ဆေးသည့်စာရင်း- ဒေသခံနယ်မြေ

ကျောင်းသားများမှ လေ့လာရှာဖွေမှုကို စစ်ဆေးမည့်စာရင်းအား တစ်ဦးချင်းစီရေးဆွဲစေပြီးနောက် ကိုယ်တိုင်ဖြည့်စွက်စေပါ။ စစ်ဆေးသည့်စာရင်းကို လေ့ကျင့်ခန်း ၁ ရှိ ပုံစံအတိုင်းရေးဆွဲနိုင်သည်။ ၎င်းတို့အား မိမိတို့၏ရပ်ရွာဒေသရှိနေရာတစ်ခု ဥပမာ-ဆေးရုံ၊ ကျောင်း၊ လယ်တော၊ မြို့တော်ခန်းမ အစရှိသဖြင့် အလုပ်တာဝန်ခွဲဝေသတ်မှတ်ပေးပါ။ ကျောင်းသားများအား ထိုနေရာသို့သွားရောက်စေပြီး ၎င်းနေရာတွင်နေထိုင်လုပ်ကိုင်သောသူတို့၏အခြေအနေ၊ နယ်မြေဝန်းကျင်အခြေအနေနှင့် လိုအပ်ချက်များကို အနည်းဆုံးတစ်နာရီ ရှာဖွေလေ့လာကြည့်ရှုစေပါ။

လေ့ကျင့်ခန်း (၂) တွေ့ဆုံမေးမြန်းခြင်း- ဒေသခံနယ်မြေ

ကျောင်းသားများအား ၎င်းနေရာသို့ပြန်သွားစေပြီး ထိုနေရာတွင်အလုပ်လုပ်ကိုင်သောသူများ (သို့) ဝန်ဆောင်မှုရယူသောသူများနှင့် တစ်ဦးချင်းစီတွေ့ဆုံမေးမြန်းစေပါ။ မေးမြန်းမှုမပြုမီ ကျောင်းသားများအား အသေးစိတ်မေးခွန်း ၅ ခုကိုရေးချစေပါ။ ထို့နောက် ၎င်းမေးခွန်းများအားစစ်ဆေးနိုင်ရန်အတွက် အချင်းချင်းမေးမြန်းစေပြီး ၎င်းတို့၏ထင်မြင်သုံးသပ်ချက်များကိုပြောပြစေပါ။ ကျောင်းသားများမှ တွေ့ဆုံမေးမြန်းမှုများသည် မည်သို့အခြေအနေရှိသည်၊ နောက်တစ်ကြိမ်တွင် မည်ကဲ့သို့ပိုမိုကောင်းမွန်အောင်ပြုလုပ်မည်၊ မည်သည့်အကြောင်းအရာများကို ရှာဖွေတွေ့ရှိခဲ့သည် အစရှိသည်တို့ပါဝင်သည့် ပြန်လည်သုံးသပ်မှုစာပိုဒ်တစ်ပိုဒ်ကို ရေးသားရမည်ဖြစ်သည်။

အခန်း ၄၊ အဆင့် ၁- အခြေအနေကိုခွဲခြမ်းစိတ်ဖြာခြင်း- လိုအပ်ချက်များကို အကဲဖြတ်လေ့လာခြင်း

လေ့ကျင့်ခန်း (၁) အဖွဲ့စီမံကိန်း- SWOT သုံးသပ်ချက်

အဖွဲ့များခွဲပါ။ ကျောင်းသားများမှ မိမိတို့ပြုလုပ်ပြီးခဲ့သော လေ့လာရှာဖွေမှုများအား စစ်ဆေးသည့်စာရင်းနှင့် ဆောင်ရွက်ပြီးခဲ့သော တွေ့ဆုံမေးမြန်းမှုများကိုကြည့်ရှုစေပြီး တွေ့ရှိသည့်လိုအပ်ချက်များ/ပြဿနာများကို စာရင်းပြုစုရေးသားပါ။ အဖွဲ့၏ဆန္ဒမဲအပေါ်မူတည်၍ မည်သည့်လိုအပ်ချက်/ပြဿနာတစ်ခုအား ဖြေရှင်းလိုသည်ကို ဆုံးဖြတ်ရမည်ဖြစ်ပါသည်။ ထို့နောက် ၎င်းလိုအပ်ချက်/ပြဿနာကို ဖြေရှင်းမည့်စီမံကိန်း (၂) ခုကို ရေးဆွဲတင်ပြရမည်ဖြစ်သည်။

ဥပမာ။ ပြဿနာ- ရွာသူရွာသားများသည် တိုးပွားလာသောကမ္ဘာလှည့်ခရီးသည်များ အစုအပြုံရောက်ရှိလာခြင်းမှ အကျိုးအမြတ်မရရှိပါ။ ခရီးသွားလည်ပတ်ခြင်းမှရရှိသောဝင်ငွေများကို ခရီးသွားအေဂျင်စီလုပ်ငန်းများမှ ခေါင်းပုံဖြတ်ရယူကြသည်။

စီမံကိန်းအဆိုပြုချက် ၁။ ခရီးသွားများကို ဒေသခံများမှ မည်ကဲ့သို့ဆွဲဆောင်နိုင်မည့်စွမ်းရည်ကို တည်ဆောက်ပေးခြင်းနှင့် သမရိုးကျမဟုတ်သော အိမ်တွင်လာရောက်တည်းခိုနိုင်ရန် နေရာထိုင်ခင်းတစ်ခု ပြုလုပ်ပေးခြင်းအား မည်သို့လုပ်ဆောင်ရမည်ကို လေ့ကျင့်သင်ကြားပေးခြင်း။

စီမံကိန်းအဆိုပြုချက် ၂။ ခရီးသွားအေဂျင်စီလုပ်ငန်းများ၊ နိုင်ငံခြားဟော်တယ်များနှင့် စားသောက်ဆိုင်များရှိ အလုပ်အကိုင်အခွင့်အလမ်းများကို ဒေသခံများသိရှိအောင် လမ်းညွှန်ပေးခြင်း။

ကျောင်းသားများမှ စီမံကိန်းတစ်ခုစီအတွက် SWOT သုံးသပ်ချက်များပြုလုပ်ရန်လိုအပ်ပြီး ၄င်းကို အတန်းထဲတွင် တင်ပြပြောဆိုရှင်းလင်းစေခြင်းမှာ အလားအလာအကောင်းဆုံး စီမံကိန်းအပေါ် အတန်း၏ထင်မြင်သုံးသပ်ချက်ကို မေးမြန်းရန်ဖြစ်သည်။ အကယ်၍ ဤစီမံကိန်းသည် ရေရှည်တည်တံ့နိုင်ပါက ၄င်းကိုမှတ်သားထားပါ။

| အားသာချက်များ | အားနည်းချက်များ |
|---|---|
| အခွင့်အရေးများ | အနှောင့်အယှက်များ |

လေ့ကျင့်ခန်း (၂) ညှိနှိုင်းခြင်း- စီမံကိန်းကို ဆန့်ကျင်ခြင်း။

ကျောင်းသားများအားနှစ်ဦးစီတွဲပါ။ တစ်ဦးကို ရပ်ရွာဒေသစီမံကိန်း၏ မန်နေဂျာကဒ်ပြားပေးပြီး နောက်တစ်ဦးကို ရပ်ရွာဒေသ၏ခေါင်းဆောင်ကဒ်ပြားပေးပါ။ အခြားသူ၏ကဒ်ပြားပေါ်တွင် မည်သည့်စာသားများ ရေးသားထားသည်ကို တွေ့မြင်ခွင့်မရှိပါ။ ကျောင်းသားများမှ မိမိတို့ရရှိသည့် ကဒ်ပြားကိုဖတ်ရှုပြီး မိမိတို့၏တွဲဖက်များနှင့် ၁၅ မိနစ်ညှိနှိုင်းပြောဆိုဆွေးနွေးမှုများ ပြုလုပ်ရမည်ဖြစ်ကြောင်းရှင်းပြပါ။ ရပ်ရွာဒေသစီမံကိန်း၏ မန်နေဂျာဖြစ်သူမှာ မိမိအဆိုပြုပြောဆိုလိုသည့် ဖြေရှင်းချက်များအတွက် မှတ်စုတိုရေးမှတ်ထားရမည်ဖြစ်ပြီး ဒေသခံအဖွဲ့ဝင်ဖြစ်သူမှာ ၄င်းတို့၏သရုပ်စရိုက်ကို စိုးရိမ်ပူပန်မှု/စိတ်အလိုမကျမှုပေါ်လွင်အောင် မည်ကဲ့သို့အကောင်းဆုံး ဖော်ပြရမည်ကို စဉ်းစားထားရမည်ဖြစ်သည်။ အဆုံးတွင် ကျောင်းသားများအားပြန်လည်အစီရင်ခံစေပြီး သဘောတူညီမှုများ ရရှိခဲ့ခြင်းရှိ/မရှိ မေးမြန်းပါ။

ရပ်ရွာဒေသစီမံကိန်း၏ မန်နေဂျာ

သင်သည်…………………မြို့ရှိအပယ်ခံလူနည်းစုတိုင်းရင်းသားလူမျိုးအဖွဲ့တစ်ဖွဲ့မှ အမျိုးသားများအတွက် သတ္တုဂဟေဆော်သည့်သင်တန်းတစ်ခုကိုစတင်ရန် အစီအစဉ်ရေးဆွဲနေသည်။ ဤလူနည်းစုလူမှုဝန်းကျင်၏အဖွဲ့ဝင်များသည် ၄င်းတို့နေထိုင်သော နယ်မြေဒေရိယာတစ်ပိုက်တွင် အထူးအခွင့်အရေးများမရရှိသော သူများဖြစ်သည်။ ၄င်းတို့အလုပ်ရှာဖွေသည့်အခါ လူများစုတိုင်းရင်းသားများ၏ ခွဲခြားဆက်ဆံဖိနှိပ်မှုများကြောင့် အလုပ်အကိုင်ရရှိရန်ခက်ခဲမှုရှိသည်။ ထို့ကြောင့် ၄င်းတို့မှသတ္တုဂဟေဆော်ခြင်းကိုသင်ယူသည့်အခါတွင် အတတ်ပညာတစ်ခုတတ်မြောက်ပြီး မိသားစု၏အသက်ရှင်ရပ်တည်မှုကို ထောက်ပံ့နိုင်မည်ဖြစ်သည်။

သို့သော် ဤစီမံကိန်းကို ပြည့်စုံကောင်းမွန်သည်ဟုထင်ရသော်လည်း ၄င်းနယ်မြေတစ်ပိုက်ရှိ အချို့သော လူများစု တိုင်းရင်းသားများမှာ ဤစီမံကိန်းကိုဆန့်ကျင်ပြီး စီမံကိန်းရပ်တန့်ပစ်ရန်အတွက် ပြောဆိုလာသည်။ သင်သည် အဘယ်ကြောင့် ဤသို့ဖြစ်ရသည်ကိုသိရှိရန်အတွက် လူများစုလူမှုဂန်းကျင်၏ အဖွဲ့ဂင်များအား တွေ့ဆုံဆွေးနွေးစည်းဝေးရန်ခေါ်ယူလိုက်သည်။ သင်သည် ဤစီမံကိန်းအား ဆက်လက်လုပ်ဆောင်နိုင်ရန် အတွက် ခွင့်ပြုချက်ရရှိအောင်ညှိနှိုင်းလိုသည်။

ဒေသခံခေါင်းဆောင်
သင်သည် ဒေသခံတစ်ဦးဖြစ်၍ လူများစုတိုင်းရင်းသားများအဖွဲ့နှင့် သက်ဆိုင်သူဖြစ်သည်။ သင်သည် ကူညီထောက်ပံ့မှုများပေးသောလုပ်သားများနှင့် အစိုးရအဖွဲ့မဟုတ်သောအဖွဲ့အစည်းများအား ကြိုက်နှစ်သက်ခြင်းမရှိ၊ အဘယ့်ကြောင့်ဆိုသော် ၄င်းတို့သည် လူများစုအဖွဲ့၏လူသားအကျိုးအတွက် လိုအပ်ချက်များကို လျစ်လျူရှုထားသောကြောင့်ဖြစ်သည်။ ကူညီထောက်ပံ့သည့်အဖွဲ့အစည်းများနှင့် ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်များသည် သင့်မြို့တွင်း၌ နှစ်ပေါင်းများစွာတည်းက ဂင်ရောက်ခဲ့သော်လည်း လူနည်းစုများ၏လိုအပ်ချက်ကိုသာ ဦးတည်လုပ်ဆောင်ပေးသည်။ ယခုအခါ ထပ်မံ၍ တစ်စုံတစ်ဦးမှ လူနည်းစု အမျိုးသားများ၏ လူမှုဂန်းကျင်ဖွံ့ဖြိုးတိုးတက်မှုအတွက် စီမံကိန်းတစ်ခုလုပ်ဆောင်ရန် စတင်နေသည်ဟု သင်ကြားသိရသည်။ ၄င်းပုဂ္ဂိုလ်သည် လူနည်းစုအဖွဲ့မှအမျိုးသားများအား သတ္တုဂဟေဆော်ခြင်း အတတ်ပညာကို လေ့ကျင့်သင်ကြားပေးပြီး ထိုသူတို့ကိုအလုပ်အကိုင်ပေးနိုင်ရန် ရည်ရွယ်သည်။ သင်သည် နောက်တဖန် သင့်လူမှုဂန်းကျင်ရှိ လူများစုတိုင်းရင်းသားများအား လျစ်လျူရှုထားသည်ကို မကြိုက်နှစ်သက်ပါ။ သင်နှင့် အခြားသောသူများသည် ထိုစီမံကိန်းကို ရပ်တန့်ပစ်ရန်အတွက် ပြောဆိုခဲ့ သည်။ ၄င်းစီမံကိန်းကိုပြုလုပ်မည့် စီမံကိန်းမန်နေဂျာမှ သင်မည်သည့်အတွက်ကြောင့် ကန့်ကွက်သည်ကို သိရှိရန်အတွက် သင့်အားအစည်းအဝေးတက်ရောက်ရန် ခေါ်ယူသည်။

## အခန်း ၅၊ အဆင့် ၂- စီမံကိန်းရေးဆွဲခြင်း

ကျောင်းသားများအား သင်ခန်းစာနောက်ဆုံးအခန်း၏ ပထမလေ့ကျင့်ခန်းမှ ဖွဲ့ထားသည့်မူလအဖွဲ့အတိုင်းဖွဲ့ပါ။ ပြီးခဲ့သောအဖွဲ့စီမံကိန်းအပေါ်မူတည်၍ စီမံကိန်းအဆိုပြုချက်တစ်ခုကို ရွေးချယ်ပြီးခဲ့ပြီဖြစ်ပါသည်။ ယခုအခါ ကျောင်းသားများအား ၄င်းတို့၏စီမံကိန်းအတွက် ပန်းတိုင်နှင့်ရည်မှန်းချက်များချမှတ်စေပါ။ ထို့နောက် ၄င်းတို့ ရေးသားပြီးသည့်အရာများကို သုံးသပ်ပြီးသည့်အခါ နံရံပေါ်တွင်ကပ်စေပြီး ၄င်းအောက်တွင် စာရွက်အပိုင်း အစတစ်ရွက်ကပ်ထားပါ။ ကျောင်းသားများအား အတန်းထဲတွင် အခြားသူများရေးသားထားသည့် ပန်းတိုင်များနှင့် ရည်မှန်းချက်များကို လှည့်လည်ကြည့်ရှုစေပြီး ၄င်းရည်မှန်းချက်ပန်းတိုင်များသို့ ရောက်ရှိနိုင်ရန်အတွက် ဖြစ်နိုင်ခြေရှိသောလုပ်ဆောင်သင့်သည့်အရာများကို အောက်တွင်ကပ်ထားသည့် စာရွက်ပေါ်တွင်ရေးသားစေပါ။ ကျောင်းသားများအား ၄င်းတို့၏အကြံပြုချက်များကို နောက်ပိုင်းတွင်အသုံးပြုနိုင်ရန်အတွက် သိမ်းဆည်းထား စေပါ။

## အခန်း ၆၊ အဆင့် ၃- စီမံကိန်း အကောင်အထည်ဖော်ခြင်း

လေ့ကျင့်ခန်း (၁) အဖွဲ့စီမံကိန်း - လုပ်ဆောင်ချက်အစီအစဉ်များ

ကျောင်းသားများသည် မိမိတို့၏မူလအဖွဲ့သို့ပြန်သွားပြီး စာမျက်နှာ ၅၄ ရှိပုံစံအတိုင်း လုပ်ဆောင်ချက်အစီအစဉ်များကိုရေးဆွဲကြသည်။ ကျောင်းသားများသည် ပြုလုပ်ပြီးခဲ့သောအဖွဲ့စီမံကိန်းမှ အကြံပြုချက်များကိုအသုံးပြု၍ ၎င်းတို့၏ပန်းတိုင်နှင့်ရည်မှန်းချက်များ ပြီးမြောက်နိုင်ရန်အတွက် ပြုလုပ်ဆောင်ရွက်ရမည့်လုပ်ဆောင်ချက်များစာရင်းကို ရေးသားရမည်ဖြစ်သည်။ ရည်မှန်းချက်တစ်ခုစီအတွက် လုပ်ဆောင်ချက်အစီအစဉ်တစ်ခုရှိသင့်သည်။ ၎င်းတို့၏ပြီးဆုံးသွားသောလုပ်ဆောင်ချက်အစီအစဉ်များ ရေးဆွဲထားသည်ကို ကြည့်ရှုကာ မတူညီကွဲပြားမှုများကိုရှာဖွေပြီး ၎င်းတို့၏နားလည်သဘောပေါက်မှုကို အကဲဖြတ်စစ်ဆေးပါ။ ပေးထားသောအချိန်မှာ လုံလောက်မှုရှိပါသလား။ အဘယ့်ကြောင့် တစ်ဦးတစ်ယောက်တည်းကိုသာ တာဝန်ပေးလုပ်ဆောင်စေသနည်း။ ၎င်းတို့မှအလွန်များလွန်းသော(သို့) မလိုအပ်သောအရင်းအမြစ်များကို အသုံးပြုထားခြင်းရှိပါသလား။ အစရှိသဖြင့်။

လေ့ကျင့်ခန်း (၂) ဇယားဖြည့်စွက်ပါ။

မူးယစ်ဆေးဝါးဆန့်ကျင်ခြင်းအကြောင်း မှတ်တမ်းတင်ရိုက်ကူးသည့်စီမံကိန်းအတွက် ခန့်မှန်းခြေကုန်ကျစရိတ်စာရင်းကို ဖြည့်စွက်ပါ။ ကုန်ကျမည့် အမျိုးအစားအမည်များအား ဖော်ပြရန်လိုအပ်ပြီး ကုန်ကျစရိတ်မှာ ပုံမှန်ပေးဆောင်ရမည့်ငွေ (သို့) လိုအပ်လာသည့်အရာတစ်ခုခုအတွက် တစ်ကြိမ်သာကုန်ကျသည့်ငွေဖြစ်သည်ကိုသိရှိနိုင်ရန်လိုအပ်သည်။

မူးယစ်ဆေးဝါးဆန့်ကျင်ခြင်း မှတ်တမ်းတင်ရိုက်ကူးမှုစီမံကိန်း

သင်သည်သင်၏မြို့ပြင်ရှိ ကျေးလက်ဒေသရွာတစ်ရွာတွင် မူးယစ်ဆေးသုံးစွဲသူများ များပြားလာသည်ကိုသတိပြုမိလာသည်။ သင်သည်လူငယ်များအား မူးယစ်ဆေး၏ဆိုးကျိုးများကို ထိရောက်မှုရှိမည့်ရုပ်ရှင်ရိုက်ကူးမှုမှတစ်ဆင့် အသိပေးရန်အလိုရှိသည်။ သင်သည် စိတ်ဝင်စားဖွယ်ကောင်းသည့် အချို့သောဆေးသမားစင်စစ်များ၏ဘဝကို ရိုက်ကူးမှတ်တမ်းတင်ထားသော ဗီဒီယိုများအားစုဆောင်းခဲ့ပြီးထိုသူတို့အားပရိုဂျက်တာဖြင့် အပြင်ဘက်နေရာတစ်နေရာတွင် တစ်ညတာပြသရန်အစီအစဉ်ရှိသည်။ ပိတ်ကားအဖြစ်အသုံးပြုရန်အတွက် သင့်တွင်ပိတ်စဖြူအကြီးတစ်ခုရှိသည်။ သို့သော် သင့်တွင်အခြားသောကိရိယာတန်ဆာပလာများမရှိပါ။ ကျေးလက်ရွာသူကြီးထံမှခွင့်ပြုချက်ကို သွားရောက်တောင်းဆိုရန်လည်းလိုအပ်သည်။ ထို့ပြင်ရွာသူရွာသားများမှ သင်ပြသမည့်မှတ်တမ်းတင်ရိုက်ကူးမှုအကြောင်းသိရှိရန်သင်မည်ကဲ့သို့ပြုလုပ်မည်ကိုလည်းစဉ်းစားထားရမည်ဖြစ်သည်။

အမျိုးအမည်များ - လုပ်ငန်းဆောင်ရွက်မှုကုန်ကျစရိတ်များ၊ ကိရိယာတန်ဆာပလာများ၊ ပစ္စည်းပစ္စယများ၊ ပံ့ပိုးဂန်ဆောင်မှုများ၊ သွားလာမှုနှင့်လစာများ။

| ကုန်ကျစရိတ်များ | ပံ့မှန်/တစ်ကြိမ်သာပေးဆောင်ရန် | အမျိုးအစား |
|---|---|---|
| | | |
| | | |
| | | |
| | | |
| | | |
| | | |
| | | |
| | | |
| | | |
| | | |

## အခန်း ၇၊ အဆင့် ၄ - ပြည့်စုံသောစီမံကိန်းသုံးသပ်ချက် နှင့် ပြန်လည်တွေးခေါ်ဆန်းစစ်မှု

လေ့ကျင့်ခန်း (၁) စစ်တမ်းကောက်ယူခြင်း - စီမံကိန်း သုံးသပ်ချက်

ကျောင်းသားများသည် Planeterra ဖောင်ဒေးရှင်း၏ စီမံကိန်းနှစ်ခုထဲမှ တစ်ခုကိုရွေးချယ်ရမည် ဖြစ်သည်။ ကျောင်းသားများမှ ၎င်းကိုဖတ်ရှုပြီး စီမံကိန်းတွင်ပါဝင်ဖြေကြားမည့်သူများ/ အကျိုးခံစားခွင့်ရရှိမည့်သူများ ဖြေဆိုရန်အတွက် စစ်တမ်းကောက်မေးခွန်းများရေးသားရမည်ဖြစ်သည်။ ၎င်းမေးခွန်းများသည် စီမံကိန်း၏ ထိရောက်မှုကိုဖော်ပြနိုင်ရန်အတွက် အထောက်အကူပြုသင့်သည်။ ကျောင်းသားများမှ စာမျက်နှာ ၈၃ ရှိ စစ်တမ်းကောက်ယူသည့်ပုံစံကိုလည်း ကြည့်ရှုပြီးရေးသားနိုင်သည်။ မေးမြန်းနိုင်သည်များမှာ မည်မျှ၊ ဟုတ်/ မဟုတ်၊ မှန်/မှား၊ ကိန်းဂဏန်းများ၊ စစ်ဆေးသည့် စာရင်းများ၊ မည်ကဲ့သို့၊ အဘယ့်ကြောင့်နှင့် ပွင့်လင်း မေးခွန်းများ အစရှိသည်တို့ဖြစ်ပါသည်။

သိုးများနှင့်စတင်သည်

စဉ်းစားတွေးခေါ်ရမည့် လိုအပ်ချက်

အာဖရိကတိုက် Sub-Sahara တစ်လျှောက်ရှိ နိုင်ငံများစွာတို့တွင် လယ်ယာများအလွန်အကျွံထွန်ယက် စိုက်ပျိုးခြင်းနှင့် သစ်တောပြုန်းတီးခြင်းတို့ကြောင့် မြေဆီလွှာရှိအာဟာရဓာတ်များကို ထုတ်ယူပစ်ခဲ့ကြသည်။ ထို့ကြောင့် သီးနှံအထွက်နှုန်းမှာကျဆင်းလာခဲ့သည်။ ၎င်းဒေသတစ်ပိုက်တွင် အစာရေစာရှားပါးခြင်းသည် အဓိကပြဿနာတစ်ရပ်ဖြစ်လာခဲ့သည်။ ၎င်းဒေသတွင် နေထိုင်သူမြောက်များစွာမှာ ရရစားစားဘဝဖြင့် နေထိုင်ကြရသည်။ အကြောင်းမှာ စက်ရုံထုတ်မြေသြဇာများကို ဝယ်ယူရန်မတတ်နိုင်သောကြောင့်ဖြစ်သည်။

သင့်စီမံကိန်းအကျိုးသက်ရောက်မှု

Guardian စီမံကိန်းမှ Rita နှင့် Jeff Rayman တို့သည် Rwanda, Uganda နှင့် Congo ရပ်ရွာဒေသများ မှ လာရောက်ပါဝင်လုပ်ဆောင်သူများနှင့်အတူ လုပ်ငန်းစတင်ဆောင်ရွက်နေပြီ ဖြစ်သည်။ ၎င်းတို့သည် ရေရှည်တည်တံ့နိုင်မည့်လယ်ယာစိုက်ပျိုးရေးကို ဝင်ငွေရရှိသည့်အရင်းအမြစ်တစ်ခုကဲ့သို့ ထောက်ပံ့ လုပ်ဆောင်ပေးသည်။ ၎င်းတို့သည် ပြည်သူ့ဥယျာဉ်တပိုက်ရှိနယ်မြေများကို အဓိကဦးတည်သည်။ အကြောင်းမှာ၎င်းနယ်မြေရှိ တောရိုင်းတိရစ္ဆာန်များဖမ်းဆီးခြင်းကိုရပ်တန့်ပစ်ရန်နှင့် သစ်တောများကို ကာကွယ်ရန်အတွက်ဖြစ်သည်။ မိသားတစ်စုတစ်စုအတွက် $50 တန်ဖိုးရှိ သိုးအမ(သို့) ဆိတ်အမ တစ်ကောင်ကိုဝယ်ယူပေးသည်။ အထီးများကိုလည်း သားဖောက်ရန်အတွက်ပေးသည်။ တိရစ္ဆာန်တို့၏ အညစ်ကြေးများကိုစုဆောင်းပြီး ရောနှောလိုက်ပါက မြေသြဇာများအဖြစ် အနည်းဆုံး ၄လအသုံးပြုနိုင်သည်။ မြေသြဇာသည် မြေဆီလွှာအရည်အသွေးကို ကောင်းမွန်စေသည့်အတွက်ကြောင့် သီးနှံအထွက်နှုန်းကို မြင့်တက်လာစေသည်။ စီမံကိန်းအတွင်းပူးပေါင်းပါဝင်သူများကို မိမိတို့၏လယ်ယာမြေအတွက် တိရစ္ဆာန်များမှ မြေသြဇာပြုလုပ်ရရှိနိုင်ရန်အတွက် လေ့ကျင့်သင်ကြားပေးပြီး ပိုလျှံသောတိရစ္ဆာန်များကို ဈေးထဲတွင်ရောင်းချ နိုင်လာသည်။

ဘီးပေါ်ရှိ အမျိုးသမီးများ

စဉ်းစားတွေးခေါ်ရမည့် လိုအပ်ချက်
အိန္ဒိယနိုင်ငံရှိအမျိုးသမီးများနှင့် မိန်းကလေးငယ်များမှာ များသောအားဖြင့် တန်းတူညီမျှ ဆက်ဆံခံရခြင်းမရှိ၊ လျစ်လျူရှုခြင်းလည်းခံရသည်။ ၎င်းတို့မှ အရင်းအမြစ်များ ဥပမာ- ပညာရေးကိုရရှိရန်ကြိုးပမ်းရာတွင် စိန်ခေါ်မှုများနှင့်ရင်ဆိုင်ရသည်။ မိသားစုများ၏ ပိုင်ဆိုင်မှုအရင်းအမြစ်များ လျော့နည်းလာသည့်အခါတွင် ၎င်းမိန်းကလေးငယ်များကို ဦးစွာကျောင်းမှထုတ်ပစ်မည်ဖြစ်သည်။ များစွာသော မိန်းကလေးငယ်များသည် မိသားစုကိုရာဖွေထောက်ပံ့ပေးမည့် လင်ယောကျ်ားပေါ်တွင် မှီခိုသည့်အမျိုးသမီးများအဖြစ်ကြီးပြင်းလာကြသည်။ ယင်းမှာ ၎င်းတို့အားအကူအညီမဲ့သည့်စက်ဝန်းထဲတွင်ကျင်လည်စေပြီး မိမိကိုယ်တိုင်မရပ်တည်နိုင်ဘဲ သူတစ်ပါးအပေါ်မှီခိုသည့်သူများအဖြစ် ဖြစ်လာစေသည်။

စီမံကိန်း၏သက်ရောက်မှု
Planeterra သည် အရင်းအမြစ်များကို ထောက်ပံ့ပေးနေသည်၊ ဥပမာ- ကားများသည် Planeterra နှင့် တွဲဖက်လုပ်ဆောင်သည့် The Azad ဖောင်ဒေးရှင်းမှလေ့ကျင့်သင်ကြားပေးသော အမျိုးသမီးငယ်များ အသုံးပြုရန်အတွက်ဖြစ်သည်။ Azad ဖောင်ဒေးရှင်းမှ စီးပွားရေးအဖြစ်လုပ်ကိုင်နိုင်သော ယာဉ်မောင်း သင်တန်းအစီအစဉ်တစ်ခုကို ဒေလီမြို့ရှိဆင်းရဲနွမ်းပါးသည့်အမျိုးသမီးများအတွက် ဖွင့်လှစ်သင်ကြားပေးသည်။ မြို့၏အနီးအနားဆင်းရဲသည့် နေရာဒေသတစ်ပိုက်ရှိအမျိုးသမီးများမှ ယာဉ်မောင်းလိုင်စင်ရရှိရန် လေ့ကျင့်သင်ကြားပေးပြီး အခြားသောအမျိုးသမီးများ၊ စုံတွဲများအတွက် စီးပွားရေးအရ ကားမောင်းနှင်ပေးသော တရားဝင်ယာဉ်မောင်းများဖြစ်လာစေရန်အတွက်လည်းပြုလုပ်ပေးသည်။ ထိုမျှမက အမျိုးသမီးများအား အင်္ဂလိပ်စာ၊ ကိုယ်ခံအတတ်ပညာ၊ CPR (အရေးပေါ်အခြေအနေများတွင် အသုံးပြုသည့် အသက်ကယ်တင်မှုနည်းလမ်း)၊ အမျိုးသမီးများ၏အခွင့်အရေးနှင့် ဆက်သွယ်ရေးများ အစရှိသည်တို့ကိုပါ သင်ကြားပေးသည်။ ၈ လမှ ၁၀ လအထိကြာသော ဤသင်တန်းသည် Planeterra ၏တွဲဖက်အဖွဲ့အစည်းမှ အကျိုးခံစားခွင့်ရရှိသူအမျိုးသမီးများအား ၎င်းတို့၏ ပထဦးဆုံးလိုင်စင်ရရှိစေရန်အတွက် ကူညီပေးခြင်းဖြင့် ပြီးဆုံးသွားပါသည်။ ထို့နောက် အမျိုးသမီးများအလုပ်အကိုင်အသစ်အသီးသီးတွင် အလုပ်ရရှိနိုင်ရန်အတွက် အရင်းအမြစ်များနှင့် ထောက်ပံ့ဆက်သွယ်ပေးသည်။ အမျိုးသမီး ၆၅ ယောက်ကျော်ကို ဤအစီအစဉ်တွင် လေ့ကျင့်သင်ကြားပေးခဲ့ပြီး ယခုလက်ရှိတွင် ကားအစီးရေ ၁၁စီး လမ်းမပေါ်တွင်စတင်ပြေးဆွဲနေပြီဖြစ်သည်။

လေ့ကျင့်ခန်း (၂) အဖွဲ့စီမံကိန်း - စီမံကိန်း သုံးသပ်ချက်
ကျောင်းသားများမှ စာမျက်နှာ ၈၈ ရှိဇယားကိုအသုံးပြုပြီး ၎င်းတို့၏ အဖွဲ့စီမံကိန်းအား မည်ကဲ့သို့သုံးသပ်မည့် အစီအစဉ်ကို ရေးဆွဲနိုင်သည်။ အဖွဲ့လိုက်စဉ်းစားတွေးခေါ်စေပြီး ရည်မှန်းချက်တစ်ခုစီအတွက် အောက်ပါဇယားကို ဖြည့်စွက်ရမည်ဖြစ်သည်။

| ရည်မှန်းချက် | သုံးသပ်မှု တိုင်းတာချက် | အချက်အလက် အရင်းအမြစ် | သုံးသပ်သည့် နည်းလမ်း |
|---|---|---|---|
| | | | |

# ဘာသာပြန်
## (မြန်မာစကားလုံးအဓိပ္ပါယ်ဖွင့်ဆိုချက်)

Action plan (n) လုပ်ရှားမှု အစီအစဉ်

Analysis (n) ခွဲခြမ်းစိတ်ဖြာခြင်း

Appreciative Inquiry (n) အကောင်းဘက်မှစစ်ဆေးမေးမြန်းခြင်း

Assess (v) စုံစမ်းစစ်ဆေးခြင်း

Beneficiaries (n) အကျိုးခံစားခွင့်ရရှိသူများ

Budget (n) ခန့်မှန်းခြေရသုံးငွေစာရင်း

Capacity (n) စွမ်းရည်

Closed question (n) ကန့်သတ်မေးခွန်း

Collate (v) အချက်အလက်ကောက်နုတ်စုစည်းသည်

Community of Interest (n) စိတ်ဝင်စားမှုနှင့်ဆိုင်သောလူမှုဂန်းကျင်

Comprehensive (adj) ပြည့်စုံကျယ်ပြန့်သော

Comprehensive Evaluation Framework (n) ပြည့်စုံသောသုံးသပ်မှု၏ ဘောင်သတ်မှတ်ချက်

Constraint (n) အကန့်အသတ်

Consult (v) ဆွေးနွေးအကြံဉာဏ်တောင်းဆိုသည်

Context (n) အခြေအနေအကြောင်းအရာ

Control (v) ထိန်းချုပ်သည်

Data (n) အချက်အလက်

Development (n) ဖွံ့ဖြိုးတိုးတက်မှု

Discussion group (n) ဆွေးနွေးသည့်အဖွဲ့

Donor (n) အလှူရှင်

Empowerment (n) စွမ်းရည်မြှင့်တင်ပေးခြင်း

Evaluation (n) သုံးသပ်ချက်

Feedback (n) ထင်မြင်သုံးသပ်ချက်

Force field analysis (n) အင်အားနယ်ပယ်ကိုသုံးသပ်ခြင်း

Gap analysis (n) ကွာဟမှုသုံးသပ်ချက်

Goal (n) ပန်းတိုင်

Grassroots (n) အခြေခံလူတန်းစားများ
High/ low impact/ probability matrix (n) မြင့်မားသော၊ အနည်းငယ်သော အကျိုးသက်ရောက်မှု၊ ဖြစ်နိုင်ခြေကို တွက်ချက်သည့်ဇယား
Imagined community (n) စိတ်ကူးယဉ်အားဖြင့် ပုံဖော်သတ်မှတ်နိုင်သောလူမှုဂန်းကျင်
Impact (n) အကျိုးသက်ရောက်မှု
Impact Indicators (n) အကျိုးသက်ရောက်မှုကိုတိုင်းတာချက်များ
Implement (v) အကောင်အထည်ဖော်သည်
Indicator (n) တိုင်းတာချက်
Input indicator (n) သွင်းအားစုညွှန်းကိန်း
Interviews (n) တွေ့ဆုံမေးမြန်းခြင်းများ
Leading question (n) ဦးဆောင်မေးခွန်းများ
Local community (n) ဒေသခံလူမှုဂန်းကျင်
Monitor (n) စောင့်ကြည့်စစ်ဆေးသည်
Monitoring plan, finance (n) စောင့်ကြည့်စစ်ဆေးမှုအစီအစဉ်၊ ငွေကြေးဘဏ္ဍာ
Monitoring plan, work (n) စောင့်ကြည့်စစ်ဆေးမှုအစီအစဉ်၊ လုပ်ငန်းဆောင်ရွက်မှု
Needs prioritization table (n) လိုအပ်ချက်ဦးစားပေးဇယား
Negotiate (v) ညှိနှိုင်းသည်
Objective (n) ရည်မှန်းချက်
Observation Checklist (n) လေ့လာရှာဖွေမှုကိုစစ်ဆေးသည့်စာရင်း
One off costs (n) တစ်ကြိမ်အပြတ်ကုန်ကျစရိတ်
Ongoing costs (n) အစဉ်မပြတ်ကုန်ကျစရိတ်
Open question (n) ပွင့်လင်းမေးခွန်းများ
Output indicators (n) ရလဒ်ညွှန်းကိန်းများ
Participation (n) ပူးပေါင်းပါဝင်မှု
Participatory project design (n) ပူးပေါင်းပါဝင်ဆောင်ရွက်သည့် စီမံကိန်းပုံစံ
Probability (n) ဖြစ်နိုင်ခြေ
Profile (n) လက်ရှိအခြေအနေကိုဖော်ပြခြင်း
Project (n) စီမံကိန်း
Project Life Cycle (n) စီမံကိန်းဆင့်ကဲဖြစ်စဉ်
Project Management (n) စီမံကိန်းစီမံခန့်ခွဲခြင်း
Qualitative data (n) အရည်အသွေးပြအချက်အလက်

Quantitative data (n) အရေအတွက်ပြအချက်အလက်

Questionnaire (n) စစ်တမ်းကောက်မေးခွန်း

Reflect (v) စဉ်းစားတွေးခေါ် သုံးသပ်သည်

Resource (n) အရင်းအမြစ်

Risk Management (n) စွန့်စားရမည့်အခြေအနေကိုစီမံခန့်ခွဲခြင်း

Scope (n) စီမံကိန်းတစ်ခုလုံး၏အရွယ်အစား

SMART (n) ထိရောက်သောရည်မှန်းချက်ရရှိရန် ပြုလုပ်ပေးသည့်အရာ

Source (n) သတင်းရရှိရာနေရာအရင်းအမြစ်

Stakeholder (n) စီမံကိန်းနှင့်သက်ဆိုင်သူများ

Survey (n) စစ်တမ်းကောက်ယူခြင်း

Sustainability (n) ရေရှည်တည်တံ့မှု

SWOT analysis (n) စီမံကိန်းတစ်ခု၏ အားသာချက်၊ အားနည်းချက်၊ အခွင့်အလမ်းနှင့် အနှောင့်အယှက်များကိုဖော်ထုတ်ခြင်း

Target community (n) ဦးတည်သည့်လူမှုဂန်းကျင်

Technique (n) နည်းစနစ်

Time Frame (n) အချိန်ကာလအပိုင်းအခြား